www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အနုပညာလုပ်ငန်း

တိုက် ၆၊ အခန်း ၁၊ ကြို့ကုန်းမိဝ်သာ အင်းစိန်မြို့နယ်၊ ရန်ကုန်။ (ဖုန်း - ၆၃၄၄၇)

နွမ်ဂျာသိုင်း

# အချစ်နဲ့ပက်ရင် စိတ်မဆိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com

…က်နှာဖုံးနှင့်
…တွင်းပုံနှိပ်သူ - ဒေါ်ခင်ခင်ဝင်း
ကလျာအော့ဖ်ဆက် (မြဲ - ၀၂၆၉၄)
၁၅၂၊ ကျွ[illegible]မြိုင်လမ်း
သုဝဏ္ဏ၊ ရ[illegible]
…ထုတ်ဝေသူ - ဦးမြသန်း
အသိုင်းအဝို[illegible]ပေ (မြဲ - ၀၁၅၀)
နွဲ့ခုံရိပ်၊ တာမွေအေး၊ ရ[illegible]ကုန်

၁၉၉၇ (ဧပြီလ)

…မူခွင့်ပြုချက် - ၁၄၃/၉၇ (၃)
…က်နှာဖုံးခွင့်ပြုချက် - ၁၁၇/၉၇ (၃)
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၀ ကျပ်
…တ်[illegible]ဖုံးဒီဇိုင်း - ရွှေစမ်းချောင်း
၁၂၄/၂၊ စမ်းချောင်းလမ်း
ကွန်ပျူတာစာစီ - စမ်းချောင်း၊ ဖုန်း - ၅၁၁၀၉၄
အတွင်းဖလင် - ဦးထွန်းရှိန်



www.burmeseclassic.com

www.burmeseclassic.com



“ဘာ…စိုး…ဟုတ်လား၊ စိုးကို ငါဘာရက်စက်လို့လဲ၊ စိုးနဲ့ငါနဲ့ ဘာဆိုင်လို့လဲ”

လင်းဆွေ၏ ပြုံးစပ်စပ်မျက်နှာနှင့် ပေါ့ဆဆလေသံကြောင့် ပတေး၏ မကျေမနပ်အကြည့် ထပ်မံရောက်ရှိလာသည်။ လက်ထဲမှ ဆေးလိပ်တိုကို စားပွဲပေါ်ထိုးချေလိုက်ပြီး…

“မင်းအဲလို မသိချင်ယောင်မဆောင်ပါနဲ့ လင်းဆွေရာ၊ စိုးအကြောင်းကို ငါသိသလို မင်းလဲသိပါတယ်…”

“ငါဘာမှမသိဘူးပတေး၊ မင်း ရှုးကြောင်မူးကြောင်လျှောက်ပြောမနေနဲ့၊ ငါသိတာ စိုးနဲ့လဲ ငါနဲ့သူငယ်ချင်းပဲ၊ မင်းနဲ့ ငါနဲ့ခင်သလို စိုးနဲ့ငါနဲ့လဲခင်တယ်၊ ဒါပဲ၊ နောက်ထပ် ငါဘာထပ်သိရဦးမှာမို့လဲ”

“အဲဒါကြောင့် အိပ်ချင်ယောင်ဆောင်တဲ့လူကို အနှိုးရခက်တယ်လို့ ပြောတာပေါ့လင်းဆွေ၊ စိုးနဲ့ မင်းနဲ့က ဘာသူငယ်ချင်းလဲ၊ မင်းတို့နှစ်ယောက်က သူငယ်ချင်းမှ မကတာ”

“မြတ်စွာဘုရား၊ ဟော့ကောင် ပတေး၊ မင်းဘာပြောတာလဲ၊ စိုးနဲ့ငါနဲ့က သူငယ်ချင်းကွ၊ သူငယ်ချင်းမဟုတ်ရအောင် သူနဲ့ငါနဲ့က ဘာဖြစ်နေလို့လဲ”

လင်းဆွေက အလန့်တကြားဟန် တမင်လုပ်၍ ပြောလိုက်သည်။ ပတေး၏ ထူးဆန်းသောစကားများကို သူကြောက်လန့်သွားသည့် အမူအရာကို ရအောင်လုပ်သည်။ ပတေးကတော့ နည်းနည်းမှ မျက်နှာထားမလျှော့၊ စောစောက အမူအရာအတိုင်း မကျေမနပ်နှင့် ဆက်ပြောသည်။

“အေးပေါ့ကွာ၊ လူသိရှင်ကြားနဲ့ တရားဝင်မှာတော့ မင်းစကားက မှန်နေတာပေါ့၊ မင်းနဲ့သူနဲ့ကြားမှာ ဘာမှလဲမဖြစ်ခဲ့ဖူးပေါ့၊ ဒါပေမယ့် ငါတို့အမြင်မှာတော့ မင်းတို့နှစ်ယောက်က ချစ်သူတွေပဲ”

“ဘာ…ဟာ…ဘာဆိုင်လို့လဲ ပတေးရ”





“ဘာဆိုင်လို့လဲ ဆိုတဲ့စကားနဲ့ ငါ့ကို ဝါးမပစ်နဲ့ လင်းဆွေ၊ ငါပြောသလို ဟုတ်မဟုတ် မင်းသိချင်ရင် ကျောင်းဖွင့်တဲ့ရက် မနက်ဖက် ကျောင်းရောက်တာနဲ့ သန်းဝင်း၊ အေးဖေ၊ မြသောင်း၊ တင်ညွန့် ကြိုက်တဲ့ကောင်တစ်ယောက်ချင်း ခေါ်မေး၊ ဒါမှမကျေနပ်သေးရင် မိန်းကလေးတွေရှိသေးတယ်၊ မဝေ၊ ခင်ခင်လတ်၊ ပင်စီ မင်းကြိုက်တဲ့လူမေး၊ ဒါမှမဟုတ်လို့ မင်းတကယ်ရင်ဆိုင်ရဲရင် စိုးကိုပါ တစ်ယောက်ထဲသီးသန့်ခေါ်မေး၊ နင် ငါ့ကိုဘယ်လိုသဘောထားလဲ၊ သူငယ်ချင်းတစ်ယောက်အနေနဲ့လား၊ ချစ်သူ တစ်ယောက်အနေနဲ့လား…လို့”

“ဟာ…မဟုတ်တာ ပတေးရာ၊ ငါနဲ့စိုးနဲ့က ဘာမှမဖြစ်ပါဘူး၊ သူနဲ့ငါနဲ့ပတ်သက်သလို ဖြစ်နေတာက မင်းတို့ဝိုင်းနောက်နေလို့ပါ၊ ယောကျ်ားလေး သူငယ်ချင်းကော၊ မိန်းကလေး သူငယ်ချင်းတွေကပါ ဝိုင်းစနေလို့ တို့က မထူးဘူးဆိုပြီး အလိုက်အထိုက် နေနေကြတာပါ၊ သူနဲ့ငါနဲ့ ဘာမှမဖြစ်ပါဘူး”

“အချင်းချင်းတွေ မုံလာဥမလုပ်ပါနဲ့ လင်းဆွေရာ၊ စိုးက မင်းအပေါ် ဘာကယ်ချစ်နေတာ၊ သူငယ်ချင်းတွေ ဝိုင်းနောက်တာကို အလိုက်အထိုက် နေရုံ မဟုတ်ဘူးဆိုတာ မင်းသိတယ်မဟုတ်လား”

“ဟာ…မဟုတ်ပါဘူးကွာ၊ သူလဲ ရိုးရိုးသားသားပါ”

“ဘာရိုးတာလဲ လင်းဆွေ၊ မင်းက အခုမှ ဘာရိုးပစ်တာလဲ၊ မင်း လူလည်မကျနဲ့”

“ဟောဗျာ”

ပတေးခေါ် စိုးနိုင်၏ ပြတ်ပြတ်သားသား ပြောချလိုက်သော စကား အဆုံးတွင် လင်းဆွေ အမူအရာပြောင်းသွားသည်။ စောစောက ပြောင်းစပ်ပေါ့ပျက်သော အမူအရာပျောက်သွား၏။ မသိမသာငိုင်သွားသည်။

နွေညတော့ နွေည။ လုံခြုံသောနေရာများတွင်မတော့ နွေဦးညပီသ



www.burmeseclassic.com

www.burmeseclassic.com



ဇွာ အိုက်စပ်ကောင်း အိုက်စပ်နေပေလိမ့်မည်။ သို့သော် သူတို့နေထိုင်သော ရွှေဗန်ဒါလက်ဖက်ရည်ဆိုင်က အကာအရံများစွာရှိသော နေရာမဟုတ်။ လက်ဖက်ရည်ဖျော်သောနေရာနှင့် အခန်းကျဉ်းထဲမှ စားပွဲ နှစ်လုံးသုံးလုံးသာ အမိုးအကာနှင့်ရှိသည်။ သူတို့ထိုင်နေသော အပြင်စားပွဲများက ချောက်တီးချောက်ချက်၊ အရွက်ကျိုးတို့ကျိုးတဲ ဗာဒံပင်ကြီးပတ်လည်မှ လေဟာပြင်နေရာများ။ နွေဦးပီသစွာ လေရူးကလည်း ဝေ့ဝေ့ဝဲတိုက်နေသည်။ ညဥ့်လေရူးက အေးမြမြရှိသည်။

သို့သော်…တဖြည်းဖြည်းနှင့် လင်းဆွေ ချွေးပြန်လာ၏။





အခန်း (၂)

"သူငယ်ချင်းများနဲ့ အပျော်အပါးလဲ လျှော့ပါ့မယ်၊
အိမ်မြဲပါ့မယ်…သန်းခေါင်ညဥ့်နက် လမ်းထွက်မလည်…
အရင်တုန်းက အချိုးမျိုးပြင်ကာ…လိမ္မာပါ့မယ်"

အရေးထဲကျမှ လက်ဖက်ရည်ကက်ဆက်မှ ကိုင်ဇာကလည်း လွမ်းအောင် ချဲ့ပြနေသည်။

လင်းဆွေက လေရူးနှင့်ပါလာ၍ မျက်နှာကိုလာထိပြီး ပေါင်ပေါ်ပြုတ်ကျလာသော ဗာဒံရွက်ကို စိတ်ပေါက်ပေါက်နှင့် ကောက်ဖယ်လိုက်ပြီး…

"နေပါဦး ပတေးရာ၊ မင်းနဲ့ ငါက ဟိုးငယ်ငယ်လေးတည်းက သူငယ်ချင်းတွေပါ၊ ငယ်ကျိုးငယ်နာကအစ မင်းနဲ့ငါ မသိတာမရှိပါဘူး။ ငါ့မှာ ဘယ်တုန်းကရည်းစားရယ်လို့ ဖြစ်ဖြစ်မြောက်မြောက် ရှိခဲ့ဘူးလို့လဲ၊ ချစ်သူဆိုတာ ညောင်းလို့မှ မှီစရာမရှိခဲ့ဘူး၊ ငိုက်လို့လဲ မှေးစရာမရှိခဲ့ပါဘူး၊ မင်းက ခုမှ ဘာစိတ်ကူးပေါက်ပြီး ငါ့ကို စွပ်စွပ်စွဲစွဲ လုပ်နေရတာလဲ"

"စွပ်စွဲတာမဟုတ်ဘူးကွ၊ မင်းလုပ်တာမဟုတ်လို့၊ ငါ စိုးကိုသနားတယ်"

"အဲဗျာ…မင်းက ဘာကိစ္စ စိုးကိုသနားနေရတာလဲ ပတေး၊ နောက်ပြီး မင်းဟာမင်း သနားရင်လဲ လွတ်လွတ်လယ်လပ်သနားပါလား ဘာကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ငါ့လာအမှုပတ်နေရတာလဲ''

''ပတ်ရမှာပေါ့ကွ၊ ငါ သူ့ကိုသနားတာ၊ မင်းနဲ့ပတ်သက်ပြီး သနားတာပဲဟာ၊ ငါ့ဘာသာငါဆို ဘာကိစ္စ သူ့သွားသနားနေရမှာလဲ''

''ငါနဲ့ ဘယ်လိုပတ်သက်နေလို့လဲ''

''မေးပြန်ပြီ ဒီမေးခွန်း၊ အေး…သိပ်ကြားချင်ရင် တည့်တည့်ပဲ ပြောမယ် လင်းဆွေ၊ ကောင်မလေးက မင်းကိုတကယ်ချစ်နေတာ၊ မင်းကလဲ သူ့ကို တကယ်ချစ်သင့်သလောက် ချစ်ခဲ့တယ်။ မညာနဲ့ ငါတို့အားလုံး ရိပ်မိတယ်၊ ငါတို့ကလဲ မင်းဖွင့်သာမပြောသေးတာ ကောင်မလေးကို ချစ်နေပြီ တစ်နေ့နေ့ ဖွင့်ပြောလိမ့်မယ်ဆိုပြီး မင်းတို့နှစ်ယောက် တကယ့်ချစ်သူတွေလို သတ်မှတ်ထားကြတာ၊ မင်းက ခုတော့…''

''ဆက်ပြောပါ…ငါက ခုတော့…ဘာဖြစ်တာလဲ''

''ဘာဖြစ်ရမလဲ၊ မင်းမိုက်ရိုင်းတာပေါ့ကွ၊ မင်း ခုနက ငါ့ကိုပြောတဲ့စကားသာ စိုးပြန်ကြားရင် ဘယ်လိုနေမလဲ''

ပတေးစကားကြောင့် လင်းဆွေ တွေကနဲဖြစ်သွားပြီးမှ

''ဘယ်လိုနေမလဲဆိုတော့၊ ဟာ…အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ ပတေးရာ၊ ငါနဲ့သူနဲ့က ဘာမှဟုတ်တာမှ မဟုတ်ပဲ၊ ငါက သူ့ကို သူငယ်ချင်းလိုပဲ ခင်တဲ့ဥစ္စာ၊ ငါတကယ်ချစ်တဲ့သူကိုတော့ လွတ်လွတ်လပ်လပ်ချစ်မှာပေါ့။ ဘာလဲ ငါ့မှာ လွတ်လပ်စွာချစ်ပိုင်ခွင့်တောင် မရှိတော့ဘူးလား…''

''အရင်တုန်းကရှိတယ်၊ ခုမရှိတော့ဘူး''

''ဟာ…မဆီမဆိုင်ကြီးပါလား ပတေးရာ၊ ညောင်ဦးက မင်းကြီးဒေါကြီး ပေါင်ကျိုးတာနဲ့ ရန်ကုန်ကငါ့ဘကြီး ဖိုထိုးနေတာ တစ်ခြားစီပါကွာ၊ ငါ့နှလုံးသားနဲ့ငါ ဘယ်သူ့ချစ်ချစ်ပေါ့''

''မရဘူးလင်းဆွေ၊ မင်းနှလုံးသားနဲ့မင်း ဆိုပေမယ့်…မင်းနှလုံးသားက လွတ်လပ်တဲ့နှလုံးသား မဟုတ်တော့ဘူး၊ မင်းသိသည်ဖြစ်စေ၊ မသိ





သည်ဖြစ်စေ၊ မသိချင်ယောင် ဆောင်သည်ဖြစ်စေ မင်းနှလုံးသားက စိုးရဲ့ နှလုံးသားနဲ့ သွားပတ်သက်မိနေပြီ၊ မင်းနောက်ထပ် ဘယ်သူ့ကိုမှ ချစ်ခွင့် မရှိတော့ဘူး၊ မင်းသီရိကိုချစ်ဖို့ လုံးဝစိတ်မကူးနဲ့တော့''

''လုံးဝမဖြစ်နိုင်ဘူး ပတေး၊ မင်းပြောချင်ရာပြော၊ ဒီကိစ္စက ငါ့ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ငါ့လွတ်လပ်ခွင့်ကို ဘယ်သူမှ ပိတ်ပင်လို့မရဘူး၊ ငါ သီရိကိုချစ်တယ်။ ငါ သီရိကိုရအောင်လိုက်မယ်၊ ရှင်းလား…''

''အေး…ရှင်းတယ်၊ ဒီထက်ရှင်းအောင် ငါလဲပြောမယ်၊ မင်း သီရိကို လိုက်ရင်လိုက်၊ လိုက်လို့ သီရိကိုမင်းရတာနဲ့ မင်းနဲ့ငါနဲ့ အပြတ်ပဲ၊ အဲဒီနေ့မှာ မင်းကို ငါရန်သူအဖြစ် စစ်ကြေညာမယ်''

''ဘယ်လို…ကွ''

''ဘယ်လိုမှမလဲဘူး၊ အဲဒါ ငါ့စကားအကုန်ပဲ၊ သွားမယ်၊ နောက်ထပ် သီရိနဲ့ပတ်သက်တဲ့စကား ငါ့ကိုလုံးဝလာမပြောနဲ့၊ ဒီညလဲ နောက်ထပ် ဘာစကားမှ မင်းနဲ့ငါ မပြောချင်တော့ဘူး၊ ငါပြန်မယ်''

''အဲဗျ…''

ဘယ်ကဘယ်လို သည်လောက်ပြတ်တောက်၍ သည်မျှပြတ်သား လွန်းမှန်းမသိသော ပတေး၏ ထပြန်သွားသော အမူအရာကိုကြည့်ပြီး လင်းဆွေ အံ့သြသွားသည်။

လေရူးတိုက်ခံရတာများ ပတေးတစ်ယောက် လူရူးများဖြစ်သွားပြီလားဟု အထိတ်တလန့်တွေးမိလိုက်၏။

✡ ✡ ✡

အမှန်က ဘာရယ်သိပ်ဟုတ်လှသော စကားမဟုတ်။

''သီရိကို ငါအရမ်းချစ်သွားပြီကွာ၊ ငါ သူ့ကိုရအောင် လိုက်တော့



www.burmeseclassic.com

မယ်ပတေး၊ ဘယ်လိုလဲ မင်းသဘောတူလား"

မူလစပြောသည့်စကားက သည်မျှသာဖြစ်သည်။ သို့သော် ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး ထိုစကားကို အကြောင်းပြုလိုက်သည့်ကိစ္စက ဤမျှကြီးကျယ်သွားမှန်းမသိ။ ပတေးပြောသွားသော စကားများကလည်း ပြင်းထန်လွန်းအားကြီးသည်။ လင်းဆွေနားထဲတွင် ထိုစကားများ ပဲ့တင်ရိုက်ထပ်နေသည်။

"မင်းသိပ်ရက်စက်တဲ့ကောင်ပဲ လင်းဆွေ"

"စိုးက မင်းအပေါ်ကျတော့ တကယ်ချစ်နေတာ"

"မင်းလူလည်မကျနဲ့"

"နောက်ထပ် မင်းဘယ်သူ့ကိုမှ ချစ်ခွင့်မရှိတော့ဘူး"

"ရန်သူအဖြစ် စစ်ကြေညာမယ်"

"ဘာဆိုင်လို့လဲကွာ"

လင်းဆွေနှုတ်မှ ခပ်တိုးတိုးပွင့်အံထွက်သွားသည်။ ပတေးပြောသွားသည့် စကားများ၏ အဆက်အစပ်ကို သူနားမလည်၍မဟုတ်။ ပတေးဆိုလိုချက်ကို နားလည်သည်။ သို့သော် စိုးနှင့်သူနှင့်ကိစ္စက သည်လောက်အထိ သူ့အပေါ်လွှမ်းမိုးလာလိမ့်မည်ဟု မထင်မိ။

စိုးနှင့်သူက တကယ်ကျတော့ သူငယ်ချင်းမျှသာ။ အဲ…သူငယ်ချင်းထက်မကဘူး နည်းနည်းပိုပါတယ်ဆိုလျှင်လည်း ပိုလှနည်းနည်းမျှသာ။ ထိုနည်းနည်းလေးကလည်း ယခုသူ သိရိကို ချစ်နေခြင်းကို ကဖျက်ယဖျက်ဖြစ်နိုင်လောက်သည်အထိ အထုပ်အထည်မရှိလှ။ ရှိလျှင်တောင်မှ သူဖက်မှ ထိန်းသိမ်းထားသောကိစ္စကို ထည့်တွက်လျှင် သူ့မှာအပြစ်မရှိ။ စိုးနှင့်သူသည် တရားဝင်ချစ်သူများမဟုတ်။

ဘာကြောင့် ပတေးသည်လောက်ဖြစ်သွားရသည်ဆိုခြင်းကို နားမလည်။





လင်းဆွေက စာကြည့်စားပွဲတွင် ထိုင်တွေးနေရင်း စိတ်အိုက်သလိုဖြစ်လာသဖြင့် ပြတင်းပေါက်ဆီသို့သွားရပ်သည်။ အပြင်ဘက်တွင် လရောင်ပြောက်ကျားမျှသာရှိသည်။ သက်ပြင်းလေးတစ်ခုချမိ၏။

လှုပ်ရှားနေသော စိတ်အာရုံထဲသို့ စိုး ဝင်ရောက်လာသည်။

စိုး၏ရယ်နေကျ ရယ်သံလွင်လွင်လေးနှင့် လှုပ်ရှားနေကျ အမူအရာလေးများ၊ ပြောဟန်ဆိုဟန်လေးများ လရောင်ဇာပြောက်ထဲတွင် အသက်ဝင်လာသည်။

ပတေးစကား မှန်မမှန် စိုးကို သတိရကြည့်ရန်လိုမည်။

လင်းဆွေမျက်လုံးထဲတွင် ပုံရိပ်တစ်ချို့ ပီသလာ၏။

✡ ✡ ✡

"ဟယ်…ဒုက္ခပါပဲ၊ စာတောင်သင်နေပြီ"

နောက်ထိုင်ခုံတွင် သုတ်သုတ်ပျာပျာ ဝင်ထိုင်သံများ ကြားလိုက်ရပြီး ချက်ချင်းပင်ဆက်၍ ခပ်မောမောလေသံဖြင့် ပြောလိုက်သော မိန်းကလေးသံတစ်ခု ကြားရသည်။ လင်းဆွေသားထိုင်နေသော သန်းဝင်းနှင့် ပတေး ခေါင်းများနောက်သို့ လည်သွား၏။

"ဆရာသင်နေတာ တော်တော်ကြာသွားပြီလား…ဟင်"

သန်းဝင်းကို မေးလိုက်တာလား၊ ပတေးကို မေးလိုက်တာလားတော့ မသိ။ ထိုနှစ်ယောက်ကို လှမ်းမေးလိုက်ခြင်းဖြစ်သည်ဟု နားလည်လိုက်သည်။ ပတေးအသံ အရင်ထွက်လာသည်။

"သိပ်မကြာသေးပါဘူး၊ ဆယ်မိနစ်လောက်ပဲ ရှိသေးတယ်"

"ဟယ်…ဒါဆို စာတွေတော်တော်ပြီးကုန်ပြီပေါ့"

"သိပ်မရှိပါဘူး၊ တစ်မျက်နှာလောက်ပဲရှိသေးတယ်"

www.burmeseclassic.com



"ရှေ့ကဟာတွေ ဖျက်လိုက်ပြီလား"

"အင်း…"

အပြန်အလှန် မေးနေပြောနေသော စကားများ နားယောင်ရင်း ပြုံးမိသည်။ တက္ကသိုလ်မှာ ကျောင်းနောက်ကျသည့်ဒုက္ခကလည်း မသေး။ ပါးစပ်ကများများပြော၍ ကျောက်သင်ပုန်းပေါ် နည်းနည်းသာရေးသော ဆရာ့အချိန်ဆို တော်သေးသည်။ ခုဆရာလို အတန်းထဲရောက်ကတည်းက ဘာစကားတစ်ခွန်းမှ မပြောပဲ ကျောက်သင်ပုန်းကောက်ဖျက်၊ ကျောက်သင်ပုန်း ပြောင်သွားသည်နှင့် လောကကြီးတစ်ခုလုံးတွင် သူနှင့် ကျောက်သင်ပုန်းသာ ရှိတော့အလား သဘောထားကာ ဗေဒင်ဆရာဇာတာဖွဲ့သလို ခေါင်းမဖော်တော့ဘဲ တွန်းရေးတော့သည့် ဆရာ့အချိန်မျိုးတွင် သိပ်ဒုက္ခရောက်သည်။

ခုလည်း နောက်တန်းက မိန်းကလေးများ ဒုက္ခရောက်နေကြပြီ။ ဆယ်မိနစ်လောက် နောက်ကျခင်လာသည့်အတွက် မိန်းကလေးများ ထိုင်နေကျရှေ့တန်းခုံများသို့လည်း မသွားနိုင်တော့။ နောက်ဆုံးတကာ့ နောက်ဆုံးခုံရှေးထိုင်သည့် သူတို့ထက်ပင် တစ်ခုံပို၍ နောက်ဆုံးရောက်နေသည်။

"ဘယ်လောက်ချန်ထားလိုက်ရမလဲ"

ပတေးက လင်းဆွေစာအုပ်ကို လှမ်းကြည့်သည်။ ပြီးမှ

"တစ်မျက်နှာပဲချန်လိုက်ပါ"

ပတေးစကားအဆုံး ရှပ်ခနဲ စာရွက်လှန်သံ ကြားရသည်။ နောက်ထပ် ဘာမေးခွန်းမှထွက်မလာတော့။ သန်းဝင်းနှင့် ပတေးခေါင်းများ ပြန်လည်လာသည်။

နောက်ထပ် ဘယ်သူ့ဘယ်သူမှလည်း စကားမပြောနိုင်တော့။ နောက်လှည့်မကြည့်ပဲ ဆရာစာများကို မျက်ခြေမပြတ်လိုက်ကူးနေသော လင်းဆွေသတိထားမိသလောက် ပတေးတို့ နောက်လှည့်ပြီး စကားပြော





နေသော နှစ်မိနစ် သုံးမိနစ်လေးတွင်ပင် သူကူးနေသောစာများက စာမျက်နှာ တစ်ဝက်ပြည့်လုနေပြီ၊ သန်းဝင်းနှင့် ပတေးခေါင်းမဖော်နိုင်တော့ပဲ မာရသွန် လိုက်ကူးနေရ၏။

ထိုစဉ် နောက်တန်းမှ အသံတစ်သံထွက်လာပြန်သည်။ စောစောက ကြားရသောအသံပင် ဖြစ်သည်။

"အမလေးနော်…အဲဒီဆရာကလဲ ရေးတော်မူနိုင်လိုက်တာ၊ လက်မှာ မော်တာတပ်ထားတဲ့အတိုင်းပဲ၊ အဲဒီလောက်သွက်တဲ့လက်မျိုးကို ဆန်ပြာပြီး စပါးလုံးရွေးခိုင်းရရင် ဘယ်လောက်ခရီးတွင်လိုက်မလဲ"

အဖော်များထံမှ ရယ်သံလေးများထွက်လာသည်။

ထိုစဉ်က ထိုအုပ်စုမှာ စိုးတို့အုပ်စုဖြစ်ကြောင်း လင်းဆွေမသိသေး။ ရုပ်ပင်လှည့်မကြည့်ရသေး၍ ဖြူသလား၊ မည်းသလား မသိ။ သို့သော် ထိုစဉ်ကပင် ထိုကောင်မလေးမှ စကားကို ဆစ်ဆစ်ပေါက်ပေါက်လည်း ပြောတတ်၍ လွန်စွာလည်း နှုတ်သွက်သော ကောင်မလေးဖြစ်ကြောင်း သတိပြေပြဲ မနေနိုင်စွာ သတိပြုမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



သွက်သည့်နေရာတွင် အတုမရှိကြောင်းကတော့ ဘယ်လိုမှ အငြင်းပွားစရာမရှိတော့။ ဖြတ်ခနဲလှည့်ကြည့်သည့်ခဏမှာပင် လှမ်းမေးသော မေးခွန်းက ချက်ချင်းရောက်လာသည်။ လင်းဆွေကြောင်သွားဆဲ ထိုကောင်မလေးက ဆက်၍

"ပြီးသွားရင် စာအုပ်ခဏပေးစမ်းပါ၊ ရှေ့ကလွတ်သွားတာလေး မြန်ကူးချင်လို့"

လင်းဆွေ ခေါင်းညိတ်သည်။ ရှေ့ပြန်လှည့်၍ စားပွဲပေါ်မှ စာအုပ်ကိုယူပြီး နောက်ကိုပြန်ကမ်းသည်။

"ကျေးဇူးပဲ"

စာအုပ်ကိုယူရင်းနှင့်ပင် ထိုကောင်မလေးက စကားမကျန်။ ထို့နောက် စာရွက်သုံးလေးရွက်ပြန်လှန်ပြီး၊ အနားရှိ သူ့အဖော်ဘက်လှည့်၍

"မဝေ…ကျောက်သင်ပုန်းပေါ်က စာတွေကို နင်ပြီးအောင်ကူးလိုက်၊ ရှေ့ကကျန်ခဲ့တာတွေ ငါကူးထားလိုက်မယ်"

"အေး…အေး"

ခေါင်းညိတ်ရင်း ပြောလိုက်သော မဝေဆိုသည့်မိန်းကလေးကိုလည်း တစ်ချက်ကြည့်သည်။ လက်စနှင့် တစ်ခြားတစ်ဘက်က အမည်မသိသေးသည့် ကျန်အဖော်တစ်ယောက်ကိုလည်း ထပ်ကြည့်လိုက်သေးသည်။

ထိုစက္ကန့်ပိုင်းနှင့်ပင် လင်းဆွေဆုံးဖြတ်၍ ရလိုက်တာတစ်ခုရှိသွား၏။ ထိုသုံးယောက်အနက် အလယ်က စကားအများဆုံး ကောင်မလေးသည် အလှဆုံးကောင်မလေးဖြစ်သည်ဟု…

☆ ☆ ☆

ဝေါင်းယာဥ်ပုံအနုပညာလုပ်ငန်း



အခန်း (၃)

"ကဲ…ဒီနေ့တော့ ဒီလောက်ပဲ၊ နောက်နေ့ကျမှ ကျန်တာဆက်ရေးပေးမယ်"

အတန်းပြီးဖို့ သုံးမိနစ်အလိုကျမှ ထိုဆရာ့စာရေးခြင်းကိစ္စ ခဏရပ်သည်။ ရပ်ရပ်ချင်း နောက်နေ့ကျမှ ကျန်တာဆက်ရေးပေးမယ်ဆိုသော စကားကြောင့် ဟာခနဲအသံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။

"အမလေး မပြီးသေးဘူးဟဲ့၊ နောက်နေ့ကျန်သေးသတဲ့၊ ငါတို့တော့ ဒီဆရာနဲ့ ဒုက္ခပဲ၊ ဓနက္ကမင်းတောင် သဘော်ပျက်တုန်းက ဒီလောက်ကူးရမှာ မဟုတ်ဘူး၊ စိတ်ညစ်လိုက်တာ"

သည်တစ်ခါတော့ လင်းဆွေမနေနိုင်ပဲ ပြုံးမိသည်။ တတ်လည်းတတ်နိုင်သော ကောင်မလေးဖြစ်၏။ တစ်ယောက်တည်းကလည်း ဒိုင်ခံပြောနေသည်။ ပြောလိုက်လျှင်လည်း တစ်လုံးဆို ဆိုသလောက် အကွန့်အညွှန့်လေးတွေနှင့် ဝေဆာသည်။

လင်းဆွေက ဆရာနှင့်ထပ်ချပ်လိုက်ကူးသူမို့ ဆရာအပြီး သူ့အပြီးဖြစ်သွားရာ နောက်ထိုင်ခုံမှ ထိုထူးဆန်းသော ကောင်မလေး၏ ဘက်ကို မြင်ချင်စိတ်ပေါက်လာသဖြင့် လှည့်ကြည့်လိုက်သည်။

"ပြီးပလား…"

"အယ်…အော်…အင်း…ပြီးပြီ"

"ဪ...တော့မယ်နော်...ခဏလေး၊ တော်သေးတာပေါ့ သဘော ကောင်းတဲ့သူတွေနဲ့ လာတွေ့လို့ စာအုပ်ငှားလို့ရတာ၊ ကျေးဇူးသိပ်တင်တာ ဲ စာအုပ်လေးက ကူးရတာလဲ အဆင်ပြေတယ်၊ လက်ရေးလေးက သိပ်လှ တာ၊ နောက်ကိုလဲ လိမ်လိမ်မာမာနဲ့ စာကြိုးစားနော်၊ ဒါမျိုးလေးတွေမြင်ရ တော့ လူကြီးမိဘတွေလဲ စိတ်ချမ်းသာတာပေါ့"

ကြည့်-စာကူးတာပင် ကောင်းကောင်းမကူး။ လက်က အဆက် မပြတ်ကူးရင်းနှင့် မျက်နှာစပ်ဖြီးဖြီးပြုံးကာ စကားကို တတွတ်တွတ်ပြော သည်။ တစ်ခြားတစ်ဘက်မှ ကောင်မလေးက မနေနိုင်။

"ကူးမှာသာ ကူးစမ်းပါစိုးရယ်၊ နင်ကလဲ စကားများလိုက်တာ ဟိုကစောင့်နေတဲ့သူကို အားနာပါတယ်"

"အော်...နေစမ်းပါ၊ သူ့ကိုအားနာလို့ အလ္လာပ သလ္လာပ စကား စမြည်ညှိခံပြောရင်း ကူးနေတာပေါ့ ခင်လတ်ရ၊ ဟုတ်တယ် မဟုတ်လား စောင့်နေရတာ မပျင်းဘူးမဟုတ်လား"

လင်းဆွေ ရယ်လည်းရယ်ရင်းနှင့်

"မပျင်းပါဘူး၊ ရပါတယ်၊ အေးအေးဆေးဆေးသာကူး"

"တွေ့လား၊ တို့သူငယ်ချင်းတွေက ဘယ်လောက်လိမ္မာလဲ၊ ဒီလ မှပေါ့၊ အတန်းသားအချင်းချင်း အဲလောက်မှ အားမကိုးရ ဘယ်သွားအသုံး ကျတော့မလဲ၊ ညကျရင် ဘုရားမှာ ဆုတောင်းပေးဦးမယ်၊ စာမေးပွဲက ဂုဏ်ထူးတွေ တစ်လှေကြီးနဲ့ အောင်ပါစေလို့..."

"တစ်ယောက်ထဲတော့ ကွက်ဆုမတောင်းနဲ့နော်၊ တို့က အားလုံး သူငယ်ချင်းသုံးယောက်"

ခုထိ ဘာစကားမှ ဝင်မပြောသေးသော သန်းဝင်းလည်း တဖြည်း ဖြည်း စိတ်ပါလာသည် ထင်သည်။ စိုးဆိုသော ကောင်မလေး စကားအဆုံး ဝင်နှောက်သည်။





"အင်းပေါ့၊ ဆုတောင်းမှတော့ အားလုံးအတွက် ဆုတောင်းမှာပေါ့၊ တို့လဲ သူငယ်ချင်းသုံးယောက်ပဲဟာ၊ အော်...မှတ်ထားနော်၊ ဒီဘက်က မဝေ...တဲ့၊ နာမည်အရှည်က မြမြဝေ၊ ဒါပေမယ့် အဲဒီနာမည်မခေါ်နဲ့၊ ဒါက တစိမ်းတွေမှ ခေါ်တာ၊ သူက ခင်ခင်လတ်၊ ခင်လတ်လို့ပဲခေါ်၊ တို့က စိုး"

"နာမည်အရှည်ကကော..."

"နာမည်အရှည်လဲ ဒါပဲ၊ တို့အမေက သိပ်ပျင်းတာ၊ နာမည်မှည့် တာတောင် နှစ်လုံးသုံးလုံး စဉ်းစားရမှာပျင်းလို့ လိုရင်း တိုရှင်း တစ်လုံးထဲ မှည့်ထားတာ"

"ဟုတ်မယ်မထင်ပါဘူးဟာ၊ နင့်အမေက သူ့သမီးကြီးရင် စကား များတော့မယ်မှန်းသိလို့ နာမည်ခဏခဏထည့်ပြောရရင် မပင်ပန်းအောင် နာမည်တိုတိုမှည့်ပေးလိုက်တာ ဖြစ်ပါလိမ့်မယ်"

ပတေးစကားအဆုံး မဝေကရယ်သည်။

"တွေ့လားစိုး၊ နင်စကားများတဲ့အကြောင်းကတော့ လူတိုင်းသိမှာ ပဲ"

"သိပစေပေါ့ဟာ၊ ဒါဂုဏ်ငယ်စရာမှမဟုတ်တာ၊ စကားဆိုတာ လူတိုင်း များများပြောရဲတာမဟုတ်ဘူး၊ စကားထဲက ဇာတိပြတဲ့၊ စကား ထဲက ဇာတိတွေပေါ်မှာစိုးလို့ ဇာတိကောင်း မျိုးရိုးကောင်းတဲ့လူပဲ ကိုယ့် ဇာတိ လူသိခံပြီး စကားများများပြောရဲတာ"

"အောင်မယ်...ဒါဖြင့် တို့ကျတော့ မျိုးရိုးမသန့်ဘူးပေါ့"

စိုးကရယ်သည်။

"ဒီလိုလဲမဆိုလိုပါဘူး ခင်လတ်ရာ၊ ငါက ဥပမာပြောတာပါ၊ မျိုးရိုးသန့်ချင်ရင်တော့ စကားများများပြောပေါ့"

"ဟော့ကောင် ပတေး၊ ဒါဖြင့် တို့လဲ သူတို့နဲ့ပေါင်းရင် စကား



www.burmeseclassic.com

www.burmeseclassic.com



နည်းလို့မဖြစ်ဘူး၊ ဇာတိသန့်ကြောင်း ထင်ရှားအောင် စကားများများပြောပေးမှ ဖြစ်မယ်''

''ဟုတ်တယ်…ဇာတိပုညဂုဏ်မာနကိုတော့ အထိနိုက်ခံလို့ မဖြစ်ဘူး''

''ဒါပေါ့၊ အဲဒါအမှန်ဆုံးပဲ၊ ဒါကြောင့် မောင်ပတေးနဲ့တကွ အမည်မသိနှစ်ယောက် အပါအဝင် သင်တို့သုံးယောက်မှတ်ရန်မှာ စကားများလျှင် မျိုးရိုးသန့်၏။ စကားနည်းလျှင် မျိုးရိုးမသန့်၊ အဲဒါပုံသေနည်းပဲ၊ ကဲ…ပြီးပြီ၊ ရော့ ထပ်မံ၍အထူးကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ၊ သူလဲမှတ်ထားနော်၊ အခုအတိုင်း တေမိလုပ်မနေနဲ့၊ စကားဆိုတာ ပြောဖို့ထားတာ၊ စကားမပြောရပဲနဲ့ အသက်ကြီးလို့ သေသွားရင် ဘဝမှာ သိပ်နစ်နာတယ်''

ဇာအုပ်ပြန်ပေးရင်း ပြောသောစကားကြောင့် လင်းဆွေရယ်သည်။

''ကိစ္စမရှိပါဘူး၊ စကားများတဲ့သူနဲ့ စကားမပြောပဲ နားထောင်တတ်တဲ့သူပေါင်းမှ ပေါင်းလို့ရမှာပေါ့၊ နားထောင်သမားလုပ်ပါမယ်''

''ဟာ…ကြည့်စမ်း၊ တော်လိုက်တာ၊ ပညာရှိသတိဖြစ်ခဲ…တဲ့၊ တို့ဒီအချက်ကို သတိမပြုမိဘူး၊ ကျေးဇူးပဲ''

''လင်းဆွေ…တို့တော့ သူတော်ကောင်းတွေနဲ့ ပေါင်းမိပြီကွ၊ ကြည့်စမ်း၊ ဘယ်လောက်တော်လဲ၊ ဇာတစ်မျက်နှာကူးတာနဲ့ ကျေးဇူးတင်ကြောင်းပြောတာ သုံးခါရှိပြီ''

''ဒါပေါ့သန်းဝင်းရာ၊ ဒါကြောင့် ရှေးလူကြီးတွေက ပဏ္ဍိတာနဋ္ဌမင်္ဂလံလို့ ပြောခဲ့တာပေါ့၊ ဘယ်လောက်မင်္ဂလာရှိလဲ''

ပွဲကတော့ အတော်ကြည့်ကောင်းသည့်ပွဲ ဖြစ်နေသည်။ စိုး သွက်သည်ကို သန်းဝင်းနှင့်ပတေးကလည်း မီအောင်လိုက်နိုင်သည်။ ခင်ခင်လတ်နှင့် မဝေတို့ကလည်း လင်းဆွေနည်းတူ ရယ်ပြီးရင်း ရယ်နေသည်။





သန်းဝင်းက ပတေးစကားအဆုံး ထိုင်ရာမှထရပ်၍

''ဟုတ်တယ်၊ ဒီလောက်မင်္ဂလာရှိတဲ့ အချိန်အခါမျိုး တစ်ခါမှမကြုံဖူးသေးဘူး၊ ဒါကြောင့် မင်္ဂလာမိတ်ဆုံပွဲလေးဖြစ်သွားအောင် ကင်တင်းမှာ တစ်ခုခုလိုက်စားကြပါလို့ ဖိတ်ခေါ်ပါတယ်။ တစ်ခါတည်းလဲ မိတ်ဆက်ပေးပါရစေ၊ ဟိုဘက်က ပုဂ္ဂိုလ်က စိုးနိုင်ခေါ် ပတေး၊ အလယ်က လင်းဆွေ၊ နာမည်အရှည်က လင်းဆွေဦး၊ ဒါပေမယ့် အဲလိုမခေါ်ပါနဲ့၊ ဒါက တစ်မိန်းတွေမှခေါ်တာပါ၊ လင်းဆွေရဲ့ ဒီဘက်မှာရှိနေတဲ့ ကျွန်ုပ်က သန်းဝင်း၊ မောင်သန်းဝင်းပါ၊ ဒါမှမဟုတ် ကိုကိုသန်းဝင်းလို့ခေါ်လဲ ရပါတယ်''

''ဦးဦးသန်းဝင်းလို့ ခေါ်ရင်ကော''

''ရပါတယ်မဝေ၊ သမီး သမီးလို့ပြောတဲ့ကောင်မလေးတွေက တို့ကို ဦးလို့ခေါ်တဲ့အခါလဲ ဦးအနေနဲ့ စိတ်ဆိုးလေ့ ဆိုးထမရှိပါဘူး''

''အလဲ့…သမီးရဲ့ဦးပေါ့''

''ဒီလိုမဆိုလိုပါဘူးခင်ဗျာ၊ လိုရာဆွဲအဓိပ္ပါယ်မကောက်ကြပါနဲ့''

ဝိုင်းလေးက မမျှော်လင့်ပဲ အတော်စည်ကားသွားသည်။ နောက်အချိန်က အတန်းအားချိန်လည်းဖြစ်ရာ စာသင်ခန်း နောက်ဆုံးခုံများမှ စကားဝိုင်းလေးကို စားသောက်တန်းအထိ ရွှေ့သွားကြဖို့လည်း အဆင်ပြေသွား၏။

ထိုအဖြစ်က ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ၊ ပထမနှစ်။ ကျောင်းဖွင့်ပြီး တစ်ပတ်ကျော်ကျော် အကြာလောက်မှာ ကြုံခဲ့သောအဖြစ်။

တစ်နည်းအားဖြင့် လင်းဆွေနှင့် စိုးတို့နှစ်ယောက် သူငယ်ချင်းများအဖြစ် စတင်ရင်းနှီးခင်မင်ကြသောအဖြစ်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

မျက်လုံးထဲမှ ပုံရိပ်လေးများ ခဏမှိန်သွားသည်။

လင်းဆွေနှုတ်မှ ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

"မတွေ့ဘူးပတေး၊ ကာယကံရှင်တစ်ယောက်အနေနဲ့ ငါဘာသာငါ အသိဆုံးပါ၊ စိုးကို အတိုင်းအတာတစ်ခုအထိ ငါသံယောဇဉ်ရှိခဲ့တာတော့ မှန်တယ်၊ မင်းပြောသလို ချစ်တယ်ဆိုတဲ့အဆင့်အထိ ငါရောက်ခဲ့ရင်လဲ ရောက်ခဲ့လိမ့်မယ်။ ဒါပေမယ့် မတွေ့ဘူးကွာ၊ ချစ်တာချင်းတူရင်တောင် ချစ်ပုံချင်းက မတူဘူး။ ဘယ်လိုမတူတာလဲလို့ မေးရင်တောင် မင်းနားလည်အောင် ရှင်းပြဖို့ တော်တော်ခက်တယ်၊ တစ်ခုတော့ရှိတယ်၊ မင်းကို ငါ ရှင်းမပြတတ်ပေမယ့် ယှဉ်ပြရင်တော့ မင်းသဘောပေါက်မလား မဆိုနိုင်ဘူး"

လင်းဆွေရင်ထဲတွင် စိုးနှင့် စတင်တွေ့ဆုံစဉ်က ရရှိခဲ့သည့် ခံစားမှုကို ပြန်ခံစားကြည့်သည်။ ခံစားမှုတွင် ကြည်နူးခြင်းဘာစ်ခုသာ ပီပီသသ မြင်နေရ၏။

မဝေသည်လည်းကောင်း၊ ခင်ခင်လတ်သည်လည်းကောင်း သူ့ဟာနှင့်သူ အဆင်ပြေပြေလှသည့် မိန်းကလေးများဖြစ်သည်။ ထိုနှစ်ယောက်နှင့် ယှဉ်သောအခါ စိုးကပိုလှသည်။ စိုး၏အသားသည် ဖြူဆွတ်ဆွတ်၊ ဖွေးပြောင်ပြောင်ကြီးမဟုတ်။ ညိုသည့်ဘက်သို့လည်း ကူးမသွား၊ အဖြူ



နှင့်အဝါရောထားပြီး ထိုအဖြူအဝါ ဆေးရောစပ်ထားသည့်ထဲသို့ အညိုလေး တစ်စက်လောက်ထည့်၍ ထပ်မံမွှေထားသည့် အရောင်မျိုးလေး။

မျက်နှာကျကလည်း ပွင့်လင်းသန့်ရှင်းမှုကို ပီသအောင် ဖော်ပြနိုင်သည့်မျက်နှာကျမျိုး၊ ရယ်ပြုံးသောအခါ ငယ်နုခြင်းနှင့် ချစ်စရာကောင်းခြင်းတို့ သိသိသာသာထင်ရှားလာသည်။ ပိုလှသည်က မျက်လုံး။ မဲနယ်ဆိုးထားသော အဖြူရောင်ဖော့ရုံစလို မျက်သားပေါ်တွင် မဟူရာနှစ်လုံး၊ နီလာတစ်လုံး၊ မြတစ်လုံး ရောကြို၍ ပြုလုပ်ထားဟန်တူသည့် သွင်ယ်အိမ်ဝိုင်းဝိုင်းလေး၊ မျက်တောင်ကော့များကလည်း အရိပ်နို၍ လက်ဖက်ရည်တစ်ဆိုင် ဖွင့်လို့ရသည်။ ရင်၏ စိတ်၏ လွတ်လပ်ကြည်လင်ခြင်းကို အပီအသဖော်ပြနိုင်သည့် နှလုံးသားပြတင်းပေါက်လေးဟု သက်ဆိုင်ရာ ပညာရှင်များ တင်စားဖွဲ့ဆိုနိုင်သော မျက်လုံးညိုညိုပြာပြာလဲ့လဲ့။

ချစ်ခင်နှစ်သက်ဖွယ်သော စကားလုံးလေးများဖြင့် ဖွဲ့စည်းထားသော စကားလေးများကို ဆိုတတ်သည်။ ဆိုသောစကား၏အသံကလည်း အကြားကပ်ဖွယ် ဗြဲလယမ်းအသံမျိုးမဟုတ်၊ ချစ်ခင်ဖွယ်သောစကားကို ခင်မင်မြတ်နိုးဖွယ်ဖြစ်အောင် ဆိုတတ်သောအသံ။

အမူအရာလေးများကလည်း လှပခြင်းနှင့် ချစ်စရာကောင်းခြင်းတို့ အချိုးကျကျ ပေါင်းစပ်လှုပ်ရှားနေတတ်သည်။

သို့သော်...

စိုးကို စတွေ့သည့်အချိန် စိုးနှင့် စတင်စကားပြောဆိုဖူးသည့်အချိန်၊ စိုးနှင့် စတင်ခင်မင်ရင်းနှီးသည့်အချိန်တို့တွင် စိုးအား ပိုင်စိုးရစေဆိုသော စိတ်မျိုးသည် တစ်စတစ်မျှင်မျှ တိုးဝှေ့ဝင်ရောက်လာခြင်းမရှိ။

စိုးကို ခင်မင်သည်။ စိုးနှင့်တကွသော စိုး၏သူငယ်ချင်းအုပ်စုလေးနှင့် စကားဝိုင်းဖွဲ့ပြောဆိုနေရခြင်း၌ ကြည်နူးပျော်ရွှင်သည်။

စာသင်ခန်းထဲတွန်းက သည်လောက်မဟုတ်သေး၊ ကျောင်းတင်းဆင်း၍



www.burmeseclassic.com

www.burmeseclassic.com



အအေးဆိုင်တွင် နို့သစ်ခွနှင့် သံပုရာရည်ကို နှစ်သက်သလို မှာသောက်ရင်း စကားဝိုင်းဖွဲ့သည့်အခါ ပိုပျော်စရာကောင်းသည်။

လင်းဆွေ ထိုစကားဝိုင်းကို ပြန်သတိရရင်း ပြုံးမိ၏။

✡ ✡ ✡

"မဝေတို့ စိုးတို့ကို တစ်ခုတော့ပြောထားမယ်နော်၊ တို့အုပ်စုလဲ ပျော်တတ် နောက်တတ်တဲ့အုပ်စုပဲ၊ နှစ်အုပ်စုပေါင်းမိလို့ တစ်ခါတစ်လေ ပေါက်ကရလျှောက်နောက်တဲ့အခါ အများပါသွားရင် ခွင့်လွှတ်၊ မကြိုက်တာ တွေ့ရင်လည်း မကြိုက်ဘူးပြော၊ နောက်ကိုဆင်ခြင်မယ်"

"ရပါတယ်…မေဂျာတစ်ခုတည်း၊ တစ်တန်းတည်း ကျောင်းတက်နေတဲ့ လူတွေပဲဟာ၊ တစ်ယောက်နဲ့တစ်ယောက် မောင်နှမတွေပဲပေါ့၊ အစ်ကိုတွေလိုသာ ကိုယ့်ကိုယ်ကိုသဘောထား၊ ကိုယ့်ညီမတွေကို ညီမတွေလို စတာ နောက်တာကတော့ စိတ်မဆိုးပါဘူး၊ မဝေတို့ကလဲ ကိုယ့်အစ်ကိုတွေကို စသလိုစမှာပဲ"

"စ…စ ရတယ်၊ ဒါဖြင့် သဘောတူညီချက်ရပြီပေါ့၊ စရင် စိတ်မဆိုးကြေး၊ စိတ်ဆိုးရင်လဲ တောင်းပန်ရင် ကျေနပ်ကြေး ဟုတ်လား"

"ညီမတွေလို စရမှာနော်"

"အေးပါ…ညီမတွေလို သူငယ်ချင်းတွေလိုပေါ့"

သန်းဝင်းနှင့်မဝေတို့ အတိုင်အဖောက်ပြောနေသည်ကို ကျန်အုပ်စုက ပြုံးကြည့်ရင်း နားထောင်နေကြသည်။ လင်းဆွေက စိုးနှင့်ဆုံသွားသော အကြည့်နှင့်အပြုံးကို တုံ့ပြန်ပြုံးရင်း…

"စကားပြောဦးလေ စိုး… ဘယ့်နဲ့ ဒီတစ်ခါတော့ သူများပြောတာချည့် ထိုင်နားထောင်နေတာလဲ"





"အမယ်…စိုးက ဒီလောက်စကားများတာ မဟုတ်ပါဘူး အစ်ကိုရာ၊ တစ်ခါတစ်လေမှပြောတာပါ"

စိုး၏အစ်ကိုဆိုသော အခေါ်အဝေါ်ကြောင့် လင်းဆွေမျက်လုံးပြူးမျက်ဆံပြူးဖြင့် သန်းဝင်းဘက်လှည့်ပြီး

"ဟာ…တို့တကယ် အစ်ကိုတွေဖြစ်သွားပြီလား၊ စိုးက အစ်ကိုတွေ ဘာတွေခေါ်လို့"

"တကယ်ဖြစ်တာပေါ့၊ ဒီနေ့ကစပြီး ဒါအစ်ကိုတွေချည့်ပဲ…ဟိုက အစ်ကိုသန်းဝင်း၊ ဒီဘက်က အစ်ကိုပတေး၊ အစ်ကိုက အစ်ကိုလင်းဆွေ၊ အစ်ကိုတို့မှာ ညီမသုံးယောက်ရှိတယ်။ ညီမလေးမဝေ၊ ညီမလေးစိုးနဲ့ ညီမလေးခင်လတ်။ ကိုယ့်ညီမတွေကို ကိုယ်စောင့်ရှောက်ရမယ်၊ ညီမတွေကို နှောင့်ယှက်တဲ့သူရှိရင် အစ်ကိုတွေက လက်သီးနဲ့ဆွဲထိုးပေးရမယ်"

"မြတ်စွာဘုရား…ငါတို့တော့ လူပေါင်းမှားပြီထင်တယ်ဟေ့၊ သူတို့အစ်ကိုဖြစ်ဖို့ ကွန်မှူးတွေ ဘာတွေ သင်ရတော့မလားမသိဘူး"

ပတေးက အလန့်တကြားဝင်နောက်သည်။

လင်းဆွေကရယ်ရင်း

"သန်းဝင်း၊ နောက်ကို တက္ကသိုလ်မှာ ငါ့ကို ဘယ်မိန်းကလေးနဲ့မှ အပ်မိတ်ဆက်မပေးနဲ့တော့၊ မင်းတို့ဟာ မင်းတို့ချင်းဖြစ်လာရင်လဲ အဲဒီထဲ ငါမပါတော့ဘူး"

"ဘာဖြစ်လို့လဲ…"

"ဘာဖြစ်ရမလဲ သူငယ်ချင်းဖြစ်တိုင်းသာ အစ်ကိုဘဝအပြောင်းခံရရင် တက္ကသိုလ်မှာ တို့ရည်းစားထားဖို့ကိစ္စ ဘယ်လိုလုပ်တော့မလဲဟ"

"အမယ်…တက္ကသိုလ်လာတာများ ရည်းစားထားဖို့လာတာကျနေတာပဲ ပြောနေပုံက"

ခင်ခင်လတ်က ဝင်ပြောခြင်းဖြစ်သည်။ လင်းဆွေကရယ်၍



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"ပုရတယ် ခင်ခင်လတ်ရ၊ တို့က ဆယ်တန်းအောင်အထိ သူများတွေလို ရည်းစားထားခဲ့တာ မဟုတ်ဘူး၊ လူပျိုစစ်စစ် သန့်သန့်လေးတွေ"

"အမယ်…ခင်လတ်တို့လဲ မထားဖူးပါဘူးနော်"

"တကယ်လား"

ပတေးက အထိတ်တလန့်ထ၍ အသံသြသြကြီးနှင့် တမင်လုပ်မေးသည်။ ခင်လတ်က မျက်စောင်းချီ၍

"ဘာလဲ…သူများက တကယ်ပြောတာ"

"အင်းပါ…တကယ်ပြောတာမှန်းသိလို့ ဝမ်းသာအားရထမေးတာများ"

"ဘာဝမ်းသာအားရလဲ၊ ဟင်း…နော်…ကိုပတေး…ရုတ်ရုတ်ရုတ်ရုတ်မလုပ်နဲ့"

"ဟား…ဟား မလုပ်ပေါင်ဗျာ၊ ငါဝမ်းသာတာက တစ်ခြားပါ၊ ညီမတွေက ရည်းစားမထားပဲ လိမ်လိမ်မာမာနေတော့ အစ်ကိုတွေ ခေါင်းမပူရဘူး၊ စိတ်အေးရတာပေါ့လို့ ပြောမလို့"

"မဝေကော"

တစ်ဘက်က သန်းဝင်းက ထဖောက်ပြန်သည်။

"ဘာလဲ…"

မဝေက ရှက်ကိုး ရှက်ကန်းနှင့် ပြန်အော်၏။

"အော်…ငါ့ညီမမဝေမှာကော ရည်းစားရှိလားလို့ အစ်ကိုကြီးက သိချင်လို့ပါ…ငှဲ…ငှဲ…ငှဲ"

"သွားစမ်းပါ…ဘာသံကြီးလဲ…မရှိဘူး…မရှိဘူး၊ ဘွဲ့မရမချင်း ရည်းစားကို မထားဘူး"

"ဟာ…တို့မောင်နှမ ဆုံးဖြတ်ချက်ချင်းတူလိုက်တာကွာ၊အေးအေးကောင်းတယ်၊ ဘွဲ့ရမှ ရည်းစားထားကြမယ်နော်၊ တို့လဲစိတ်ရှည်တာပဲ"





"ဘာလဲ…ကိုသန်းဝင်း၊ ဘာစကားပြောတာလဲ…"

"အော်…ကြည့်၊ အစ်ပွါယ်ကို လိုရာဆွဲယူပြန်ပြီ၊ တို့မောင်နှမ ဘွဲ့ရမှ ရည်းစားထားမယ်၊ ဒီကြားထဲမှာ မဝေလဲ ရည်းစားမထားနဲ့၊ တို့လဲ ရည်းစားမထားဘူးလို့ ကတိပေးတာ"

"ဟင်း အဲလိုရှင်းရှင်းပြောပါ…ဘာလဲ စကားကို ဗလုံးဗထွေးနဲ့"

စကားဝိုင်းထဲတွင် ရယ်သံလေးများ မြိုင်ဆိုင်နေသည်။ လင်းဆွေ အမှတ်မထင် စိုးကိုလှမ်းကြည့်၏။ အကြည့်ချင်းဆုံသွားပြီး စိုးကပြန်၍ မျက်လွှာချသည်။ လင်းဆွေပြုံးရင်း

"တို့တော့ မမေးတော့ဘူးနော်…စိုး၊ မောင်နှမချင်း ဒါမျိုး ဆွေးနွေးတာ မကောင်းဘူး၊ ဟုတ်တယ်မဟုတ်လား"

စိုးက ရှက်ပြုံးဖြင့် ခေါင်းမော့ရင်း မျက်လွှာစုံမှိတ်၍ ခေါင်းညိတ်သည်။

ထိုဝိုင်းတွင် စိုးတစ်ယောက် သိသိသာသာ စကားနည်းသွားသည်ကို ကောင်းစွာသတိပြုမိလိုက်၏။

✡ ✡ ✡

ထိုနေ့က ရင်ထဲမှာဖြစ်ခဲ့သော သဘောထားကို ထိုနေ့ညနေ၌ ထုံးစံကိုကျော်၍ ဖြစ်လာသော စကားဝိုင်းလေးကို ကြည့်ခြင်းဖြင့် သိသာသည်။

သူတို့ခြောက်ယောက်စလုံးသည် ရူပဗေဒအဓိကရသော ကျောင်းသားကျောင်းသူများဖြစ်ရာ နှစ်ချိန်ခွဲတက်ရသော သူတို့ကျောင်းတွင် သူတို့က မနက်ပိုင်းတက်ရသည်။

ထိုနေ့က စားသောက်တန်းကပြန်လာတော့ ကျောင်းဆင်းရန် တစ်ချိန်လိုသေးသည်။ ထိုအချိန်က အရေးကြီးသောဘာသာ၏ စာသင်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဝင်နေရသဖြင့် သူတို့ချင်း နောက်ထပ်စကားမပြောဖြစ်။

သို့အတွက် အပြန်တွင် အလုပ်ကလေးတစ်ခု ပိုသွားသည်။ ခါတိုင်း ထုံးစံတွင် လင်းဆွေက သူကိုယ်တိုင်မောင်း၍ ကျောင်းတက်သော ဖောက်စ်ဝက်ဂွန်လိပ်ခုံးကား ဖက်ဖူးရောင်လေးဖြင့် ပတေးနှင့်သန်းဝင်းကိုတင်ပြီး ခုနစ်မိုင်ခွဲတွင်နေသည့် သန်းဝင်းကိုအရင်ပို့သည်။ ပြီးမှ အိမ်နီးနားချင်း အထက်တန်းကျောင်းတည်းက သူငယ်ချင်းဖြစ်လာခဲ့သော ပတေးနှင့်အတူတူ အိမ်ပြန်ဖြစ်သည်။

ထိုနေ့ကတော့ သူတို့သုံးယောက် ကားနားရပ်ရင်း စိုးတို့ မဝေတို့ ခင်ခင်လတ်တို့ ဘယ်လိုပြန်ကြသည်ဆိုသည်ကို တစေ့တစောင်းကြည့်ပြီးမှ ကားပေါ်တက်သည်။ ထုံးစံအတိုင်း ရှေ့ခန်းတွင် သုံးယောက်ထိုင်ပြီးချိန်၌ သန်းဝင်းကစ၍

"အချိန်ရရင် ဦးချစ်သွားထိုင်ရအောင်ကွာ၊ ဘယ့်နဲ့လဲ"

ပတေးကရယ်သည်။

"အေး…ငါလဲ အဲဒါပြောမလို့။ လင်းဆွေ မင်းဘာလုပ်စရာရှိလဲ မရှိရင်သွားရအောင်"

"သွားလေ…မင်းတို့ ဒီနေ့ကိစ္စ စားမြုံ့ပြန်နေချင်တယ်ဆိုတာ ငါသိပါတယ်"

"စားမြုံ့ပြန်မှာမဟုတ်ပါဘူးကွာ၊ လိုအပ်ရင် ခွဲတမ်းချသင့် ချရအောင်ပါ"

လင်းဆွေက ရယ်သည်။

"ခွဲတမ်းချဖို့ဆိုရင်တော့ အချိန်တော်တော်ယူရလိမ့်မယ် ဟောကောင် နို့မို့အချင်းချင်းစိတ်ဝမ်းကွဲပြားစရာတွေ ဖြစ်ကုန်လိမ့်မယ်"

"အေးပေါ့ကွာ…မပြတ်မချင်း ညှိကြတာပေါ့၊ ကိစ္စမရှိပါဘူး။ ငါကတော့ အများအတွက် အနစ်နာခံနိုင်ပါတယ်၊ ဘယ်သူ့ရရပါ"





"အေပေး…သန်းဝင်း"

ဤသို့ဖြင့် သုံးယောက်သား ရန်ကုန်တက္ကသိုလ်ဝင်းထဲရှိ ဦးချစ်လက်ဖက်ရည်ဆိုင်သို့ ချီတက်ဖြစ်ကြသည်။

လမ်းတစ်လျှောက် ကားနှင့်သွားရင်း တက္ကသိုလ်နယ်မြေဆိုသည်မှာ ဘာကြောင့် ပျော်စရာကောင်းသည့်နယ်မြေဟု အများကဆိုကြသည့်အကြောင်းကို ကိုယ်စီကိုယ်စီ ရေးတေးတေးသဘောပေါက်နေကြပြီဖြစ်၏။

✡ ✡ ✡

"ဘယ့်လိုလဲ လင်းဆွေ၊ မင်းကစပြော၊ အဲဒီသုံးယောက်ထဲမှာ မင်းဘယ်သူ့ကိုရွေးမလဲ"

ဦးချစ်ဆိုင်ထဲရောက်ရောက်ချင်း ပတေးမေးလိုက်သောစကားကြောင့် လင်းဆွေ တွန့်ခနဲဖြစ်သွားသည်။

"ဟာ…မင်းကလဲ မဟုတ်တာ၊ အဲဒီကိစ္စ မင်းတို့ဟာ မင်းတို့ပဲ ရွေးနေပေါ့၊ ဒီထဲမှာ ငါမပါဘူး။ ငါအားလုံးကို သူငယ်ချင်းတွေလိုပဲ ရိုးရိုးသားသားခင်တာပါ"

လင်းဆွေအဖြေကြောင့် သန်းဝင်းခေါင်းကုတ်ပြီး…

"သွားပါပြီကွာ၊ ပတေး မင်းကလဲ နည်းနည်းမှအသုံးမကျဘူး၊ ဒီကောင့်ကို ဘာဖြစ်လို့ ငါ့ကိုအရင်မမေးတာလဲ၊ ဒီကောင့်အရင်သွားမေးတော့ ဒီကောင်က ဒီလိုလဲဖြေပြီးရော ငါတို့ဘာများပြောလို့ ရတော့မလဲ"

ပတေးက ဂရုမစိုက်သလို ရယ်သည်။

"မဆိုင်ဘူး၊ သူ့ဟာသူ ဘာဖြေဖြေပေါ့၊ ကိုယ့်ကိစ္စနဲ့ကိုယ်ပဲပေါ့၊ မင်းတကယ်သေချာသလားလင်းဆွေ၊ အဲဒီထဲမှာ မင်းဘယ်သူ့ကိုမှ စိတ်မဝင်စားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး…လောလောဆယ်တော့ ဘယ်သူ့ကိုမှ စိတ်မဝင်စားသေးဘူး"

"ဘာလဲကွ…လောလောဆယ်ဆိုတာ၊ ဒါဖြင့် နောက်ကျတော့ စိတ်ဝင်စားချင် စိတ်ဝင်စားလာမယ်လို့ ဆိုလိုတာလား"

လင်းဆွေရယ်သည်။

"ဒါတော့ ဘယ်ပြောလို့ရမလဲကွ၊ နောက်မှ သူ့ဟာသူ စိတ်ဝင်စားလာရင်တော့ ဘယ်တတ်နိုင်မလဲ၊ ဒီနေ့တွေပြီး ဒီနေ့ပဲခင်လာတယ်၊ ဒီနေ့ စချိန်လောက်တဲ့အထိတော့ ငါမဖြစ်သေးဘူး"

"ဒါဖြင့်လဲပြီးရော၊ နောက်ကိစ္စဆိုရင်တော့ နောက်မှရှင်းပဲ။ ကဲ- သန်းဝင်း၊ မင်းပြော ဟိုဘက်က သုံးယောက်ရှိတယ်၊ ခွဲရမှာက မင်းနဲ့ငါ နှစ်ယောက်ထဲ။ တစ်ယောက်က အပိုဆောင်းထားတယ်၊ လိုအပ်ရင် မင်းနဲ့ ငါ ညှိမယ်၊ ပြော မင်းဘယ်သူ့ကိုရွေးထားမလဲ"

"ကိစ္စမရှိပါဘူးကွာ၊ ဘယ်သူ့ရရ ငါမငြင်းပါဘူး၊ မင်းကို ငါဖြန့် ဦးစားပေးပါတယ်၊ မင်းကြိုက်တာအရင်ရွေး ပတေး၊ မင်းမကြိုက်တဲ့လူ ငါယူမယ်"

"ဟာ..မဟုတ်ပါဘူး၊ ငါ့ဦးစားမပေးပါနဲ့၊ မင်းအရင်စဉ်းစားပါ"

"ရပါတယ်…မင်းရွေးပါပတေးရာ"

"ဒုက္ခပါပဲ…မင်းရွေးပါ…လို့ဆို"

"ငါမရွေးတတ်လို့ကွ၊ ရွေးတတ်မှတော့ မင်းပြောနေမလား၊ မင်းကို ပွင့်ပွင့်လင်းလင်းပြောမယ်၊ ငါလဲပြောလို့သာ ပြောနေရတယ်၊ လင်းဆွေ လိုပဲ ခုလောလောဆယ်တော့ သူတို့သုံးယောက်စလုံးကို သဘောကျပြီး ခင်တယ်၊ ဒါပေမယ့် ဘယ်သူ့ကိုမှ ထူးထူးခြားခြား ပိုမနေသေးဘူး"

"အဲဒါမှပြဿနာပဲ၊ ငါလဲဒီလိုပဲဖြစ်နေလို့ မင်းကိုရွေးခိုင်းတာကွ"

သူတို့နှစ်ယောက်ဖြစ်နေပုံကိုကြည့်၍ လင်းဆွေရယ်ချင်လာသည်၊





ဒို့ကြောင့် သူတို့နှစ်ယောက်ကြားဝင်၍

"မင်းတို့က လောစရာမရှိပဲ အရမ်းလောတာကိုးကွာ၊ ဒီနေ့မှတွေ့၊ ဒီလိုလေ…ဒီနေ့မှတွေ့တယ်ဆိုတာက…ရှေ့ရက်ပိုင်းတွေမှာ စာမသင်သေး သို့ ကျောင်းမတက်ဖြစ်တာနဲ့ အတန်းတက်လဲ နောက်ပိုင်းမှာပဲ ကိုယ့်ဟာ ကိုယ်ထိုင်နေတာနဲ့၊ တစ်တန်းတည်းနေရင်း သတိမထားမိတာကို ပြောတာ ပါ၊ ဒီနေ့မှ စခင်တဲ့ မိန်းကလေးတွေကို ချက်ချင်းဘာသွားပြောလို့ရမှာ လဲ၊ သုံးယောက်လုံး တစ်ယောက်မှ စုတ်စုတ်ပြတ်ပြတ်တွေ ပါတာမဟုတ် ဘူး၊ သူ့ဟာနဲ့သူ လှနေတာ၊ ပြီးတော့ သုံးယောက်လုံးလဲ သဘောကောင်း ပြီး ခင်စရာကောင်းတယ်၊ ဘယ်လိုလုပ်ရွေးမလဲ၊ ဒါကတစ်ခု၊ နောက် တစ်ခုက…"

လင်းဆွေကပြောရင်းနှင့် စကားစကရပ်သည်။ သန်းဝင်းကဝင်၍

"နောက်တစ်ခုက သူတို့နဲ့ စကားပြောလို့၊ သူတို့ကလဲ တို့ကို လိုက်လိုက်လဲလဲ ခင်ခင်မင်မင်ဆက်ဆံလို့၊ သူတို့ကို သံယောဇဉ်ဖြစ်သွား တာလဲ ဖြစ်နိုင်တယ်၊ သူတို့ကို ရည်းစားဖြစ်ချင်စိတ်နဲ့ ချစ်သွားတာ မဟုတ်ဘူး၊ သူငယ်ချင်းလို ခင်သွားတာ၊ ဒါမှမဟုတ် သူတို့ပြောသလို မောင်နှမခင် ခင်သွားတာ"

"အေး…ဟုတ်တော့ဟုတ်တယ်၊ မင်းပြောတာဖြစ်နိုင်တယ်၊ ဒါပေ မယ့် သုံးယောက်လုံး သိပ်မဆိုးဘူးနော်…"

"ဟုတ်ပါတယ်…ငါပြောတာ နှစ်ခုပြောတာပဲ၊ သုံးယောက်လုံး ရွေးမရအောင် ပြိုင်ချစ်သွားတာလဲ ဖြစ်နိုင်သလို၊ သုံးယောက်လုံးကို ဘယ်သူ့မှမရွေးပဲ ရိုးရိုးခင်သွားတာလဲ ဖြစ်နိုင်တယ်"

"ဘယ်ဟာက ပိုဖြစ်နိုင်မလဲ"

"ဒုတိယဟာက ပိုဖြစ်နိုင်မယ်ထင်တယ် သန်းဝင်း"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လို့လဲဆိုတော့ မင်းတို့သေသေချာချာ သတိထားကြည့် တစ်အချက် စိုးတို့သုံးယောက်စလုံး အလှအပပြင်တာရော၊ ဝတ်တာဆင် တာရော အကုန်ရိုးသားတယ်၊ လော်လီတာ၊ ကလက်တာ ..စ်ယောက် မပါဘူး၊ နှစ်အချက် သုံးယောက်လုံးပွင့်လင်းတယ်၊ တကယ့်မောင်နှ ရင်းတွေနဲ့ ဆက်ဆံသလို တို့ကိုဆက်ဆံတယ်၊ ရှိုးတိုးရှန့်တန်တွေ ကနွဲ့ကလ တွေ သိပ်မလုပ်ဘူး၊ အဲဒါတွေကြောင့် တို့က သူတို့ကို ဆက်ဆံတဲ့အခါ မှာလဲ ငယ်ပေါင်းသူငယ်ချင်းလို၊ မောင်နှမတွေလို လိုက်ဆက်ဆံနေ တယ်၊ သူတို့အပေါ် ဖောက်ပြန်တဲ့စိတ်က ဝင်ချင်တာတောင် ဝင်မရဖြစ်ေ တယ်''

''ဟုတ်တယ်လင်းဆွေ၊ မင်းပြောတာဖြစ်နိုင်တယ်၊ ဒါပေမယ့် ငါတစ်ခုသတိထားမိတာတစ်ချက်တော့ ရှိတယ်''

''ပြော...ပတေး၊ ဘာလဲ''

''မင်းပြောတဲ့အချက်တစ်၊ အချက်နှစ်တွေနဲ့ ကိုက်ညီနေတဲ့ကြားက စိုးက မင်းကိုကြည့်တာ အကြိမ်နည်းနည်းများတယ်၊ ပြီးတော့ တစ်ကြိ တစ်ကြိမ်မှာလဲ နည်းနည်းပိုကြာတယ်၊ ပြီးတော့ မင်းကိုကြည့်ရင်လဲ ပြုံးပြ ကြည့်တယ်လို့ ငါထင်တယ်၊ ဘယ့်နဲ့လဲ သန်းဝင်း၊ မင်းကော သတိထား လား''

''ဟုတ်တယ်ပတေး၊ ငါလဲသတိထားမိတယ်''

လင်းဆွေရယ်သည်။

''မင်းတို့ထင်လို့ပါကွာ''

''ဘာ...ငါတို့ထင်ရမှာလဲ၊ ထင်တာမဟုတ်ဘူး၊ သေချာတာ. အဲ သေချာလို့ ခက်သွားတာတစ်ခုရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ငါကော သန်းဝင်းကော လွတ်လွတ်လပ်လပ်သာ ရွေးရရင် သူတို့ထဲကပိုလှတ စိုးကိုရွေးရင် ရွေးမိကြမယ်၊ ဒါပေမယ့် ငါကော၊သန်းဝင်းကော စိုးက





ရွေးမိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စိုးဟာ ငါတို့နဲ့မဆိုင်ဘူး၊ မင်းအတွက် သက်သက်ပဲဖြစ်လိမ့်မယ်လို့ ထင်နေမိလို့.....ငါပြောတာ ဟုတ်လား သန်းဝင်း''

''အေး...ဟုတ်တယ်ပတေး၊ ငါအဲလိုဖြစ်နေတာကော မင်းဘယ်လို သုပ်သိလဲ''

''ကိုယ်ချင်းစာကြည့်တာပေါ့ကွာ''

လင်းဆွေ ဘာမှမပြောတော့ဘဲ ရယ်မြဲရယ်နေသည်။ သည်စကားက လေကုန်ခံပြီး ငြင်းနေသင့်သည့် စကားမဟုတ်၊ သူနားလည်သည်။

အဘယ်ကြောင့်ဆိုသော် ပတေးသတိထားမိသလို သူလည်း ကြည်နူးခြင်းတစ်ခုဖြင့် သတိထားမိနေသောကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ယှဉ်ကြည့်တော့မှ သေချာကွာနေမှန်းသိသည်။

မှလတုန်းကတော့ ပတေး သူ့ကို ပြစ်တင်စကားပြောကြားရင်း စွပ်စွဲသလိုပင်၊ စိုးကို သူချစ်နေမိပြီထင်သည်ဟု ရံဖန်ရံခါတွေးမိတတ်သည်။

သန်းဝင်းတို့ ပတေးတို့က စိုးကို သူ့အတွက် သတ်သတ်ဖယ်ပေးထားသည်ဟုဆိုစဉ်က သူဆိတ်ဆိတ်နေ၍ ဝန်ခံသည့်နည်းတူ ရင်ထဲမှာကြိတ်ကျေနပ်မိသည်ကတော့ အမှန်။

အကယ်၍ ပတေးဘယ်နည်းနှင့်မှ သဘောမတူနိုင်ဘူးဆိုသည့် သီရိနှင့်သာ မမျှော်လင့်ပဲ သူ မဆုံတွေ့ခဲ့လျှင် ပတေးပြောသလို တစ်နေ့နေ့၌ သူ စိုးကို ချစ်ရေးဆိုမိမှာလည်း အမှန်။

စိုးနှင့် ခင်မင်ရင်းနှီးခဲ့ရသော ကာလလေးများသည် စင်စစ်ထာဝစဉ်မမေ့နိုင်သည့် ကာလလေးများပင်ဖြစ်သည်။ ပြန်တွေးလေလေ စိုးအပေါ် သနားတွယ်တာမိလေလည်း ဖြစ်ရသည်။

ပတေးကို သေချာတော့ ဖြေရှင်းပြချင်သည်။

သီရိကိစ္စသည် သီရိကိစ္စသတ်သတ်သာ ဖြစ်သည်။ စိုးနှင့်မပတ်သက်။ စိုးကို စိမ်းကားလွန်း၍ စိုးကို မခင်မင် မတွယ်တာမိ၍၊ စိုးအပေါ် သံယောဇဉ်ကင်းလွန်း၍မဟုတ်။

အချစ်ကိစ္စမပါလျှင်၊ ဆိုပါတော့ သီရိကိုသာ သူ မတွေ့ခဲ့လျှင်



စိုးထက် သံယောဇဉ်တွယ်စရာဟု ဤလောက၌ ရှိတော့မည်မထင်...။

စိုးနှင့်နေနေရသော ကာလလေးများသည် ပျော်စရာအချိန်လေးတွေချည်းဖြစ်သည်။ ဘယ်ဘဝရောက်သည်ဖြစ်စေ...ထိုအဖြစ်အပျက်လေးများကို ထာဝရ သတိရနေဦးမှာလည်း ဖြစ်သည်။

နောက်ဆုံးမတတ်သာ၍ နှုတ်ဆက်ခွဲခွာရတော့သည့်တိုင်အောင်လည်း ဘယ်တော့မှ မေ့မည်မဟုတ်။

သတိရပါသည် စိုး။ လှိုင်နယ်မြေရှိ အမိုးနီကျောင်းအဆောက်အဦများရှေ့ရှိ အင်းယားလေးရေစပ်တွင် ငိုက်မိုးနေသော ကုက္ကိုပင်ကြီးများသည် ဘယ်တော့မှ ပျောက်ဆုံးမသွားမည့် အမှတ်ရဖွယ် သင်္ကေတများဖြစ်သည့်နည်းတူ၊ စိုးကိုလည်း အစဉ်အမြဲ ကောင်းစွာသတိရနေဦးမည် ဖြစ်ပါ၏။

* * *

မှတ်မှတ်မိမိ၊ လင်းဆွေတို့ ကျောင်းစတက်ရသည့်နေ့က ဒီဇင်ဘာ ၁၄ ရက်၊ စိုးတို့နှင့် ခင်မင်သည့်နေ့က ဒီဇင်ဘာ ၂၂ ရက်၊ ဒီဇင်ဘာ ၂၃ ရက်နေ့တွင် စိုးနှင့်သူ၊ သူငယ်ချင်းအဖြစ် နှစ်ယောက်တည်း ပထမဆုံးစကားပြောဖြစ်သည်။

ကြာသပတေးနေ့ဆိုလျှင် လင်းဆွေကျောင်းကို စောရောက်နေကျ။ ညီမဖြစ်သူ မိသက်ကို မြို့ထဲကျူရှင်အစောကြီးသွားပို့ပေးပြီး၊ မြို့ထဲကနေကျောင်းတန်းဝင်ရသဖြင့် ခါတိုင်းနေ့လို ပတေးကို ခေါ်မလာနိုင်။

ထိုနေ့က ကြာသပတေးမို့ လင်းဆွေကျောင်းရောက်ချိန် အတော်စောသည်။ ကျောင်းပို့ဖယ်ရီကားများပင် မစုံသေး၊ တစ်ခြားကျောင်းများ လှည့်ပို့စရာရှိသေးသော တစ်စင်းစ နှစ်စင်းစသာ ရောက်သေးသည်။

ထုံးစံအတိုင်း လူငယ်သက်သာဆိုင်ရှေ့၌ ကားရပ်၍ဆင်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်သူငယ်ချင်း
မင်းပြောတာ သိပ်မှန်တယ်
အချစ်ဆိုတာ သကြားနဲ့ရေပက်တာနဲ့ အတူတူပဲ။
တစ်ချို့က
သက်ဆိုင်ရာ လူကြီးမိဘတွေဆီ ခွင့်တွေဘာတွေ
တောင်းပြီးမှ
ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့
ငွေဖလားလေးထဲမှာ နံ့သာရေ မွှေးမွှေးလေးထည့်
သပြေခက်ကလေးနဲ့ ပုခုံးစွန်းလေးပုတ်ပြီး
စိုတယ်ဆိုရုံလေး စတီလောက်ပက်ကြတယ်။
တစ်ချို့ကျတော့
ခွက်စောင်းပဲ
ဖြန်းခနဲနေအောင် ခုတ်ချလိုက်တာများ
ကျောတစ်ခုလုံး လက်ဝါးနဲ့ ရိုက်ချလိုက်သလား
အောက်မေ့ရတယ်။
အဲ···အချို့တော့လဲ
အနားသိပ်မကပ်ရဲတော့
ခပ်လှမ်းလှမ်းကနေ ရေပိုက်နဲ့ဖြစ်ဖြစ်
ရေပြွတ်နဲ့ဖြစ်ဖြစ် မမှီတမီလှမ်းပက်တယ်···။
တစ်ချို့ကတော့မရဘူး
မပက်ရရင် သူ့ဘဝတစ်ခုလုံးပဲ ဆုံးရှုံးသွားတော့မလို
အောက်မေ့ပြီး
ထွက်ပြေးတာတောင် မရဘူး
နောက်ကနေ အတင်းရောအခမ္မရောလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တီသရီးနောက်ပေါက်မှတက်ရန် လျှောက်လာစဉ် ဖယ်ရီကားတစ်စင်း ခပ်လှမ်းလှမ်းတွင်ရပ်သည်။ ကားမောင်းနေကျလူမို့ ကားနံပါတ်မြင်လိုက်သည်နှင့် ထိုကားသည် စိုးတို့စီးသည့် ဖယ်ရီဖြစ်ကြောင်း သတိပြုမိသည်။

မနေ့ညနေက ကြည့်ထားသဖြင့် စိုးက ဖယ်ရီတစ်စီး၊ မဝေနှင့် ခင်ခင်လတ်တို့က ရန်ကင်းဘက်သွားရသော ဖယ်ရီတစ်စီး ဖြစ်မှန်းသိသည်။ လင်းဆွေ လှမ်းလက်စခြေလှမ်းကိုရပ်ပြီး ကားပေါ်မှဆင်းလာမည့် စိုးကို စောင့်သည်။

စိုးက ကားပေါ်မှဆင်းလိုက်ပြီး လင်းဆွေကို လှမ်းမြင်သည်နှင့် အပြုံးလေးတစ်ချက် မျက်နှာပေါ်တင်လိုက်သည်။ လင်းဆွေက အပြုံးနှင့် စိုးထံလျှောက်သွားပြီး…

"စိုးတို့ဖယ်ရီက အစောကြီးပဲနော်"

"ဟုတ်တယ်…ကားဆရာတွေက စီးပွားရေးသောင်းကြမ်းတယ်လေ၊ ဒီကနေပြန်တာနဲ့ ရာဇူးဘက် တစ်ခေါက်ထပ်ပို့သေးတာ…"

"အော်…"

"သူကော၊ ဘယ်လိုဖြစ်ပြီး အစောကြီးရောက်နေတာလဲ"

"အော်…ကြာသပတေးနဲ့ တနင်္လာဆို မြို့ထဲကို တို့ညီမကျူရှင် လိုက်ပို့ရတယ်၊ ကျူရှင်က ခြောက်နာရီခွဲဆိုတော့ ကိုးလိုးကန့်လန့်ကြီး၊ အိမ်လဲမပြန်နိုင်တော့တာနဲ့ ကျောင်းတန်းလာရတာ"

"ညီမအရင်းလား"

"ဟုတ်တယ်၊ တို့က မောင်နှမသုံးယောက်၊ တို့က အကြီးဆုံး၊ ညီမ မိသက်က ကိုးတန်း၊ အငယ်ဆုံးကောင် ဝင်းဆွေက ခုနစ်တန်း၊ စိုးတို့ကော…"

"ဟင့်အင်း…စိုးက တစ်ယောက်တည်း၊ အစ်ကိုအစ်မလဲ မရှိဘူး၊ မောင်ညီမတွေလဲ မရှိဘူး"





"အမယ်…ခုမှဟုတ်တော့ဘူးလေ၊ အစ်ကိုတွေသုံးယောက်တောင် နေပြီပဲ၊ မနေ့ကမှ သိကြားမင်းက ချက်ချင်းဖန်ဆင်းပေးလိုက်တာ"

စိုးက ပုခုံးလေးတွန့်၍ ရယ်သည်။ ပြီးမှ တစ်စုံတစ်ခု သတိရဟန် ဖြင့်

"ဟုတ်သားပဲ၊ ခုမှသတိရတယ်၊ ပြောပြရဦးမယ်၊ မနေ့က မဝေ ရယ်၊ ခင်လတ်ရယ်၊ စိုးရယ် တိုင်ပင်ထားတယ်၊ ကိုလင်းဆွေတို့သုံးယောက် ကို နာမည်ခေါ်ခေါ်ပြောလို့ မကောင်းဘူး၊ အစ်ကိုသုံးယောက်အနေနဲ့ ကြီးရယ်၊ ကိုလတ်ရယ်၊ ကိုလေးရယ်လို့ ခေါ်မယ်လို့"

"ဟာ…ဒါဖြင့် တို့ကဘာလဲ"

"ဟုတ်လား မဟုတ်လားတော့ မသိဘူးနော်၊ သူတို့သုံးယောက် မှာ ကိုပတေးက အကြီးဆုံး၊ ကိုသန်းဝင်းက အငယ်ဆုံးလို့ ထင်တာနဲ့ ဒီအစီအစဉ်အတိုင်း နာမည်ပေးထားတယ်"

"ဒါဖြင့်…တို့က…ကိုလတ်ပေါ့ဟုတ်လား"

"အင်း…ဟုတ်တယ်၊ ကြိုက်လား"

"ဟာ…ကြိုက်တာပေါ့…ကိုယ်က အဲဒီနာမည်ကျမှ ကျပ်ပါ့မလား ပူနေတာ"

"နို့ အလတ်ကော…ဟုတ်ရဲ့လား"

"မသိဘူးလေ….ပတေးကတော့ တို့ထက်နှစ်လကြီးတယ်၊ န်းဝင်းတော့ မသိဘူး၊ ဟုတ်ဟုတ်မဟုတ်ဟုတ်၊ အဲဒီအတိုင်းပဲထား၊ နာမည်လေးက လှတယ်"

"ထင်သားပဲ၊ စိုးလဲ အဲလိုဖြစ်အောင် တမင်ရွေးပေးတာ၊ ကိုလတ် တဲ့ နာမည်ကောင်းတယ်နော်၊ မဝေတို့က ပထမ ကိုလေးလို့ ပေးမလို့ ကန့်ကွက်တာနဲ့"

"ကောင်းတယ်စိုး၊ ဟိုကောင်တွေကို အစိပ္ပါယ်ရှင်းမပြတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲပေးလိုက်ပြီလို့ တစ်ခါတည်းအပြတ်ပြောလိုက်မယ်"

စိုးကရယ်နေသည်။

ယုန်မွေးဆွယ်တာ အဖြူလေးဖြင့် နှင်းမှုံဖြူဖြူများကြားမှ စိုးသည် အပြုံးလေးကြောင့် ပိုလှလာသည် ထင်ရ၏။

✡ ✡ ✡

"အဲတော့…ဒုက္ခပါပဲ"

နှစ်ယောက်သား ကုန်းမြင့်လမ်းလေးအတိုင်း တက်လာရင်း စာသင်ခန်းမ သုံးနှင့်လေးရှေ့ ကော်ရစ်ဒါအရောက် စိုး၏ အလန့်တကြား ရေရွတ်သံကြောင့် လင်းဆွေ ပျာပျာသလဲ လှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲ…စိုး"

"ဟာ…ဒုက္ခပါပဲ၊ မုန့်တွေ ဖယ်ရီပေါ် ပါသွားပြီ"

"မုန့်တွေ…ဟုတ်လား…ဘာမုန့်တွေလဲ"

"ထိုးမုန့်တွေ၊ မနေ့က မန္တလေးက ဧည့်သည်တွေရောက်လာလို့ ထိုးမုန့်တွေပါလာတာ၊ ကျောင်းမှာ သူငယ်ချင်းတွေနဲ့ စားမယ်ဆိုပြီး ကျွတ်ကျွတ်အိတ်နဲ့ ထည့်ယူလာတာ၊ ကြမ်းပေါ်ချရမှာစိုးလို့ ခေါင်းခန်းပေးထားတာ၊ ကိုလတ်နဲ့တွေ့ပြီး စကားပြောလိုက်တာ မေ့ပြီး ကားပေါ်ပါသွားပြီ"

"ရပါတယ်…ကိစ္စမရှိပါဘူး၊ လိုက်ယူလိုက်တာပေါ့"

"ဘာနဲ့လိုက်ယူမလဲ"

"ကိုယ့်မှာ ကားပါတာပဲ၊ စိုးတို့ဖယ်ရီက ဘယ်ပြန်သွားမှာလဲ သိလား"

"အင်း…နေရာတော့ မသိဘူး၊ မြောက်ဥက္ကလာပဲ ပြန်သွားမှာပဲ"

"လိုက်ကြည့်မယ်လေ…မီလိုမီငြားပေါ့"





"နေပါစေတော့ ကိုလတ်ရာ၊ ပင်ပန်းပါတယ်၊ မေ့တာ မေ့တာ၊ သေချင်တာပဲ၊ ကားကလူတွေ သတိရပြီး ပြန်လာပေးရင် သိပ်ကောင်းမှာပဲ၊ ဒါပေမယ့် ပေးမှာ မဟုတ်ပါဘူး၊ မုန့်တွေမုန်းသိရင် စားတောင်ပစ်ကြမှာ"

လင်းဆွေက ရယ်ရင်းနှင့်

"တို့ဖို့ကော ပါလား"

"ပါတာပေါ့…အများကြီး"

"ဒါဆို မထူးဘူးစိုးရာ၊ အဲဒီကားနောက် ပြန်လိုက်မယ်၊ အငတ်တော့ မခံနိုင်ဘူး၊ ကျောင်းအစောကြီးရောက်ပြီး ထိုင်နေမယ့်အတူတူ ပြန်လိုက်မှာပေါ့"

"ကားက ဘယ်သူမောင်းမှာလဲ"

"ကိုယ်မောင်းမှာပေါ့"

"အော်…ကိုလတ်က ကိုယ့်ကားနဲ့ကိုယ် ကျောင်းတက်တာလား"

"အင်း…"

"ဒါဖြင့် သွားလေ…သူများလိုက်ပို့နိုင်းရမှာဆိုရင် အားနာလို့"

"အားမနာပါနဲ့…လာ၊ စားစရာ လိုက်ယူတာတော့ တို့လဲပါတယ်"

စိုး ချီတုံချတုံဖြစ်နေရာမှ လင်းဆွေမျက်နှာကို တစ်ချက်ကြည့်ပြီး လင်းဆွေခြေလှမ်းပြင်ထားသည့်နောက်သို့ ခပ်သွက်သွက် လိုက်လာသည်။

"ဘယ်ကားလဲ"

"ဟို ဗောက်စ်ဝက်ဂွန်အစိမ်းရောင်လေး…"

"ဖြည်းဖြည်းလဲမောင်းဦးနော်…တော်ကြာအစားတစ်လုပ်အတွက် ဗာလကနေလို့ ဟုတ်ပေ့ဖြစ်နေမယ်"

"စိတ်ချ၊ ဘာမှမဖြစ်စေရဘူး၊ ဂျိမ်းစ်ဘွန်းနဲ့ ညီအစ်ကိုတော်တယ်၊ မြောက်ဥက္ကလာပ ဂုံးတံတားပေါ်ကျရင် ဒိုင်ဗင်တောင် ထိုးပြလိုက်ဦးမယ်"



www.burmeseclassic.com

"...ဟုတ်ကတွေ လျှောက်မပြောနဲ့နော် ကိုလတ်၊ တကယ် ...ကျွမ်းပစ်ကျနေလိမ့်မယ်၊ အဲဒီပေါ်ကကျတာ နှစ်စင်းသုံးစင်း ...တိုက်စလောကမှ မီးသတ်ကားတစ်စင်း ကျထားသေးတယ်"

...ကျောင်းဖွင့်လျှင် သည်ကားဖြင့်တက်ရန် ရည်ရွယ်ပြီး အင်ဂျင်ပြန် ...ကာ ဘာလုပ်၊ ညာလုပ် လုပ်ထားသဖြင့် ကားလေးက အတော်ဟုတ် ...သေးရာ ကားပေါ်တက် စက်နှိုးပြီးသည်နှင့် ဝေါကနဲ မောင်းထွက်လာ ...င်ခဲ့၏။

✡ ✡ ✡

ကံကောင်းချင်တော့ ရှေ့ကကားကို ရှည်ရှည်ဝေးဝေး လိုက်မဖမ်း လိုက်ရ။

ကျောင်းမှာ စိုးတို့ဆင်းပြီး ပြန်ထွက်သွားသည်နှင့် စိုးနှင့် နှစ်ယောက် စကားတပြောပြော ကျောင်းပေါ်လျှောက်လာသည်နှင့် စုစုပေါင်းမှ ဆယ်မိနစ်လောက်သာ ကြာသည်။ ရှေ့က စောစောထွက်သွားသော ဖယ်ရီကား ဟိုင်းလက်(စ်)ကို တံတားလေးလမ်းဆုံမီးပွိုင့်တွင် ရဲက ဖမ်းထား သည်။

လင်းဆွေတို့ ရောက်သွားချိန်တွင် မီးပွိုင့်အလွန်၌ ရဲက ချလန်ဖြတ် ၍ပင် မပြီးသေး။

"ဟာ...အဲဒီကား ကိုလတ်...ရပ်...ရပ်"

စိုးက ဝမ်းသာအားရပြောသည်။ လင်းဆွေကရယ်ရင်း

"သိတယ်စိုး၊ ကိုယ်မှတ်မိတယ်၊ ဒီကောင်တွေ မီးပွိုင့်အနီဖြတ် ပြီထင်တယ်။ မိုးကြိုးပစ်ခံနေရပြီ"

ပြောပြောဆိုဆိုနှင့် ဖယ်ရီကားရှေ့ ခပ်လှမ်းလှမ်းတွင် ကားကိုရပ်





သည်။ နှစ်ယောက်သား နောက်ကားဆီသို့ လျှောက်သွားစဉ် ကားခေါင်းထဲ ထိုင်နေသောစပါယ်ရာ ရှုံ့မဲ့ထွက်လာ၍...

"ဘာလဲမစိုး...မုန့်ထုပ်လား"

စိုးက ခေါင်းညိတ်၍

"ဟုတ်တယ်...နင်တို့ကားထွက်သွားမှ မုန့်ထုပ်သတိရလို့ နောက် က လိုက်လာတာ၊ တော်သေးတာပေါ့ ဒီတင်မိနေလို့"

"ဟာ...ဘယ့်နှယ်တော်သေးရမလားဗျာ၊ ခင်ဗျားမုန့်ထုပ်ကောင်းမှု နဲ့ ဒီမှာ လိုင်စင်သိမ်းခံနေရတာ"

"မုန့်ထုပ်နဲ့ ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့လဲ ပြန်လာရင်း မစိုးအထုပ်တွေ့တော့ ဘာတွေ မသိဘူးဆိုပြီး မစိုးမသိအောင် စားပစ်မယ် ဘာညာနဲ့ ပြောပြီး မောင်းလာ တာ၊ မီးပွိုင့်ကြီး ဝါနေတာသတိမထားမိပဲ ဖြတ်မောင်းတော့ အဖမ်းခံရတာ ပေါ့"

စိုးကရယ်သည်။

"ကောင်းတာပေါ့...နင်တို့က သူများမုန့်ပြန်ပေးမယ် မစဉ်းစားပဲ စိတ်ပုတ်တာကိုး၊ မှတ်ပလား၊ အဲဒါ ငရဲကြီးတာ"

"အင်းပေါ့ဗျာ...ကျုပ်တို့ကတော့ ငရဲကြီးပြီး ခင်ဗျားတို့ကတော့ ဟန်ကျသွားတာပေါ့၊ ကိုယ့်အတွဲနဲ့ကိုယ် မုန့်လေးစားပြီး ကြည်နေလို့ ရသွားတော့ ပြောအားရှိတာပေါ့"

"ဟဲ့...ဘာတွေလျှောက်ပြောနေတာလဲ၊ တို့က အတွဲမဟုတ်ဘူး၊ သူငယ်ချင်းတွေ"

"ဒီလိုပဲပြောကြတာပါပဲဗျာ၊ ခင်ဗျားတို့တကွသိုလ်က လူတွေက အစကတော့ သူငယ်ချင်း၊ သူငယ်ချင်းပဲ ပြောကြတာပါပဲ"

ထိုပုဂ္ဂိုလ်က နည်းနည်းမှမလျှော့ပဲ ဆက်တံင်သည်။ လင်းဆွေ

www.burmeseclassic.com



ရယ်လည်း ရယ်ချင်၊ အားလည်းနာသဖြင့် မျက်နှာလေးရဲနေသော စိုးကို လှမ်း၍

"ကဲ…စိုး၊ ထပ်မပြောနဲ့တော့၊ ထပ်ပြောရင် ပိုဆိုးနေလိမ့်မယ်၊ မုန့်ထုပ်ယူပြီးပြီမို့လား၊ သွားစို့"

နှစ်ယောက်သား အမ်းတမ်းတမ်းမျက်နှာများဖြင့် ကားပေါ်ခပ်သွက်သွက်ပြန်တက်ခဲ့သည်။

ထိုစဉ်က ထိုအဖြစ်အပျက်ကို ဤမျှ၊ သာမန်မျှသဘောထားခဲ့ကြသော်လည်း နောင်အခါ ကြုံတွေ့လာရတော့မည့် ပြဿနာအားလုံးသည် ထိုအချိန်က စတင်ခဲ့ပြီဖြစ်ကြောင်း နှစ်ယောက်လုံး သတိမထားမိ။

စိုးနှင့်သူကြား ဘာမှမဆိုင်ပါပဲ ရှစ်သူဟု အများက အထင်လွဲကြခြင်း၏ ပထမဆုံးအကြိမ်လည်းဖြစ်၏။





အခန်း (၆)

အစရှိ အနောင်နောင်ဆိုသော စကားကလည်း မှန်လွန်းလှသည်။

စပါယ်ရာ နှုတ်သရမ်းမှုကြောင့် ဖိန့်းတိန်းရှိန်းတိန်းလေးများဖြင့် စကားသိပ်များများစားစားမပြောဖြစ်ပဲ ပြန်လာကြသော သူတို့နှစ်ယောက်သည် ကားပေါ်က ဆင်းဆင်းချင်း နောက်ထပ် သည်လိုပြဿနာမျိုးဆပ်ကြုံရပြန်၏။

ပထမဆုံး စရင်ဆိုင်လိုက်ရသည်က အနီးအနားပတ်ဝန်းကျင် ကျောင်းသား ကျောင်းသူများ၏ မျက်လုံးများ။

တက္ကသိုလ်မှာကလည်း တက္ကသိုလ်စပေါ်သည့် လွန်ခဲ့သည့်နှစ်ခြောက်ဆယ်ကနေစပြီး စည်းကမ်းဟု ဘယ်တုန်းကမှ သတ်မှတ်ခြင်းမရှိပဲ စည်းကမ်းကဲ့သို့ဖြစ်နေသော ထုံးစံတစ်ခုရှိသည်။ ထိုထုံးစံက ကိုယ့်သူနှင့်၊ ကိုယ့်အကြိုက်နှင့်ကိုယ်၊ ကျောင်းမတက်ခင် ကျောင်းဆင်းပြီး စသည့်အချိန်များတွင် သည်နေရာမှာ ထိုင်နေကျဖြစ်နေပါက သည်နေရာလေးမှာ သာထိုင်လိုက်ရမှ ကျေနပ်သောထုံးစံဖြစ်သည်။

သို့အတွက် သတိထားတတ်သူများ သတိထားကြည့်လျှင် ရံဖန်ရံခါ ကိုယ့်ဟိစ္စနှင့်ကိုယ် ပျက်ကွက်သည်ကလွဲ၍ အများအားဖြင့် သည်နေ့ ကျောင်းတက်ချိန်၊ သည်နေရာမှာ တွေ့တတ်သော လူတစ်ယောက်၊ သို့မဟုတ် အုပ်စုတစ်စုကို နောက်တစ်နေ့ ကျောင်းတက်ချိန်မှာကြည့်လျှင်

www.burmeseclassic.com

www.burmeseclassic.com



သည်နေရာ၌ပင် တွေ့တတ်၏။ နေရာရွေ့လျှင်လည်း လွန်ရောကျုံရော့ တစ်လံနှစ်လံလောက်သာ ပြောင်းနေတတ်သည်။

ခုလည်း ကျောင်းဖွင့်ရက် ဆယ်ရက်ကျော်ကျော်သာ ရှိသေးသည်မို့ ဘယ်သူဘယ်ဝါစသည်ဖြင့် အမည်နှင့်အတိအကျ မသိသော်လည်း သည်နေရာ ပတ်ဝန်းကျင်မှာ ထိုင်တတ်သော ကျောင်းသားကျောင်းသူများ မျက်လုံးထဲတွင် သည်ကားလေးကို ဘယ်သူမောင်း၍ ကားပေါ် ဘယ်သူ တွေ ပါပါလာတတ်သည်ကို အကြည့်ယဉ်နေပြီး ဖြစ်သည်။

လေးငါးဆယ်ရက် မြင်နေရသောပုံစံမှ သည်နေ့ထူးထူးခြားခြား ပြောင်းပြီး ထိုကားပေါ်တွင် ကျောင်းသူတစ်ယောက်ပါလာ၍ စုံတွဲ ကားပေါ် မှ ဆင်းလာသောအခါ အားလုံး၏ မျက်လုံးထဲ၌ ထူးဆန်းအံ့သြကုန်ကြ သည်။ စူးစမ်းသောအကြည့်များကလည်း စုံဆုံရောက်ရှိလာသည်။

အားလုံးထက် ပို၍အံ့သြကုန်ကြသည်က ကျောင်းရောက်လာပြီး ထိုနှစ်ယောက်မလာသေးသဖြင့် စုပေါင်းဝိုင်းဖွဲ့စကားပြောရင်း ထို နှစ်ယောက်ကို မျှော်နေသည့် ပတေးတို့ မဝေတို့အုပ်စု။ တီသစီးနောက်ဘက် မြက်ခင်းပြင်တွင် တောင်ပြောမြောက်ပြော ပြောနေရာက ထိုနှစ်ယောက် အတူတူ ကားပေါ်မှဆင်းလာသည်ကို တွေ့သောအခါ တစ်ဝိုင်းလုံးတိတ် သွားသည်။ မဝေဆိုလျှင် နှုတ်ကိုထိန်းထား၍ပင် မရလိုက်။

"အဲတော့…ဒီနှစ်ယောက်က ဘယ်လိုကနေ ဘယ်လိုသွေးစည်း ညီညွတ်သွားကြတာလဲ…"

ပတေးကလည်း မနေနိုင်။

"ဟာ…သောက်ကျိုးနဲ့၊ ညတွင်းချင်းကို လောကကြီးက ပြောင်းလဲ သွားတာပဲလားဟ"

ထိုနှစ်ယောက်ကတော့ ဘာမှမသိရှာ။ လင်းဆွေက မုန့်ထုပ်လေး ဆွဲလျက် စိုးကလည်း ဆွယ်တာလေး လက်နှစ်ဘက်ဖြင့်စွေ့လျက် ဝမ်းသား





အားရ လျှောက်လှမ်းလာကြသည်။

ပတ်ဝန်းကျင်အခြေအနေကို ပထမဆုံးသုံးသပ်မိသူက စိုး။ လျှောက် နေရင်း ခပ်အုတ်အုတ်လေသံဖြင့်လှမ်း၍…

"ကိုလတ်…"

"ဘာလဲ…စိုး"

"စိုးတို့ကိုတော့ လူတွေက တစ်မျိုးထင်ကုန်တော့မှာပဲ"

သည်တော့မှ လင်းဆွေ ပတ်ဝန်းကျင်ကို မသိမသာစူးစမ်းသည်။ သူတို့ဆီရောက်နေသော မျက်လုံးတော်တော်များများနှင့် တအံ့တသြ ဖြစ် နေကြသော ပတေးတို့ မဝေတို့ စုပေါင်းအဖွဲ့။

"ဟာ…ဒုက္ခပါပဲ၊ ဒီလိုလုပ်စိုး၊ စိုးနောက်က ဖြည်းဖြည်းလိုက်ခဲ့၊ ကိုယ်သွားနှင့်မယ်၊ ဟိုကောင်တွေကို အရင်ရှင်းပြထားလိုက်မယ်"

"အင်း…အင်း"

သဘောတူညီချက်ရသည်နှင့် ကားရပ်သည့်နေရာမှ ကိုက်တရာငါး ဆယ်လောက် အကွာအဝေးရှိသော သူငယ်ချင်းများထိုင်နေရာသို့ ရှေ့မှနေ ခပ်သွက်သွက် လျှောက်သွားသည်။

ထင်သည့်အတိုင်းပင် ရောက်ရောက်ချင်း မသက်သာသောမေးခွန်းနှင့် အမေးခံလိုက်ရ၏။

✡ ✡ ✡

"ကဲ…ဒီကိစ္စအရင်ရှင်း လင်းဆွေ၊ မင်းတို့ကဘာလဲ၊ ဘယ်ပုံ ဘယ်နည်းနဲ့ ဒီလောက်ခြေလှမ်းသွက်ကုန်ကြတာလဲ"

"ဟာ…ပေါက်ကရတွေ လျှောက်ပြောမနေစမ်းနဲ့ ပတေး၊ စိုး ဆယ်ရီကားပေါ် မုန့်ထုပ်ပါသွားလို့ လိုက်ယူတာ၊ မင်းတို့မရောက်ခင်လေး



www.burmeseclassic.com

www.burmeseclassic.com



တင် ဒီကထွက်သွားတာ''

''ဘာမုန့်ထုပ်လဲ''

''စိုးက ဒီနေ့ကျောင်းကို မုန့်တွေယူလာတယ်၊ ကားပေါ်ကဆင်းတော့ ကားပေါ်မုန့်ထုပ်မေ့ကျန်ခဲ့တယ်။ အဲဒါလိုက်မယူရင် မင်းတို့အားလုံး မစားရမှာစိုးလို့ ငါ့ကားနဲ့ သူတို့ဖယ်ရီကို မီအောင်လိုက်ပြီး မုန့်ထုပ်ပြန်ယူလာတာ''

''အော်...ဒီလိုလား...မပြောတတ်ပါဘူး၊ ငါတို့က ကားကလေးတစ်စီး နှစ်ယောက်ထဲစီးလို့ ဘာညာဘာညာဖြစ်ကုန်ကြပလားလို့ စိတ်ပူပူနဲ့ ဝမ်းသာနေကြတာ''

ပတေးစကားအဆုံး ရယ်သံလေးများ ဆူညံသွားသည်။ ရယ်သံကြောင့် အနားရောက်လာပြီဖြစ်သော စိုး၏မျက်နှာလေး ပန်းရောင်ပြေးသည်။ မဝေက တစ်စခန်းထပြန်၏။

''တော်ပါသေးရဲ့စိုးရယ်၊ ကိုလင်းဆွေရောက်လာပြီး အရင်ဦးအောင်ရှင်းပြပေလို့ပေါ့၊ နို့မို့ တို့ကလက်ဖွဲ့ပစ္စည်းဝယ်ဖို့တောင် တိုင်ပင်တော့မလို့...''

''မဝေနော်...ပေါက်ကရတွေ လျှောက်ပြောမနေနဲ့''

''တကယ်ပြောတာစိုးရ၊ အံ့သြသွားတာ၊ ဘယ့်နှယ်ကားထဲမှာ နှစ်ယောက်တည်း၊ အထုပ်တစ်ထုပ်ဆွဲဆင်းလာလို့၊ စိုးတစ်ယောက်တော့ မြေရှင်ယာရှင်စနစ်ဆိုးတွေရဲ့လက်အောက်မှာ ဘဝကို လက်မြှောက်အရှုံးပေးသွားပြီလို့ ထင်လိုက်တာ''

မဝေက တွဲတေးသိန်းတန်၏ ထွေးညီပြဇာတ်ထဲမှ ဘကြီးမှူစကားကို ယူသုံးရင်းနောက်သည်။ စိုးက မဝေကျောကိုထုရင်း

''တော်ပြီ မနောက်နဲ့တော့၊ သူများက စေတနာနဲ့ သူတို့ကျေး... မုန့်လဲ လိုက်ယူရသေးတယ်၊ အပြောလဲခံရသေးတယ်၊ စေတနာတောင်





...ချက်သွားပြီ''

''စေတနာ မပျက်နဲ့စိုး၊ ဒီအချိန်က မင်္ဂလာယူရမယ့်အချိန်၊ ကဲ ...ရှိသတ်များကလဲ သတို့သား၊ သတို့သမီး ကားနဲ့အပြေးအလွှားလိုက်ယူ...ပြီး တည်ခင်းဧည့်ခံတဲ့မုန့်များကို မြိန်ရှက်စွာ စားသုံးနိုင်ကြပါပြီ''

''ဟေး...''

သန်းဝင်း၏ ဘိသိက်ဆရာလေသံဖြင့် ကြေညာသံအဆုံး အော်ဟစ်...သံနှင့် လက်ခုပ်သံများ ဆူညံသွား၏။

စိုးနှင့် လင်းဆွေ ဘာမှ မတတ်နိုင်တော့။

✡ ✡ ✡

အရာအားလုံး၏ အစသည် သေးငယ်သည်ဟု ဆီဇာရိုဆိုသော ...ညာရှိက ပြောဖူးသည်။ သို့ရာတွင် အချို့အရာများ၏ အစသည် ရှက်သလို ...လိုဖြစ်သည်ဟု ဘယ်ပညာရှိကမှ ရှုးသလို ပေါသလိုနှင့် မပြောဖူးခဲ့။

အမှန်တော့ ပြောခဲ့ဖို့ကောင်းသည်။ လင်းဆွေနှင့်စိုးကို နီးကပ်စွာ...ဖြ၍ သူငယ်ချင်းများက နောက်ပြောင်ကြသောအခါ-အစတွင် ရှက်သလို ...ဖြစ်ခဲ့ကြ၏။ ထိုနေ့က စခဲ့သည့်ကိစ္စက နောက်လည်း အစဉ်အလာလိုဖြစ်...လာပြီး သူတို့နှစ်ယောက်ကို စနေခြင်းကပင် သူငယ်ချင်းများအတွက်...အလုပ်တစ်ခုလို ဖြစ်လာသောအခါမှသာ အပိုဖြစ်နေသော ရှက်ခြင်းကိစ္စကို ...သူတို့နှစ်ယောက် သိပ်စိတ်မဝင်စားဖြစ်တော့။ ရေရှည်ကြီး လိုက်ရှက်နေရ...သည်မှာလည်း အတော်မလွယ်ကြောင်း နှစ်ယောက်စလုံး သဘောပေါက်...သွားသည်။

တစ်ခုတော့ကောင်းသည်။ သူတို့နှစ်ယောက်ကို အကြောင်းပြု၍ ...အုပ်စုနှစ်စု၏ ခင်မင်မှုများသည် တစ်နေ့ထက်တစ်နေ့ ပိုမိုရင်းနှီးတိုးတက်



www.burmeseclassic.com

www.burmeseclassic.com



လာကြသည်ကတော့ ဘယ်လိုမှ အငြင်းပွားစရာ မရှိ။ တဖြည်းဖြည်းနှင့် မောင်နှမများလို ငယ်ပေါင်းကြီးဖော်များလို ခင်မင်လာကြသည်။

အဲ…တစ်ခုတော့ရှိသည်။ လင်းဆွေနှင့်စိုး ခင်မင်ပုံကတော့ ကျန်သည့်သူငယ်ချင်းများနှင့် သိပ်မတူချင်။

နည်းနည်းထူးခြား၏။

❀ ● ❀





အခန်း (၇)

*ကိုလတ်…*

*မနက်ဖြန်ကျရင် ကျောင်းကို စောစောလာခဲ့ပါလား၊ ကိုလတ်သိအောင် ပြောပြမယ်၊ မနက်ဖြန် စိုးမွေးနေ့။ အဲဒါ… တခြားသူတွေ ဘယ်သူ့မှတော့ မပြောနဲ့။ ကိုလတ်နဲ့စိုး ဘုရားသွားရအောင်။*

*ကျောင်းကို စိုး ခြောက်နာရီရောက်အောင်လာခဲ့မယ်။*

*စိုး*

စာဖတ်ပြီးသည်နှင့် ပတေးက လင်းဆွေကို မျက်ခုံးပင့်၍ ကြည့်သည်။

"ကျောင်းဆင်းတုန်းက မင်းကိုပေးသွားတာ…ဒါလား"

လင်းဆွေ ခေါင်းညိတ်သည်။ ပတေးက ဘာမှမထူးဆန်းသလိုဖြင့် စာရွက်ကို ပြန်ခေါက်၍ ကမ်းပေးရင်း

"အေးလေ…အဲဒါဘာဖြစ်လဲ၊ မနက်ကျသွားလိုက်ပေါ့ကွ"

"ဟာ…ဒီကိစ္စ မင်းကိုပြောပြတာ သွားဖို့ မသွားဖို့ တိုင်ပင်ဖို့ မဟုတ်ဘူးကွ၊ စိုးလုပ်ပုံက နည်းနည်းထူးခြားနေတယ်ထင်လို့ သူ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲဆိုတာ မင်းနဲ့ဆွေးနွေးတာ''

''ဘာဆွေးနွေးစရာလိုလဲကွာ၊ ရှင်းနေတာပဲဟာ၊ မင်းနဲ့နှစ်ယောက်တည်း သွားချင်လို့ မင်းကိုကြိတ်ခေါ်တာပေါ့''

''ဘာကိစ္စ သူက နှစ်ယောက်ထဲ သွားချင်တာလဲ''

''မင်းက တကယ်မသိဘူးလား''

''မသိဘူး''

''အေး...မသိရင် မနက်ဖြန်မနက်ကျတော့ ဘုရားသွားရင်း မေးကြည့်''

''ဟာ...အဲ့လိုကြီးမေးလို့ ကောင်းမလားကွ''

''ဟေ့ကောင်လင်းဆွေ၊ မင်းအပိုတွေလျှောက်မပြောနဲ့ကွာ၊ အလှူရှင်မှန်းသိအောင် မထွက်ပေါ်တာက်ပြီး ကျမ်းလဲထိုးပြမနေနဲ့၊ မနက်ဖြန်မနက်ကျရင် မင်းသွားချင်ရင်သွား၊ မသွားချင်ရင်လဲ မင်းသဘောပဲ၊ ခုဟာက သူများမသိစေချင်လို့ မင်းကို တိတ်တိတ်ခိုးပေးတာ၊ ငါ့ကိုလာပြတာတောင် လွန်လှပြီ''

''မဟုတ်ဘူးပတေး၊ ငါသိချင်တာ စိုး ငါ့ကိုချစ်နေတယ်လို့ မင်းပြောချင်တာလား''

''ဟာ...လုပ်ပြန်ပြီ...မသိဘူးကွာ၊ ဒါတော့ မင်းဟာမင်း စဉ်းစားယူပေါ့''

ပတေးက စကားကို လက်စသိမ်းဖြတ်ပစ်သည်။

လင်းဆွေ စာကိုကိုင်၍ ငိုင်သွား၏။

✡ ✡ ✡

သည်တိုင်းဆို စိုးနှင့်ပတ်သက်၍ သူတစ်မျိုးတစ်ဖုံစဉ်းစားမှ





ဖြစ်တော့မည်ဟု တွေးမိလာသည်။

စိုးသည် ဘာကိစ္စဖြစ်ဖြစ်၊ သူ့ကိုဦးစားပေးဆက်ဆံသည်ကိုတော့ ရှေးဦးကပင် သတိထားမိသည်။ သို့သော် သူကလည်း သည်လိုနေရတာလေးကို သဘောကျတာလည်း ပါသဖြင့် အလိုက်သင့်ပင် ဆက်ဆံနေခဲ့သည်။

သည်နေ့ နေလည်ကျောင်းဆင်းချိန်တွင် ပတေးနှင့်သူ စာသင်ခန်းထဲက ထွက်လာစဉ် စိုးက သူ့အုပ်စုထဲကခွဲထွက်၍ သူ့ကိုလက်ရပ်ခေါ်ပြီး စာညှပ်ထားသော စာအုပ်တစ်အုပ်ပေးသည်။ အိမ်ရောက်၍ ထိုစာဖတ်ပြီးသည့်အချိန်တွင် လင်းဆွေတစ်ယောက် ပြဿနာပေါ်တော့သည်။

တိုင်ပင်လို့ကောင်းမည်ဆိုလျှင်တော့ ပတေးကို သူဖွင့်တိုင်ပင်ချင်တာလေးတွေ ရှိသည်။ ပတေးကို စာမပြခင် အိမ်ကထွက်လာစဉ်ကပင် တိုင်ပင်ချင်သော စကားလေးများကို စိတ်ဖြင့်စီစဉ်ထားခဲ့သည်။

''ဒီလိုကွာပတေးရာ၊ မင်းကိုအမှန်အတိုင်း ဝန်ခံရရင် စိုးနဲ့ပတ်သက်လို့ ငါ့စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတာတစ်ခုရှိတယ်၊ စိုးကို ငါသံယောဇဉ်ရှိတာ ခင်မင်တာကတော့ တကယ်အမှန်ပါ၊ ငါ့ကိုငါ သိပါတယ်၊ ဒါပေမယ့် စိုးကို ငါချစ်တယ်ဆိုတဲ့အဆင့်အထိ မရှိသေးဘူးလို့ ငါ့စိတ်ထဲ ဆင်နေတယ်၊ စိုးနဲ့ပတ်သက်လို့ ငါ့ခံစားချက်က သိပ်အေးစက်နေသလိုပဲ၊ အဲဒီမှာ ပြဿနာက ခု...စိုးဘက်က ထူးထူးခြားခြားပေးလာတဲ့ အခွင့်အရေးတွေကို ငါယူသင့် မယူသင့်စဉ်းစားလို့မရဘူး။ နောက်တစ်ချက်ကပဲ စိုးက ငါထင်သလိုမဟုတ်ပဲ ရိုးရိုးသားသား ငါ့အပေါ် ပိုခင်ရုံသက်သက်နဲ့ မောင်နှမလိုသဘောထားပြီး ဟိုပို့ခိုင်း သည်ပို့ခိုင်းလုပ်တာမျိုးကိုဒါက ငါ့စိတ်ကူးနဲ့ငါ မဟုတ်ကဟုတ်ကတွေ လျှောက်တွေးနေမိသလိုဖြစ်နေမှာလဲ စိုးတယ်...''

သူ့ရှည်လျားထွေပြားသော ရှင်းပြချက်များအဆုံးတွင် ပတေးက



www.burmeseclassic.com

www.burmeseclassic.com



ရယ်သည်။

"မင်းကို ဘယ်သူကရိုက်စစ်နေလို့၊ ဒါတွေလျှောက်ပြောနေတာလဲ လင်းဆွေ၊ ဒါမင်းစိတ်ထဲမှာ ဖြစ်နေတာတွေပဲ၊ မင်းစိတ်ထဲမှာပဲ ထားပေါ့၊ အဲဒီစကားတွေ ငါကြားတော့လဲ ငါက ဘာလုပ်တတ်မှာလဲ"

"မဟုတ်ဘူးလေကွာ၊ နည်းနည်းပါးပါး အကြံလေး ဘာလေး ပေးလို့ရတာပေါ့"

"ငါက ဘာအကြံပေးရမှာလဲ လင်းဆွေ၊ မင်းဟာမင်းတောင် ဘာမှန်းမသိပဲ ချာလည်လိုက်နေတဲ့ဟာ၊ တစ်ခုတော့ရှိတာပေါ့၊ မင်းဖြစ်ချင်တာက ဘာလဲ၊ စိုးကို မင်းချစ်နေတာလား၊ ဒါမှမဟုတ် စိုးက မင်းကိုချစ်နေတယ်ထင်လို့ မင်းစိတ်ညစ်နေတာလား"

"အဲဒါတော့ နှစ်ခုစလုံး မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"မပြောတတ်ဘူးကွာ၊ ကဲပါ...ဒီကိစ္စထားလိုက်ပါတော့၊ ဘာမှမဖြစ်သေးတဲ့ကိစ္စကို ထင်ကြေးနဲ့ လျှောက်ပြောနေရတာ မကောင်းပါဘူး၊ မင်းပြောသလိုပဲ ငါ့စိတ်ထဲမှာ ချာလည်လိုက်နေတဲ့ကိစ္စကို သူ့အတိုင်းထားလိုက်ဦးမယ်၊ အခြေအနေပေါ်မူတည်ပြီး ဖြစ်သလိုပဲ လှုပ်ရှားတာပေါ့"

"အေး...အဲဒါပဲကောင်းတယ်၊ ငါလဲ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလိုက်ဦးမယ်"

နှစ်ယောက်သား ကိုယ့်စိတ်ကူးနဲ့ကိုယ် ရယ်လိုက်ကြသည်။ လုံးပြီးလည်နေသော ကမ္ဘာကြီးထဲတွင် လင်းဆွေတစ်ယောက်လည်း သူ့ဟာနှင့်သူ လုံးပြီး လည်နေ၏။





အခန်း (၈)

သို့သော်...နောက်တစ်နေ့မနက် ခြောက်နာရီထိုးရန် ဆယ့်ငါးမိနစ်အလိုလောက်တွင်မူ လင်းဆွေ ကားကလေးနှင့် ကြိုရောက်နေ၏။

သူတို့အတန်းက ရှစ်နာရီမှာ တက်ရသည်။ တစ်ချို့အတန်းတွေက ခုနစ်နာရီ စတာလည်းရှိသည်။ သေချာတာတစ်ခုကတော့ ခြောက်နာရီစသော အတန်းမရှိ။ သည်လောက်စောစောကြီး ကျောင်းလာတက်သူကလည်း ကျောင်းမှာမရှိ။ သို့အတွက် သူရောက်သွားချိန်တွင် ရန်ကုန်တက္ကသိုလ်လှိုင်နယ်မြေတစ်ခုလုံး မြူနှင်းများနှင့် သူပဲရှိနေသည်။

မတ်လဆန်းမို့ သိပ်အအေးကြီး မဟုတ်တော့။

နှုတ်ဆက်နေသော ဆောင်း၏လက်ကျန် နှင်းမှုန်မှုန့်များနှင့် အင်းလျားလေးရေပြင်ပေါ် ဝေ့ဝဲနေသောမြူများ၊ ပြီးတော့ အနားရှိကုက္ကိုလ်ပင်ကြီးများအပါအဝင် အပင်တိုင်းလိုလိုပေါ်၌ နီနီရဲရဲအရောင်ဖြင့် ပေါ်ထွက်ပြနေသော ပုရစ်ဖူးများ။ ဘာမှလုပ်စရာမရှိသည့်အတူတူ တစ်ယောက်တည်း ယောင်တောင်ပေါင်တောင်နှင့် ဟိုသည်လျှောက်ကြည့်နေမိသည်။

ရာသီဥတုနှင့် ပတ်ဝန်းကျင်တစ်ခုလုံးကလည်း သူ့ကိုပင် ရူးကြောင်ကြောင် ဖြစ်နေသည်ဟု ထင်မိသည်။ ဆောင်းလိုလို၊ နွေလိုလို၊ ဟိုမရောက်သည်မရောက် ကြားကန့်လန့် ရှုခင်းကြီး။ ကျောင်းဖွင့်စ ဒီဇင်ဘာလလိုဆောင်းမဟုတ်တော့တာတော့ သေချာသည်။ သို့သော် နွေလည်း ပီပီပြင်

www.burmeseclassic.com

www.burmeseclassic.com



ပြင် မရောက်သေး။

သို့ရာတွင် သုံးလလောက်ကာလအတွင်းမှာ အခြေအနေတွေကတော့ သိသိသာသာပြောင်းလဲသွားသည်ကတော့ သေချာသည်။ ကျောင်းရောက်စ လင်းဆွေက ရည်းစားလည်း မရှိ။ မိန်းကလေးတွေ ဘာတွေနှင့်လည်း သည်လောက်အရောတဝင် မနေတတ်သည့် လင်းဆွေ။

ခု လင်းဆွေက ရည်းစားတော့ မရှိသေးသော်လည်း ရည်းစားလို ဘုရားတွေ ဘာတွေ အတူသွားဦးမည့် မောင်နှမတော်ထားသည့် သူငယ်ချင်း ကောင်မလေးတစ်ယောက် ရှိနေပြီဖြစ်သည့် လင်းဆွေ။

မထူးပါဘူး။ ဒါလေးပဲ ရည်းစားကောက်ထားလိုက်တာ ကောင်းမယ်ထင်ပါရဲ့ဟု စိတ်တစ်ခုပေါ်လာသည်။ သို့သော်…

"အို…ထားစမ်းပါဦးကွာ၊ ခုလဲ ရည်းစားလိုနေလို့ရနေတာပဲ ဖက်တာ နမ်းတာမလုပ်ရတာပဲ ခြားနားတဲ့ဥစ္စာ၊ ဒါတွေကလဲ ဒီလောက် မလိုအပ်သေးပါဘူး၊ ပြီးတော့ ကိုယ်က သိပ်ချစ်တယ်လို့လဲ ပြောလို့ရတာ မဟုတ်သေးဘူး၊ စကားက ကျွံသွားရင် နှုတ်လို့လွယ်တာ မဟုတ်ဘူး၊ သူ့အရှိန်နဲ့သူ ဒီလိုလေး မှေးနေတာ ပိုကောင်းပါတယ်…"

…ဟု နောက်စိတ်တစ်ခုကလည်း ပေါ်လာသည်။

စိတ်နှစ်ခုပေါ်ပြီးချိန်တွင်မှ တတိယစိတ် ထပ်ပေါ်ချိန်မရတော့။ အဘယ်ကြောင့်ဆိုသော် အဒီလမ်းသွယ်အတိုင်း လေးဘီးကားတစ်စီး ဝင်လာသည်။ ရှေ့ခန်းက မိန်းကလေးတစ်ယောက် ထရှိုင်ဖာဆွယ်တာပါး ဖီးရောင်လေးဖြင့် လှပစွာဆင်းလာ၏။ ထိုမိန်းကလေးကလည်း ပြုံးသည်။

ထိုမိန်းကလေးသည် စိုးလည်းဖြစ်၏။

✡ ✡ ✡





"ကိုလတ်ရောက်နေတာ ကြာပြီလား"

ကားခကို ကြိုရှင်းထားသည် ထင်သည်။ ကားပေါ်မှ ဆင်းပြီး သူများတွေလို ပိုက်ဆံရပ်ပေးနေတာမျိုး မတွေ့။ သူ့ဆီ တန်းလျှောက်လာသည်။ သူက ခေါင်းခါပြုံးရင်း

"မကြာသေးဘူးစိုး၊ ခုပဲရောက်တာ"

"တော်သေးတာပေါ့၊ စိုးက ကိုလတ် ရောက်မှရောက်ပါ့မလားလို့၊ နေ့တုန်းက စာသာပေးလိုက်ရတာကို၊ ကိုလတ် လာမယ် မလာဘူးဆိုတာ ပဲ ဘာမှ မသိရ၊ လာမယ်ထင်ပြီးသာ ဖွတ်ထွက်လာခဲ့တာ၊ ကိုလတ်သာ ရောက်မနေရင်တော့ စိုး အူလယ်လယ်နဲ့ တစ်ယောက်တည်း ဒုက္ခပဲ"

"မလာပဲတော့ မနေပါဘူး စိုးရာ၊ ကိုယ်က စိုး ဘာနဲ့လာမလဲလို့ တောင် စိတ်ပူနေတာ၊ ချိန်းထားတာကလဲ ကျောင်းမှာဖြစ်နေလို့၊ နို့မို့ အိမ်လာခေါ်တာပေါ့"

"လာခေါ်ပြီးရော၊ စောစောအိမ်ကထွက်လာပြီး လာခေါ်ရင် တက္ကစီ တောင် မကုန်ဘူး"

"ဘယ်သိမလဲစိုးရ၊ စိုးက အိမ်ကို ဘယ်လိုပြောထွက်လာမှန်းမှ မသိပဲ၊ အိမ်သွားခေါ်ရင် တော်ကြာပြဿနာတက်မှာလဲ စိုးတာပေါ့"

"ရပါတယ်၊ စိုးအိမ်က နားလည်မှုရှိပါတယ်၊ ကဲပါ…ခု ကျောင်း ရောက်လာပြီပဲ၊ ပြီးပြီ၊ ထားလိုက်တော့၊ သွားကြမလား၊ တော်ကြာ ဘုရား ပေါ်ကြာနေရင် ကျောင်းပြန်တက်ဖို့ အချိန်မမီပဲ နေလိမ့်မယ်"

"အင်း…သွားမယ်လေ…တက်"

လင်းဆွေက ကားတံခါးကို ဖွင့်ပေးသည်။ စိုးက သူ့နားမှကပ်ဖြတ် ၍ ကားထဲဝင်ထိုင်သည်။ လက်မောင်းကို ထိသွားသော ထရှိုင်ဖာသား နူးနူးလေးနဲ့အတူ သင်းကနဲ ပျံ့လာသော ရေမွှေးနံ့မြမြလေးကြောင့် ရင်ထဲ လှုပ်ခနဲခုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမိ မိအောင်ကိုလောင်းတယ်။
အချို့ကတော့ အခွင့်အရေးသမားတွေ
ရေပက်တဲ့ကိစ္စကို ရိုးရိုးသန့်သန့်မပက်ဘူး
ကျောကလေး ပွတ်ရတာနဲ့
ကားထဲကထိုင်နေတဲ့သူကို ဟိုထိ ဒီထိလုပ်ရတာနဲ့
ခပ်ညစ်ညစ် အပက်သမားတွေလဲရှိတယ်။
တစ်ချို့ကျတော့လဲ
ရေပက်တာနဲ့ လူသတ်တာနဲ့မှားနေတယ်။
မီးသတ်ပိုက်လို ပိုက်ကြီးမျိုးတွေနဲ့
ကျောအကွဲ၊ မူးအလဲ၊ အဝတ်အစားပြဲပြီး
အရှက်တကွဲ အကျိုးနဲ
အမျိုးမျိုး အကြမ်းပတမ်းနည်းတွေ
ကမ်းကုန်အောင်ပက်တယ်။
တစ်ချို့ကတော့ သိပ်ချစ်စရာကောင်းတယ်
အပက်ခံရတဲ့လူလဲ ကျေနပ်အောင်
''ပက်မယ်နော်''ဘာညာအနားကပ်ခွင့်တောင်း
ရှက်သလို ဘာလိုဖြစ်နေတဲ့ မိန်းကလေးကို
ယုယုယယလေး တစိမ့်စိမ့်လောင်းပြီး
ကြင်ကြင်နာနာလေးပဲ။
တစ်ချို့ကတော့ ညာတာပါတေး
သူများပက်တာလဲ တားသလိုလို၊
သူလဲ မပက်တော့ဘူးလို
ဟိုလိုလို သည်လိုလိုလုပ်ပြီး နောက်မှ
နောက်မှာကွယ်ထားတဲ့ခွက်ပုံးနဲ့



အလစ်ဝင်လောင်းတယ်။
အင်း…ပြောရရင်တော့ ကုန်မှာမဟုတ်ဘူး
လိုရင်းကတော့ အဲဒါပါ
သင်္ကြန်ရေပက်တာနဲ့ ချစ်တာနဲ့ သိပ်တူတာပဲ။
သင်္ကြန်ကျလို့ရေပက်တာ
စိတ်ဆိုးစရာလဲ မဟုတ်ပါဘူး
သင်္ကြန်ရေပက်တာမဟုတ်တဲ့
အခွင့်အရေးယူတာ၊ စော်ကားတာ
ရိုင်းစိုင်းတာ၊ ကြမ်းတမ်းတာ
ညစ်ပတ်တာ၊ နစ်နာအောင်လုပ်တာ
စတဲ့…ဖွက်ပုတ်နဲ့ပက်တာမျိုး
နှမချင်း မစာနာတာမျိုး
မူးရူးရမ်းကားတာမျိုး
နာကျင် မခံချိမခံသာဖြစ်အောင် နှိပ်စက်တာမျိုး
တွေကလွဲလို့
ကျန်တာကတော့ ဘယ်လိုပက်ပက်
ပျော်စရာ ချစ်စရာပါပဲ၊
စိတ်မဆိုးပါနဲ့ကွယ်လို့ ပြောဖို့တောင်မလိုဘူး။
ဒါပဲပေါ့ စိတ်ဆိုးစရာမှမဟုတ်တာ။
အချစ်မှာကော ဘာထူးလဲ…
မေတ္တာနဲ့ပက်တာမှန်လို့ကတော့
ဘယ်လိုပက်ပက်…….

www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်လေးသည် ဖွေးနုနေ၏။

✡ ✡ ✡

"ကိုလတ်မွေးနေ့က ဘယ်တော့လဲ"

လင်းဆွေက လူရှင်းရှင်း၊ ကားရှင်းရှင်း မောင်းလို့ကောင်းအောင် ပြည်လမ်းမှတဆင့် အင်းလျားလမ်းဘက်ချိုးပြီး မောင်းသည်။ ဘွဲ့နှင်းသဘင် ခန်းမကြီး နောက်ဘက်အရောက် စိုးက မေးလိုက်သဖြင့် ရယ်ရင်း

"ပြီးသွားပြီ၊ ကိုယ်က နိုဝင်ဘာဘွန်း"

"နိုဝင်ဘာ ဘယ်နှစ်ရက်လဲ"

"နိုင်တင်း၊ ဘာလုပ်မလို့လဲ"

"ဘာမှ မလုပ်ပါဘူး၊ မေးထားတာပေါ့"

"မေးမနေနဲ့စိုး၊ ကိုယ့်မွေးနေ့က ကျောင်းပိတ်ရက်ကြီးမှာ"

"အင်းလေ...ဘာဖြစ်လို့ ကျောင်းပိတ်ရက်ကြီးမှာ သွားမွေးရသလဲ မသိဘူး"

"ကိုယ်လဲ အဲဒါစိတ်ညစ်နေတာပဲ၊ အိမ်ရောက်မှ အမေ့ကို ပြန် ပူစာဦးမယ်၊ အစကနေ ပြန်မွေးပေးလို့၊ ကျောင်းဖွင့်တဲ့အချိန်ဖြစ်အောင် ပြန်လုပ်ပေးပါလို့"

"သွားပါ...ပေါက်ကရ"

ကားကလေးက ရယ်သံလေးများနှင့်အတူ သွက်သွက်လေး ပြေးနေ သည်။ ခဏကြာအောင် ဘာမှမပြောပဲ တိတ်သွားပြီး အတော်ကလေးကြာ မှ...

"ကိုလတ်...ကားခဏရပ်လို့ရမလား"

မဆီမဆိုင်ပေါ်လာသောစကားသံကြောင့် လင်းဆွေ ညာခြေထောက်





ဘရိတ်ပေါ်ရောက်သွားပြီး

"ရပါတယ်...ဘာလုပ်မလို့လဲ"

ကားကလေးက ခေမရှဉ့်စားသောက်ဆိုင်နှင့် မျက်စောင်းထိုးတွင် ရပ်သွားသည်။ လင်းဆွေက စိုး ဘာလုပ်မလို့လဲ သိချင်စိတ်နှင့် လှည့် ကြည့်သည်။ စိုးက တမင်မျက်နှာပိုးသတ်ထားသော အတည်မျက်နှာလေး ဖြင့်

"ကိုလတ်...ကားသော့ခဏပေး"

ဘာမှန်းတော့မသိ၊ သို့သော် သည်အလုပ်က ဘာမှခက်ခဲပင်ပန်း သော အလုပ်မဟုတ်သဖြင့် လင်းဆွေက ကားကိုစက်ရပ်၊ သော့ဖြုတ်ပေး လိုက်သည်။

"အဲဒါဖြုတ်လို့ရလား"

စိုးက သော့ကွင်းလေးမှ ဝက်အူရစ်အဖုံးလေးကို လှည့်ရင်း မေးသည်။

"ရတာပေါ့"

"အဲဒါခဏဖြုတ်ပေးပါလား"

လင်းဆွေက သော့ကိုလှမ်းယူလိုက်ပြီး သော့တစ်ခြား၊ သော့ကွင်း၂ တစ်ခြား ဖြုတ်ပေးလိုက်သည်။ လက်ထဲတွင် ကားသော့နှင့် ဂိုဒေါင်သော့ ခုက တစ်ဘက်၊ ဈေးကြီးကြီးဝယ်သုံးရမှာ နှမြောသဖြင့် အလွယ်တကူ ယ်တပ်ထားသော စီးကရက်ဗူးပုံ ပလပ်စတစ်ပြားလေးတန်းလန်းပါသော တစ်ဆယ်တန်ကီးချိန်းသော့ကွင်းက တစ်ဘက်ဖြစ်သွား၏။

"ဒီလိုလုပ်နိုင်းတာလား"

"အင်း...အဲဒီကီးချိန်းပေး"

လင်းဆွေက ယောင်တောင်ပေါင်တောင်ဖြင့် လှမ်းပေးသည်။ စိုးက လက်ဖြင့် လှမ်းယူပြီး၊ ညာလက်ဖြင့် သူ့လွယ်အိတ်ထဲမှ တစ်စုံ



www.burmeseclassic.com

တစ်ခုကို ထုတ်ယူသည်။ အပြင်ရောက်လာ၍ ကြည့်လိုက်သောအခါ စက္ကူအိတ်လေးတစ်ခု။

စိုးက စက္ကူအိတ်လေးထဲမှ တစ်စုံတစ်ခုကို ထုတ်ယူပြန်သည်။ နီကယ်ရောင် လက်လက်ထနေသော သံကြိုးလိုလို ဘာလိုလို၊ ရုပ်ပုံလေးတွေလည်းပါသော ပစ္စည်းတစ်ခု။ စိုးက သူ့ဆီလှမ်းပေးရင်း…

"အင်း…အဲဒါပြန်တပ်ထား"

လှမ်းယူပြီး ကြည့်လိုက်မှ အဖိုးတန်သော့ကွင်းလေးတစ်ခု။ အရုပ်ကလေးတွေပါသည်။ ဘာအရုပ်လေးတွေလည်း သေချာမကြည့်ဖြစ်၊ လူရုပ်ကလေးတွေအဖြစ်ဖြင့်သာ သတိထားမိသည်။ ပြီးယောင်တောင် ပေါင်တောင်နှင့်…

"ဘာလုပ်မလို့လဲ…စိုး"

စိုးက သူ့အမူအရာကို သဘောကျစွာ ရယ်သည်။ ပြီးမှ

"ကိုလတ်က အဲဒါယူထား၊ အဲဒါက စိုးရဲ့လက်ဆောင်၊ လာမယ့် နှစ်ဝင်ဘာ နိုင်တင်းအတွက် လက်ဆောင်ကြိုပေးထားတယ်လို့ သဘောထား ကိုလတ်သော့တွဲကိုတော့ စိုးယူမယ်၊ ဒီနေ့အတွက် ကိုလတ်ပေးတဲ့ မွေးနေ့လက်ဆောင်ပေါ့"

"ဟာ…အဲဒါမယူပါနဲ့၊ အဖိုးလဲ မတန်ဘူး၊ ပြီးတော့ အဟောင်းကြီး၊ စိုးအတွက် မွေးနေ့လက်ဆောင်တစ်ခု ကိုယ်သတ်သတ်ပေးမှာပေါ့"

"အဲဒီကိုလတ်ကလဲ သိပ်စကားများတာပဲကွာ၊ အဖိုးတန်တာ မတန်တာ ကောင်းတာ သစ်တာ ကိုလတ် အပူလား၊ ကိုလတ်အမြဲကိုင်နေတဲ့ ပစ္စည်းမို့ အမှတ်တရလိုချင်လို့ တမင်ယူတာပေါ့၊ နောက်ထပ် ဘာမှ ဝယ်မပေးနဲ့၊ စိုးက ဒါပဲလိုချင်တာ…အေးအေးနေ၊ သူဘယ်လောက်သက်သာလဲ"

"မဟုတ်တာစိုးရာ"





"ဟုတ်ပါတယ်၊ ထပ်မရှည်ပါနဲ့တော့၊ ကဲ…မောင်း ဘုရားကို ဆောင်ဘက်မုခ်က တက်မယ်နော်၊ လူကြီးပြောတဲ့စကားကို သေချာနားထောင်၊ တလွဲတွေ လျှောက်မောင်းရင် ဒီဒရိုင်ဘာကို အလုပ်က ထုတ်ပစ်မှာ သိတယ်မဟုတ်လား၊ သွားတော့"

လင်းဆွေက ပုခုံးတွန့်၍ရယ်ရင်း ကားလေးကို မောင်းထွက်သည်။ သော့တွဲအရုပ်လေးတွေက ဘာမှန်းမသိသေးသော်လည်း တွဲလောင်း တွဲလောင်းဖြစ်နေ၍ ကားလှုပ်တိုင်း လှုပ်တုပ်လှုပ်တုပ် ဖြစ်နေသည်ကိုတော့ သတိထားမိ၏။

သူ့ရင်ထဲမှာလည်း လှုပ်တုပ်လှုပ်တုပ်တော့ လှုပ်တုပ်၊ လှုပ်တုပ်။

www.burmeseclassic.com



အခန်း (၉)

သတိရတိုင်း လျှောက်တွေးလျှင်တော့ သတိရစရာတွေ အများကြီး ဖြစ်နေပေလိမ့်မည်။ တသင်နှစ်တစ်နှစ်ကို ဖြတ်သန်းခင်မင်လာခဲ့သော အဖြစ်များက နည်းနည်းနောနောမဟုတ်။ ခင်မင်ပုံ ခင်မင်နည်းကလည်း သာမန်ခင်မင်ပုံမဟုတ်။

သို့သော်...တကမ်းကျတော့ သူ့ရင်ကို ကောင်းစွာလှုပ်ခတ်အောင် လုပ်သွားသူသည် စိုးမဟုတ်။ သူ့ရင်မှာ စွဲထင်ရစ်နေအောင်သွားသော ကြိုး… ပိုင်ရှင်က သီရိ။

လောကကြီးတွင် တစ်ချို့ကိစ္စများသည် ဘာကြောင့် အံ့ဩဖို့ကောင်း… မှန်း မသိ။ ပတေးအပါအဝင် သူ့ငယ်ချင်းများအားလုံးကလည်း သူနှင့်စိုး… ကို အတော်လေးထင်ကြေးပေး၊ သတ်သတ်မှတ်မှတ် ပြုထားခဲ့ကြပြီးပြီ။ စိုးကိုယ်တိုင်လည်း ခုလောလောဆယ်မှာ ဘာမှမဖြစ်တောင်မှ တစ်ချိန်ချိန်… တွင် တစ်ခုခုဖြစ်တော့မည်ဟု စိတ်ဒုံးဒုံးချ မျှော်လင့်မထားဟု မပြောနိုင်…

ဝန်ဝန်ခံခံပြောရလျှင် သူကိုယ်တိုင်ပင် တစ်ရစ်တစ်ရစ်နွယ်လာသော… သံယောဇဉ်ကို အကြောင်းပြု၍ စိုးကိုသာ ဘဝအဖော်အဖြစ် ရွေးချယ်… ကောင်းမည်ဟု စိတ်ထဲဝင်စားပြီးပြီ။ အကယ်၍ သည်နှစ် ဒုတိယနှစ်… တစ်နှစ်လုံး ဘာအပြောင်းအလဲမှ မရှိပဲ ကုန်ဆုံးသွားပါက နောက်နှစ်… တတိယနှစ် ရန်ကုန်ပင်မတက္ကသိုလ်ကြီးသို့ ကူးချိန်တွင် စိုးနှင့်သူသည်…



…တက်မျှကြင်သူများအဖြစ် သစ်ပုတ်ပင်နားမှာ ကုံကော်ရိပ်တစ်ရိပ်မှာ အနမ်း …တစ်ပွင့်နှစ်ပွင့်ဆိုသလို လက်ဆောင်ပေးနေကြတော့မည် ဖြစ်သည်။

သို့သော်...ဒုတိယနှစ်၊ အစပိုင်း နွေကျောင်းပိတ်ရက်သည် အားလုံး… …တစ်မျိုးတစ်ဖုံဖြစ်အောင် ပြုလုပ်ပေးသည်။ ဧပြီလဆန်း ကျောင်းမပိတ် …က အခြေအနေသည် သင်္ကြန်ပွဲတစ်ခုကိုဖြတ်သန်းပြီး နှစ်ဟောင်းခြွေ …သည့် ကျောင်းပိတ်ရက်နှင့်အတူ ပျောက်ဆုံးသွားခဲ့ပေပြီ။

မကြာခင် မေလဆန်း၍ ကျောင်းများပြန်ဖွင့်တော့မည်။

သူ့လက်ရှိအခြေအနေကိုသာ စိုးတစ်ယောက်သိသွားလျှင် မည်သို့ …မည်နည်း။ သူ မတွေးရဲ၊ မတွေးတတ်။ သို့ရာတွင် သူလည်း ဘာမှ …တတ်နိုင်တော့။ လိုအပ်လျှင် စိုးကိုတောင်းပန်ရဖို့သာရှိသည်။ သို့ရာတွင် …များကို ပွင့်လင်းစွာတောင်းပန်၍ ရသည်ဆိုခြင်းသည် ကမ္ဘာဦးမှစ၍ …နေ့တိုင် အစဉ်အလာမရှိခဲ့။

စိတ်ဖြင့်သာ ကြိုတင်၍တောင်းပန်နေမိသည်။

"ခွင့်လွှတ်ပါစိုး...မွေးကတည်းကနေ သေတဲ့အထိ သူ့ကိုဘာမှ …ရတဲ့နှလုံးသားဟာ သူလုပ်ချင်တာရှိရင် ခေါင်းမာမာနဲ့ လုပ်သွားတတ် …တယ်။ ဒါကြောင့် နှလုံးရောဂါတော်တော်များများဟာ ကုမရတဲ့ရောဂါ …နေတာပေါ့၊ ဖြစ်နိုင်ရင်တော့ မကြေညာပဲ လူမသိ သူမသိတွယ်တာခဲ့ …သံယောဇဉ် အနှောင်အဖွဲ့လေးတွေအတွက် ခွင့်လွှတ်နိုင်ရင် ခွင့်လွှတ် …"

စိုးအတွက် သည်မျှသာ သူ့ဘက်က တာဝန်ကျေနိုင်တော့သည်။ …ကလည်း စောစီးစွာ သူ့ကိုမုန်းတီးသွားပြီ။ မကြာမီ စိုးနှင့်တကွ …သူ့ငယ်ချင်းအားလုံးကလည်း သူ့အား မျောက်သင်းကွဲတစ်ယောက် …ဖြင့် မုန်းတီးသွားဖို့ သေချာသလောက်ဖြစ်နေပြီ။

မတတ်နိုင်တော့။ ကျောင်းဖွင့်တာနှင့် သည်အသိုင်းအဝိုင်းမှနေ၍



www.burmeseclassic.com

www.burmeseclassic.com



အလိုက်တကြည့်သိစွာ သူရှောင်ဖယ်ပေးဖို့သာ ရှိသည်။ တစ်ချိန်ထဲမှာ သူ့ကိုသွယ်သွားမီသော သီရိထံပါး၌ စွန်လိုဝဲ၍ ပက်ကျိုလိုချွဲနိုင်မည့် အခွင့်အလမ်းများကို ဆီလိုထွက်လမ်းရှာ၍ သူကြိုးစားရတော့မည်။

သီရိနှင့်ပတ်သက်လာလျှင် ခုအချိန်မှ ဘာအတားအဆီး တားဆီး၍မှ ရနိုင်စရာမရှိတော့။

အချစ်ဆိုတာ ဒါပဲဖြစ်မည်ဟု ထင်သည်။

သီရိနှင့်ဆက်နွယ်သော ကိစ္စမှန်သမျှတွင် သူ့ဘက်က ဘာတစ် အခိုင်အခံ့ထား၍မရ၊ လှုပ်ရှားသင့်သော အတိုင်းအတာထက် နည်းနည်း ဖြစ် ပို၍လှုပ်ရှားနေမိတတ်သည်။

ဘယ်အချိန်ကစပြီး ပျာယာခတ်သည်ဟုဆိုသော် စတွေ့သည့် စ ပိုင်း၌ပင် လင်းဆွေပျာယာခတ်သည်ဟု ဆိုနိုင်သည်။

ခုတွေးလိုက်လျှင်ပင်…ခု…ရင်ထဲခုန်လာသည်။

ဆယ့်လေးငါးရက်ကြာခဲ့ပြီဖြစ်သော ကျောင်းပိတ်ချိန်၊ သကြံန်ရ များ၏ ရနံ့သည် ရင်ထဲတွင် လှပ်လှပ်တုန်စွာဖြင့် ပြန်လည်ပျံ့သင်းလာ

✡ ✡ ✡

"ဖြူဖြူပြာပြာ၊ နီနီဝါဝါ…ဝေဆာမြူးလို့လွင်…
ဟောတစ်ရုံ၊ ဟောတစ်ရုံ…ပန်းမျိုးစုံတဲ့ပြင်၊ ရွှေမန်း
မာလာပန်းဥယျာဉ်၊ မရှုငြီးအောင်ပင်…နှစ်ကူးရေနန်း
…ငွေငန်း မောင်လန်းရှင်…"

ရောဂါက ထိုနေ့မနက် အစောကြီးကပင် စတက်နေသည်ဟု ဆို သည်။ ခါတိုင်းလည်း သကြံန်ဆိုတာကို ကြုံနေကျပင်။ ဝိတောက်ပန်းဆို လည်း သည်အသက် သည်အရွယ်ထိ တွေ့ဖူးကြုံဖူးသည်မှာ ရိုးသည်



ဟိုဘက်နှစ်လဲသုံးလဲလောက်ပင် ကျော်နေပြီ။

ဘာများထူးခြားပါသနည်း။ သကြံန်ဆိုသည်မှာ လူတွေကို လူတွေက ရေတွေနှင့် ပက်နေသော ပွဲသာဖြစ်၏။ ခွက်နှင့်ပက်၊ ပုံးနှင့်ပက်၊ ပိုက်နှင့် ပက်၊ ရေမွှေးထည့်ပက်၊ ရေဘောလုံးနှင့် မျက်နှာမှန်အောင်ပိတ်တီး၊ ခွက် ဆောင်းခုတ်၊ ရွှံ့ပုတ်ရေတွေနှင့်တီး၊ သည့်အပြင် ဘာများရှိသေးလို့နည်း ဘာမှမရှိ။

မျက်နှာရဲ့သူများက ဒေါ်ဂျစ်တို့ လော်လီတို့မှာ အလှအပတွေဆင်၊ မှာမည်တွေပေး၊ မဏ္ဍာပ်ဆိုတာတွေဆီသွား၊ မိုက်ကရိုဖုန်းကြီးတွေကိုင်၍ "သမလူကြီး ဦးမိုးဆို့၊ ဗိုက်ကြီးရွဲတာ ခိုးလို့…ခိုးလို့၊ သမဆိုင်နားက ကြီးဒေါ်ရေ၊ စာရင်းစစ်နေချိန် မီးသတိထားဖို့"တို့၊ "ဟော့…ဂဠုန်လာပြီ၊ အကုန်ပါသွားပြီ…ဒီတစ်ခါဆို အဖမ်းခံရတာအကြိမ်ပေါင်း များနေပြီ၊ ရှေ့ကမောင်းတုန်း နောက်ကရောင်း၊ ပိုက်ဆံမပေးရင် ရိုက်မောင်း ပုတ် မောင်း"…တို့၊ "ကျုပ်ရှင်ဆရာကြီး တော်လိုက်တာ၊ ရယ်လိုက်ရတာ သေးတောင်ထွက်သတဲ့၊ သင်နည်းကလဲ ဆန်းသဗျာ၊ ဒီမှာတင်ငွေ့ဟာ ဘာဗွန်ဒိုင်အောက်ဆိုဒ်"…တို့ အော်ဟစ်၊ ရင်ဖွင့်။

ပိုပြီးမျက်နှာရဲ့သူများကျတော့ တကိုယ်တော်၊ တပင်တိုင်ဆိုက်ကား တစ်စီးနှင့် မိတ်ကပ်တွေ အိုးမည်းတွေလိမ်း၊ ကြုံရာလူ ကြုံသလိုနောက်။

ပျော်စရာကလွဲ၍ လွမ်းစရာဘယ်တုန်းကမှ မဖြစ်ဖူးသော သကြံန် သည် သည်နှစ်ကျမှ ထူးထူးခြားခြား လွမ်းစရာကောင်းနေ၏။

အိမ်နားက မုန့်လုံးရေပေါ်မဏ္ဍာပ်မှ ဖွင့်ထားသော အသံချဲ့စက် သီချင်းပင် အတော်ခံစားလို့ရနေသည်။ မန္တလေးဒိုးနှင့် မြိုင်မြိုင်လေးဆိုနေ သော သကြံန်သီချင်း။

"သကြံန်လေ…သုတ်ဖြူးဆော်သွေး၊ အေးအေးညှင်းညှင်း
ဂီတတွေဆောင်ကြဉ်းလို့ပင်၊ ပြော်င်းသွဲ့တူယှဉ်၊ …မိမ်းကာ



www.burmeseclassic.com

www.burmeseclassic.com



ဖော်သွေးငင်၊ သကြိန်မာလာ၊ ဖော်ခွေပျော်စေချင်''

လင်းသွေးမျက်လုံးများ ခြံဝင်းစပ်ရှိ ပိတောက်ပင်ကြီးများဆီ အကြည့်ရောက်သွားသည်။ မနေ့က ရွာချလိုက်သောသကြိန်မိုးကြောင့် ထင်သည်။ တစ်ပင်လုံး ပိတောက်ဝါဝါများဖြင့် ရွှေရောင်ဝင်းနေသည်။ အစိမ်းရောင်သစ်ရွက်များကြားမှ အဆုပ်အခဲလိုက် ဝါဝင်းနေသော ပိတောက်ပွင့်များကိုကြည့်ပြီး ရင်ထဲဟာလိုက်လာသည်။ စိတ်ထဲမှာလည်း မရိုးမရွဖြစ်လာသည်။ လူတကာပျော်ကြတော့မည့်သကြိန်တွင် ဘာပဲပြောပြော သူလည်းရောရက်ပျော်ချင်လာသည်။

သို့သော် ခက်နေသည်က သည်သကြိန်လောက် ဘက်ပဲ့နေသောကာလ ဘယ်တုန်းကမှ မရှိခဲ့။ သန်းဝင်းနှင့် ပတေးတို့ကလည်း ကျောင်းပိတ်ရက်အချိန်လေးရတုန်း ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ မန္တလေး၊ မေမြို့၊ လားရှိုး၊ တောင်ကြီး ဆယ့်ငါးရက်ခရီး ဘုရားဖူး ဟီးနိုး ၆၅၀စားစရိတ်ငြိမ်းဆိုတာနှင့် ပါသွားကြသည်။

သူသာ အိမ်မှာကားမောင်းမယ့်သူလူမရှိဘူး။ ဒီလောက် ရက်ရှည်ကြီး စိတ်မချဘူး။ ဘာညာနှင့် အိမ်ကဆူပူလိုက် ဗွီဗွမ်လိုက် လုပ်သဖြင့်မလိုက်ရပဲ ကျန်နေသည်။ တစ်ခြားသူငယ်ချင်းများကိုလည်း ဘာမှကြိုမပြောထားသဖြင့် ဒီနေ့လို သကြိန်အကျနေ့မှ ဘယ်သွားခေါ်ပြီး၊ ဘာစလုပ်ရမှန်းမသိ။ အိမ်ကအငယ်ဆုံးညီကတော့ မနေ့က သူ့အပေါင်းအသင်းတစ်စုတစ်ဝေးနှင့် ဂျစ်ကားတစ်စီးငှားပြီး ထွက်သွားလိုက်သည်မှာ ညကလည်း သန်းခေါင်လောက်မှ ပြန်လာသည်။ မနက်ကလည်း မိုးမလင်းခင်ထွက်သွားပြီး အိမ်မှာ သူနှင့်ညီမ မိသက်ခေါ် သက်သက်ခွေး ကျန်ခဲ့သည်။

မိသက်ကလည်း အိမ်တွင်ရှိမည့်ပုံမပေါ်။ မနေ့ညတည်းက သူ့သူငယ်ချင်းတွေနဲ့အတူ ရေသွားပက်ဖို့ အိမ်ကိုပူဆာနေသံကြားရသည်။





စာရင်းချုပ်လျှင် ကျွန်ုပ်တစ်ယောက်တည်း ငုတ်တုတ်တုတ် ထိုင်ခင်းရမှာ သေချာနေ၏။

''မာကြစေ…အတာရေသဘင်၊ သာကြစေ အတာရေသဘင်
ရွှဲလို့စိုအောင်၊ လောင်းပါတော့လေ၊ နန်းငွေတေးနဲ့ယဉ် ငေးလို့
နေအောင်၊ လှစေ၊ နှမရယ်၊ တောင်းတဲ့ဆုများပင်''

ရွှေမန်းမာလာသီချင်းကတော့ ရွှဲလို့စိုအောင်လည်း လောင်းနေ၏။ ငေးလို့နေအောင်လည်း လှနေ၏။ နောက်သီချင်းပြောင်းလျှင်လည်း ပိတောက်တွေ ဝေဆာ ဘာညာဘာညာတွေ ပါလာဦးမှာ သေချာသည်။ ဘယ်လောက်ဆွေးစရာကောင်းသည့် လောကကြီးပါနည်း။

ခုနေ တစ်စုံတစ်ရာဖြစ်ပြီး တစ်ခုခုပျော်စရာကောင်းသော ကိစ္စလေး ဘာပဲဖြစ်ဖြစ် ဖြစ်လာပါက ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ…ဟု တောင့်တောင့်တတလေး တွေးမိသည်။

နားထဲတွင် ဘယ်ကရောက်လာမှန်းမသိသည့် မန္တလေးသကြိန်သီးဆစ်၊ ဗေပို့ တူးပို့…တူးပို့…ဆိုသော အသံလေးများ၊ ရန်ကုန်သကြိန်သကော်တ၊ တုံချမ်းချမ်း…တုံချမ်းချမ်းဆိုသော အသံလေးများ ကြားယောင်လာသည်။

ဘာလုပ်ရမှန်းမသိ။ ဘာလုပ်ရမှန်း မသိသည့်အတူတူတော့ လမ်းကျ ဘာဖြစ်ဖြစ် ကားလေးထုတ်ပြီး မြို့ထဲသကြိန်ပွဲ ခြေဦးတည့်ရာ၊ အဲကားဘီးဦးတည့်ရာ လျှောက်မောင်းနေရလျှင် ကောင်းမည်ဟု စဉ်းစားမိသည်။

မှန်တံခါးတွေ အကုန်ဖွင့်၊ ပက်ချင်သလောက် ပက်ကြစမ်း၊ ရေတွေ ထိုက်လှန်းအားကြီး၍ ကားတစ်စီးလုံး ရေနစ်ပြီး သေသွားတာကမှ ခုလို တစ်ယောက်တည်း ငေါင်စင်းစင်းဖြစ်နေရတာထက်စာလျှင် အများကြီး ကောင်းမည်ဟု တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားသော့ယူရန် အိမ်ပေါ်ပြန်တက်လာခဲ့၏။

✡ ✡ ✡

အိမ်ရှေ့သံတံခါးအရောက်တွင် အိမ်ထဲမှ အသင့်ပြင်ဆင်ပြီး အဝတ်အစားများနှင့် အမောတကော ပြေးထွက်လာသော သက်သက်ဆွေနှင့်သွားဆုံသည်။

''ဟာ…ကိုကိုက အိမ်ရှေ့ရောက်နေတာကိုး။ မိသက်လိုက်ရှာနေတာ တစ်အိမ်လုံး နှံ့နေပြီ၊ အပေါ်ထပ်ကော၊ အောက်ထပ်ကော၊ အိမ်နောက်ဖေးမီးဖိုကော စုံနေတာပဲ''

''ငါ့လိုက်ရှာနေတာ…ဟုတ်လား''

''အင်းပေါ့''

''ဘာလုပ်မလို့လဲ''

''ကိုကို့…ကို လိုက်ပို့နိုင်းမလို့''

''လုပ်ပြီဟာ နင်ကလဲ၊ ဘယ်လိုက်ပို့နိုင်းဦးမလို့လဲ''

''သူငယ်ချင်းအိမ်''

လင်းဆွေ စိတ်ပျက်ပျက်နှင့် ခေါင်းကုတ်သည်။ လောကကြီးမှာ သူတို့ကိစ္စချည်း လိုက်လိုက်လုပ်ပေးနေရသဖြင့် ကိုယ်ငတ်နေရတာလား မသိဘူးဟုလည်း စောစောက အခြေအနေနှင့်ဆက်၍ တွေးလိုက်သည်။

''ဘယ်တော့သွားမှာလဲ''

''ခု…''

''နင့်သူငယ်ချင်းဆိုတာက ဘယ်သူလဲ''

''ကိုကိုမသိပါဘူး၊ ကျူရှင်က မိသက်သူငယ်ချင်းပါ၊ အင်းလျားလမ်းမှာနေတယ်၊ သူတို့အိမ်ရှေ့မှာ သူငယ်ချင်းတွေစုပြီး ရေပက်မလို့





ပ်ပါကိုကိုရာ၊ လိုက်ပို့စမ်းပါ၊ တော်ကြာမေမေတို့ စိတ်ပြောင်းပြီး မသွားင်းလို့ မိသက် မွတ်နေအုံးမယ်၊ ကိုကိုက လိမ္မာပါတယ်''

''လိမ္မာမနေနဲ့မိသက်၊ နင်တို့ ဟိုသွား ဒီသွား သွားချင်တာနဲ့ ငါရားဖူးလဲ မလိုက်ရဘူး၊ ခုလဲမြို့ထဲ ငါ့ဟာငါ လျှောက်လည်မလို့''

''လည်ပေါ့ကိုကိုရ၊ မိသက်ကို အင်းလျားလမ်းချထားခဲ့ပြီး၊ ကိုကိုသွားချင်တဲ့နေရာသွားပေါ့၊ ပြန်တော့ မိသက်ကို ဝင်ခေါ်…''

အင်း…ဒါလဲဖြစ်တာပဲဟု စိတ်နည်းနည်းအပျက်လျော့သွားသည်။ သော် နည်းနည်းလေးတော့ ပြန်ညစ်ချင်သေးသဖြင့်

''အေး ဒါဖြင့်ပြီးရော၊ သွား…ငါ့အခန်းထဲမှာ ကားသော့ရှိတယ်၊ ားယူပေး''

''ဟင်…ကိုကိုက မြို့ထဲသွားမယ်ပြောပြီး အဝတ်မလဲတော့ ူးလား''

သက်သက်ဆွေက၊ လင်းဆွေညဝတ်အိပ်သော ပင်နီကြမ်း ရှမ်းက်ပုံလက်စကနှင့် ပုဆိုးကွက်တုံးကြီးကိုကြည့်၍ မျက်လုံးပြူးပြီး မေးသည်။ လင်းဆွေရှုံ့၍ ခေါင်းခါပြီး …

''မလဲတော့ဘူး၊ ဒီတိုင်းပဲသွားမယ်''

''ဟင်း…ဒီပုံကြီးနဲ့ မြို့ထဲသွားလို့ မိန်းခလေးတွေ ကြိုက်ပါလိမ့်ယ်။ အငြိမ့်ထဲက လူပျက်လိုလို၊ မာလီအဘိုးကြီးလိုလိုနဲ့''

''ကြည်ကြည် မကြည်ကြည်ဟာ နေပစေ…''

''ပြီးရောပေါ့… မိသက်က စေတနာနဲ့ပြောတာ၊ တက္ကသိုလ်ာက်တာတောင် ရည်စားမရှိတဲ့ ကိုယ့်အစ်ကိုကို သနားလို့''

''ဟာ… ဒီကောင်မလေး''

ပြောပြောဆိုဆိုနှင့် မိသက်က လှစ်ခနဲပြေးသည်။ ခုံပေါ်က်ပြေး ဘယ်ကရထားမှန်းမသိသော မန္တလေးသကြန်သီချင်းတစ်ပုဒ်ကို ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com

မှ အော်ဟစ်ဆိုသွား၏။

"သကြိန်နှစ်ဦး…ထူးပို့…ထူးပို့… တူးသံမြူး သာယာသကြိန် မယ်များ ထူးပို့…ထူးပို့…တူးမာရဲနော်ဗျာ ငွေငန်းသံစုံ ထူးပို့…ထူးပို့… အာရုံဖျော်ဖြေကာ၊ မယ်တို့ကိုလဲ …ထူးပို့…ထူးပို့…မာပါစေခင်ဗျာ"

❀ ● ❀



အခန်း (၁၀)

"ကိုကို"

"ဘာလဲ"

"ကိုကိုက မြို့ထဲဘာသွားလုပ်မလို့လဲ"

"ဘာလုပ်လုပ်ပေါ့ဟ၊ နင့်ပြောပြရမလား"

"ကိုကို တစ်ယောက်တည်းပဲလား"

"တစ်ယောက်တည်းပေါ့ဟ၊ ငါက ဘယ်သူ့ခေါ်သွားရဦးမှာလဲ"

"သြော်…ကိုကိုကလဲ သိချင်လို့ မေးတာပေါ့၊ ထင်သားပဲ၊ ဒီပုံကြီးနဲ့ ရေပက်ခံထွက်တာပဲ မဟုတ်ဘူး၊ ကောင်မလေးတွေနဲ့ ချိန်းထားတာလဲ မဖြင်နိုင်ဘူး၊ တုံးလိုက်တာ ကိုကိုရာ မိသက်နဲ့လိုက်ခဲ့မလား"

"ဟာ…ရှုပ်ရှုပ်ရှက်ရှက်၊ နင်တို့ မိန်းကလေးတွေ ရေပက်တာ ငါက ဘာလိုက်လုပ်ရမှာလဲ"

"ဟာ…စိတ်ညစ်လိုက်တာနော်၊ မိန်းကလေးတွေ ရေပက်တာမို့လို့ ကိုကို့ ခေါ်တာပေါ့၊ ကိုကို့ တစ်ယောက်တည်းချည်းက ဘာပျော်စရာကောင်းလဲ၊ မိသက် သူငယ်ချင်းတွေ အများကြီးလာမှာ၊ မိသက် သူငယ်ချင်းထဲမှာ ကိုကိုမသိတဲ့ ချောချောလေးတွေ ရှိတယ်။ မိသက်နဲ့ လိုက်ခဲ့ယင် ကိုကိုကြည့်စမ်းပါ တစ်ဝကြီး။ ကိုကိုကြိုက်တဲ့ သူနဲ့လဲ မိသက်အောင်သွယ်ပေးမယ်"

"နေ…နေ…နေပါစေ…ငါ ဝါသနာမပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သက်သက်ဆွေ ရှုံ့သွားသည်။

"အံမယ်လေး...ကောင်မလေးတွေနဲ့ ကြည်တာပဲ ဝါသနာပါမှ လုပ်ရမှာ ကျနေတာပဲ၊ နေပေါ့၊ ဒီကစေတနာနဲ့လဲ ပြောရသေးတယ်"

သက်သက်ဆွေပုံစံကြောင့် လင်းဆွေ ရယ်ချင်လာသည်။

"နေစမ်းပါ...မိသက်ရာ၊ နင့်သူငယ်ချင်း ပေါက်စနိပေါက်စနလေးတွေနဲ့ ဘာမှဖြစ်လောက်တာ မဟုတ်ပါဘူး။ ငါ့ဘာသာငါ မြို့ထဲလျှောက်သွားနေတာကမှ ဟုတ်ဟုတ်ဖြားဖြား တစ်ယောက်ယောက်၊ တွေ့ချင်တွေ့ဦးမယ်"

"တွေ့မယ်...အားကြီး၊ ဒီအချိန် လမ်းပေါ်လျှောက်လို့ကတော့ ဟုတ်ဟုတ်ဟတ်ဟတ်တွေ့မှာ မဟုတ်ဘူး၊ စုတ်စုတ်ပြတ်ပြတ် မဟုတ်တယုတ်နဲ့ပဲ တွေ့လာမှာပေါ့"

လင်းဆွေ ရယ်သည်။ မိသက်ပြောတာက အတိအကျမှန်ဖို့ ဒက်ထိ ဖြစ်နေသောကြောင့်ပင်။

"နင့် သူငယ်ချင်းတွေကကော ငါကြိုက်လောက်အောင် လှလို့လား မိသက်"

"အံမာ...ကိုကိုက သိပ်ကြီးကျယ်တာပဲ၊ ဒါဖြင့် ဒီလိုလုပ်လေ လောင်းကြေးစားကြေး၊ မိသက်တို့ ရေပက်တဲ့နေရာရောက်ယင် ကားရပ်ကြည့်၊ ကိုကို မကြိုက်လောက်ယင် ကိုကို မိသက်နောက်နေ့ လိုက်မပို့နဲ့တော့၊ မိသက် မသွားတော့ဘူး ကိုကိုကြိုက်ပြီဆိုယင် မိသက်ကို အဝကျွေးမလား"

"ဟင်... နင့်လောင်းကြေးကလဲ ငါကြိုက်ပြီဆိုယင် နောက်နေ့တိုင်းလိုက်ပို့ အဲလို မဟုတ်ဘူးလား"

"ဟင့်အင်း...မုန့်ပဲ အဝကျွေး"

"ဘာဖြစ်လို့လဲ"





"အိုး...ကိုကိုကြိုက်ပြီဆိုမှတော့ နောက်နေ့တွေ လိုက်ပို့တဲ့ကိစ္စ ရောလိုတော့မလား ကိုကိုရ၊ ကိုကိုက လိုက်ပို့ချင်လွန်းအားကြီးနေလို့ သက်ကတောင် မှုလို့ရသေးတယ်။ အဲဒီလောင်းကြေးက မမျှတဘူး၊ နဲ့ပဲ အဝစားမယ်"

"အတော်လည်၍ အကွက်မြင်သော မိသက်စကားကြောင့် င်းဆွေ ရယ်သည်။ ရယ်ယင်းနှင့်...

"အေး...ဒါပေမယ့်...နင် ရှုံးဖို့များတယ် မိသက်၊ ငါ ခုထက်ထိ ည်းစားမရှိတာ ဘာဖြစ်လို့လဲ သိလား"

"ဘယ်သိမလဲ"

"လောကကြီးမှာ ငါကြိုက်လောက်တဲ့ မိန်းကလေး မတွေ့သေးလို့ င့်သူငယ်ချင်းတွေလောက်လဲ ငါက ဖွတ်ချီးပဲ အောက်မေ့မှာပဲ"

ထိုစဉ်ကတော့ တကယ့် ယုံယုံကြည်ကြည် ပြောလိုက်ခြင်းဖြစ်၏။

သို့သော်...

သို့သော်...

တကယ်ကျတော့ သည်လိုမဟုတ်။

အထူးသဖြင့် မဟုတ်။

လုံးဝဥဿုံ မဟုတ်။

✡ ✡ ✡

"ဟင်"

လင်းဆွေရင်ထဲ ဒိတ်ခနဲဖြစ်သွားသည်။

မိသက်က အင်းလျားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းဆုံအော ဆိုင့်လွှန်၍ သိပ်မကြာခင် "ရောက်ပြီ ကိုကို...ဟိုရှေ့က ရပ်စုပဲ၊ ဲ...ကြည့်တော့၊ လှတော့ တော်တော်စုံပြီ" ဟုပြောသဖြင့် ကားလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ဘက်လမ်းခြတ်၍ လမ်းတစ်ဘက်၊ အုန်းလက်ထိုး ဝါးမဏ္ဍပ်လေးနား ကပ်ရပ်ပေးလိုက်သည်။ သံစည်ပိုင်း လေးလုံးချပြီး ဝမ်းဆက်ရောင်စုံလေး များဖြင့် ဝက်နေသော သကြီန်မာလာလေးများ ဟေးခနဲအော်၍ ကားဆီ ဝိုင်းလာသည်။

"မိသက်ကို အရင်ရွှဲအောင်ပက်ဟေ့၊ ကားထဲကလူအားလုံး ဘယ်သူ့မှ မညှာနဲ့"

ညာသံနှင့်အတူ ဗုံး၊ ဗွမ်း၊ ဗုံးဗွမ်းမြည်ဟီးပြီး ရေလုံးရေရင်းများ စုပြုံဝင်လာသည်။ မိသက်က ကားပေါ်မှ အတင်းဆင်းယင်းနှင့် သူ့အပေါင်း အသင်းများကို အတို့အထောင်လုပ်ပေးသည်။

"ဟဲ့ ငါ့ချည် မပက်နဲ့၊ ငါ့ကိုကို နင်တို့အတွက် ခေါ်လာတာ သူ့ပက်"

"ဟေး…ဒါမှ မိသက်ကွ။ ပက်…ပက်၊ ကားထဲက ကိုကို ကို မွှန်းအောင်ပက်"

ပုံးလိုက်တွေကော၊ ခွက်လိုက်တွေကော မျက်နှာထိရောက်လာသဖြင့် လင်းဆွေလိုမ့်ခံနေရသည်။

"ကိုကို… ကန်တော့နော်၊ အခါကြီးရက်ကြီးမှာ သက်ကြီးရွယ်အို တွေကို ခေါင်းလျှော်ပေးယင် ကုသိုလ်ရတယ်ဆိုလို့"

ဆိုကာ ခေါင်းမှနေ ပုံးလိုက်လောင်းချသူက ချနှင့်၊ လမ်းတုန်းက မိသက်နှင့် စိမ်ခေါ်ခဲ့သည့်ကိစ္စ စိတ်တောင်မကူးနိုင်ပဲ ဖြစ်နေသည်။

"အား…တော်ကြတော့လေ…သေလိမ့်မယ်"

မတတ်နိုင်သည့်အဆုံး ရေကြားထဲက အသက်ရှူယင်း မနည်းပြော ရသည်။ သည်တော့မှ ချာတိတ်မတွေ ကျေနပ်သွားပုံရသည်။

"သေလိမ့်မယ်…တဲ့ဟေ့၊ တောင်းပန်နေပြီ၊ သေလို့တော့ မဖြစ် ဘူး။ တော်ပြီဟာ၊ တော်ကြာ နောက်နေ့ကျ ငါ့ကိုလိုက်မပို့ပဲနေဦးမယ်"





မိသက်က ရယ်ယင်း အော်သည့်အသံအဆုံး…

"တော်ပြီ…တော်ပြီ၊ စိတ်မဆိုးနဲ့နော် ကိုကို…ညီမတို့ကပျော်လို့"

တစ်ယောက်တစ်ပေါက် ဟာစ်အော်ရယ်မောပြီး မဏ္ဍာပ်ဆီ ပြန်ပြေး သည်။ သည်တော့မှ လင်းဆွေမျက်နှာပေါ်မှ ရေများလပ်ပြီး၊ ရေကြားထဲ နေ ရှေ့ကို လှမ်းကြည့်လိုက်သည်။

"ဟင်"

စောစောက ပြောသလို လင်းဆွေရင်ထဲ ဒိတ်ခနဲဖြစ်သွားသည်။

မိသက်နှင့် လောင်းကြေးတော့ ရှုံးပြီဟုလည်း အောက်မေ့လိုက် သည်။ သိပ်ကြာကြာ မဟုတ်ပဲ၊ ကမန်းကတန်းနှင့် အပြေးအလွှား လှမ်း ကြည့်လိုက်သော ခဏမှာပင် မျက်လုံးအကြည့်များက ထိုတစ်ယောက်ထံ ပြည့်အဝ ရောက်ရှိသွားသည်။ ရင်ထဲမှာလည်း လှိုင်းတံပိုးတချို့ မကြုံစဖူး ကဲစွာပြင်းထန်လာသည်။

"လှလိုက်တာ"

စိတ်ဖြင့် လွှတ်ခနဲ ရေရွတ်မိသည်အထိ လှသည့်အလှ။

လင်းဆွေဘယ်လိုမှ မျက်လုံးခွာမရပဲ၊ ငေးငိုင်လှမတတ် ဖြစ်သွားစဉ် ယင် ပိတောက်ရောင် အထက်အောက်ဝတ်စုံလေးဖြင့် လှချင်တိုင်းလှပြီး၊ ဖြစ်ပုံကိုပြုံးကြည့်နေသည့် ထိုအလှဆုံးကလေးက အပြုံးလက်စနှင့်အတူ သောအမူအရာလေး ထပ်ဖြည့်ပြီး ခေါင်းငုံ့လိုက်သည်။

မိသက်ပြေးလာသည်။

လင်းဆွေ ဟီးခနဲ လူကြီးပီပီရယ်၍ ရှက်လိုက်သည်။ ပြီးမှ

"အေး…ငါရှုံးပြီ မိသက်၊ နင်ကြိုက်တာ ငါအဝကျွေးမယ်"

"ဟောတော့ ဒီလိုတော့လဲ မြန်လှချည်လား။ ငါ့အစ်ကို ဘယ်သို့ ကြိုက်သွားပါလိမ့်၊ ဘယ်သူလဲ ကိုကို"

"ဟောဟိုက ကောင်မလေး၊ နင်တို့အုပ်စုနောက်က ခြံအုတ်ခုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေတဲ့ အဝါရောင်ကောင်မလေး။ နင့်သူငယ်ချင်း မဖြစ်နိုင်ဘူး မိသက်။ ငါနဲ့ ရွယ်တူဖြစ်ချင်ဖြစ် နင့်သူငယ်ချင်းအစ်မပဲဖြစ်မယ့် ကောင်မလေး။ မြန်တာလဲ မပြောနဲ့ သူ့ကိုတွေ့လိုက်တဲ့ စက္ကန့်ဝက်အတွင်းမှာပဲ ငါကြိုက်သွားပြီ…"

စိတ်ထဲက စကားများကို မပြောဖြစ်လိုက်။

ရယ်ယင်းနှင့် ထိုအဝါရောင်ကောင်မလေးဆီ တစ်ချက်ကြည့်ပြီး ကားတံခါးဖွင့်ဆင်းသည်။

မိသက်နှင့် အေးချင်းယှဉ်ရပ်မိမှ ကားတံခါးပြန်ပိတ်ယင်းခပ်တိုးတိုးလေသံဖြင့် …

"ဟိုးနောက်က အုတ်ခုံမှာ ထိုင်နေတဲ့ အဝါရောင်လေး မိသက်သူက ဘယ်သူလဲ"

မိသက်က မိန်းကလေးတို့တတ်အပ်သော ပညာဖြင့် ဟိုသည်ကြည့်သလို မသိမသာလှမ်းကြည့်ယင်း…

"အယ်…အဲဒါ မိသက် သူငယ်ချင်းမဟုတ်ဘူး ကိုကို၊ သူငယ်ချင်းရတနာရဲ့ အစ်မ မသီရိ၊ အစ်စီက၊ လိုက်ကိုကို အဲဒီအစ်မကြီးကိုရယ်ကိုကို ပွတာပဲ။ သူတို့က၊ သိပ်ချမ်းသာတာ၊ မိသက်သဘောတူတယ်အဲ… နည်းနည်းတော့ ကိုကို လိုက်ရခက်မယ်၊ အဲဒီအစ်မကြီးက နည်းနည်းမာနကြီးတယ်"

"ကြီးကြီးဟာ၊ ရအောင်လိုက်မှာပေါ့၊ မရရအောင်လိုက်မယ်"

ဆုံးဖြတ်ထားသောရင်ဖြင့် တကယ့်ကို စိတ်ပါလက်ပါ အားရပါးရပြောချသည်။

ဘယ်တုန်းကမှ မဖြစ်ဖူးသော မက်မောတွယ်တာခြင်းများ ရင်ထဲတွင် ဘယ်လောက်များမှန်းမသိစွာ များပြားပြည့်လျှံလာ၏။



အခန်း (၁၁)

မတူဘူးပတေး၊ လုံးဝမတူဘူးဟု ပြန်တွေးယင်းနှင့် ပတေးကိုလှမ်းပြောနေမိသည်။

တကယ်လည်း မတူ။ သီရိနှင့် ပတ်သက်၍ သူ့ရင်ထဲ မက်မောခံစားရခြင်းသည် တွေ့မြင်လိုက်ရသော စက္ကန့်ပိုင်းအချိန်နှင့် အချိုးချကြည့်ပါက ဘာမှ မဆိုင်လောက်အောင် ကွာခြားသည်။

ဖြူဝင်းချောညက်နေသော အသားအရည်၊ ကြွေသားအဖြူ ဆွတ်ဆွတ်ဖွေးဖွေး သုံးကျပ်သားပေါ်တွင် ပုရပိုဒ်ခေါက် ရွှေသုံးရွေးလောက် ရောထည့်၍ သန့်သန့်မွှေးထားသော အသားရောင်ဟု ပြောနိုင်သည်။ စိတ်နှလုံး နူးညံ့သိမ်မွေ့လျှင် လက်ဖျားလေးများဖြင့် သွားထိဖို့ပင်၊ ခုနစ်ရက်လောက် စဉ်းစားပြီးမှ၊ အားနာသဖြင့် မထိရက်၊ မတို့ရက် ဖြစ်သွားစေမည့်အသားအရည်။

ပြီးတော့ မျက်နှာ။ အသားအရည်က ဖြူဝင်းလှဲ့ဝါပြီး ချောမွတ်သန့်ရှင်းသလို ဆံပင်လေးများ ကျတော့လည်း နက်မှောင်ဖြောင့်စင်းနေသည်။ မဍ္ဍတ်မရိတ်ပဲ သဘာဝအတိုင်း လှနေသော မျက်ခုံးကလေးကလည်း၊ ကြွေသား ပန်းပုရုပ်လေးပေါ်မှာ မဟူရာထိပ်တန်း ကျောက်ခဲလေးများဖြင့် စိတ်ကြိုက်ပြုပြင်စီခြယ်ထားသလို အပြစ်ဟူ၍ မျက်စိဖြင့်မမြင်နိုင်သော အီလက်ထရွန် မှုံတမှုံစာမရှိ။ မျက်ခုံး၊ မျက်လုံး၊ မျက်တောင်

www.burmeseclassic.com

www.burmeseclassic.com

ရည်ညွှန်းချက်

*ခင်မင်လှစွာသော စာဖတ်သူမိတ်ဆွေများ*
*ချစ်လှစွာသော သူငယ်ချင်းများနှင့်*
*'စိုး'သို့ ရည်ညွှန်း၍*
*ဤဝတ္ထုလေးကို*
*နှစ်သစ်ကူးမေတ္တာလက်ဆောင် ရေးဖွဲ့လိုက်ပါသည်။*
*အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ။*

နှမ်ဂျာ

အခန်း (၁)

''မင်းတကယ်ပြောတာလား လင်းဆွေ''

''တကယ်ပြောတာပေါ့ ပတေးရာ၊ မင်းကိုနောက်ရမှာလား၊ ငါ ဆုံးဖြတ်ပြီးလို့ မင်းကိုပြောတာပေါ့''

လင်းဆွေစကားအဆုံးတွင် ပတေးက မသက်သာလှသောမျက်နှာဖြင့် ခေါင်းခါသည်။ စိတ်ပင်ပန်းဟန်ဖြင့် သက်ပြင်းတစ်ချက်ချရင်း...

''မင်းသိပ်ရက်စက်တဲ့ကောင်ပဲ လင်းဆွေ၊ လူတစ်ဘက်သားကို မင်း အဲလောက် ရက်စက်ဖို့မကောင်းဘူး''

ပတေးစကားကြောင့် လင်းဆွေပြုံးတူးပြုံတဲမော့ကြည့်၍

''ဟ...ငါဘာရက်စက်လို့လဲကွ၊ ဘယ်သူ့ကိုငါ ဘာလုပ်လို့လဲ''

''ဘာလုပ်လို့လဲ ဟုတ်လား၊ အေးလေ...ကာယကံမြောက်ကတော့ ဘယ်သူ့ကိုမှ ဘာမှမလုပ်ဘူးပေါ့၊ ဒါပေမယ့် ရက်စက်တကာ့ ရက်စက်နည်းထဲမှာ မနောကံနဲ့ ရက်စက်တာက အဆိုးဆုံးပဲ၊ မင်းသိပ်ရက်စက်ဘယ်ကွာ''

''လုပ်ပြန်ပြီ၊ ပြောခါမှ ပိုဆိုးလာရသေးတယ်၊ နေပါဦး ပတေး၊ ငါ့ကို အဲလိုပဟေဠိဝှက်မနေနဲ့၊ မင်းဘာပြောချင်တာလဲ၊ ငါဘယ်သူ့ကို ရက်စက်လို့လဲ''

''ဘယ်သူ့ကိုရမလဲကွ၊ စိုးကိုပေါ့''

www.burmeseclassic.com

www.burmeseclassic.com



လေးများ နက်မှောင်နေသလို၊ နှုတ်ခမ်းလေးကျတော့လည်း ဘာဆေးမှ မပါပဲ ရဲတွက်နေသည်မှာ အကောင်းဆုံးဝါဂွမ်းဖွေးနုနုလေးပေါ်မှာ ပြည်တန်ပတ္တမြား အရောင်ကြည်ကြည်လေး ရှုရှုလေးတင်ထားသလို ဖြစ်နေသည်။

သီရိ၏အလှကို ကဗျာစီ၊ စာစီတတ်၍ ရေးဖွဲ့မည်ဆိုလျှင် မြန်မာ့ စွယ်စုံကျမ်းဆယ့်သုံးတွဲစာမျိုး လေးရာငါးဆယ့်ခြောက်တွဲလောက် ရမည် ထင်သည်။

ထိုအချိန်၌ လင်းဆွေကို လှုပြည်ခဏရောက်နေသော ဦးမာဃ သိကြားမင်းက အနားကပ်၍ လက်တို့ပြီး ''ဟောကောင် လင်းဆွေမင်းလိုရာ ဆုတောင်း၊ ဆုပါမင်းလို မြေလျှိုးမိုးပျံနိုင်တဲ့ တန်ခိုးမျိုးလဲ ငါပေးနိုင် တယ်။ အဲဒီကောင်မလေး မင်းလိုချင်ရင်လဲရမယ်၊ ကြိုက်တာ တစ်ခု တောင်း'' ဆိုပါက လင်းဆွေ ဆုပါမင်း၏ တန်ခိုးမျိုးကို ဖိနပ်မှာကပ်နေ သည့် ဖုံလောက်ပင် မမက်မောပဲ ငြင်းပစ်မိမှာ သေချာသည်။

သီရိကိုရဖို့မဆိုထားနှင့် သီရိပါးပေါ်မှာ ရိုပ်ရိုပ်ပြေးနေသော မြရောင် စိမ်းလဲ့လဲ့ မွေးညင်းနုလေးတစ်ပင်ရလျှင်ပင် ဆုပါမင်းမပြောနှင့် ဆုပါမင်း ၏အဘိုး အယောက်တစ်ရာကိုပင် ဖွတ်ကျားဟုကောင်းစွာ သဘောထား ပစ်နိုင်သည်။

သီရိကို ချစ်သည့်အချစ်က သည့်မျှပြင်းထန်သည်။

အမှန်က သည့်မျှထက်တောင် ပိုချင်ပိုမည်ထင်၏။

✡ ✡ ✡

သီရိကို သတိရစိတ်နှင့်အတူ တစ်နေ့ကညနေ လက်ဖက်ရည်ဆိုင်မှာ ပတေးနှင့်ပြောခဲ့သည့် စကားများကို ပြန်သတိရသည်။

''မင်းနှလုံးသားက စိုးရဲ့နှလုံးသားနဲ့ သွားပတ်သက်မိနေပြီ။ နောက်





ဆပ် မင်းဘယ်သူ့ကိုမှ ချစ်ခွင့်မရှိတော့ဘူး၊ မင်း သီရိကိုချစ်ဖို့ လုံးဝ စိတ်မကူးနဲ့တော့''

''လုံးဝ မဖြစ်နိုင်ဘူး ပတေး၊ မင်းပြောချင်ရာပြော စိုးနဲ့လဲ ဘာမှ ဆိုင်ဘူး။ ဒီကိစ္စက ငါ့ကိုယ်ပိုင် လွတ်လပ်ခွင့် ငါ့လွတ်လပ်ခွင့်ကို ဘယ်သူမှ ပိတ်ပင်လို့မရဘူး။ ငါ သီရိကို ချစ်တယ်၊ ငါ သီရိကိုရအောင် လိုက်မယ် ရှင်းလား''

''အေး…ရှင်းတယ်၊ ဒီထက်ရှင်းအောင် ငါလဲ ပြောမယ်၊ မင်းသီရိ ကို လိုက်ယင်လိုက်၊ လိုက်လို့သီရိကို မင်းရတာနဲ့ မင်းနဲ့ငါအပြတ်ပဲ၊ အဲဒီနေ့မှာ မင်းနဲ့ငါ ရန်သူအဖြစ် စစ်ကြေငြာမယ်''

လင်းဆွေ သက်ပျင်းချသည်။ သက်ပျင်းနှင့်အတူ ခေါင်းခါသည်။

''မဖြစ်နိုင်ဘူး ပတေး တခြားကိစ္စသာ မင်းအကြပ်ကိုင်ထားလို့ မယ်၊ သီရိနဲ့ပတ်သက်တဲ့ကိစ္စ မင်းဘာမှ တားလို့မရဘူး။ မင်းမှမဟုတ် ဘူး တစ်လောကလုံးက ဘယ်သူမှ ငါ့ကိုတားလို့ရမှာ မဟုတ်ဘူး။ မင်းကို အရမ်းခင်ပါတယ်။ မင်းနဲ့ငါဟာ တကယ့်အချစ်ဆုံး သူငယ်ချင်းတွေပါ ပေမယ့် … မင်းနဲ့သာ ငါရန်သူအဖြစ်ခံမယ် သီရိနဲ့ ပတ်သက်တဲ့ကိစ္စ ဘာမှ နောက်မဆုတ်နိုင်ဘူး။ ဆောရီးပဲ သူငယ်ချင်း၊ မင်း ငါ့ကို ကြိုက်သလို ဆုံးဖြတ်တော့''

နောက်တစ်ကြိမ် ပတေးနှင့် ထပ်မံပြောရမည်ဆို ထိုစကားကိုသာ ပြောရန်ရှိတော့သည်။ ပတေးသာမက တခြားသူငယ်ချင်းများကိုလည်း အတိုင်းပင် ပြောရပေမည်။ စိုးကိုလည်း ခွင့်လွှတ်ဖို့ တောင်းပန်ရန်သာ တော့သည်။

တကယ်တမ်းကျတော့ စိုးသည် သီရိကို ဘယ်လိုမှ တုယှဉ်၍ နိုင်မည် မဟုတ်။ သီရိနှင့်တွေ့စဉ် စက္ကန့်ပိုင်းအတွင်း ဖြစ်ပျက်သည့် အားမှုမျိုးကို စိုးသည်တစ်နှစ်တာပတ်လုံးစု၍ပင် မပေးနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် စိုးနှင့်သူကလည်း မထိတထိလေး ရင်းနှီးကြသည
မဟုတ်၊ ဟိုတစ်ရက်က စဉ်းစားလက်စနှင့် ရပ်သွားသော စိုးမွေးနေ့ဘုရာ
သွားသည့်နေ့ကစ၍ တိုးတက်လာခဲ့သော ရင်းနှီးမှုသည် ရှင်းရှင်းဆိုရသေ
တော်ရုံရည်းစားများပင် လိုက်မမီ။

တကယ်တမ်း ဖူးစာမှန်၍ အချစ်မှန်လျှင် စိုးသည်လည်း သိ
လောက် မလှတောင်၊ တော်ရုံအလှရှင် မိန်းကလေးများထဲ၌ ခေါင်းတ
ပိုမြင့်သည့်အလှ။ သည်အလှ၊ သည်အပြော၊ သည်သံယောဇဉ်မျိုးဖြ
ဘုရားသွားသည့်နေ့ကပင် ရည်းစားဖြစ်ခဲ့ပြီ။

စဉ်းစားရင်းဖြင့် နှိုင်းယှဉ်တွေးတောလျှင် ပိုသိသာသည်။

ထိုနေ့က အဖြစ်ကလေးများသည် တကယ်တမ်းကျတော့ လွန
ရင်ခုန်ဖို့ကောင်းသော ဖြစ်ရပ်များဖြစ်သည်။

မျက်လုံးထဲပြန်မြင်လာမိ၏။

✡ ✡ ✡

''အမေ့''

ငြိမ့်ခနဲ တက်သွားသော ဓာတ်လှေကားအရှိန်ကြောင့် လန့်သွား
တူသောစိုးက လင်းဆွေလက်မောင်းကို ဖမ်းကိုင်သည်။ လင်းဆွေ
ရယ်ယင်း 'ပန်းစည်းတွေ ပေးထားလေ' ဟုဆိုကာ စိုးလက်ထဲတွင် ခွဲ
ထားသော ဘုရားပန်းများလှမ်းယူသည်။

ဓာတ်လှေကား အပြင်ရောက်သည်အထိ စိုးက လက်မောင်းအစ
ကို မဖြုတ်၊ လင်းဆွေက သတိထားမိသော်လည်း ဒါမျိုးက မေ့နေ
ပိုကောင်းလေမို့ အမိုက်ခံပြီး သတိပေးဖို့ မလိုအပ်သဖြင့် ခပ်တည်တ
ပင် မေးလိုက်လာခဲ့သည်။ ဓာတ်လှေကားစောင်းတန်း အဆုံးလောက်ရော





မှ စိုးကလက်ကို ဖြုတ်ယင်း…

''အင်္ဂါထောင့် အရင်သွားမယ်နော် ကိုလတ်၊ ပြီးမှ ကိုလတ်ထောင့်
ဗုဒ္ဓဟူးကိုသွားမယ်''

လင်းဆွေ ခေါင်းညိတ်သည်။ စိုး၏ အပိုင်စကားကြောင့် ပြုံးလည်း
ပြုံးဖြစ်သွားသည်။

''ကိုလတ် ဘာပြုံးတာလဲ''

''မဟုတ်ပါဘူး၊ တို့ဗုဒ္ဓဟူးသားဆိုတာကို ဘယ်လိုလုပ် သိလိုက်လဲ
လို့ သဘောကျသွားလို့''

''အို…ဒါများ ဗဟာပြည်မှာ လူတစ်ယောက်ကို နာမည်ကြည့်တာနဲ့
မွေးရက်သိနိုင်တာပဲ ကိုလတ်ရဲ့''

''နေ့နံမသင့်ပဲ မှည့်ထားတာတွေလဲ အများကြီးပဲဟာ''

''ဘာလဲ…ကိုလတ်က ဗုဒ္ဓဟူးသား မဟုတ်ဘူးလား''

''ကိုယ်ကတော့ ဟုတ်ပါတယ်''

''ဟုတ်ယင် ပြီးရောပေါ့''

''ဟုတ်ပဗျာ…ကိုယ်ကလဲ ရှည်ပါ့…ပြီးနေတဲ့ကိစ္စများ''

နှစ်ယောက်သား ရယ်လိုက်သည်။

နံနက်ခင်း စိတ်ရွှင်လန်းဖွယ် အချိန်လေးနှင့် ငြိမ်းချမ်းအေးမြသော
နေရာမို့လား မပြောတတ်။ ထိုအချိန်အခါလေးသည် လွန်စွာကြည်နူးရွှင်
လန်းဖွယ် ကောင်းလှသည်။ ဘုရားပေါ်မှာ လူသိပ်အရှုပ်ကြီးလည်း မဟုတ်၊
လူလည်း သိပ်မများ၊ ဘုရားဖူးကောင်းရုံအချိန် ဖြစ်သည်။

လင်းဆွေရင်ထဲမှာ ထူးဆန်းသစ်လွင်သော ကြည်နူးအေးချမ်းမှုလေး
တစ်ခု ရနေသည်။ အရင်က သည်အချိန်ဘုရားပေါ် မရောက်ဖူးခဲ့။ သည်လို
…သော မိန်းကလေးတစ်ယောက်နှင့်လည်း သည်လိုချိုသာသော စကား
…များဆို၍ သည်လိုနေရာမျိုးကို သည်လိုညီညွတ်မျှတစွာ …ဖူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



''ဓာတ်ပုံရိုက်မလား အစ်ကို၊ ကာလာနဲ့ နေ့ချင်းပြီးရမယ်''

ဘယ်ဘုရားသွားဖူးဖူး ဒါမျိုးမကြုံရလျှင် ဘုရားဖူးခြင်းအထ မမြောက်သော ကိစ္စတစ်ခု၊ အနားသို့ ဆိုင်းမဆင့် ဗုံမဆင့်ရောက်လာသည်။ ဘုရားအဆုဆုပေါ်ရောက်ခဲ့၍ ဘယ်ဓာတ်ပုံဆရာကမှ လာမေးမခံရလျှင် ဟိုသူများစွာ လူစဉ်မမီဘူးဟု ပြောရမလို ဖြစ်နေ၏။ ကြာတော့ ထိုပုဂ္ဂိုလ် များကို အမြင်တောင် ကပ်ချင်ချင် ဖြစ်လာသည်။

ခုလည်း သည်လိုလာမေးလျှင် သည်လိုပြန်ဖြေရသည်ဟု အကျင့်ပ နေသော ပါးစပ်က ချက်ချင်းတုံ့ပြန်ဖြစ်သည်။

''မရိုက်ပါဘူးဗျာ''

''ပုံလေးတွေ ကောင်းပါတယ် အစ်ကို၊ အမှတ်တရပေါ့ လိပ်စ ပေးခဲ့ယင် အိမ်တိုင်ယာရောက် လိုက်ပို့ပေးပါတယ်''

ပုဂ္ဂိုလ်လေးက မဟာဇနက္ကလောက် ဇွဲကောင်းသည်။ မလျှော့သေ လုံးလဖြင့် ထပ်တွန့်သည်။ လင်းဆွေ ထပ်ငြင်းရန် ပြင်ဆဲ။ နိုးထ အသံထွက်လာသည်။

''ရိုက်မလား ကိုလတ်၊ ဘုရား မတင်ခင် ပန်းတွေနဲ့ရိုက်ရယ ကောင်းမယ်၊ နှစ်ယောက်အတူတူ ရိုက်ရအောင်''

''ဟာ..ကောင်းတာပေါ့ အစ်မရာ၊ နှစ်ယောက်တွဲပြီး ပန်းတွေ ရိုက်၊ ရိုက်လို့ကောင်းတဲ့ နေရာလေးတွေ ကျွန်တော်ပြပေးမယ်''

ရော...၊ သည်လိုပုံဖြစ်လာမှတော့လည်း လင်းဆွေ အဘယ်သို ငြင်းရန် စိတ်မကူးတော့၊ ရှားပါး၍ ကြုံတောင့်ကြုံခဲ၊ တစ်ခါမှ မကြုံ သောကိစ္စများတွင် ထိုကိစ္စလည်း ပါဝင်နေသဖြင့် အိအဂ်ျဂျများမနေတေ ကိုယ့်ကုသိုလ်ကိုလည်း ကိုယ်ဈေးဆစ်နေရန် အကြောင်းမရှိ။

''ဒါဖြင့်လဲ ရိုက်လေ...''

''လာ အစ်ကို... ဒီနားမှာ တစ်ပုံရိုက်''





နံနက်စောစောပွဲတော်ကြီးနှင့်တိုးသွားသော ပုဂ္ဂိုလ်လေးက ဆုပ်မိ ွတ်စေနဲ့ဆိုသော စကားကို မနက်ပုတီးတစ်ပက်၊ ည ပုတီးတစ်ပတ် တ်ထားသည်ထင်သည်။ အခွင့်သင့်ပြီဆိုသည်နှင့် တက်ကြွနိုးကြားသော းလဥဿဟဖြင့် စတင်လှုပ်ရှားတော့သည်။

''လာ အစ်မ...ဒီနားတစ်ပုံရိုက်''

''လာအစ်ကို... ဒီနားမှာ ရိုက်လို့ သိပ်လှတယ်''

စသည်ဖြင့် စည်းရုံးလှုပ်ရှားသွားလိုက်ရာ အင်္ဂါထောင့်အနီးတစ်ဝိုက် င် ငါးပုံလောက်ဖြစ်သွားသည်။

ပညာလည်း စုံပါပေ့၊ ရိုက်သည်ပင် ရိုးရိုးမရိုက်။

''နည်းနည်း ကပ်လိုက်ဦးအစ်ကို ဟုတ်ပြီ၊ အစ်မ လက်မောင်း ်လိုက်ပါလား''

''ဒီလိုလုပ်လေ၊ ပန်းစည်းကို အလယ်ထားပြီး နှစ်ယောက်စုကိုင်''

ဘယ်သူသာစေ၊ ဘယ်သူနာစေ သဘောမထားဘဲ၊ ဓာတ်ပုံရိုက်သူ း စိတ်ဓာတ်တက်ကြွစေရေးရှေးရှု၍ ကောင်းစွာ သရုပ်ပြ အမွှန်းတင် ရိုက်ကူးသည်။

လင်းဆွေကလည်း ကျေနပ်၏။

''ပုံထွက်လာယင်တော့ ပြကွဒိန် ရိုက်ရောင်းလို့တောင် ရမယ်''ဟု း ရိုက်ပုံကြည့်၍ မှန်းဆလိုက်နိုင်၏။

✡ ✡ ✡

''ဘယ်တော့ ရမလဲ''

လင်းဆွေက ဘောက်ချာဖြတ်နေသော ဓာတ်ပုံဆရာကို မေးသည်။ ဆရာက ခေါင်းမမော့ပဲ...



www.burmeseclassic.com

www.burmeseclassic.com



''အလှူင်လိုယင်တော့ တစ်နာရီလောက် စောင့်ယူပါအစ်ကို၊ ဒါမှ ...ဘုတ် ပုံကောင်းအောင် အချိန်ပေးနိုင်ယင်တော့ ညနေကျမှယူ၊ ဒါမှ ...ဘုတ် လိပ်စာပေးခဲ့၊ အိမ်လိုက်ပို့ပေးမယ်''

''ဟာ နေ့ခင်းလောက် မရဘူးလား''

''နေ့ခင်း ဘယ်အချိန်လဲ အစ်ကို''

''ဆယ့်နှစ်နာရီ တစ်ချက်ပေါ့ဗျာ''

''ရတယ်...ရတယ်၊ အောက်ဘက်မှာ ဆိုင်ရှိတယ် အစ်ကို၊ အဲဒီ လာယူ''

မမျှော်လင့်သော အထူးအစီအစဉ်ကလေးက မမျှော်လင့်ပဲ အတော် အချိန်ယူသဖြင့် ကိစ္စပြတ် ရှင်းပြီးသောအခါ ခုနှစ်နာရီထိုးဖို့ ငါးမိနစ် လောက်သာ လိုတော့သည်။ သည်တော့မှ စိုးသည် နောက်ကြောင်းဖြ... သတိရသည်ထင့်...

''ကဲ...အဲဒီ ကိစ္စပြီးရင် ဘုရားရှိခိုးရအောင် ကိုလတ်၊ တော်ကြာ ကျောင်းမမီပဲ နေလိမ့်မယ်''

''ဟုတ်တယ်စိုး...ကဲလာ...ဘုရားဖူးစို့''

နှစ်ယောက်သား စိုး၏မွေးနံဖြစ်ရာ အင်္ဂါထောင့်ဆီသွားသည်။

''ဘုရားသွား အတူတူ၊ ကျောင်းတက်အတူတူ''ဆိုသော စကားနှ... ကောင်းစွာ ညီညွတ်နေပြီပဲ...ဟု လျှောက်ယင်းလှမ်းယင်း လင်းဆွေ သတိပြုမိလိုက်၏။

✡ ✡ ✡

လင်းဆွေက အတိတ်ကို ပြန်လည်တွေး၍ ပြုံးယင်းတစ်မျိုးလှ... တစ်ယောက်တစ်ပုံ၊ အစုံလိုက် ကူးယူထားကြသော ဓာတ်ပုံလေးများ





...အပွဲအံဆွဲထဲတွင် အလွယ်တကူ ထည့်ထားရာမှ ထုတ်ယူကြည့်သည်။

ဗမာပြည်က ဓာတ်ပုံသမားများ၏ အရည်အချင်းကိုလည်း ချီးကျူး ...သည်။ တစ်နှစ်ကျော် ကြာသွားပြီဖြစ်သော်လည်း...အမြန်နည်းဖြင့် ကူး ...ထားသည့် ရောင်စုံဓာတ်ပုံလေးများက အရောင်အသွေး သစ်လွင် ...ကြည်လင်ဆဲ ဖြစ်သည်။

ဓာတ်ပုံတိုင်းတွင် နှစ်ယောက်သား၏ အပြုံးလေးများက လွင်နေ ...သည်။ ရင်ထဲက အပျော်ကို သိသာစွာမြင်နေရသည်။ ပြီးတော့ ပုံတိုင်းမှာ ...ကြားကလေပင်ဝင်တိုးလို့ ရမည်မထင်.

''အင်း...ရည်းစားမဖြစ်လို့သာ တော်တော့တယ်၊ ပုံတွေကတော့ ...ခါစလင်မယား ဖူးရည်ဆမ်းခရီးထွက်ယင်း လျှောက်ရိုက်နေသလား ...အောက်မေ့ရတယ်''

ဟု ဓာတ်ပုံတွေ တွေ့ရခါစက ပတေးပြောခဲ့တာကလည်း မလွန်။ ဟိုအချိန်ကတော့ လင်းဆွေ တကယ်ပျော်ခဲ့သည်လည်း မှန်၏။

သို့သော်...''တရားသံဝေဂ၊ အောက်မေ့ချေသော်၊ ရွှေကြေးငှပေါ၊ ...လေသို့'' ဆိုသော ယခု ဒုတိယနှစ်မြန်မာစာတွင် ပြဋ္ဌာန်းထားသည့် ...ဟာရဋ္ဌသာရ၏ ''နှမလက်လျှော့ နေလေတော့'' ကဗျာမှစကားကို ...ဆိုင်မဆိုင်ဆိုင် ယူသုံးရလျှင် သူ့ချည်းပဲတုန်းကတော့ သူ့ဟာနှင့်သူ ...၏။ သီရိနှင့် ကိစ္စပါရောၡ တရားသံဝေဂယူ၍ ဆင်ခြင်အောက်မေ့ ...မှ ရွှေနှင့်ကြေးလို ကွာခြားသွားမှန်း သိရသည်။

တကယ်တမ်းကျတော့ သီရိနှင့် သူ ကြုံခဲ့ရသမျှက၊ သည်လောက် ...လှသည် မဟုတ်။

ယှဉ်ကြည့်လေ... သိသာလေဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

''လာ … ကိုကို၊ ကိုကို့ ကို အန်တီတို့နဲ့ မိတ်ဆက်ပေးထားမယ်''

သက်သက်ဆွေ ခေါ်ရာနောက်သို့ လင်းဆွေ ကန့်လန့်ကန့်လန့်နှင့် ပါသွားသည်။

လှုပ်တစ်ပျက် အကဲခတ်ကြည့်ရသလောက် ရတနာတို့ သီရိတို့၏ မိဘများမှာလည်း ချမ်းသာကြွယ်ဝသည်နှင့်အမျှ သမီးတွေကို ဂရုစိုက်၍လည်း ရသည်။ သမီးနှင့် သမီးသူငယ်ချင်းများအား ခြံရှေ့တွင်ပင် ရေပက်မဏ္ဍာပ်လုပ်၍ ပျော်ပျော်ရွှင်ရွှင်ရေကစားနိုင်းထားသလို၊ ရေပက်မဏ္ဍာပ်နောက်ဘက် ခြံတံခါး၊ အုတ်ခုံနားတွင်လည်း အိမ်ရှိလူကြီးများက ဆက်တင်ကြိမ်ကုလားထိုင်လေးများချ၍ စောင့်ကြပ်ပေးနေသည်။

သက်သက်ဆွေက ထိုဝိုင်းဆီခေါ်သွားပြီး…

''အန်တီ၊ ဒါ မိသက်ရဲ့အစ်ကို ကိုလင်းဆွေပါ''

''အော်…ဟုတ်လား၊ ဘာလဲ ညီမကို လိုက်စောင့်ရှောက်ပေးတာလား ထိုင်…သား''

''ဟုတ်ကဲ့… အန်တီ''

''အန်တီတို့ဆီမှာ လာကစားတာတော့ စိတ်ချပါကွာ''

အန်တီကော မင်းအန်ကယ်တို့ပါ ဝိုင်းကြည့်နေကြတာပါ၊ သူငယ်



ချည်း လွှတ်ပေးမထားပါဘူး''

မင်းအန်ကယ်ဆိုသော ပုဂ္ဂိုလ်ကြီးဆီပါ မျက်လုံးဝဲကြည့်သည်။ ဆံမားဒရင်းဘက်ပေါ်မှ အန်ကယ်ကတော့ မသိမသာနီနေသော မျက်နှာဖြင့် ပြုံး၍ခေါင်းညိတ်သည်။ ရှေ့စားပွဲလေးပေါ်မှာ ရေနွေးကြမ်းရောင်နဲ့ခွက်ကလေးကြောင့် အတော်မိမ်ကျနေပြီမှန်းလည်း သိသာသည်။ ရေနွေးကြမ်းရောင်ဆိုပေမယ့် ရေခဲလေးတွေ ပေါလောမြောနေသောကြောင့် အရောင်မျှသာတူသော ရေနွေးကြမ်းသာဖြစ်သည်။

''ဒီမှာ စိတ်မချလို့လိုက်ခဲ့တာ မဟုတ်ပါဘူး အန်တီ၊ အိမ်မှာ ကားနဲ့ လိုက်ပို့မယ့်လူ မရှိလို့ပါ''

''အော့… ဟုတ်တာပေါ့၊ အေးပေါ့ကွယ်။ လိုက်ပို့ယင်းနဲ့ ပျင်းနေရင်လဲ ဝင်ကစားပေါ့၊ ယောက်ကျားလေးတစ်ယောက်ရှိနေတော့ အပယ်နဲ့ သဲ ပိုကောင်းတာပေါ့''

အဘွားကြီးနှင့်ကတော့ လေပေးမှန်သွားပြီ။ အစိက တစ်ယောက်နှင့် တစ်ယောက် ဆက်သွယ်ရေးလမ်းကြောင်း အဆင်ပြေဖို့လိုနေသဖြင့် အန်တီနှင့်စကားပြောယင်း ထိုအရပ်ဘက်သို့ မသိမသာလှမ်းကြည့်သည်။ ထိုဘက်မှလည်း တစ်ချက်လှမ်းခိုးအကြည့်နှင့်ဆုံသွားသဖြင့် လင်းဆွေထိုင်နေယင်း အနည်ပျော်လုလု ဖြစ်သွားသည်။

''ဒါက အန်တီတို့ သမီးအကြီးလေ၊ မိသက် သူငယ်ချင်း ရတနာရဲ့အထက် သီရိတဲ့၊ အိုင်အမ်ဝမ်းမှာ တက်နေတယ်၊ မသီရိ ဒါ မသက်ရဲ့ အစ်ကိုလေ ဘယ်သူ…''

''မောင်လင်းဆွေပါ အန်တီ''

''အေးအေး… မောင်လင်းဆွေ တဲ့…''

သီရိက ပြုံး၍ခေါင်းညိတ်ပြသည်။ လင်းဆွေကလည်း အဆောတလျင် လှုပ်ရှားချင်သော စိတ်အပေါင်းကို ထိန်း၍ အသာအယာမျှ ပြုံးကာ



www.burmeseclassic.com

www.burmeseclassic.com



ဟန်တစ်ခွဲသားနှင့် ခေါင်းညိတ်ပြရုံပြသည်။

"မောင်လင်းဆွေကကော… ဘယ်မှာတက်နေလဲ"

"ကျွန်တော် လှိုင်နယ်မြေမှာပါ အန်တီ၊ ဆယ်ကင့်ယီးယား ဘော့တနီပါ"

"ဪ… ဪ"

သည်တစ်ချက်ကတော့ အဘွားကြီး၏ အနေအထားကို နည်းနည်းသိသာသွားသည်။ ဒုတိယနှစ် ရက္ခဗေဒဆိုသော စကားက သိပ်ဆွဲဆောင်မှုရှိပုံမရ။ ဗောက်စ်ဝက်ဂင် အရှိန်ခံနေပေလို့သာ တော်ပုံရသည်။ တစ်ခုတော့ရှိသည်။ ထိုစကားက အဘွားကြီးကို သိပ်မဆွဲဆောင်နိုင်သော်လည်း သီရိကိုတော့ လှမ်းထိမ်းလိုက်နိုင်သည်။ သီရိက မျက်ခုံးလေးပင့်ပြီး …

"ဘော့တနီ ဘယ်ဆက်ရှင်ကလဲ"

"ဘီဝမ်းကပါ"

"ဘော့တနီမှာ သူငယ်ချင်းတွေရှိတယ်"

"ဟုတ်လား"

"ရော့… မောင်လင်းဆွေ၊ အအေးသောက်ဦး"

ထိုစဉ် ဖြတ်ခနဲ ပြန်ဝင်လာသော အဘွားကြီးစကားကြောင့် သီရိနှင့်စကားစပြတ်သွားသည်။ လင်းဆွေ မလွဲမရှောင်သာ "ဟုတ်ကဲ့ အန်တီ" ဆိုပြီး သီရိထံမှ အကြည့်ကိုရွှေ့ရသည်။

ထိုအချိန်တွင် မဏ္ဍာပ်အတွင်း ကားတစ်စီး ဝင်လာသဖြင့် ရေပက်သံများ ဆူညံသွား၏။

✡ ✡ ✡

တိုက်ပဲ တိုက်ဆိုင်သည်လား၊ ဘာလားတော့ မဝေခွဲနိုင်၊ သို့သော်





ိုအချိန်ပိုင်းလေးတွင် ဖြစ်သွားသော ကိစ္စအတွက် လင်းဆွေစိတ်ထဲအတော်ကသိကအောင့် ဖြစ်သွားတာတော့ အမှန်။

အဘွားကြီး အမူအရာကလည်း သိသိသာသာပြောင်းသွားသလားဘင်မိသည်။ ရက္ခဗေဒအဓိကမျှသာ အဆင့်ရှိသော လူငယ်တစ်ယောက်အပေါ် သိပ်စိတ်မဝင်စားတော့သလို သမီးနှင့်ရောရောဝင်ဝင် နေခွင့်ပင်ပေးတော့သည့် သဘောလား။ ဘာမှန်းတော့ စဉ်းစားမရ။

"အအေးသောက်ဦး" ဟု ပြောသည်ကိုပင် မရိုးသားဟု မြင်နေသည်။ သီရိနှင့် အကျွမ်းတဝင်ဖြစ်သွားတော့မည့် စကားအသွားအလာမှန်းိပ်မိ၍ တမင်ဝင်ဖြတ်သည်ဟု ထင်သည်။ သီရိကလည်း သူ့အမေသဘောကိုရိပ်မိ၍ ထပြေးသည် အောက်မေ့သည်။ သည်လိုပဲ တွက်လို့ရနေ၏။

မခံချင်စိတ်လေးတစ်ခု ထောင်းခနဲ ထလာသည်။

အိမ်နေအဝတ်နှင့် ထလာရသည်ပင် မှားသွားပလားနောင်တရသည်။

သို့သော်… ထင်ထားသည့်အတိုင်း၊ အောက်မေ့ထားသည့်အတိုင်းဖြစ်ကာမှဖြစ်၊ သည်လိုပွဲမျိုးမှာ ကိုယ့်ဘက်က အလျှော့မပေးသင့်ဆိုသည်ကတော့ သေချာသည်။ တိုက်ပွဲစကားဖြင့်ပြောလျှင် သည်ပွဲမျိုး လုံးဝအရှုံးခံ၍ မဖြစ်။

ရသည့် အခွင့်အရေးကိုယူ၊ ရှိသမျှ အင်အားစု၊ တတ်သမျှ ဗျူဟာအကုန်သုံး၍ အတင်းတက်၊ အတင်းတိုက်စနစ်ဖြင့် အနိုင်ကျဲမှ ဖြစ်တော့မည်။

ခုချိန်မှာ အခွင့်အရေးတစ်ခုကတော့ သေချာပေါက် ရှိသေးသည်။ သက်၏အစ်ကို တစ်ယောက်အနေနှင့်လည်းကောင်း၊ မိဘအရှိန်အဝါအနေနှင့်လည်းကောင်း ခုချိန်မှာ ကိုယ့်လှုပ်ရှားမှုကို အတင်းပိတ်ပင်သည်တော့ မဟုတ်။ ဒါကိုပင် ရန်သူ၏ အားနည်းချက်တစ်ရပ်အနေနှင့်အပြည့်အဝ အခွင့်အရေးယူထားရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းဆွေ အရယ်လေးနှင့် ထရပ်သည်။

နောက်ထပ် တစ်စီးပြီးတစ်စီး ဝင်လာသောကားများနှင့် ဝုန်းဒိုင်း ဝုန်းဒိုင်းပက်နေကြသောအုပ်စုဘက် တစ်ချက်လှမ်းကြည့်ပြီး . . .

"ကြည့်ယင်း ပျော်လာပြီ အန်တီ၊ ကျွန်တော်လဲ သွားပက်လိုက်ဦးမယ်"

မျှော်မှန်းသည့်အတိုင်း ကွက်တိ ဝင်လာ၏။ အန်တီက သူ့ပရိယာယ်ကို မရိပ်မိလိုက်၊ ပြုံး၍ခေါင်းညိတ်သည်။

"သွားလေ . . .မောင်လင်းဆွေ၊ ဝင်ပက်ပေါ့၊ ဟုတ်သားပဲ၊ ထိုင်နေတာက ပျင်းဖို့ကောင်းတာပေါ့"

လင်းဆွေ ကျေနပ်သော စိတ်အစဉ်ဖြင့် ဘေးဘီတစ်ချက်ကြည့်သည်။ စောစောက သီရိထိုင်သွားသော အုတ်ခုံအစွန်းတွင် အပိုဖြစ်နေဟန်တူသော ဒန်ခွက်လေးတစ်ခွက်ကို သွားမြင်သည်။ သည်ကိစ္စတော့ နောက်ထပ်ခွင့်ပြုချက်မယူတော့ပဲ၊ ခွက်ကို ခပ်တည်တည်သွားယူ၍ ရေပက်သည့်နေရာဘက်သို့ ထွက်လာခဲ့သည်။

စောစောက အပက်ခံထားရသော ရေများကြောင့်ထင်သည်။ ချမ်းစိမ့်စိမ့်လေးဖြစ်လာ၏။

လင်းဆွေလာပြီ။

ဒေါင်းယာဉ်ပုံနှိပ်လုပ်ငန်း



အခန်း (၁၃)

"ဟောကောင် ယောက်ဖကြီး၊ ငါနဲ့ပေးစားမယ်ဆိုတာ ဘယ်ကောင်မလေးလဲ"

ဒုက္ခတော့ အတော်ရောက်သည့် ကိစ္စဖြစ်၏။ ကောင်မလေးတွေ ဘူပုံကြီးနှင့် သကြင်္ကန်တွင်း ရေပက်ရသည်မှာ တော်ရုံသည်းခံတတ်၍ ရ၊ ခန္ဓီပါရမီကြီးရင့်သော ဘုရားဒေတ်နဂါးမင်းပင်၊ သုံးနာရီထက် ပိုသည်းခံ နိုင်မည် မထင်။

ကားပေါ်ကကောင်တွေကလည်း ရှာရှာဖွေဖွေ စင်စစ်ပေါက်ပေါက် ကို ပြောတတ်သည်။ "ယောက်ဖ" "ယောက်ဖကြီး" ဆိုသော အသုံး အနှုန်းမှာ အယဉ်အကျေးဆုံး အသုံးအနှုန်းပင်။ နွားကြီးတို့ မတ်တို့ခေါ် ကာခေါ်၊ အဆိုးဆုံးကတော့ ဘာထိန်း၊ ညာထိန်းဟု ပေါ်ပေါ်ထင်ထင်ကြီး ခေါ်သွားခြင်းပင်။

ပထမတော့ စိတ်ပျက်ပျက်နှင့် အဲသည်နားရပ်နေချင်စိတ် မရှိတော့ နောက်ဘက်ထိုင်ခုံဖြစ်ဖြစ်၊ ကားထဲဖြစ်ဖြစ် သွားထိုင်နေဖို့ စဉ်းစား လိုက်သေးသည်။ သို့သော် တစ်နှစ်ထက်တစ်နှစ် ပိုကဲလာသော ရန်ကုန် သားလသားများ၏ လက်ရာကို အကဲခတ်၍ ရှိနေမှဖြစ်မည်ဆိုသော အသိ

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။ ကောင်မလေးအုပ်စုနှင့်ရောချ၍ရှိနေသည့်လက်တောက်လော
ကောင်ကလေးသုံးယောက်ကလည်း တကယ်တမ်းကျတော့ ဘာမှအရ
မဝင်။ "ဟေ့ ချာတိတ်၊ ယောက်ဖလေး" ဆိုပြီး ထိပ်ပုတ်တာခံနေရ
လောက်သာ အဖြစ်ရှိသည်။

သူပင်လျှင် ခွက်တစ်လုံးကိုင်၍ ထွက်သာလာသည်။ ခုထက်ထ
ရေမပက်နိုင်။ ရေပက်သည့်ဘက်သို့ အပက်ခံသည့်ဘက်မှ လက်များကျ
လာနိုင်သည့် ကိစ္စကိုသာ လူယောင်ပြ၍ ခြောက်လှန့်ထားရသည်။

ကောင်မလေးတွေကလည်း တဖြည်းဖြည်း သဘောပေါက်လာ
သည်။

"နောက်ပြန်မသွားနဲ့နော်၊ ဒီနားကနေ ရပ်ပြီးကြည့်နေပေးစမ်းပါ
ကောင်စုတ်တွေ အားကြီးဆိုးဝါးတာပဲ"

"ဟုတ်တယ်…ကိုလင်းဆွေရှိလို့ တော်သေးတယ်၊ တို့ချည်းဆိုယင်
တော့ ဒုက္ခပဲ"

အများပရိသတ်ကပါ တောင်းဆိုလာသဖြင့် ရေပက်မဏ္ဍာပ်တွင်
ရေမပက်ပဲ မတ်တတ်ကြီးရပ်၍၊ လုံခြုံမှုကို ထိန်းသိမ်းတာဝန်ယူရသည့်
အဆင့်ရောက်တော့သည်။

မျက်နှာကျောလည်း သိသိသာသာ တင်းထားရသည်။ ကိုယ့်
ကိုယ်လည်း သိ၏။ နိုင်ငံခြားကားတွေထဲမှ ဟိုတယ်စောင့်လူမိုက်ပုံ
မပေါက်လျှင် ဘာပုံမှ ပေါက်နေစရာမရှိ။

✡ ✡ ✡

"ကိုလင်းဆွေ ပျင်းနေသလား"

ရှယ်တူတစ်ယောက်အနေဖြင့် ဧည့်ခံစကား ပြောရမည့် တာဝန်



နေသည်ဟု ယူဆထား၍လား၊ သို့မဟုတ် လင်းဆွေပျင်းပြီး ပြန်သွားလျှင်
သူတို့လုံခြုံမှု စိတ်မချရမှာ စိုး၍လားမသိ။ အတော်လေးကြာချိန်တွင်
သီရိက သူ့နားလာ၍ စကားစမြီပြောဆိုပေးသည်။

"မပျင်းပါဘူး မသီရိ၊ မသီရိတို့ ရေပက်တာကြည့်ပြီး ကျွန်တော်
လဲ ပျော်နေတာပါ"

"သီရိပဲခေါ်ပါ… ကိုလင်းဆွေသာ ပျော်နေတာ၊ သီရိတော့ ပက်
တောင် မပက်ချင်တော့ဘူး၊ လူတွေက သိပ်ရိုင်းတာပဲ၊ စိတ်တောင်ပျက်
တယ်"

လင်းဆွေရယ်သည်။

"သင်္ကြန်တွင်းဆိုတော့ ဒီလိုပေါ့ သီရိရာ၊ စိတ်ရိုင်းတာ မဟုတ်ပါ
ဘူး၊ နှုတ်ကြမ်းရုံသက်သက်ပါ"

"နှုတ်ကြမ်းတာ မဟုတ်ပါဘူး နှုတ်သရမ်းကြတာပါ၊ ကိုလင်းဆွေ
က သူတို့ယောကျ်ားလေးတွေဘက်က မကာကွယ်ပါနဲ့"

ချစ်စရာကောင်းသော ရန်တွေ့စကားလေးတွေဟု အတိုင်းမသိ ကျေ
နပ်သည်။ ရယ်လိုက်ပြီး …

"သင်္ကြန်ကတော့ ဒီလိုပါပဲ သီရိရာ"

"ဩော်…သင်္ကြန်ကျ အဲလိုရိုင်းရမယ်လို့ ဘယ်သူကပြောလဲ"

"ဒီလိုလေ၊ သင်္ကြန်တွင်းမှာ လူ့ပြည်ကို သိကြားမင်းဆင်းတယ်၊
လိမ်ဆိုး စိတ်ပုတ်တဲ့သူတွေကို သိကြားမင်းက ခွေးရေပုရပိုက်နဲ့ မှတ်သွား
တယ်။ ဒီတော့ ပျော်လို့စတာ စိတ်မဆိုးကြေးဆိုတဲ့ စာချုပ်တစ်ခု၊ အလို
လိုချုပ်ပြီးသားဖြစ်နေတာကိုး၊ စိတ်မဆိုးကြေးဆိုတော့ စတာပေါ့"

"အစရိုင်းတဲ့လူတွေကျတော့ သိကြားမင်းက မမှတ်ဘူးလား"

"မပြောတတ်ဘူး သီရိရာ၊ ကျွန်တော်နဲ့ သိကြားမင်းကလဲ သိပ်ခင်
တာမှ မဟုတ်ဘဲ၊ တစ်ခါမှတောင် လူချင်းမဆုံဖူးဘူး နာမည်ပဲကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



တာ"

"သြော်…အဲဒါ ပြောတာမဟုတ်ပါဘူး"

မျက်စောင်းလည်းထိုးရင်း ရယ်လည်းရယ်ရင်းအဖြူရောင်မျက်နှ
ပေါ်မှာ ပန်းနုရောင် ဆလိုက်လေးထိုးထားသလိုဖြစ်ယင် လေကိုလက်ဖြ
ရိုက်၍ ပြောသည်။ စကြာဝဠာတစ်ခုလုံး၌ နှစ်ခုမရှိနိုင်သော အလှဆုံး
လှပ်ရှားမှု အမူအယာဆုသာရှိလျှင် ထိုအမူအယာကလေးသည် ပထမဆု
စံချိန်အပြည့်ချီး၍ရမည်မှာ သေချာသည်ဟု စိတ်ဖြင့် သတ်မှတ်လိုက်၏

"မသီရိရေ…ခဏ"

သည်မှာ ရယ်၍ကြည်၍ ကောင်းမလိုလုပ်တုန်းရှိသေး၊ ရုတ်တရ
နောက်ဘက်မှ ပေါ်လာသော သာသနာဖျက် ငှက်ဆိုးသံကြောင့်၊ လင်းဆွေ
အီခနဲ ခံစားလိုက်ရသည်။ သီရိမျက်နှာ ပျက်သည်ဆိုရုံမျှ သီသီလေး
ပျက်သွား၍…

"ခဏနော်…မာမီခေါ်နေလို့ သွားလိုက်ဦးမယ်"

လင်းဆွေ မအီမလည်နှင့် ခေါင်းညိတ်ပြသည်။

အဘွားကြီးကတော့ အဖျက်လုပ်ငန်းများကို မရိုးမသား လုပ်ဆော
နေသည်ဟု အတော်လေး သေချာနေပြီ။ ပြည်ပန်းညိုချိုချင်လျက် ဆားဆ
ဖျက်နေပြီ။

သို့သော် သည်လောက်တော့ လင်းဆွေမမှု၊ သည်လို ဖြစ်လာတာ
ပိုတောင်ကောင်းနေသေးသည်။ သည်အဆင့် သည်လူတန်းစား သည
ကြွယ်ဝမှု၊ သည်အုပ်ထိန်းမှုမျိုးတွင် သည်ပြဿနာမျိုး ကြုံရသည်မှာ ဘာ
မဆန်း။

အဲ…ဆန်းတာက၊ မိသက်ပြောသော မာနကြီးသည့် အစ်မကြီ
သီရိက သူ့ကိုသိပ်မာနမကြီးစွာ ဆက်ဆံနေခြင်းဖြစ်သည်။ ခုချိန်မှာ ဘာ
အပီအပြင်ပြောလို့တော့ မရသေး။ သို့သော် ခုလက်ရှိအခြေအနေလေး





ရမည်ဆိုလျှင် အားရစရာတော့ ရှိပါသည်။

လက်ဖက်ကောင်းနေမှတော့ ပလောင်တောင်တက်ပုံကို အားမလို
ရဖြစ်စရာမရှိ။ ကျေနပ်ပါ၏။

✡ ✡ ✡

"အခြေအနေဘယ်လိုလဲ ကိုကို ဟန်ကျရဲ့လား…မသီရိနဲ့ ကိုကို
ပြောနေတာတော့ တွေ့လိုက်တယ်"

နေ နည်းနည်းမြင့်လာသောအခါ မနက်ပိုင်းအချိန်ခဏနားသည်။
ပြန်လာခဲ့ရာ လမ်း၌ သက်သက်ဆွေကပြန်စပ်စုသည်။ လင်းဆွေက
ပြီး…

"ဒီလိုပါပဲဟာ၊ အသိတော့ ဖြစ်သွားတာပေါ့"

"သြော်… ကိုကိုကလဲ ခုမှစတွေ့တာပဲဟာ၊ ဒီလောက်ဆို တော်ပြီ
တွေ့ချင်ယင် ဒီညနေရယ်၊ အကြတ်အတက်၊ မနက်တစ်ခါ ညနေ
ခါ အားလုံး ငါးကြိမ်တောင် တွေ့နိုင်သေးတာပဲ"

"ဒါပေမယ့် သိပ်တော့မထင်ပါဘူးဟာ၊ သူ့အမေကြီးက သိပ်
ည်လင်ပုံ မရဘူး၊ သီရိနဲ့ငါ စကားပြောတိုင်း အမြဲ ဝင်ဝင်ဖျက်တတ်
"

"အင်း…အဘွားကြီးကတော့ မလွယ်ဘူး၊ ရတနာလဲ ပြောဖူးတယ်၊
တို့အမေကြီးက တော်ရုံယောကျ်ားနဲ့တော့ သဘောတူမှာ မဟုတ်ဘူး
အဘွားကြီးက သိပ်ကြပ်မတ်လွန်းတယ်တဲ့"

"သီရိကတော့ နင်ပြောသလို မာနမကြီးပါဘူးဟာ၊ သူ့ဟာနဲ့သူ
ဟော်ရွှေရွှေ ရှိပါတယ်"

"အင်းလေ… ဒါကတော့ ပုဂ္ဂိုလ်ပေါ်လိုက်ပြီး တုံ့ပြန်တာ ရှာချင်



www.burmeseclassic.com

www.burmeseclassic.com



လဲ ကွာမှာပေါ့၊ ကိုကို အားတော့မလျှော့ပါနဲ့၊ မသီရိနဲ့ အဆင်ပြေသွားရ
အသွားကြီးကို ဘာမှုစရာလိုလဲ''

''ငါလဲ မမှုပါဘူး၊ အသွားကြီးကိစ္စက ထားလိုက်စမ်းပါ။ ဒါ
မယ့် ခုဟာက သူ့အိမ်မှာဖြစ်နေတော့ ရင်းနှီးအောင်လုပ်ဖို့ အခွင့်အရေး
သိပ်မရတာတစ်ခုပါပဲ''

''ဒါက မခက်ပါဘူး၊ မိသက် ရတနာကို ပြောင်ပဲဖွင့်ပြောထ
မယ်။ အခွင့်အရေးက ရအောင်ယူလို့ ရပါတယ်။ ဒီနေ့က စစချင်း
သိပ်သိသာသွားမှာစိုးလို့ မိသက် တမင်မသိချင်ယောင် ဆောင်နေတာ

''အဲဒါထားလိုက် မိသက်၊ ဒါက နောက်ပိုင်းကိစ္စ၊ လောလောဆ
ငါသိချင်တာက သူတို့အနေအထား၊ သူတို့ချမ်းသာတာကတော့ ထ
မပြောနဲ့တော့ပေါ့ဟာ၊ အင်းလျားလမ်းပေါ်က အိမ်ကြီးခြံကြီး ကြည့်လို
တာနဲ့ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ရန်ကုန်မြို့မှာ ကလေးကအ
သိတယ်။ ငါဆိုလိုတာက သူ့မိဘက ဘာလုပ်သလဲ၊ သူတို့ မိသား
အကြောင်း နောက်…တခြား သိသင့်သိထိုက်တာပေါ့ဟာ''

အင်း… ဆိုကာ မိသက်က ခေါင်းတစ်ချက်နှစ်ချက် ကုတ်သည
ပြီးမှ ‥

''ဘယ်ကစပြီး ပြောရမှန်းတောင် မသိဘူး၊ သူ့အဖေက ရာ
ကြီးကြီးထဲကပဲ။ ခုတော့ အငြိမ်းစား ယူပြီးပါပြီ။ သူ့အမေကတေ
အစကတည်းက ဘာမှမလုပ်ဘူး၊ မိုးကုတ်ဆက်၊ သူဌေးတွေ။ စုစုပေါ
မောင်နှမ သုံးယောက်ပဲ ကျန်တယ်။ အစ်ကိုအကြီးဆုံးက အိမ်ထောင်
သွားပြီ။ အိမ်မှာ သူတို့ညီအစ်မနှစ်ယောက်ပဲ ကျန်ခဲ့တယ်။ အစက ညီအ
သုံးယောက်၊ မမာလာဆိုတဲ့ မသီရိအထက် အစ်မတစ်ယောက်ကတေ
ဆုံးသွားပြီလို့ ပြောတယ်''

''ဘာဖြစ်လို့ ဆုံးတာလဲ''





''နေမကောင်းပြီး ဆုံးတာတဲ့''

''အော်''

ဘာရယ်မဟုတ် ကိုယ်နှင့်ပတ်သက်သလို ဖြစ်သွားပြီမို့ စိတ်ထဲ
မကောင်း ဖြစ်သွားသည်။ ထို့ကြောင့် စကားလမ်းကြောင်းလွှဲရန်…

''ခုလောလောဆယ် သူတို့အိမ်က ဘာအလုပ်မှ မလုပ်ဘူးလား''

''လုပ်တော့ လုပ်တယ် ကိုကိုရဲ့၊ သူ့ဖေဖေက လုပ်တာပေါ့လေ၊
ဒါပေမယ့် ဘာမှန်းတော့ မိသက် မသိပါဘူး။ နိုင်ငံခြားကုမ္ပဏီ ကိုယ်စား
လှယ်လား၊ ကံထရိုက်လား မသိဘူး လုပ်တယ်''

''ထားပါတော့၊ နောက်တစ်ခုက သီရိမှာ ရည်းစားရှိသလား၊ အိမ်
က သဘောတူထားတာတွေ ဘာတွေရှိလား''

''ပြောသံတော့ မကြားဘူး၊ ရည်းစားရှိတယ်လို့ ရတနာ မပြောဖူး
ဘူး၊ မသိတာနော် ကိုကို အတိအကျတော့ မိသက်လဲ မပြောတတ်ဘူး''

လင်းဆွေ ငြိမ်၍စဉ်းစားသည်။

မိသားစု အနေအထားချင်းက နည်းနည်းတော့ ကွာသည်။ လင်းဆွေ
၏ဖေမှာ ဌာနတစ်ခုတွင် ညွှန်ကြားရေးမှူး၊ အိုးအိမ်ပိုင် ရိပ်သာတစ်ခုတွင်
သုံးချင်းတိုက်တစ်လုံး ရထားသည်။ စစ်စစ်ပေါက်ပေါက် ချမ်းသာသမျှ
လုံးနံပါတ်ဖောက်စ်ဝက်ဂင် ကားလေးတစ်စီးရှိသည်။ ပြီးပြီ။ချမ်းသာသမျှ
ကုန်သွားပြီ။ အတွင်းပစ္စည်း မပါပဲ မျက်မြင်အနေအထား ပိုင်ဆိုင်ခြင်း
ညဉ်လျှင်ပင် ဟိုက်ဘက်က အဆငါးဆယ်လောက် သာနေသည်။ ဒါက
မိသားစုအခြေအနေ။

နှစ်ယောက်ချင်း ကပ်ယှဉ်တော့လည်း သူက သည်ခေတ်တွင်
ရှားပါးစတားဖြစ်နေသော ဆေးကျောင်းသူ။ ကိုယ်က ရိုးရိုးမေဂျာသမား။

လွယ်တော့ မလွယ်။

သို့သော်…ဖြစ်ပြီဆိုလျှင်တော့ အရမ်းကာရောကို ဝန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားနှင့် အလှအပဘက်ကပဲ တွက်တွက်၊ အခြားကြိုက်ရာအကြောင်းနှင့် တွက်တွက်၊ တွက်ချင်သလိုတွက် ထီးလိုမင်းလိုဖြစ်သည်။ ဘက်စုံဖွံ့ဖြိုးမှုကိုလည်း အထောက်အကူဖြစ်သည်။

လိုက်ရမည်။ ဒါမျိုးလိုက်၍ မရတာက ရှက်စရာလည်း မရှိ။ ရပြီဆိုလျှင် လင်းဆွေ ဆုပါစတားဖြစ်ပြီ။ ကမ္ဘာပေါ်မှာ ကြိုက်သလို ဖင်ခေါင်းကျယ်ရော့။ ဖင်ခေါင်းသိပ်ကျယ်လွန်းလို့ မဟာကြယ်၊ ဆုပါစတားဟု ခေါ်သလားမသိ။ လူတွေအင်တာဗျူး ခဏခဏလုပ်ပြီး မေးယူလျှင် ယူရမည်။ နည်းနည်းနောနော အဆင့်မြင့်သော ချစ်ခြင်းမေတ္တာ ကိစ္စမဟုတ်။

ဒါမျိုးမှ ကြိုးစားရကျိုး နပ်သည်။

လင်းဆွေ အသက်ကိုရင်း၍ ချစ်မြတ်နိုးဖို့ ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ကျသွားသည်။

သံယောဇဉ် မထိတထိဖြစ်နေသော စိုးကိုပင် လုံးဝသတိမရတော့။ မြောက်ဥက္ကလာပမှ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်တစ်ယောက်၏ တစ်ဦးတည်းသောသမီး စိုးသည် သီရိ၏အရှိန်အဝါအောက်တွင်ပိုးစုန်းကြူးလေးလောက်မျှ အလင်းရောင်မပွင့်တော့။

အဖြစ်အပျက် အသေးစိတ်လေးတွေ လိုက်ပြောရမည်ဆိုလျှင် လိုက်ပြောစရာ ရှိသေးသော်လည်း အမှန်တော့ မလိုအပ်တော့။ ခုချိန်တွင် လင်းဆွေ သီရိကိုလိုက်ဖို့ စိတ်ဒုံးဒုံးချလိုက်ခြင်းသည် အဆုံးသတ်အဖြေဖြစ်သည်။ သည်အတွက် ပတေး မကျေနပ်။

ဘုရားဖူးမှပြန်လာသော ပတေးကို အကျိုးအကြောင်း ပြောပြရုံရှိသေး၊ ပတေးက ရန်သူတွေဘာတွေ သတ်မှတ်ဖို့ အဆင့်အထိ ရာဇသံပေးသွားပြီ။ ကျောင်းပိတ်ရက်ဖြစ်နေ၍ အခြားသူငယ်ချင်းများ မသိသေး။ သိလျှင်လည်း ပတေးပုံစံမျိုးချိုး၍ သူငယ်ချင်းအားလုံးက ပတေးလမ်းစဉ်လိုက်လျှင် လိုက်ကြမည်။ မေလဆန်း ကျောင်းပြန်ဖွင့်လျှင် အဖြေပေါ်မည်။





လိုက်ချင်သည့်လမ်းလိုက်၊ ဖြစ်ချင်ရာဖြစ် သည်တစ်ပွဲမှာတော့ မည်သူနှင့်မျှ သဘောတူညီနိုင်းရန် လုံးဝစိတ်မဝင်စားနိုင်။ မိမိဘဝအတွက် အသင့်လျော်ဆုံးချစ်သူကို မိမိစိတ်ကြိုက်မှ ရွေးချယ်ခွင့်မရှိလျှင်သည်လောကကြီး ဘာသွားအသုံးကျတော့မည်နည်း။ သည်သူငယ်ချင်းများလည်း ဘာလွမ်းလောက်စရာ ရှိတော့မည်နည်း။

ပတေးပြောသလို… စိုးကိုတော့ သနားပါသည်။

စိုးသည် တစုံတရာသော အတိုင်းအတာဖြင့် မိမိကို သံယောဇဉ်နှောင်ဖွဲ့နေကောင်း နှောင်ဖွဲ့မည်။

သို့ပေမယ့်…နေရစ်တော့ စိုး။

✡ ✡ ✡

လင်းဆွေက ပြက္ခဒိန်ကို လှမ်းကြည့်သည်။ ၁၉၈၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်။ဧပြီလကုန်ပြီ။နောက်လေးငါးရက်ဆိုကျောင်းပြန်တက်ရတော့မည်။

တပြိုင်တည်းလုပ်ရမည့် အလုပ်နှစ်လုပ်အတွက် စိတ်တော့ ကြိုမောမိ၏။

တစ်လုပ်က စိုးကိုခွာဖို့၊ တစ်လုပ်က သီရိကို ကပ်ဖို့။

လေရူးနှင့် ဇောပါနေသော သစ်ရွက်ခြောက်လောက်တော့ ချာလည်ချာလည်ဖြစ်နေဦးမှာ သေချာသည်။

အတွေးနှင့်ဝေ့သွားသော မျက်လုံးအကြည့်က စားပွဲပေါ် သည်အတိုင်း ပစ်ချထားသော ကားသော့တွဲလေးဆီ ရောက်သွားသည်။

စိတ်ထဲမှာ မကောင်း၊ သူ့မွေးနေ့မှာ ကိုယ့်မွေးနေ့အတွက် ကြိုပေးသွားသော စိုး၏လက်ဆောင် သော့တွဲလေးမှာ အဓိပ္ပာယ်များစွာ ပါဝင်သည်။ ပေးပေးချင်းတုန်းကတော့ အမှတ်တမဲ့သာ ယူလိုက်ပြီး၊ သေချာ



www.burmeseclassic.com

www.burmeseclassic.com



မကြည့်မိ။ အိမ်ရောက်၍ သေချာကြည့်မိမှ ထိုသော့တွဲမှာ အရုပ်ကလေးတွေ၏ ထူးခြားမှုကို သတိပြုမိသည်။

သော့တွဲတွင် သံကြိုးကွင်း သေးသေးလေး တစ်ခုစီဖြင့် တွဲလောင်းချထားသော အရုပ်ကလေးနှစ်ရုပ် ပါသည်။ တစ်ရုပ်က နိုင်ငံတကာသုံး ယောကျ်ားအမှတ်တံဆိပ် သင်္ကေတဖြစ်သည့် စက်ဝိုင်းပေးမှာ လေးဆယ့်ငါးဒီဂရီလောက် စောင်းထောင်သောမြှားဦးလေးပုံနှင့်တွဲလျက် ယောကျ်ားလေးတစ်ယောက်၏ပုံ။ နောက်တစ်ရုပ်က အမျိုးသမီးသင်္ကေတ စက်ဝိုင်းအောက်က ကြက်ခြေခတ်ပါသော အမှတ်တံဆိပ်နှင့်တွဲလျက် မိန်းကလေးတစ်ယောက်၏ပုံ။ တစ်ပုံ၊ တစ်ရုပ်စီ ကြည့်လျှင်တော့ ကျားတစ်ရုပ် မတစ်ရုပ် ဘာမှမထူး၊ သို့သော် သော့တွဲလေး ဆွဲထားလိုက်လျှင် အရုပ်လေးနှစ်ရုပ်က တွဲလောင်းလေးကျလျက် ကောင်မလေးနှင့် ကောင်လေး မျက်နှာချင်းဆိုင်ဖြစ်သွားပြီး ကေအိုင်အက်စ်အက်စ် လုပ်နေသည့်ပုံဖြစ်သွားသည်။

စိုး ဘာရည်ရွယ်သည်ကို သိပ်စဉ်းစားရလောက်အောင် လင်းဆွေ မထုံ။

လင်းဆွေ ထိုသော့တွဲလေးကို ချစ်ပါသည်။ စိုးကိုလည်း ခင်ပါသည်။ သို့သော် စိုးကဲ့သို့ ခတ်ပုံအစိတ်လောက် နှစ်ယောက်တည်း အတူတွဲရိုက်ဖူးသော မိန်းကလေးတစ်ယောက်ထက် ခတ်ပုံမပြောနှင့် သကြိန်တွင်းသုံးရက်မျှသာ တွေ့ခဲ့ရပြီး နောက်ထပ် လူချင်းပြန်မတွေ့ရ သေးသော သီရိကို မျက်လုံးထဲ၌ ခတ်ပုံရိုက်ထားသည်ထက်ပင် စွဲထင် ညှိတွယ်နေမိပြီ။

အချစ်ကို သော့တွဲလေး၌သာ ဖော်ပြ၍ ရင်တွင်း၌သာ ပြန်လည် သိမ်းဆည်းထားလိုက်ပါတော့ စိုး။ ကျောင်းဖွင့်ယင် စိုးနဲ့ကိုယ် တစ်ခါ တွေပြန်ဖြစ်ဖို့ သေချာနေပြီပဲ။



ထင်ကြေးဖြင့် ပြောသည်။

အားလုံးကို ခပ်ရဲရဲ ရင်ဆိုင်ဖို့လည်း ယတိပြတ်ဆုံးဖြတ်လိုက်၏။ နာမည်ကိုက လင်းဆွေဆို… မဟုတ်ပါလား။

❀ ● ❀



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

ကျောင်းစတက်သည့်နေ့ကတော့ အိမ်ကစထွက်သည်နှင့်ပင်
မကောင်းစရာ ကြုံရသည်။

ခါတိုင်းဆို အိမ်ကနေစထွက်လာပြီး၊ ပတေးကိုဝင်ခေါ်သ
ပြီးတော့ သူငယ်ချင်းနှစ်ယောက် ပေါက်ကရပြောပြီး တဟားဟား
ကျောင်းရောက်သည်အထိ ပျော်ပျော်ပါးပါး လာနေကျ။ မနှစ်ကမနက်
ကျောင်းတက်ရတုန်းကလည်း တစ်နှစ်လုံးသည်လို။ သည်နှစ်အချိန်ပြော
နေ့လည်ပိုင်း တက်ရတော့လည်း၊ ပြေကျောင်းဝိတ်သည်အထိသည်အ
မတက်လျှင်သာ အတူတူပျက်မည်။ ကျောင်းသို့ အတူတူမတက်သည့်
မရှိ။

သည်နေ့ ဆယ့်တစ်နာရီလောက် အချိန်နည်းနည်း ကြိုထွ
ပတေးအိမ်ဝင်ခေါ်သည့်အခါ ပတေးအိမ်ကသွားနှင့်ပြီဟု ပြောသည်။
မရှိတော့။

"အန်တီတောင် အံ့သြနေတာ၊ ဒီနေ့ ပတေး မင်းကိုမစေ
ဘာဖြစ်လို့ ထွက်သွားတာလဲလို့၊ အန်တီမေးလိုက်ပါသေးတယ်။
မောင်လင်းဆွေကို မစောင့်တော့ဘူးလားဆိုတော့၊ မစောင့်တော့ဘူ
သူ ကိစ္စလေးရှိလို့ သွားနှင့်ပြီလို့ ပြောလိုက်ပါလို့ပဲ မှာသွားတယ်

ပတေးအမေက ရှည်ရှည်လျားလျား ရှင်းပြသည်။



"ဒါဆို ကိစ္စရှိလို့သွားနှင့်တာ ဖြစ်ပါလိမ့်မယ် အန်တီ၊ ကျွန်တော်
တော့ ဘာမှပြောမထားဘူး၊ ကိစ္စမရှိပါဘူး ကျောင်းကျတွေ့မှာပဲ"

"အေးအေး..."

ကြည့်ကောင်းအောင်ပြော၍ ထွက်လာခဲ့သည်။ သည်လိုဖြင့် ခုနစ်
မိုင်ခွဲဘက်ကပတ်ပြီး သန်းဝင်းကို ဝင်ခေါ်ရလျှင်ကောင်းမည်ဟုတွက်သည်။
သည်ကြားထဲမှာ သန်းဝင်းနှင့် ပတေးတွေ့ပြီလျှင် တွေ့ပြီးနေလိမ့်မည်။
အခြေအနေကြုံသိရတာပေါ့ဟု တွေး၍၊ သန်းဝင်းအိမ်ကို ဝင်ခေါ်သည်။

သန်းဝင်းလည်း မရှိတော့။ သန်းဝင်းအစ်မက

"သွားနှင့်ပြီ လင်းဆွေ၊ စိုးနိုင်ခပ်စောစောက ရောက်လာပြီး၊
နှစ်ယောက်ထွက်သွားကြတယ်"

သည်မှာလည်း ပတေး ဦးသွားပြန်သည်။

ပြဿနာပဲ...ဟု လင်းဆွေတွေးမိ၏။ သူမရောက်ခင်ကတည်းက
ကျောင်းမှာ သူ့သတင်းကို ပတေးအရင်ဖြန့်ထားနှင့်တော့မည်။ အားလုံး
သဘောထားများ မည်သို့ရှိမည်မသိ။

ကားမောင်းရသည် စိတ်မဖြောင့်။

စိတ်ထွေနေသဖြင့် လမ်းတွင် မျက်နှာချင်းဆိုင်မှာ လာသောကားနှင့်
တိုက်မိမလို ဖြစ်သည်တစ်ကြိမ်၊ ရှေးကားအရပ်တွင် နောက်က ဝင်ဆောင့်
မိမည်ဖြစ်သည် တစ်ကြိမ်။ စုစုပေါင်း နှစ်ကြိမ်။ ကံကောင်း၍ ကံမကောင်း
လျှင် သေရန်နှစ်ခါ ကြုံခဲ့၏။

✡ ✡ ✡

ဆက်ရှင်ဘီဝမ်း၊ ရက္ခဗေဒတန်းခွဲတစ်က၊ မနှစ်ကလိုပင် တီသရီး
သီရေတာသုံး၊ စာသင်ဆောင်မှာ တက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားရပ်နေကျ လှည်းယဉ်ဆိုင်ရှေ့ ခပ်လှမ်းလှမ်းတွင် ကားရပ်ပြီး တက်လာသောအခါ ထုံးစံအတိုင်း၊ တီသရီးထောင့်ချိုးနေရိပ် အကွယ်တွင် ပတေးတို့အုပ်စု ထိုင်နေသည်ကို တွေ့သည်။

စိုးလည်းရှိသည်။

စိုးကတော့ ထုံးစံအတိုင်း။ သူ့ကိုမြင်သောအခါ ကြိုဆိုပြုံးကလေးဖြင့် ပြုံးပြမြဲဖြစ်သည်။ ကျန်သူများ၏ မျက်နှာများ သိပ်မကောင်း။ သူ့ကို မကျေမလည်ဖြစ်နေမှန်း သိပ်သိသာသည်။

စိုးပြုံးပြခြင်းအတွက် အံ့သြသွား၏။ သူ့ကိစ္စမို့ သည်ကိစ္စကတရား မဝင်သော ကိစ္စလည်း ဖြစ်သမို့၊ ဘာမှမဖြစ်ကြောင်း တမင်ပြရန်ဟန်ဖြင့် ပြုံးပြသည်လားတော့ မပြောတတ်။

သို့သော် စိုးပြုံးပြသည့်အတွက် ရင်ထဲမှာ နည်းနည်းသက်သာသွားသည်တော့ အမှန်။ ထိုဝိုင်းထဲသို့ ခပ်တည်တည် ဝင်လာနိုင်ဖို့အတွက်လည်း တစ်ခုတည်းသော အားထားစရာ ဖြစ်နေသည့်။

သူရောက်သွားချိန်တွင် ဘယ်သူမှ ဘာမှမပြော သူက ခပ်တည်တည်နှင့်ပင် စိုးဘေးနားမှာ ဝင်ထိုင်သည်။ စိုးကလှည့်ကြည့်ပြုံးယင်း…

"ကိုလတ် ဘာလို့ နောက်ကျနေတာလဲ ကားနဲ့လာပြီးတော့"

"ထွက်တာ နောက်မကျပါဘူး၊ ဟိုကောင်တွေဆီလှည့်ဝင်ခဲ့ခေ လို့"

"ဘယ်သူ့ဆီလဲ၊ ကိုကြီးဆီလား ကိုလေးဆီလား"

"နှစ်ယောက်စလုံးပဲ"

စိုးကို ခင်ကြတာလည်း မပြောနှင့် စိုးကလည်း ခင်အောင်နေတတ်သည်။ ကိုကြီး၊ ကိုလတ်၊ ကိုလေးဆိုသည့် အခေါ်များကိုပင် ကြည့်မှုလ တိုင်ပင်တုန်းက မဝေတို့ ခင်လတ်တို့နှင့် သုံးယောက်တိုင်ပင်ထား သော်လည်း တကယ်ကျတော့ သည်အခေါ်ကို စိုးတစ်ဦးတည်းသာ ခေါ်





သည်။ မဝေနှင့် ခင်လတ်က ပါးစပ်ထဲနှုတ်မကျိုးဘူးဟား နာမည်တွေပဲ ခေါ်မယ် ဒါပေမယ့် ကိုတပ်ခေါ်ပါမယ်ဟုဆိုကာ ရှောင်ထွက်သွားကြသည်။

"အဲဒါက အရေးမကြီးဘူး လင်းဆွေ ပတေးပြောတဲ့ကိစ္စ ဟုတ် သား"

လင်းဆွေ စကားအဆုံး၊ သန်းဝင်းက မြူထားချင်စိတ်မရှိတော့ သည့်ပုံဖြင့် စကားစကိုဖြတ်ပြီး၊ လှမ်းမေးသည်။ မဝေနှင့်ခင်လတ်တို့ အကြည့်များကလည်း လင်းဆွေဆီ ရောက်လာသည်။ ပတေးကတော့ ဆေးပေါ့လိပ်ခဲယင်း အကြည့်လွှဲထား၏။

"ဘာကိစ္စကိုပြောနေတာလဲ သန်းဝင်း"

လင်းဆွေက မသိချင်ယောင်ဆောင်၍ ပြန်မေးသည်။ ပတေး၏ ခေါ်သကြည့်ရောက်လာ၏။ သန်းဝင်းက ထုံးစံအတိုင်း ခေါင်းကို လက်ဖြင့် ခပ်ယင်း….

"မင်းအမ်စီက ကောင်မလေးတစ်ယောက်ကို လိုက်မလို့ဆိုတာ ဟုတ်လား"

စိုးမျက်နှာကို သူလှမ်းကြည့်သည်။ စိုးက ပြုံးမြဲပြုံးနေ၏။ ပြီးမှ သန်းဝင်းဘက် ပြန်လှည့်၍ ခေါင်းကိုဆတ်ခနဲညိတ်ပြီး…

"အေး…ဟုတ်တယ်"

"အဲဒီကိစ္စကို စိုးကလွဲပြီး တို့လေးယောက်လုံး တစ်ယောက်မှ သဘောမတူဘူး လင်းဆွေ"

"စိုးကကော"

လင်းဆွေက သန်းဝင်းစကား မတုံ့ပြန်သေးပဲ စိုးကိုဖြတ်ခနဲ လှမ်း မေးသည်။ စိုးက ပျာပျာသလဲ ခေါင်းခါယင်း …

"ဟင့်အင်း… စိုးက သဘောတူပါတယ်"

"ဒီကိစ္စ စိုးနဲ့မဆိုင်ဘူး လင်းဆွေ၊ စိုးကို ဘာမှမပြောနဲ့ ငါတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တာ၊ ငါတို့ကိုပဲပြော…"

"ငါ ဘာပြောရမှာလဲ သန်းဝင်း၊ မင်းတို့ ဘာကိုသိချင်လို့လဲ

"တို့သဘောမတူဘူးဆိုတဲ့ ကိစ္စကို မင်းဘယ်လိုသဘောထားလဲ

"ဘယ်လို သဘောထားလဲ… ဟုတ်လား သန်းဝင်း"

"အေး…ဟုတ်တယ်"

ဟင်းခနဲ သက်ပျင်းတစ်ခု လင်းဆွေချသည်။ ပြီးမှ …

"ငါ့ဘက်ကတော့ ဘယ်လိုမှ သဘောမထားပါဘူးကွာ၊ မင်း သဘောမတူဘူးဆိုတော့လဲ မတူဘူးလို့ပဲ နားလည်ထားရမှာပေါ့"

"မဟုတ်ဘူးလေ၊ ကိုသန်းဝင်းပြောတာက၊ မဝေတို့ အား သဘောမတူဘူးဆိုယင် ကိုလင်းဆွေ နောက်ဆုတ်မဆုတ်…"

"ဟုတ်တယ် လင်းဆွေ၊ ငါတို့သိချင်တာ အဲဒါပဲ"

မဝေကဝင်ထောက်၍ သန်းဝင်းက ရှင်းမေးမေးသည်။ လင်း နှုတ်ဆွံ့သွား၏။ အထွက်ခက်လှသောစကားကိုသည်နေရာမျိုး၊ စိုး မပြောချင်ပြော၍လည်း ထွက်မည်မဟုတ်။

"ကိုလေး…ခဏနော်၊ စိုးတစ်ခုပြောချင်တယ်"

ရုတ်တရက်ဝင်လာသော စိုးစကားကြောင့် လင်းဆွေ စိုး တရဲကြည့်သည်။ စိုးအကြည့်သည် သန်းဝင်းကို တောင်းပန်နေ သတိထားမိသည်။

လင်းဆွေ ဘာလုပ်ရမှန်းမသိ။

ကျဉ်းကျပ်မှုသည် အထွဋ်အခေါင်ရောက်နေပြီဟု ကိုယ့်ကို ကောင်းစွာသိနေ၏။

✡ ✡ ✡





သန်းဝင်းက မည်သည့်ကန့်ကွက်စကားမျှမဆို။

စိုးလည်း မတတ်သာ၍သာ ဝင်ပြောရသည်။ ထိုစကားအတွက် စိတ်လှုပ်ရှားနေပုံရသည်။ စောစောက တည်ငြိမ်မှုမျိုး သိပ်မရှိတော့။ ျထိုင်၍ ပေါင်ပေါ်ဖြန့်တင်ထားသည့် လွယ်အိတ်အမြီးကလေးများကို ဖြင့်လိမ်ယင်း…

"စိုး…မဝေနဲ့ ခင်လတ်ကော၊ ကိုကြီးနဲ့ ကိုလေးကိုကော တောင်း တယ်။ စိုးတို့အားလုံးဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ခင်ကြတဲ့ နှမ သူငယ်ချင်းတွေပါ။ ကိုလတ်ဆိုလဲ စိုးတို့အားလုံးပေါ်မှာ ဘယ် က်ခင်တယ်ဆိုတာ စိုးလဲ သိပါတယ်။ ဒါပေမယ့် တစ်ယောက်နဲ့ ယောက် ခင်မင်မှုဟာ လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စထဲ ဝင်စွက်ပြီး အဆုံးအဖြတ်ပေးတာမျိုးတော့ သိပ်မကောင်းပါဘူး ရယ်၊ ကိုလတ်ကိစ္စကို ကိုလတ် သူ့စိတ်နဲ့သူ ကြိုက်သလို ဆုံးဖြတ် "

"သူ့ကို တို့ကြိုက်တဲ့ပုံစံအတိုင်း ဆုံးဖြတ်ဖို့ပြောနေတာ မဟုတ် သူ ဘာဆုံးဖြတ်မလဲဆိုတာပဲ သိချင်တာ"

"ဒါလဲ… ဘာလို့ သိချင်မှာလဲ ကိုလေးရယ်၊ ကိုလေးတို့ သဘော ပြောပြီးယင် ကျေနပ်တော့ပေါ့။ ကိုလတ် ဘယ်လိုဆုံးဖြတ် ဆုံး းတို့ ကိုလေးတို့က ကိုလတ်ကို အခင်မင်ပျက်သွားမှာမှ မဟုတ်ပဲ။ ရဲ့နှလုံးသားကိစ္စမှာ သူ့စိတ်ကြိုက် ဆုံးဖြတ်တဲ့အတွက် ကိုလေးတို့ ခင်တော့ဘူးဆိုတာတော့ ဘယ်တရားမလဲ"

"ဒီကိစ္စကို ငါတို့အားလုံး မကျေနပ်ဘူး စိုး"

သည်တစ်ခါဝင်ပြောသူက ပတေး၊ စိုးက ပြုံးသည်။ အပြုံးနှင့် တည်ငြိမ်မှုပါ ပြန်ရောက်လာ၏။

"ဒါဆို လွယ်ပါတယ် ကိုကြီးရယ်၊ ကိုကြီးတို့ ကိုလေးတို့



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ယင် ဒီကိစ္စမှာ ကိုလတ်ကို ဘာအကူအညီမှ မပေးနဲ့ပေါ့။ ဒါ မယ့် သူငယ်ချင်း ခင်တာကတော့ ခင်တာပဲပေါ့၊ မဝေတို့လဲ ဒီလိုပဲနော်

ပတေးအပါအဝင် အားလုံးလေးယောက်လုံး ငိုင်သွားသည်။ ခ ကြာမှ သန်းဝင်းက ခေါင်းတစ်ချက်ညိတ်၍…

"အေး…ဒါဖြင့် ငါပြောမယ် လင်းဆွေ၊ စိုးပြောသလိုပဲ၊ ဒီကိ ကတော့ မင်းကိုယ်ရေးကိုယ်တာဆိုတော့… မင်းသဘောပေါ့ကွာ၊ ဒါ မယ့် စိုးပြောတဲ့အတိုင်းပဲ…ဒီကိစ္စကို တို့သဘောမတူဘူး။ ဒါကြော တို့ လုံးဝစိတ်မဝင်စားဘူး၊ တို့ရှေ့မှာ အဲဒီကောင်မလေး ကိစ္စမပြော တို့ကိုလဲ အကူအညီမတောင်းနဲ့၊ တို့နားလဲ မထောင်ဘူး၊ အကူအညီ မပေးဘူး။ အဲဒီကိစ္စလွဲလို့ တစ်ခြားကိစ္စအားလုံးမှာ တို့အရင်လိုပဲ ခင် မင်မင်နေမယ်၊ ကျေနပ်လား…"

"ကျေနပ်တယ် သန်းဝင်း၊ အဲဒါအကောင်းဆုံးပဲ။ ငါ့ဘက် ကတိပေးပါတယ်။ မင်းတို့သတ်မှတ်တဲ့အတိုင်း ဖြစ်စေရမယ်"

"အေးပြီးရော… ဒါဆို တို့အားလုံး ကျေနပ်တယ်။ ဟုတ်တ မဟုတ်လား ပတေး"

ပတေးခေါင်းညိတ်သည်။ သန်းဝင်းက မဝေတို့ဘက်လှည့်၍

"မဝေတို့ ခင်လတ်တို့ကော ဒီလိုပဲမဟုတ်လား"

"အင်း"

နှစ်ယောက်စလုံး ခေါင်းညိတ်သည်။ ခေါင်းညိတ်ယင်းပြုံးလာ

တော်ပါသေးရဲ့ဟု လင်းဆွေ စိတ်ထဲ အလုံးတစ်ခုကျသွား အောက်မေ့သည်။ ဘာပြောပြော သည်သူငယ်ချင်းတွေ၏ ခင်မင်မှုအ သူလေးစား သံယောဇဉ်တင်းသည်မှာလည်း အမှန်။ အထူးသဖြင့် စိုး

စိုးကို ကျေးဇူးတင်ကြောင်း အကြည့်ဖြင့် ပြောလိုက်မိ၏။



အခန်း (၁၅)

ကျောင်းတက်ခေါင်းလောင်း မြည်သံကြားရသည်။

"ကဲ…နောက်အချိန်ကျမှ လစ်ယင်လစ်မယ်၊ ဒီအချိန်ကတော့ ကျောင်းပြန်ဖွင့်ဖွင့်ချင်း အချိန်ဆိုတော့…မင်္ဂလာယူတဲ့အနေနဲ့ တက်လိုက် ကြဦးစို့"

အားလုံးအကြားမှာ တင်းမာမှုများ လျော့သွားပြီမို့ ပတေးက ထုံးစံ အတိုင်း စပ်ဖြဖြမျက်နှာဖြင့် ရွှတ်နောက်နောက်ပြောယင်း ထရပ်သည်။

"ဟုတ်တယ်… ဒီတစ်ချိန်တော့ တက်ယင်ကောင်းမယ်"

မဝေကလည်းပြောယင်း ထရပ်သည်။ စိုးနှင့်လင်းဆွေ ပြိုင်တူလိုလို ရပ်ဖြစ်သည်။ စိုးကအပြုံးဖြင့် လှည့်ကြည့်ပြီး …

"ကိုလတ်ကော တက်မယ်မဟုတ်လား"

"ကိုယ်တော်ကြာမှ ပြန်လာခဲ့မယ်။ ဒီအချိန်တော့ စိုးတို့ပဲ တက် တော့နော်…"

မျက်နှာပျက်မသွား၊ အမူအယာပြောင်းမသွားပဲနှင့် မျက်လုံး၌သာ ပြုံးငယ်ရိပ်များ သန်းသွားသည်ကို လင်းဆွေအတိအကျ မြင်တွေ့လိုက် သည်။ စိုး ပင့်သက်တစ်ချက်ရှိုက်ယင်း…

"အင်း … ကိုလတ် သွားစရာရှိ သွားလေ၊ ကိုလတ် စာအုပ်တွေ ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



''ဘာလုပ်မလို့လဲ စိုး''

''စိုးကူးပေးထားမယ်လေ၊ မှတ်စုကူးဖို့က သိပ်ရှိတာမှ မဟုတ်ပဲ၊ ဆရာသင်တဲ့ထဲက မှတ်စရာလောက်လိုက်မှတ်ရမှာ ဥစ္စာ၊ မပင်ပန်းပါဘူး။ ပေး...ကိုလတ်ပြန်လာမယ့် အချိန်ထိ မှန်းပြီးပေးခဲ့''

လင်းဆွေ နှင့်ခနဲ ခံစားလိုက်ရသည်။ ပထမတော့ မပေးတော့ဘူးဟု ဆုံးဖြတ်မိသော်လည်း သို့သော် အဲသည်လိုလုပ်လျှင် ပိုစိတ်မကောင်းဖြစ်သွားမလား၊ ပြန်ပူပင်သည်။ လက်ထဲက စာအုပ်သုံးအုပ်ရွေး၍ ပေးလိုက်သည်။

စိုးက စာအုပ်ယူပြီး၊ သီရေတာထောင့်ချိုးအထိရောက်နေရာမှ ရပ်စောင့်နေသော မဝေတို့ဆီ သွက်သွက်လေးပြေးသည်။

ပြေးယင်းလွှားယင်း မျက်ရည်မကျရန် အတင်းတားဆီးလိုက်ရ၏။

✡ ✡ ✡

ကျောက်သင်ပုန်းနှင့် ဆရာ့ရုပ်ပုံက ရုတ်တရက် ဝါးသွားသည်။

ထိန်းချုပ်ထားသည့်ကြားက မျက်လုံးအိမ်တစ်ခုလုံး မျက်ရည်များဖြင့် ပြည့်လျှံလာသည်။ ဆရာမြင်သွားမည်စိုး၍ မသိမသာ ခေါင်းငုံ့လိုက်သည်။ ရေပြည့်ခွက်ကို စောင်းလိုက်သလို ဖြစ်သွားသဖြင့် ရှေ့၌ဖြန့်ထားသော ဗလာစာအုပ် မျက်နှာပေါ်သို့ မျက်ရည်နှစ်စက် ဖိတ်ကျသွားသည်။

စိုးက မျက်လုံးအိမ်တွင် ကျန်ရှိနေသော မျက်ရည်စများကို မျက်တောင်ခတ်၍ သိမ်းယင်း၊ တချို့ကို လက်ကိုင်ပုဝါဖြင့် မသိမသာနိုးတို့၍ အလျှင်အမြန် အစဖျောက်ပစ်သည်။ မျက်ရည်ကျခြင်းကို ဘေးလူအသိ၍ မဖြစ်။

ပြောရလျှင် သည်မျက်ရည်က တရားဝင်ကျခွင့်မရှိသည့် မျက်ရည်





ဖြစ်သည်။ သည်မျက်ရည်ကြောင့် အရှက်မှတစ်ပါး ပြန်ရစရာ ဘာမှမရှိ။

ခုတောင် သံယောဇဉ်ကြီး၍ ညှာတာတတ်သော သူငယ်ချင်းများကြောင့်သာ ရှက်ခြင်းဆိုသည့်ကိစ္စ တံခွန်စိုက်မသွားခြင်းဖြစ်သည်။ စင်စစ်ရှက်မည်ဆိုလျှင် တရားလွန်ရှက်ပစ်လိုက်ဖို့ ကောင်းသည့်ကိစ္စ။

မိန်းမနောက်ပိုးဟု ရက်ရက်စက်စက် အပြောမခံရရုံမျှအပ သူ့ဘိတ်တနိုးအဖြစ်၊ တစ်ဘက်သတ်ဘဝ၊ ကြိတ်ပုံးငုံးဆွအချစ်သည် အလဲအကွဲ ရှုံးနိမ့်ကျဆုံးသွားပြီဖြစ်ကြောင်း သူငယ်ချင်းများအားလုံး သိနေသည်။

ဘဝမှာ ပထမဆုံးချစ်မူး၍ ထိုအချစ်အပေါ် စွဲလမ်းတွယ်တာခဲ့သည့် မျှော်လင့်ချက်များသည်လည်း အခိုက်အတန့်အတွင်း၌ပင် ပျက်ပြယ်ဆုံးပါးသွားပြီ၊ ကိုယ့်အား တစ်ချိန်ချိန်မှာ ချစ်လာလိမ့်မည်ဟု တစ်ဘက်သတ်သုံးစားထားခဲ့သည့် ချစ်သူသည် ရက်စက်စိမ်းကားစွာပင် အပါးမှခွာသွားပြီ။

နားထဲတွင် ပတေး၏ ဦးဆုံး အသိပေးစကားများ တခွေ့ကွဲသို့ ခြောက်လှန့်နေသည်။

''ဒီကောင်နဲ့ငါ စကားများထားတယ်။ စကားများရတဲ့ အကြောင်းက သကြိန်မှာ တို့မရှိတုန်း ကောင်မလေးတစ်ယောက်ကို ဒီကောင်ကြိုက်ပြီး ခုမရ,ရအောင်လိုက်တော့မယ်ဆိုတဲ့ ကိစ္စ၊ ငါကတော့ အပြတ်ပဲ၊ ဒီကောင်မလေးနဲ့ဖြစ်ပြီဆိုယင် ငါနဲ့ရန်သူပဲလို့၊ ကောင်မလေး နာမည်ကညီရိတဲ့၊ အမ်စီမှာ တက်နေတယ်၊ နေတာက အင်းလျားလမ်းမှာ အတော်ချမ်းသာတယ်လို့ ပြောတယ်။ ကောင်မလေး ညီမက သူ့ညီမနဲ့ သူငယ်ချင်း''

သည်အကြောင်းအရာများနှင့် ပတ်သက်၍ သန်းဝင်းမေးစဉ်က ''ဟုတ်တယ်''ဟု ဝန်ခံသွားသော ကိုလတ်၏ ပုံစံကိုလည်း မျက်လုံးထဲမှ ထုတ်၍မရ။

ဤအရာများသည် အိပ်မက်မဟုတ်။ သို့သော် အိပ်မက်ဆန်လွန်းလှ



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ခံစားရသည်။ ကျောင်းပိတ်ရက်သည် စင်စစ်တစ်လပင် ရက်တင်း ၍ ပြည့်လှသည် မဟုတ်။ သို့သော် ကျောင်းမပိတ်ခင်က ကိုဂတ်နှင့် သည်နေ့ ကျောင်းပြန်ဖွင့်သည့်နေ့မှ ကိုလတ်သည် အဘယ်ကြောင့် တစ် ဆောက်တည်း မဟုတ်သကဲ့သို့ ဖြစ်သွားရပါသနည်း။

သီရိဆိုသော မိန်းကလေးသည် အဘယ်မျှလှပ၍ အဘယ်ကဲ့သို့ မော်ကဝေအတတ်မျိုး တတ်ကျွမ်းနေပါသနည်း။ မိမိနှင့် ကြုံဆုံခဲ့ရသော ကာလတိုင်းတွင် အမြဲတမ်း ထစ်အနေးကွေးနေသော ကိုလင်းဆွေခေ ကိုလတ်သည် အဘယ်သို့သော ဆွဲဆောင်မှုကို အကြောင်းပြု၍ ဤမျှမြ ဆန်စွာ ညွတ်ယိမ်းသွားပါသနည်း။

ပေါ့တန်သော ညွတ်ယိမ်းပုံမျိုးပင် မဟုတ်။ သူငယ်ချင်းအားလုံးက ဝိုင်းဝန်းကန့်ကွက်နေသည်ကိုပင် ဥပေက္ခာ ပြုနိုင်သော ငြိတွယ်ယိမ်းညွတ်မှု ထိုကောင်မလေးကို ကိုလတ် အလွန်အကျွံစွဲလမ်းနေပြီဆိုသည်မှာ မျက်နှာ မြင်တွေ့ရုံနှင့် သိသာနေသည်။

မိန်းမသားပီပီ ထို…သီရိဆိုသော မိန်းကလေးအား လှမ်း၍မနာလို ဖြစ်နေမိ၏။ သူသိပ်ချစ်သည့် ကိုလတ်၏အချစ်ကို တိုတောင်းသော ကာလအတွင်း လွယ်ကူစွာ ဆွတ်ချူသွားနိုင်သည့် မိန်းကလေး၏ အတတ် မာယာမျိုးကို ခုခါ တစ်ဘဝလုံးနှင့်လဲ၍ ယူနိုင်ပါက နောင်ဘဝပါ အဆင် ပေး၍ လဲယူပစ်လိုက်ချင်သည်။

"သိပ်ချစ်သွားတာပဲလား ကိုလတ်ရယ်၊ ကျောင်းဖွင့်တဲ့ရက် ပထ ဆုံးအချိန်မို့ အတန်းတက်ရအောင်ဆိုတာတောင် မျက်နှာလွှဲထားခဲ့ပြီး သီရိ ရှေ့တော်မှောက် အခစားရောက်အောင် သွားနိုင်တယ်…နော်"

မျက်လုံးထဲတွင် သူတစ်ခါမျှ မမြင်ဖူးသော သီရိဆိုသည့်မိန်းကလေ အနားတွင် ပျာယာခတ်လှမတတ် ချဉ်းကပ်နေမည့် လင်းဆွေ၏ ပုံစံ မှန်းဆမြင်နေမိသည်။ တကယ်ချစ်သူနှင့်တွေ့သောအခါ ဖူးဖူးမှုတ်ထေ





း ဣန္ဒြေမရ၊ ပစားပေးနေမည့် ဟန်ပန်များကိုလည်း ဝန်တိုတသစွာ ဆောင်ကြည့်သည်။

"အင်းပေါ့လေ… စိုး ကဲ့လို့ပဲ သဘောထားရမှာပေါ့၊ စိုးကိုမှ တ် မချစ်ပဲ၊ စိုးလှတာနဲ့ စိုးနဲ့တတ်ချွဲတတ်သမျှလေးတွေဟာ ကိုလတ် ို လှုပ်ရှားအောင် စွဲမှမဆွဲနိုင်ပဲ။ စိုးမျှော်လင့်ထားသမျှတွေအလဟဿ ာပေါ့"

အဲဒီ သီရိဆိုတဲ့ ကောင်မလေးကတော့ သဘောတွေကျနေမှာပဲ၊ ်လေ… ပျော်ပေါ့… ခုချိန်မှာ သူက ဘဝင်တောင်ကိုင်ထားလို့ ပဲ…ဟု စိတ်ရိုင်းလေးများနှင့်အတူ မနာလိုအူတိုသဘောထားလေး ွားများလာသည်။

"ဟဲ့…စိုး… စာမရေးပဲ ဘာထိုင်လုပ်နေတာလဲ၊ ဘာလဲ နင် ာလား"

ခင်လတ်စကားကြောင့် စိုးအတွေးမှ လန့်နိုးသတိဝင်သည်။ ကမျာ ခေါင်းခါယင်း…

"မငိုပါဘူး…ဘာလို့ ငါက ငိုရမှာလဲ"

"အေးပါ… မငိုလဲ ငိုင်မနေပါနဲ့၊ စာရေး၊ နင်ခုထက်ထိစာတစ်လုံး သေးဘူး မဟုတ်ဘူး"

"မဟုတ်ပါဘူး… ရေးမလို့"

ခင်လတ်စကားကို တစ်ခွန်းမကျန် နှုတ်လှန်ထိုး၍ ဟန်တင်းပြနေမိ သည်လို မလုပ်၍လည်း မဖြစ်။ ခုချိန်မှာ ဟန်လေးတွေတော့ လို ရင်ထဲက သည်းအူနှလုံးများ တစ်စစီကျေမွပြိုပျက်၍ ရင်ဗလာ င်းအဖြစ် အချွေးဖြင့်ပြောင်းလဲသော ပြောင်းလဲသွားမည်။ ဗဟိ း မှာတော့ ဘယ်သူမှ မသိစေရ။

ခင်လတ်တို့ မဝေတို့လို သူငယ်ချင်းများအပေါ် မ ထားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင်ဖြစ်သော ကိုလတ်ပင်လျှင် စိုးကို အံ့ဩသွားစေရမည်။

စောစောက သူနေခဲ့သော ထိုင်ခဲ့သော အမူအရာများကို စိုးသိပ်

နှပ်၏။

အပြုံးလည်း မပျက်စေရ။ အမုန်းလည်း မစွက်စေရ။

အဲ…ပြီးတော့ …အရှုံးလည်း မသွက်စေရ။

✡ ✡ ✡

"ဟိုကောင် ခုထက်ထိ ပြန်မလာသေးဘူးနော်"

ကျောင်းဖွင့်စနေ့မို့ ထင်သည်။ နှစ်ချိန်ကျော်အတန်းကို ဆရာ ခွန်းပဲ"

ထုံးစံအတိုင်း အုပ်စုလိုက် ကင်တင်းဘက် ဆင်းလာခဲ့သည်။ တောင်

တန်းနေသော အရှေ့ဘက်စားသောက်ဆိုင်တန်းတွင် ခါတိုင်းကဲ့

ဝတ်ရည်ကဖီးနှင့် ခိုင်မာလာအအေးဆိုင်ကြားမှ စားပွဲတွင် ဝိုင်းထိုင်

ခါတိုင်းနှင့်မတူသည်က ခါတိုင်း စိုးဘေးတွင် ထိုင်တတ်သော ကိုလ

မလာခြင်းဖြစ်သည်။

ပတေးစကားကြောင့် စိုးက ပြုံးလိုက်ယင်း…

"ဟိုမှာ ဘယ်လောက်ချွဲနေလဲမှ မသိပဲ ကိုကြီးရယ်… နေ

သူ့ဟာသူ စိတ်ချမ်းသာသလို လုပ်ပါစေ၊ သူပြောသလိုပဲ ဒါ…သူ

လပ်ခွင့်ပဲဟာ"

"အမလေး…သိပ်လဲ မထင်ပါနဲ့စိုးရာ၊ နင့်ကောင်က ဒီ

အခြေအနေကောင်းသေးတာ မဟုတ်ပါဘူး။ ဟိုကလဲ သူ့လို

ထည့်စဉ်းစားချင်မှ စဉ်းစားဦးမှာပါ။ ငါထင်တာ ပြောရယင်တော့

ခုမှကျွတ်မှာ၊ အဲဒီကောင် ကောင်းကောင်းဝဋ်လည်ဦးမှာ မြင်

သေးတယ်"





"နေဦး စိုး…နင့် ငါတစ်ခုမေးမယ်… နင်မှန်မှန်ဖြေမလား"

"မေးလေ…ကိုလေး၊ ဖြေမှာပေါ့၊ စိုး ဘယ်တုန်းညာဖူးလို့လဲ"

"အဲဒီကောင် အဲဒီလိုလုပ်သွားတာ နင့်စိတ်ထဲ ဘယ်လိုမှမနေဘူး

အမှန်အတိုင်းပြောရယင် တို့ဒီကောင့်ကို ဒေါကန်နေတာ နင့်နဲ့

သက်လို့၊ ခုတော့ နင်က သိပ်ဟန်ဆောင်ကောင်းနေလို့လား၊ ဘာလား

ပြာတတ်ဘူး၊ နင့်ကြည့်ရတာ ဘာမှမဖြစ်သလိုပဲ"

စိုးက ရယ်သည်။

"ဘာဖြစ်လို့လဲ ကိုလေးရဲ့၊ စိုးနဲ့ ဘာဆိုင်လို့လဲ"

သန်းဝင်းက ခေါင်းတစ်ချက် ညိတ်သည်။

"အေးပါဟာ…ဟုတ်ပါတယ်၊ ဒီမေးခွန်းက ငါမမေးသင့်တဲ့

ခွန်းပဲ"

သန်းဝင်းပြောပုံကိုကြည့်ပြီး ခင်ခင်လတ်ပြုံးသည်။ ပြုံးယင်းနှင့်

ဘက်လှည့်၍…

"စိုး…အဲဒီစာအုပ်လေး ခဏလောက်"

စိုးက ယောင်တောင်ပေါင်တောင့်နှင့် လှမ်းပေးသည်။ စာအုပ်က

မဆုံးစာသင်ချိန်မှာ သင်ရသည့်စာအုပ်၊ ခင်လတ်က စာအုပ်ကို စာမျက်

ပါတ်ရှာ၍ဖွင့်သည်။ ပြီးမှ သန်းဝင်းရှေ့ထိုးပြ၍…

"ကိုသန်းဝင်း၊ ဒါဘာလေးတွေလဲ ကြည့်စမ်း"

သန်းဝင်း လှမ်းကြည့်သည်။ ဘာမှန်းတော့ သေချာမသိ။ မြင်လိုက်

သောမြင်ကွင်းက စာရွက်ပေါ်တွင် ရေစက်လေးနှစ်စက်ကျထားဟန်

သော အရာလေးနှစ်ခု။

"ဟယ်… အဲဒီကောင်မ ဘာလုပ်တာလဲ မသိဘူး၊ ပေး…ပေး

စာအုပ်"

စိုးက နီရဲသော မျက်နှာလေးဖြင့် စာအုပ်ကိုပြန်လုသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်လတ်က အလွယ်တကူပင် ပြန်ပေးယင်း၊ သန်းဝင်းဘ
လှည့်၍…

"အဲဒါ… သိပ်ဆွေးကြောင်း သူများသိအောင် စာရွက်ပေါ် ရေ
ချထားတာ မဟုတ်ဘူးနော်၊ အော်ရီဂျင်နယ် မျက်ရည်အစစ် ဘယ်သ
မသိဘူးထင်လို့ လွှတ်လွှတ်လပ်လပ်ကြွေထားတာ…"

တစ်ဝိုင်းလုံး ငြိမ်သွားသည်။ သန်းဝင်းက စိုးကို ခပ်စိုက်စိ
လှမ်းကြည့်သည်။ စိုး ခေါင်းငုံ့ထား၏။ အားလုံးက စိုးမည်ကဲ့
ခံစားနေရသည်ဆိုသည်ကို နားလည်သွားသည်။

"စိုး…"

သန်းဝင်းအသံက စောစောကထက်ပင် တည်ငြိမ်နေသည်။ စိ
မရဲတရဲမော့ကြည့်သည်။ မျက်လုံးထဲတွင် မျက်ရည်ကြည်များ ဝေ့ဝဲ
ရှိ၏။ သန်းဝင်းက ပကတိဆုံးဖြတ်ထားသော လေသံဖြင့်…

"တို့ကို မရှက်ပါနဲ့စိုးရာ၊ တို့ကနောက်တတ် ပြောင်တတ်တ
ပေမယ့်၊ နေရာနဲ့ ခံစားမှုကို နားလည်တတ်ပါတယ်။ နောက်တစ်ခု
ကို ပြောထားဦးမယ် နင့်အပိုင်းက နင်ကြိုက်သလို ဆုံးဖြတ်၊ ဒါပေ
ငါရဲရဲအာမခံနိုင်တာ တစ်ခုတော့ရှိတယ်။ လင်းဆွေဆိုတဲ့ကောင်
သီရိကို ရကိုမရစေရဘူး၊ မယုံယင်လောင်းကြေးစားကြေး ကြိုက်တဲ့
ထပ်လိုက်၊ ဘယ်လိုလဲ ပတေး ငါပြောတာ မင်းလက်ခံလား"

ပတေးက ရယ်သည်။

"အဲ့ဒီကောင် သီရိကိုရတဲ့နေ့မှာ ငါ့လည်းပင်ငါဖြတ်ပစ်မ

"ဘာဖြစ်လို့"

ရဲတင်းစွာပြောနေကြသော ထိုနှစ်ယောက်ကိုကြည့်၍ မဝေက
စွာမေးသည်။ သန်းဝင်းက ခေါင်းခါယင်း။

"ဘာဖြစ်လို့မှ မဟုတ်ဘူး၊ နောက်ကို ငါတို့နဲ့ဆန့်ကျင်ပြီး





တစ်ခုမှလုပ်လို့ မရဘူးဆိုတာကို သက်သေပြမလို့"

မဝေက ရယ်သည်။

"ကိုလင်းဆွေကြားယင်တော့ မျက်ခုံးလှုပ်နေတော့မှာပဲ"

"ဘာမှကြားစရာလဲ မလိုဘူး၊ သိစရာလဲ မလိုဘူး ဒီပွဲမှာ နင်တို့
အားလုံး ပွဲကြည့်ပရိသတ်အနေနဲ့ စောင့်သာကြည့်နေ…ငါနဲ့ ပတေးနဲ့
နှစ်ယောက်ထဲ လုပ်ပြသွားမယ်"

"တကယ်လား"

"ဘာလဲ နင်က မယုံလို့လား ခင်လတ်၊ ဒါဖြင့် ငါတို့ပြောသလို
ဖြစ်လာယင် နင်တို့ငါတို့ကို ဘယ်လိုဂုဏ်ပြုမလဲပြော"

"နေဦးလေ၊ ငါတို့ အဲလိုလုပ်မှာကို သဘောတူလား၊ မတူဘူး
လား အရင်မေးဦးမှာပေါ့"

"အေး…ဟုတ်တယ်၊ ကဲ…ဘယ်လိုလဲ…ငါနဲ့ ပတေးနဲ့
နှစ်ယောက် လှုပ်ရှားမယ်။ လင်းဆွေကိစ္စ လုံးဝမအောင်မြင်ရေး အဲဒါ
နင်တို့ သဘောတူလား"

"တူတယ်"

မဝေနှင့် ခင်လတ် အသံပြိုင်တူထွက်လာသည်။ စိုးက ပြုံးပြီး
ကြည့်နေ၏။ သန်းဝင်းက…

"အေး…သဘောတူယင်၊ ငါတို့ကိစ္စ အဆင်ပြေတာနဲ့ ငါတို့ကို
ရနိုင်ပုဆိုးတစ်ယောက်တစ်ထည်စီ ဝယ်ပေးမလား"

"ဝယ်ပေးမယ်၊ ဟိုဘက်ပြတ်ပြီး ဒီဘက်ပြန်လှည့်လာယင် နောက်
ထပ် တိုက်ပုံတစ်ထည်စီချုပ်ပြီး ကန်တော့ဦးမယ်"

"ဟာ…ပတေးတို့တော့ မွပြီ၊ ကဲ…ဘယ်လိုလဲ စိုး ညည်းလဲ
ကြည့်မနေသင့်တော့ဘူး"

စိုးက ရယ်သည်။ ရယ်ယင်းနှင့် မျက်နှာလေး မသိမသာပန်းရောင်



www.burmeseclassic.com

www.burmeseclassic.com



ပြေးပြီး...

"ကြည့်မနေပါဘူး၊ ခုန မဝေတို့ပြောတာတွေ အကုန်လုံး စိုးဝယ်ပေးမှာပေါ့"

"ဟုတ်ပြီ၊ ဒါဖြင့် ဒီလိုလုပ်၊ စိုးက ရှိုင်တစ်ထည်နှင့် တိုက်ပုံတစ်ထည်စီ မဝေနဲ့ ခင်လတ်က ရှပ်တစ်ထည်စီနဲ့ ကတ္တီပါ ဖိနပ်တစ်ရံစီ ဝမ်းစက်ပြည့်အောင် ထည့်ပေးမယ်"

"ကြိုက်ပြီ၊ ဒါဖြင့် ဒီကိစ္စကို အခုထဲကစပြီး အစီအစဉ်ဆွဲမယ်၊ နင်တို့က ဘာမှဝင်လုပ်စရာ မလိုဘူး ငါပြောပြသလိုနေ ဟုတ်လား"

"အင်း..."

စိုးက တက်ကြွစွာပြောဆိုကြံစည်နေသော သူငယ်ချင်းများကိုကြည့်၍ အားတတ်လာသလို ပျော်သလိုဖြစ်လာသည်။

ဟုတ်တာ မဟုတ်တာ အပထား၊ လောလောဆည်တော့ ပျော်စရာလေးတစ်ခုလိုတောင် ဖြစ်နေသည်။

ဟိုပုဂ္ဂိုလ်တော့ ဒုက္ခရောက်တော့မည် ထင်၏။



အခန်း (၁၆)

ဗောက်စ်ဝက်ဂင် ကားအစိမ်းလေး ကျောင်းဝင်းထဲချိုးဝင်လာသည် မြင်လိုက်သည်တွင် သီရိရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

"သူ...များ..လား"

သိချင်စိတ်နှင့်အတူ ကွေ့သွားသောကား၏နောက်ပိုင်းလေးကို ...ကိုက်၍ လှမ်းကြည့်လိုက်သည်။ နောက်ကလည်းဖြစ် နောက်မှန်ပေါ်လည်း ...ပိတ်ထိုးနေသောကြောင့် ကားပေါ်ကလူကိုတော့ သဲကွဲစွာမမြင်ရ။ သို့သော် ...နံပါတ်အရ လင်းဆွေတို့ ကားဖြစ်ကြောင်းကိုတော့ သေချာသွားသည်။ ...ည်နံပါတ်က အလွတ်ရနေသောနံပါတ်။

တက္ကသိုလ်အုပ်ချုပ်ရေးရုံးဘေးဘက်ဒုတိယထပ်သံလှေကားခြေရင်း ...၍ လင်းဆွေ၏ လှုပ်ရှားမှုများကို အတိုင်းသား မြင်နေရသည်။ သည် ...လေ၊ သည်ဒေသကို ဘယ်လောက်ကျွမ်းကျင်မှုရှိမရှိ တစ်ခါတည်း ...နိုင်သည်။ နေရာယူမှန်သွားပြီဟု တွေးမိသည်။

သီရိပြုံးလိုက်သည်။ သကြိန်အတတ်နေ့က အဖြစ်ကလေးကို ရုတ် ...ကော် သတိရသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"သီရိတို့ ကျောင်းကိုလာလည်လို့ ရမလား"

အခွင့်အရေးက သိပ်များများစားစား မရသဖြင့် ရသည့်အချိန်‌ေ တွင် အလုအယက်လာမေးသော သူ့ပုံစံကိုကြည့်၍ သီရိပြုံးလိုက်သည် အပြုံးချည့်ဆိုလျှင်လည်း ရှက်သွားမည်စိုးသဖြင့် …

"ကျောင်းကို လာလည်တာတော့ ရတာပေါ့၊ သီရိတို့ကျောင်း ဘယ်သူပဲလာ၊ ဘယ်သူမလာနဲ့လို့ သတ်မှတ်ထားတာမှ မဟုတ်ပဲ"

"မဟုတ်ဘူးလေ၊ ကျောင်းကို လာလည်မယ်ဆိုတာ သီရိ လာလည်မယ်လို့ ပြောတာပေါ့၊ သီရိတို့ ကျောင်းမှာ…ကျွန်တော် တခြားအသိမှ မရှိပဲ"

"လာလည်ယင် ဧည့်သည်ကို မုန့်ကျွေးရမှာလား"

လင်းဆွေရယ်သည်။

"အင်းပေါ့"

"ဟင်…ဒါဆို ဧည့်သည်က နေ့တိုင်းလာနေယင်ဘယ့်နဲ့လုပ်မ

"လွယ်ပါတယ်၊ နေ့တိုင်းလာတဲ့ ဧည့်သည်ဆိုယင်တော့၊ ဧ သည်က တစ်ရက်ခြား ပြန်ကျွေးရမယ်လို့ ကြိုပြောထားလိုက်ပေါ့"

"ဒါဖြင့် ပထမဆုံးလာတဲ့နေ့ ဘယ်သူကစကျွေးမလဲ"

"ဒါလဲလွယ်ပါတယ်။ ဧည့်သည်ကို ဦးစားပေးတဲ့အနေနဲ့၊ အ အခွင့်အရေးကို ဧည့်သည်ကပဲ ပထမဆုံး စယူပါလို့ပြောပြီး သူ့အ ကျွေးနိုင်းပေါ့"

"ဧည့်သည်က စေတနာရှိဦးမှကိုး"

"ဟာ..သိပ်ရှိတာပေါ့၊ ဒါဖြင့် ကျောင်းဖွင့်တဲ့နေ့ပဲ ကျွန်တေ လာခဲ့မယ်နော်၊ သီရိ ဘယ်နေရာမှာ ရှိမယ်ဆိုတာသာ ပြောထား"

မူလတန်းကတော့ ဘယ်ရယ်မဟုတ်၊ ညီမငယ် ရတနာက သ တွင်းခြံရှေ့တွင် တိုင်ကီချ၍ ရေပက်မည်။ သူငယ်ချင်းတွေလည်း ခေါ်





သည်ဟု ပြောသည်။ ရေပက်သည့်နေ့ကျတော့ ရတနာ့သူငယ်ချင်း မိသက် ကားလေးတစ်စီးနှင့် ပေါက်ချလာသည်။

ကားလေးကို ဝိုင်း၍ရေပက်သည်ကိုမြင်ရပြီး၊ ကားထဲက သူဆင်း လာသည်။ ပထမတော့ ဝတ်စားထားသော အဝတ်အစားများကြည့်၍မိသက် တို့ကားမောင်းသူဟုပဲ ထင်လိုက်သည်။ မိသက် မိတ်ဆက်ပေးမှ မိသက် အစ်ကိုအရင်းဟု သိသည်။

အမှန်ပင် ဘာရယ်မဟုတ်။ ညီမ သူငယ်ချင်း၏အစ်ကိုလည်းဖြစ်၊ အတန်းတူ၊ ရွယ်တူ တက္ကသိုလ်ကျောင်းသားလည်းဖြစ်၊ အိမ်လာသည့် ဧည့်သည်လည်း ဖြစ်နေသဖြင့် မိတ်ဆွေတစ်ယောက်အနေနှင့် စကားစမြည် ပြော ဆက်ဆံခဲ့သည်။

သို့သော် တစ်ခုထူးခြားသွားသည်မှာ ထိုပုဂ္ဂိုလ်၏ ဓာတာစ်နံးလ်ဂ် ကပဲ တက်နေ၍လား၊ သင်္ကြန်တွင်း စိတ်လွတ်လွတ်လပ်လပ်နှင့် ပျော်နေ၍ ပဲလား၊ သို့မဟုတ် ရေစက်တို့ ဘာတို့ဆိုတာတွေနှင့်ပဲ ပတ်သက်သလား ဘာမှန်းတော့ မသိ။ သိလိုက်သည်က ထိုပုဂ္ဂိုလ်ကို အကြောင်းပြု၍ သီရိ စိတ်ထဲ အနည်းငယ်လှုပ်ရှားသွားသည်ဆိုခြင်းပင် ဖြစ်သည်။

ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို ဓာတ်လိုက်မင်းသား ယောကျ်ား ပီသ၊ ချောကာ ဆွဲဆောင်မှုရှိ စသည့် ဘာညာကိစ္စတွေကြောင့် မဟုတ်။ သူ့ထက်ချောသော ယောကျ်ားပီသသော ဆွဲဆောင်မှုရှိသော ယောကျ်ား တွေ ဤပြည်ထောင်စုမြန်မာနိုင်ငံ၌ ရိုက်သတ်၍ မကုန်နိုင်အောင် ရှိမည်။ ချမ်းသာ၍ ပညာတတ်၍ ဆိုရအောင်လည်း နှစ်ခုစလုံး၌ပင် ကိုယ့်ကို လိုက်မမီ။

အဲ…တစ်ခုတော့ရှိသည်။ သူနေပုံ ထိုင်ပုံ ခပ်အေးအေးရှိတာ၊ မိန်းမတောထဲလာသည့်အခါ၌ပင် ဘာသိဘာသာဝတ်စား၍ တည်တည်ငြိမ် ငြိမ်နေတတ်တာ၊ ဒါလေးကတော့ သီရိစိတ်နှင့် အံဝင်သည်။ တော်ရုံလူဆို



www.burmeseclassic.com

www.burmeseclassic.com



လျှင် သည်သောက် မိန်းကလေးများကြားမှာ ဣန္ဒြေမရ၊ ပြုံးပြုံးနေမည်မှာ သေချာသည်။ ဤကဲ့သို့ ခပ်အေးအေးနေစဉ်၊ မေမေက သူ့အခြေအနေကို အကဲခတ်ရန် အမေးစကားများစသည်။ ဘော့တနီ ကျောင်းသား၊ ရက္ခဗေဒ အသိတဆိုသည်နှင့် မေမေ့အမူအရာက ပြောင်းသွားသည်။ သိပ်ပတ်သက်ချင်သည်မဟုတ်ဆိုသော အမူအရာက ထင်းခနဲပေါ်သွားသည်။

သည်အချက်မှာ သီရိကြားထဲကနေ အားနာသွားသည်။

ပိုဆိုးသွားသည်က အရာရာတွင် အစွဲအလမ်းကြီးမှုနှင့် သတိကြီးမှု မလွတ်အောင်နေတတ်သော မေမေသည် ကိုလင်းဆွေဆိုသော ပုဂ္ဂိုလ်နှင့် စကားကိုရှည်ရှည်လျားလျား ပြောခွင့်မပေးပဲ ကပ်တာနှင့် ခွဲပစ်၊ နီးတာနှင့် ခွာပစ်လုပ်သောအခါ ထိုပုဂ္ဂိုလ်ဘက်ကနေ မခံချင်လည်း ဖြစ်သွားသည်။

တစ်ခါ သည်ပုဂ္ဂိုလ်၏စိတ်နေစိတ်ထားလေးကိုလည်း အမှတ်တမဲ့ သဘောကျသွားသည်။ ရေပက်နေကြသော တစ်အုပ်လုံးကို ညီမတွေလို သဘောထား၍ ကြက်မကြီးက ကြက်ကလေးတွေအတွက် ပူပန်အုပ်ထိန်း သလို လိုက်အုပ်ထိန်းပေး၊ လူကြီးဆန်ဆန် နေထိုင်သွားတာလေးကိုလည်း သီရိ ကျေနပ်သည်။

သီရိမျက်စေ့ထဲမှာ ထိုပုဂ္ဂိုလ်ကိုတွေ့သည်။ သီရိမှာလည်း သီရိ ရည်မှန်းချက်နှင့် သီရိ။ အထူးသဖြင့် သည်ဘက်ပိုင်းမှာ တော်ရုံယောကျ်ား လေးကို သီရိလုံးဝကြည့်မရ။ အိမ်မှာ စာကလေးပေကလေးဖတ်၊ စံပြ ဆိုသော ယောကျ်ားတစ်ယောက်၏ အမူအကျင့်ကို စိတ်၌လျာထား၍ ထိုလျာထားသော ပေတံဖြင့်တိုင်းလိုက်လျှင် တော်ရုံယောကျ်ားသည် တစ် မှတ်မှပင် မရ။

ယောကျ်ားတန်မဲ့၊ အနေအထိုင်မတည်ငြိမ်တာ၊ မိန်းမမြင် ပျာယာ ခတ်နေတာ၊ နေတာထိုင်တာ၊ သွားတာလာတာကအစ လှုပ်လီလှုပ်လဲ့ ကန္တကလျဖြစ်နေတာ၊ အဆင့်ရှိရှိ ဣန္ဒြေရရမနေပဲ ကလေကချေဆန်တာ





နှမချင်းစာနာတတ်တာ၊ ဝတ်စားဆင်ယင်မှုဆိုလည်း တော်ကြာကျော်ဟိန်း ဖြစ်လိုက်၊ တော်ကြာ ဒေးဗစ်ချန်းဖြစ်လိုက်၊ ခုနောက်ပိုင်း မိုက်ကယ်ဂျက် ဆင်ဖြစ်လိုက်၊ ကာလပေါ်ကိစ္စများနောက် ရူးကြောင်ကြောင်လိုက်လုပ်တာ မျိုး တစ်ခုအထင်မကြီး၊ ပြောရလျှင် နည်းမည်မဟုတ်။

သည်သတ်မှတ်ချက်များဖြစ်ပေါ်လာခဲ့ရန်ဘဝတွင် ရင်းနှီးခဲ့သော အရင်းအနှီး နည်းနည်းနောနော မဟုတ်။ ခဲမှန်သော စာတစ်ကောင်ကို မျက်ဝါးထင်ထင် မြင်ဖူးသော စာသူငယ်ဝီဝီ၊ တော်ရုံ ယောကျ်ားလေးကို လည်း အရောမဝင်၊ မာနပဲကြီးသလိုလို အပျိုကြီးစိတ်ပဲ ဝင်သလိုလို ဖြစ်နေခဲ့သည်။ စိတ်ထဲမှာ နာခဲ့ဖူးသော အနာလေးကလည်း မပျောက်။

သင်ခန်းစာများစွာကို အကြောင်းပြု၍ မိမိနေရာတွင် အတော်ဆင်ခြင် နိုင်မှ ဘဝအတွက်အလားအလာ ကောင်းမည်ဟု အမြင်သီ၊ ဆင်ခြင်သိဖြင့် သီရိ သတိထားနေသည်။ လှသော ချမ်းသာသော ပညာတတ်သော မိန်းကလေးတစ်ယောက်သို့ ရည်ရွယ်ချက် အမျိုးမျိုးဖြင့် ချဉ်းကပ်နေသည့် ယောကျ်ားလေးပေါင်း ရေတွက်၍ပင် မရ။ ကိုယ်တစ်ချက်မှားတာနှင့် ကိုယ့်တန်ဖိုးတွေအကုန် အလဟဿဖြစ်သွားနိုင်သည်။ ဘဝမှာ အထိနာ သွားသော သင်ခန်းစာတစ်ခုသည် သူနှင့်အဝေးကြီးမှာ ရှိသည်မဟုတ်၊ သိပ်နီးသောသင်ခန်းစာ။

သည်အကြောင်းများ ပြန်တွေးတိုင်း သီရိစိတ်နာသည်။ မုန်းတီး စက်ဆုတ်ဘွယ်ကောင်းသော မျက်နှာတစ်ခုကိုလည်း ဘယ်လိုမှ အမှတ် မရချင်သည့် ကြားကမြင်မြင်လာပြီး၊ သစ္စာမရှိသော မတည်ကြည်သော ယောကျ်ားဆိုသည့် သတ္တဝါများကို ကြိတ်စက်တစ်ခုထဲတွင်ထည့်၍ မွှသတ် ပြားကပ်နေအောင် ချေမှုန်းပစ်ချင်စိတ်များ ပေါ်လာတတ်သည်။ သို့အတွက် ကိုယ့်ကိစ္စကျတော့ ရင်ထဲကနှလုံးသားကို ရေခဲရိုက်၊ ကြပ်စည်းပြီး လုံခြုံ သော အရပ်တစ်ခုတွင် သော့အထပ်ထပ် ခတ်သိမ်းဆည်းထားခဲ့သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကာလမနည်းတော့။

ခု…သူ…သူ့ကျတော့ သိရိနှလုံးသား မန်မံကောင်လေး နည်းနည်း ပြန်အသက်ဝင်လာသည်။ ကံကောင်းချင်၍လား ကံဆိုးချင်၍လားတော့ မပြောတတ်။ အရင့်အရင်ကလည်း မတွေ့ဖူး၊ မသိဖူး၊ မကြွမ်းဖူးပါပဲလျက်၊ သုံးရက်မျှသော သကြိန်ကာလလေးတွင်တွေ့ပြီး အကဲဖြတ်ပြီး၊ ပြန်ရှင်လာသော နှလုံးသား၏ ညှေ့သည်အဖြစ် သူ့ကိုလက်ခံမိပြီ။

ကားပေါ်မှဆင်းလာသော လင်းဆွေက သိပ်အကြွမ်းမဝင်သော နေရာအဖြစ်၊ ဆေးတက္ကသိုလ်ဝင်းထဲကို မျက်စေ့ကစားသည်။ သိရိကို သူ တွေ့ပုံမရ။ စာတစ်အုပ်စီဖြင့် ခပ်အေးအေးထိုင်နေကြသော သိရိနှင့် သူငယ်ချင်းများ နေရာကလည်း၊ လင်းဆွေနေရာကနေ အလွယ်တကူ မမြင်သာ။

ဘယ်မှာ ရှာရမည်ဟု အတိအကျပြောမထား။ ဘယ်မှာ ရှိမယ်တော့ ဘယ်သေချာမလဲ၊ ကျောင်းထဲမှာပဲ ရှိမှာပေါ့၊ ကိုလင်းဆွေရအောင် ရှာယူ ပေါ့ဟု သိရိပြောခဲ့သည်။

ဟိုသွားရမလို၊ သည်သွားရမလိုဖြစ်နေသော လင်းဆွေကိုကြည့်၍ သိရိပြုံးသည်။ ကိစ္စမရှိ၊ သည်လိုမကျွမ်းကျင်မှုတွေများများတွေ့လေ သူ့အတွက် အမှတ်ပိုလေပဲဖြစ်မည်။

သိရိကျေနပ်စွာ ထရပ်သည်။

''ဘယ်လဲ သိရိ''

ဘယ်သူ့မှ အဖော်မစပ်ပဲ တစ်ယောက်တည်းသွားရန် ပြင်လိုက်သည့် သိရိအမူအရာကြောင့် အနားမှ ခင်ဝင်းရီက လှမ်းမေးသည်။ အကြောင်း မရှိပဲ အချင်းချင်းချိုထားဖို့မလိုသည့်ကိစ္စမို့ သိရိကပြုံးယင်း…

''ခဏပါဟာ၊ ဟိုမှာ ညှေ့သည်တစ်ယောက်လာနေလို့ သွားတွေ့ မလို့''





''ညှေ့သည်…ဟုတ်လား၊ ဘယ်တော့လဲ''

''ဟောဟိုက ရှပ်အင်္ကျီလက်စက ခေါက်ထားတဲ့လူ''

''ဟင်''

သိရိကပြောပြောဆိုဆိုနှင့်ပင် ယောင်လည်လည်ဖြစ်နေသည့် …းဆွေဆီ ခပ်သွက်သွက်လျှောက်သွားသည်။ ခင်ဝင်းရီ အံ့သြစွာဖြင့် …သူငယ်ချင်းများကို လှမ်းကြည့်သည်။ ကျန်သူငယ်ချင်းများလည်း …ားသင့်နေသည်။

ဆေးတက္ကသိုလ်ရောက်စ တစ်လနှစ်လကနေ သည်ဘက်ပိုင်းနှစ်နှစ် …က်အတွင်း သိရိထွက်တွေ့သော ယောကျ်ားညှေ့သည်ဟူ၍ မရှိ …သာက်ပင်။ ရှိလည်းသည်လို လိုလိုလားလားမဟုတ်။

သူတို့ကြည့်နေစဉ်အတွင်း ညှေ့သည်နှင့်ရယ်မောစကားပြောနေသည့် …ကိုလှမ်းမြင်ရသည်။

ကောင်းကင်တွင် မည်သည့်နက္ခတ်တွေ မည်သို့ပြောင်းလဲကုန်သည် …မသိ။ ကမ္ဘာကြီး ဘာဖြစ်သွားသည် ဆိုသည်လည်း ဘာသတင်းမှ …ား၍ မသိ။

သို့သော် လောကကြီးမှာ တစ်ခုခုတော့ ထူးခြားစွာ ပြောင်းလဲသွား …ကြောင်းကိုကား သူတို့အားလုံး သတိထားမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၇)

BURMESE CLASSIC .com

လင်းဆွေ နာရီကြည့်လိုက်သည်။

နဂိုကမှ သိပ်စိတ်တိုင်းမကျဖြစ်နေသည့် သူငယ်ချင်းအုပ်စု ... တော့ကန်ကုန်တော့မှာပဲဟု စိုးရိမ်သွားသည်။ ပြန်ရောက်မည်မှန်းပြီး စို... စာအုပ်ပေးခဲ့သော အချိန်ထက် တစ်ချိန့်လွန်သွားပြီ။

သို့သော် ကိစ္စတော့ သိပ်မရှိ။ တစ်ဘက်တွင် စိုးရိမ်စရာဖြစ်... သည်နှင့်အမျှ သည်တစ်ဘက်တွင် စိုးရိမ်စရာ ကိစ္စအတော်လျော့နည်း... ပြီဖြစ်၏။ ဘာပြောပြော သည်ခရီးသည်မှန်းခြေထက် အတော်ပေါက်ရော... အောင်မြင်ခဲ့သော ခရီးဖြစ်သည်ကတော့ သေချာသည်။

စဦးထိုးစစ်တွင် ရန်သူ့နယ်မြေ အတန်အသင့် သိမ်းပိုက်နိုင်ခဲ့... စစ်သူကြီးတစ်ယောက်၏ ဝမ်းသာနည်းမျိုးဖြင့် လင်းဆွေကိုယ့်ကိုက... ကျေနပ်နေမိသည်။ အမှန်က တထိတ်ထိတ်ဖြင့် သွားခဲ့သောခရီး။ အ... မသင့်လျှင် အလဲအကွဲများစွာဖြင့် နှစ်ဘက်ရှုံးရှုံးပြီး ပြန်လာရမည့်... ဖြစ်သည်။

တစ်ဘက်ကလည်း စိုးနှင့်တကွသော သူငယ်ချင်းများ၏ ညို... ခံရရုံသက်သက်ရှုံး၊ တစ်ဘက်မှာလည်း ရေထဲ ခဲတစ်လုံးပစ်ချသလို ... ဟု မည်သံလေးမျှ မကြားရပဲ အရာမထင် ရှုံး၊ နောက်ဆုံး လင်... တစ်ယောက်တည်း ငုတ်တုတ်၊ အူမည့်ပွဲပင်။



ကံပဲ ကျေးဇူးတင်ရမလား မပြောတတ်။ မိမိမှာတော့ သည်လောက် ကြီး အစွမ်းအစတွေ အရည်အချင်းတွေ မရှိတာကတော့ သေချာသည်။ ဘာကြောင့်မှန်းမသိပဲ ကံကောင်းလာခဲ့သည်။

စခြင်းကောင်းသော ဇာတ်လမ်းလေးအဖြစ် ဖြတ်လမ်းကနေ မှတ်တမ်းတင်ဖို့တောင် ကောင်းနေ၏။

"ဩော်..."

ပိုင်ပိုင်နိုင်နိုင် မကျွမ်းသော ဒေသထဲရောက်နေပြီး ဘယ်ကနေ ဘယ်လိုသွားပြီး သီရိကို တွေ့အောင်ရှာရမလဲဟု စဉ်းစားနေဆဲ အုပ်ချုပ် ရေးရုံးဘက် လှေကားထောင့်ချိုးကွေ့မှ ပတ်ဆင်းလာသော သီရိကိုလှမ်းမြင် လိုက်ရသဖြင့် ရင်ထဲ အေးခနဲ ဖြစ်သွားသည်။

အအေးကို နှင်းဆောင်းပေးသလို လှမ်းမြင်လိုက်ရသော သီရိ၏ မျက်နှာပေါ်တွင်လည်း အပြုံးလှလှလေး တစ်ခုပါလာသည်။ ပြီးတော့မှ ကြားလိုက်ရသည်ကလည်း အပြုံးလေးနှင့်အတူနှလုံးအေးဖွယ်စကားတစ်ခု။

"ဧည့်သည်ကြီးက ကတိတည်သားပဲ၊ သီရိက ကိုလင်းဆွေ မလာ ဘော့ဘူးလို့တောင် အောက်မေ့နေတာ"

"မလာပဲနေမလား သီရိရယ်၊ ရောက်အောင်လာချင်လို့ တမင်ခွင့် တောင်းထားတာပဲ၊ ဒါပေမယ့် ဒီရောက်မှ ဘယ်ကနေဘယ်လို လိုက်ရှာ ရမှန်းမသိတာနဲ့ ယောင်လည်လည်ဖြစ်နေတာ"

"သိပါတယ်၊ ကားပေါ်က ဆင်းလာပြီးကတည်းက အူကြောင် ကြောင်ဖြစ်နေပြီဆိုတာ"

"သီရိ ကျွန်တော့်ကို မြင်နေတာပေါ့"

"အင်းပေါ့"

"တော်သေးတာပေါ့ဗျာ၊ လှမ်းမမြင်ရတဲ့နေရာသာ ရောက်နေယင် ကျွန်တော်တော့ ဒုက္ခပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ…ခုတော့ ဒုက္ခ မရောက်တော့ပါဘူး၊ လာ ကင်တင်းပဲသွား မယ် မဟုတ်လား၊ အဲဒီမှာ ထိုင်စကားပြောတာပေါ့"

"ဟုတ်ကဲ့"

အစ၏ကောင်းခြင်းနှင့်လည်း ပြည့်စုံ၏။

✡ ✡ ✡

ဆင်ဝင်ကျယ်ကြီး အလယ်လောက်၌ တွေ့ဆုံပြီး၊ သူကားရပ်ထားခဲ့ ရာ ချိုချဉ်စီးကရက်ဆိုင်လေးဘက် ပြန်လျှောက်လာယင်း နံရံကပ်ပန်းချီ ကားကြီးများအရောက် သီရိကပင်စ၍…

"သကြ်န်တုန်းကပြောတာ အလကားနော်၊ ဧည့်သည်လာယင် အိမ်ရှင်ကပဲ ကျွေးရရိုးထုံးစံရှိတယ်။ ဟိုရောက်မှ လုမရှင်းနေပါရစေနဲ့ ဘေးကလူတွေမြင်ယင် ရုပ်ပျက်တယ်"

"ဟောဗျာ…စည်းကမ်းချက်က ပြောင်းသွားပလား ဒုက္ခပါပဲ ဒီလိုဆို ကျွန်တော် အကုန်အကျ သက်သာနေမှာပေါ့"

သီရိပြုံးသည်။

"မပူပါနဲ့ ကိုလင်းဆွေရယ်၊ အိမ်ရှင်ကလဲ သိပ်အကုန်အကျ မခံပါ ဘူး၊ နီးနီးနားနားနဲ့ ပေါပေါလောလော သက်သာဆိုင်ကပဲကျွေးလိုက်မှာပဲ"

လင်းဆွေကရယ်ယင်း….

"ကောင်းပါတယ် သီရိရာ၊ လူကြီးလုပ်တဲ့သူက ကောင်းတာ ထင်လို့ စီမံတာကို ကျွန်တော်လဲ ညင်းဖို့ စိတ်ကူးလုံးဝမရှိပါဘူး"

"သိမှာလိုက်တာ၊ သွားတာတော့ အတော်ဝေးဝေး သွားရဦးမှာ ကိုလင်းဆွေရဲ့၊ ရောက်နေပြီ အထဲဝင်"

"ဟင်…"





ပန်းချီကားဘေးမှ ကပ်လျှောက်လာယင်း အဆောင်ကူးနတ်လမ်းကို ကျော်ရောက် သီရိကဗယ်ဘက်ချိုးချိုးခြင်းပြောသည်။ သည်တော့မှ သည်နားမှာ စားသောက်ဆိုင်ရှိကြောင်း လင်းဆွေသိသည်။

နေရာလေးကတော့ အကောင်းစားလေးပင်၊ လမ်းမကြီးပေါ်က မြင် နေရသော ဆေးတက္ကသိုလ်၏ ပင်မမျက်နှာစာဆောင်နှင့် စာသင်ဆောင် ကြားတွင် ကွက်လပ်လေးဖြစ်နေသည်။ ကွက်လပ်၏ မြောက်ဘက်အစပ် နားတွင် ယခင်စက်မှုကျောင်း၏ လက်ကျန်ပစ္စည်းဖြစ်သော သတ္တုတွင်းတူး အလုပ်သမားကျောက်ရုပ်လေးရှိသည်။ သည်မှာဘက်အစပ်နား၌ ရေတာမာ ပင်လေး။

ရေတာမာပင်ရိပ်နှင့် အဆောင်နေရိပ်မှာလည်း စားပွဲလေးတွေရှိသည်။

သီရိက အပြင်စားပွဲမှာ မထိုင်ပဲ၊ အဆောက်အဦတွင်းရှိ စားသောက် ဆိုင်ခန်းထဲ ဝင်သည်။ အတော်ကျယ်ကျယ်ဝန်းဝန်းနှင့် အေးအေးချမ်းချမ်း ရှိလှသော စားသောက်ဆိုင်လေးကို လင်းဆွေသဘောကျသွား၏။

လူခြောက်ခြောက်လည်း မဟုတ်၊ ရှုတ်ရှုတ်ခတ်အောင်လည်း မများ၊ ထိုင်၍ကောင်းသည့် အနေအထားမျှသာ၊ သီရိကပင် ဦးဆောင်၍ ဘုရားစင် လေးရှိရာဘက်၊ ထောင့်နေရာလေးတွင် ဝင်ထိုင်သည်။

"ကဲ…ဧည့်သည်ကြီး၊ ဘာစားမလဲ ကြိုက်တာသာပြော ဒီမှာရတဲ့ စားစရာတွေကတော့ အမြင်ပဲ၊ ဝါသနာပါယင်ကျမ်းတစ်စောင်ပြုလို့ ရတယ်"

သီရိစကားကြောင့် ဆိုင်ခန်းတွင်းရှိ စားသောက်ဖွယ်ရာ စာရင်းများ ကို ရယ်ယင်းလှည့်ပတ်ကြည့်သည်။ ပြောလည်းပြောစရာပင်။ ကောင်တာ မြင်ရသော ခေါင်းရင်းဘက်နံရံတွင် လက်ဖက်ရည်ဆိုင်အတွက် လက်ဖက်ရ ည်၊ ကော်ဖီရိုးရိုး၊ နက်စ်ကဖေး၊ နို့၊ အိုဗာတင်း၊ ဘာညာစာရင်းရှည်ကြီး က တစ်ခု။ ထိုမှ တောင်ဘက်လားသော် အပေါ်ပါးစား တရုတ်စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်၏ စာရင်း။ အသားသုပ်၊ နို့၊ ဆီချက်ခေါက်ဆွဲကစ၍ ၂ ကျပ်ခွဲတ... စာရင်းကြီး၊ ကြာဆံဆီချက်၊ ခေါက်ဆွဲပြုတ်၊ ကြာဆံပြုတ်၊ မြီးရှည်... ကော်ရည်။ ပြီးတော့ ဘာမှန်းမသိသည့် စက္ကူပိတ်နာမည်က တစ်... ငင်းတို့ကို ကြက်သား၊ ဝက်သားနှစ်မျိုးစီ ခွဲ၍ရသည်။ ထိုမှတောင်ဘ... ဆက်ကူးသည်။

ပုစွန် ၆ ကျပ် ကစ၍၊ ကြက်သား ၅ ကျပ်ခွဲ၊ အမဲသား ၄ က... ငါးဖယ် ၄ ကျပ်၊ ငါးဟင်း ၄ ကျပ်၊ ဘဲဥ ၃ ကျပ်၊ မြန်မာဟင်းထမင်း... ဆိုင်။

ဆက်ကူးပြီး ဖတ်သည်။ မုန့်ဟင်းခါး၊ ညှပ်ခေါက်ဆွဲ၊ ခေါက်... သုပ်၊ နန်းကြီးသုပ်၊ တို့ဟူးသုပ်၊ အစုံသုပ်၊ လက်ဖက်ဂျင်းသုပ်၊ ထိုနော... လမ်းခြားခွဲ အအေးဆိုင်ရှိသည်။ ကျောက်ကျော ''ဂဝါး''ဆိုသော စာ... ကြီး အကြီးကြီး တစ်ခုအပြင်၊ ကောင်တာဘေးမှာ စာရင်းတစ်ခု၊ ဘာ... စပတ်ကလင်း၊ ဖရုတို၊ ဗင်တိုနှစ်ကျပ်ခွဲစီ၊ လိမ္မော်၊ ဖီး၊ ကရင်ဆို... ပင်မှည့်နာနတ်၊ နှစ်ကျပ်စီ... နားနားနေနေမဖတ်ပဲ စာရင်းပြည့် အ... ဖတ်လျှင် အမောဆို့သေမှာတောင် စိုးရိမ်ရ၏။

လင်းဆွေ ရယ်သည်။

''အင်း...သီရိပြောမှ သတိထားမိသည်။ ဒီဆိုင်တစ်ခန်းထဲမှာ... အစားအစာက နရသီဟပတေ့ရဲ့ ထမင်းပွဲထက်တောင် အမယ်စုံနေ... တယ်''

သီရိကလည်း ရယ်သည်။

''အံမယ်...ဒါတင်ဘယ်ကမလဲ၊ ဆိုင်ထဲက ဆောင်ပုဒ်၊ ပို... တွေကြည့်ပါဦး၊ ပြည်ထောင်စုနေ့ ကြွေးကြော်သံ ဆိုင်းဘုတ်တွေ... ငိုသွားရမယ်''

''ဟုတ်လား...''





စကားဝိုင်းလေးက ဘာမှမဟုတ်ပဲ ပျော်စရာကောင်းနေသည်။ သီရိ ...ပြမှုကြောင့် လင်းဆွေ ကိုယ်ကိုစောင်း၍ အနောက်ဘက်နံရံရှိ ဆောင် ...လေးများကို လှမ်းဖတ်သည်။ အလွန်ဟုတ်နေ၏။

''စုပေါင်း၍ဝိုင်း၊ ဒါသင့်ဆိုင်
ကိုယ်တိုင်ပါဝင်မှ''

''ဆိုင်သန့်ရှင်းရေး ဦးစားပေး မနေးကူညီကြ''

''ဆိုင်၏အကျိုး၊ ကိုယ့်အကျိုး
...သယ်ပိုးဆောင်ရွက်၊ လက်တွဲလျှက်''

''ဆိုင်ကြီးပွားရန်၊ ဝိုင်းဝန်းကြဲ
ဝေဖန်သမှု၊ အစဉ်ပြု။''

''မဆိုးဘူး သီရိရ၊ ဒီဆိုင်စီမံအုပ်ချုပ်တဲ့သူသာ၊ အလုပ်ပြောင်းလုပ် ...် လက်ရှိစာရေးဆရာတွေ ငိုရလိမ့်မယ် နည်းနည်းနောနော ရေးထား ...ဘမှ မဟုတ်တာ''

''အမယ်...ဒါ ဘာဟုတ်သေးလဲ၊ ဆိုင်နာမည်လဲဖတ်ကြည့်ဦး၊ ...ပေါ်မှာ နာမည်အရှည်ဆုံး စားသောက်ဆိုင်''

စိတ်ဝင်စားစရာတွေက ထပ်ထပ်ပိုလာသဖြင့် လင်းဆွေရယ်ယင်း ...ပြန်လှည့်ကြည့်သည်။ ဆိုင်နာမည်ဆိုင်းဘုတ်က၊ အမောမခံနိုင်သူများ ...နှမသင့်။

''ဆေးတက္ကသိုလ် (၁) အခြေခံအလုပ်သမား အစည်းအရုံး (၂၃) ...သမားများ၏ သက်သာချောင်ချိရေး စားသောက်ဆိုင်'' ဟုဖြစ်၏။

''တွေ့လား ကိုလင်းဆွေ၊ စာရေးဆရာ ငြိမ်းကျော်ကြားယင် ငိုကြီး ...ဖြစ်သွားမယ်၊ နှလုံးသားမြို့ပေါင်း တူးဖော်ချက်နောက်ဆုံးအစီရင် ...ို့ ပဋမမြောက် သမ္မာကျမ်းစာသစ်၏ အဓိနို့တော်ပြန်တမ်းကို ဒီနေရာ ...ကော်ကောက်ကျသွားပြီ''



www.burmeseclassic.com

www.burmeseclassic.com



လင်းဆွေ ရယ်ယင်း သဘောကျနေ၏။ သည်နေရာလေးက အမှ
ဘာမှမဟုတ်။ သက်သာဆိုင်တို့၏ ထုံးစံအတိုင်း အပြင်အဆင် အမွန်းအ
အချယ်အသမရှိ။ ပကတိခပ်စင်းစင်း ဆိုင်မျှသာဖြစ်သည်။ သို့သေ
သည်နေရာ၌ပင် ရှိသည့်အချက်အလက်လေးများပေါ် အခြေတည်ပြီး ရယ
စရာမောစရာလေးများဖြစ်အောင် တွေးတတ်သူကြောင့်၊ အေဒင်ဥယျာ
ထက်ပင် ပျော်စရာကောင်းနေသည်။

ဆိုင်လေးကို အထူးကျေးဇူးတင်နေမိသည်။

ဆိုင်၏ ဆိုင်းဘုတ်အတိုင်း ''ဆိုင်ကြီးပွားရန်၊ ဝိုင်းဝန်းကြံ'' ချင်စိ
များ တဖွားဖွားပေါ်ပေါက်နေ၏။

✡ ✡ ✡

''ကိုလင်းဆွေ၊ အခုလာတာ ကျောင်းပြေးပြီးလာတာပေါ့''

''အင်း...ပထမနေ့မို့ စာတွေသိပ်မသင်သေးတာနဲ့ ကျောင်းချိန်
လာခဲ့တာပါ၊ နောက်ဆို မနက်ပိုင်းလာခဲ့မယ်လေ၊ သီရိတို့ အတန်းအာ
လေးတွေ ပေးထားပါလား''

''သီရိလဲ အဲဒါပြောမလို့၊ သီရိတိုင်မ်တေဘယ် ယူထား ကို
ဆွေ၊ သူ့အကျိုးမရှိ၊ ကိုယ်အကျိုးမရှိ မလုပ်စေချင်ဘူး၊ နှစ်ဦးနှစ်
မထိခိုက်မယ့်အချိန်မျိုးပဲ ရွေးလာနော်၊ ခဏခဏလဲ မလာပါနဲ့ ဘာ
မလဲ''

''ဘာလုပ်မလဲဆိုတဲ့ မေးခွန်းတော့ မဖြေတတ်ဘူး သီရိရာ၊ ဒ
မယ့် ခဏခဏတော့ လာချင်တယ်။ တကယ်လို့ ကျွန်တော်ရော
အချိန်မှာ သီရိ မအားယင်လဲ ထွက်မတွေ့ပါနဲ့၊ ကျွန်တော့်ဟာ ကျွန်
သင့်ရာနေရာမှာ ကြည့်နေပါ့မယ်''





သီရိပြုံးသည်။

''သီရိပြောတာ ဒီအဓိပ္ပာယ်အထိတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အဲလို နားလည်မှုလေး ကြိုရှိထားယင်တော့ ပိုကောင်းတာပေါ့၊ ဒီစကားဟာ ကိုလင်းဆွေကို မလိုလားလို့ ပြောတာမဟုတ်ဘူးဆိုတာတော့ ကိုလင်းဆွေ နားလည်ပါတယ်နော်''

''နားလည်ပါတယ် သီရိရ..၊ လိုလားထားတာလေး ပျက်မသွားအောင် ကြိုတင်ပြင်ဆင်ထားတယ်ဆိုတာ သဘောပေါက်ပါတယ်''

''အင်း...ကိုလင်းဆွေ စကားတတ်တာပဲ၊ နောက်ကို အပြောအဆိုတောင် သတိထားရမလို ဖြစ်နေပြီ''

လင်းဆွေ ရယ်သည်။

''သတိထားတာတော့ မမှားပါဘူး၊ သတိဆိုတာ ပိုတယ်မှမရှိပဲ။ ဒါပေမယ့် မပူတော့ မပူနဲ့၊ သတိလက်လွတ်ဖြစ်သွားယင်လဲ ဘာမှမဖြစ်ပါဘူးဗျာ၊ ကျွန်တော့်ကို ခင်ခင်မင်မင်နဲ့ ယုံယုံကြည်ကြည်ပေါင်းပါ၊သတိထားပြီး ဆက်ဆံရမယ့် မိတ်ဆွေစာရင်းထဲမှာ ကျွန်တော် မပါပါဘူး''

''ဟင်...ဒါဖြင့် သီရိက ဘာကိုသွား သတိထားရမှာလဲ''

''သတိထားစရာ မလိုဘူးဆိုတာ အမြဲသတိထားနေပေါ့ သီရိရဲ့''

''ဟာ...အဲဒါမှ ရှုပ်ကုန်တာပဲ''

နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်ဖြစ်သည်။

စကားဝိုင်းလေးက ခနစ်တကျလေး စည်ကားနေသည်။ လင်းဆွေ
ရင်ထဲ၌တွင် စားသောက်ဆိုင်ဘက် လျှောက်လာစဉ်မြင်တွေ့ခဲ့သော နံရံကပ်
ပန်းချီကားကြီးကို သတိရနေသည်။ ပန်းချီကားနှင့် အတော်တူသည်ဟု
သည်း ခံစားနေမိသည်။

ပန်းချီကားက အလွန်လှပသော လက်ရာဖြင့် ရေးဆွဲထားသည့်
ာမ သမင်လိုက်ခန်း။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း သူ့အတွက် အလွန်လှပသော သမင်လိုက်ပွဲလေး ဖြစ်နေ၏။

✡ ✡ ✡

အတွေးအဆုံးနှင့် ကျောင်းထဲအဝင် တစ်ချိန်တည်းလိုဖြစ်နေသည်။

ကျောင်းဝင်းရှေ့ ကုက္ကိုင်းလမ်းအတိုင်း ကားလေးဝင်လာယင်း စိုးတို့ရှိနိုင်မည့်နေရာများကို လှမ်းကြည့်သည်။ မတွေ့။

နှစ်ခုဖြစ်နိုင်သည်။

တစ်ခုက စာသင်ခန်းထဲမှာ အတန်းတက်နေခြင်း၊ နောက်တစ်ခုက ကင်တင်းဘက် ရောက်နေခြင်း။

စာသင်ခန်းထဲ ဝင်ကြည့်၍ မတွေ့လျှင် စားသောက်တန်းဘက် လိုက်မည်ဟု ဆုံးဖြတ်လိုက်၏။

❁ ● ❁



အခန်း (၁၈)

ကားကို လှူငယ်ဆိုင်ရှေ့ ရပ်ခဲ့ပြီး တီသရီး လှေကားမှပတ်တက်ခဲ့၏။

စာသင်ခန်းမကို နောက်ဘက်မှဝင်ရန် ချိုးအကွေ့၊ စင်္ကြန်လမ်းတွင် ...ဝပေး၍ထိုင်နေသော သန်းဝင်းကိုတွေ့သည်။ လင်းဆွေ အံ့ဩသွားပြီး...

"ဟော့ကောင်...သန်းဝင်း"

သန်းဝင်းက လှည့်ကြည့်သည်။ ပြီး ခပ်အုပ်အုပ်လေသံဖြင့် ...

"လင်းဆွေ...လာ"

"နေပါဦး၊ မင်းကဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ ...န်းဝင်း၊ အတန်းရှိတယ် မဟုတ်လား၊ ဟိုကောင်တွေကော"

"ရှိတယ်၊ ဟိုတစ်အုပ်လုံး အတန်းတက်နေတယ်၊ ငါ မင်းကိုစောင့် ...တာ မင်းနဲ့နှစ်ယောက်တည်း ပြောစရာရှိလို့"

"အင်း...ပြော...ဘာပြောမလို့လဲ"

အခြေအနေအရ ပြောသာပြောခိုင်းလိုက်ရသည်။ သန်းဝင်းစကား ...သူ့သိပ်နားမထောင်ရဲ။ စိတ်ရှုပ်ထွေးဖွယ်ရာ စကားတစ်ခုခု ခုချိန်မှာ ...ကြားချင်။

သန်းဝင်းက ရပ်လိုက်ပြီး...

"လာကွာ လင်းဆွေရာ၊ မင်းနဲ့ငါနဲ့ ဟိုဘက်လမ်းလျှောက်ပြီး

www.burmeseclassic.com

ပြောရအောင်''

လင်းဆွေ ပင့်သက်တစ်ချ ခိုးရှိုက်သည်။ သည်လိုအမျိုးမျိုးလည်း မကြိုက်၊ သို့သော် မလိုက်လို့လည်း မဖြစ်။ သို့အတွက် သန်းဝင်းနှင့်အ တီသရိုးဘေးမှ ပြန်ပက်ဆင်းပြီး အင်းလျားလေး ရေစပ်ဘက် လျှောက်လာသည်။

ရေစပ် ကုက္ကိုပင်ရောက်မှ သန်းဝင်းက အုတ်ခုံတွင် ဝင်ထိုင်ယင်း

''တခြားတော့ မဟုတ်ပါဘူး၊ မင်း ငါ့ကို နားလည်အောင် ရှင်း ထားချင်လို့ပါ၊ မနက်က မင်းကို ငါပြောတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီ မင်းတစ်မျိုးမထင်စေချင်ဘူး လင်းဆွေ''

''ဘာကိစ္စလဲ သန်းဝင်း၊ မင်းကို ငါတစ်မျိုးထင်စရာ ဘာမှ မ ပါဘူး''

''အော်…မင်း သီရိကို လိုက်တဲ့ကိစ္စနဲ့ ပတ်သက်လို့၊ မနက်က ငါကပဲ ဦးဆောင်ပြီး တင်းတင်းမာမာ မင်းကိုပြောတဲ့ကိစ္စပါ။ မင်းတစ်မျိုး ထင်တာ မထင်တာကတော့ တစ်ပိုင်းတစ်ကဏ္ဍပေါ့ကွာ၊ ဒါပေမယ့် ငါ့ အနေနဲ့ သူငယ်ချင်းအချင်းချင်း အဲလိုပြောလိုက်ရတာကို စိတ်ထဲမကောင်း ဘူး၊ တစ်ချိန်လုံးလဲ စိတ်မကောင်းဖြစ်နေခဲ့တယ်။ အဲဒါနဲ့ မင်းပြန်လာ အကျိုးအကြောင်းပြောပြမယ်ဆိုပြီး တမင်လူခွဲထွက်နေတာ''

သန်းဝင်းထံမှ မမျှော်လင့်ပဲ ကြားလိုက်ရသည့် စကားကြော လင်းဆွေ အံ့ဩခြင်းနှင့်အတူ ဝမ်းလည်းသာသွားသည်။

''အင်း…ပြောပါဦး၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းဘာပြော လဲ''

''ဒီလိုကွာ၊ မင်း သီရိကိုလိုက်တဲ့ကိစ္စမှာ စိုးအနေနဲ့ အရမ်းစိ ထိခိုက်စရာ ဖြစ်သွားတယ်ဆိုတာကိုတော့ မင်းသိတယ်မဟုတ်လား''

''အင်း…ဆိုပါတော့ကွာ''





''ဆိုပါတော့ မဟုတ်ဘူး၊ ဟုတ်ကိုဟုတ်တယ်၊ မင်းရှေ့မှာသာ စိုးက ဟန်ဆောင်နေတာ၊ တို့ရှေ့မှာ ကောင်မလေးမျက်ရည်ကျပြီးပြီ။ အဲဒီလို စိုးက စိတ်ထိခိုက်၊ ပတေးကလဲ မင်းကို ဒေါကန်၊ မဝေနဲ့ ခင်လတ်ကလဲရောပြီး ဒေါပွနေတော့ သူတို့ဒေါသနဲ့ စိတ်ထိခိုက်တာ ပျောက်သွားအောင် သက်သာသွားအောင် ငါတမင်ဝင်ပြောခဲ့တာ၊ ဘာပြော ပြော သူငယ်ချင်းချင်း စိတ်ဝမ်းတော့ မကွဲစေချင်ဘူးလေ…ငါပြောတာ သဘောပေါက်တယ် မဟုတ်လား''

''ပေါက်ပါတယ်''

''ဒါပေမယ့် မင်းနားလည်အောင် ငါ့သဘောကိုတော့ ကြိုပြောထား လို့၊ ငါ့အနေနဲ့၊ ငါ့အနေနဲ့ဆိုတာ၊ ငါတစ်ယောက်တည်း အနေနဲ့ကတော့ ဘာမှကိုမဖြစ်ဘူး လင်းဆွေ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စ မင်းပြောသလိုပဲ နှလုံးသားကိစ္စ၊ ကိုယ်ရေးကိုယ်တာကိစ္စ၊ မင်းကိစ္စကို မင်းကြိုက်သလို ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်လို့ ငါလဲ ယုံပါတယ်။ နောက်ပြီး မင်းနဲ့စိုးနဲ့ကလဲ တကယ်တရားဝင် ဘာမှဖြစ်ကြတာမှ မဟုတ်ပဲ''

''တရားဝင်ဖြစ်နေယင်တော့ သီရိက ဘာကြီးဖြစ်ဖြစ် စိုးကိုငါ ဘယ်သစ္စာမဲ့ပါ့မလဲ သန်းဝင်းရာ''

''အေးပေါ့…အဲဒါ ငါပြောတာပေါ့၊ သူ့ဟာသူ တစ်ဘက်သတ် ဖြစ်နေတဲ့ကိစ္စကို၊ ငါ့အနေနဲ့ သနားတာတော့ သနားတာပေါ့ကွာ၊ ဒါပေ မယ့် ပတေးတို့လို ဒေါကန်တာမျိုးတွေ ဘာတွေ ငါ့မှာ မရှိပါဘူး၊ မင်းဟာ မင်းချစ်တဲ့သူကို မင်းစိတ်ကြိုက် ရွေးခွင့်ရှိရမှာပေါ့''

''အေးကွာ…ငါလဲ ပတေးကို အဲဒီအတိုင်း ပြောပြပါတယ်။ ဒါပေမယ့် ပတေးက လုံးဝကို လက်မခံတာ၊ မနက်က တော်သေးတယ်။ ကျောင်းပိတ်ရက်တုန်းက ဘယ်လောက်အထိ ပြောသလဲဆိုယင် သီရိကို ငါလိုက်တာနဲ့ သူနဲ့ငါနဲ့ ရန်သူဆိုပြီး ပြောတာ''

www.burmeseclassic.com



"အဲဒီအထိတော့ မကောင်းဘူးပေါ့၊ ဟုတ်တာပေါ့ လင်းဆွေ ကဲပါ…အဲဒါတွေ ထားလိုက်ပါတော့၊ သူလဲ ခုတော့ မနက်က ငါညှိပေးတဲ့ပုံစံကို ကျေနပ်သွားပါပြီ၊ ငါ့အပိုင်းကတော့ ငါရှင်းရှင်းပဲ မင်းကို ပြောထားမယ်၊ မင်းအခက်အခဲရှိလို့ တိုင်ပင်ဆွေးနွေးချင်ယင်လဲ ဖွင့်သာ တိုင်ပင် ကျေနပ်လား လင်းဆွေ"

"ဟား…ကျေနပ်တာပေါ့ သန်းဝင်းရာ၊ ကျေနပ်ရုံတင် ဘယ်က မလဲ ကျေးဇူးတောင်တင်ပါသေးတယ်။ ပတေးတို့ မဝေတို့ကို ငါ အပြစ် မတင်ပါဘူး။ စိတ်ထဲ ဘယ်လိုမှလဲ မအောက်မေ့ပါဘူး၊ ဒါပေမယ့် ငါလဲ တိုင်ပင်ဖော် တိုင်ပင်ဘက် တစ်ယောက်လောက်တော့ ရှိချင်တာအမှန်ပဲ သန်းဝင်း"

"ဒါပေါ့ကွာ၊ အဲဒါ ငါနားလည်တာပေါ့၊ ဒါမျိုးဆိုတာ ယုံကြည် လောက်တဲ့ သူငယ်ချင်းတစ်ယောက်ယောက်နဲ့ ဆွေးဆွေးနွေးနွေး ညှိညှိ နှိုင်းနှိုင်းလေးလုပ်မှ ကောင်းတာမျိုးဥစ္စာ၊ မပူပါနဲ့ ငါရှိပါတယ်"

"အေးကွာ၊ ငါအတော်လေး အားတက်သွားတယ်"

"အဲ…တစ်ခုတော့ ရှိတာပေါ့၊ သူတို့ရှေ့မှာတော့ ဘာမှမပြောနဲ့ သူတို့ကွယ်ရာကျပြော၊ နို့မို့တို့နှစ်ယောက်က သစ္စာဖောက်သလိုဖြစ်နေ ယင် မကောင်းဘူး"

"ရပါတယ်၊ ဒါက ကျောင်းမှာ အခွင့်အရေးမရလဲ မင်းအိမ်ငါ လာခဲ့မှာပေါ့၊ ငါ့မှာ တိုင်ပင်ဖို့ လူလိုတာတော့ အမှန်ပဲ သန်းဝင်း၊ သီရိ နဲ့ပတ်သက်လို့ ငါနားမလည်တာတွေ အများကြီးကြုံရတယ်၊ ဖြစ်လာတဲ့ အခြေအနေတွေကလဲ အံ့သြစရာတော်တော်….ကောင်းတယ်"

သန်းဝင်း ပြုံးသည်။

"အဲ…လုပ်ပါဦး၊ မင်းကိစ္စနဲ့ ပတ်သက်လို့ ဘာမှငါတိတိကျကျ မသိရသေးဘူး၊ ဖြစ်ပျက်ပုံအသေးစိတ် ပြောပြပါဦး၊ ဒီအချိန်ကတော့





သူတို့အတန်းတက်နေတော့ ပြောလို့ရတယ်"

မျှော်တုန်းမျှော်ဆဲ သူလဲရောက်လာဆိုသော အငြိမ့်သီချင်းထဲကလို သည်ဘက်ကလည်း အင်မတန်မှ ပြောချင်နေသည့်အချိန်နှင့် တိုးသွားရာ လင်းဆွေ ဟန်ပင်မဆောင်နိုင်တော့၊ ဟီးခနဲ တစ်ချက်ရယ်လိုက်ပြီး…

"ဒီလိုကွာ…သီရိနဲ့ငါ တွေ့တာက ထူးဆန်းတယ်… က အစချီ၍ အဖြစ်အပျက်အလုံးစုံကို အသေးစိတ် အားရပါးရပြောပြတော့သည်။

ပြောရမည့်သူမရှိပဲ အကြာကြီးမြိုသိပ်ထားရ၍လား မသိ။ ပြောရ သည်မှာ အရသာရှိလွန်းလှသည်။

ကမ္ဘာပေါ်မှာ အကောင်းဆုံး စားစရာတစ်ခုကို စားလိုက်ရသည် ထက်ပင် ချိုမြိန်အားရလွန်းလှ၏။

"ဟ…ဒါဖြင့် မင်းအခြေအနေက အတော်အိုကေနေတာပဲလင်းဆွေ ရ မသိပါဘူးကွာ၊ မင်းက တိုင်ပင်ဖို့ လူလိုနေတယ်ဆိုလို့၊ ငါ ထိတ်တောင် သွားတယ်၊ ဘာများ အခက်အခဲရှိနေသလဲလို့"

"အိုတော့ အိုကေပါတယ်၊ ဒါပေမယ့် သူနဲ့ပတ်သက်လို့ ငါနဲ့နဲ သဘောမပေါက်တာတွေရှိတယ် သန်းဝင်း၊ ငါတိုင်ပင်ချင်တယ်ဆိုတာ အဲဒီကိစ္စ"

"အင်း…လုပ်ပါဦး ဘယ်လိုသဘောမပေါက်လို့လဲ"

"သဘောမပေါက်တာရယ် လို့လဲမဟုတ်ပါဘူး၊ ဘယ်လို ပြောရ မလဲ၊ ငါအံ့သြနေတာ"

"ထားပါ…စကားလုံးက အရေးမကြီးပါဘူး"

"အေး…အဲဒါက ဘာလဲဆိုတော့၊ သီရိအနေအထားက မင်းကို ပြောပြီးတဲ့အတိုင်း၊ ငါနဲ့စာယင် အရမ်းမြင့်တာပဲ၊ ဆိုပါတော့ကွာ၊ ချမ်းသာ တာကော၊ ပညာတတ်တာကော၊ အဲဒီအပြင် လှလဲသိပ်လှတဲ့ မိန်းကလေး၊ အဲဒီလို မိန်းကလေးမျိုးမှာ သာမန်အားဖြင့်ဆိုယင် ယောက်ျားလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရိုက်သတ်လို့ မကုန်အောင် ဝိုင်းနေရမယ်။ အဲဒီ ဝိုင်းတဲ့သူတွေကြားထဲမှာ လဲ ငါပါလာပါလှယင် အလယ်အလတ်က အလွန်ဆုံးပဲဖြစ်မယ်''

''အင်း…သဘောပေါက်တယ်''

''အဲလို အနေအထားမှာ၊ သူ့အနေနဲ့ ငါ့လိုကောင်ကို ဒီလောက် အချိန်ပေး၊ ဦးစားပေးစရာကို မလိုဘူး၊ အမှန်က ဒီအချိန်အထိ သူ့မှာ ရည်းစားမရှိတာကကို အံ့သြစရာကောင်းနေတယ်''

သန်းဝင်းက ချက်ချင်း ခေါင်းခါသည်။

''ဟာ…ဒီလို ပြောလို့ဘယ်ရမလဲကွ၊ လောကမှာ ဖူးစာဆိုတာ အလကားပျော်လို့ လျှောက်ပြောနေတဲ့စကားလုံးမှ မဟုတ်တာ၊ ဖူးစာကြော ဆုံရတယ်ဆိုတဲ့ကိစ္စမျိုးမှာ အဆင့်အတန်းလဲမရှိဘူး၊ နောက်ကျတာ စောတာ မျိုးလဲ မရှိဘူး၊ ဖြစ်ရမယ့်သူနဲ့ ဖြစ်ချိန်မှဖြစ်တာပဲ''

''ဒါဖြင့် မင်းဆိုလိုတာက သူနဲ့ငါ ဖူးစာမှန်နေပြီလို့ ပြောတာ လား''

သန်းဝင်း ရယ်သည်။

''ဟာ…ဒါဖြစ်နိုင်တာပေါ့။ ဒီမှာ လင်းဆွေ ငါပြောပြမယ်၊ မင်း ဒီကိစ္စနဲ့ပတ်သက်လို့ ဘာမှအံ့သြထူးဆန်းမနေနဲ့၊ လောကမှာ ဒါထက်အံ့ ထူးဆန်းတာတွေတောင် တစ်ပုံကြီး၊ ဘုရင့်သမီးတော်နဲ့ သူတောင်း ညားတဲ့ဇာတ်လမ်း ရာဇဝင်တွေ မဖတ်ဖူးဘူးလား''

''ဒါတွေက ဒဏ္ဍာရီပဲကွ''

''ဩော်…ဒဏ္ဍာရီဆိုတာကတော့ လောကမှာ တကယ်မဖြစ်ဘ ပဲနဲ့ ဘာကိုအခြေခံပြီးပေါ်လာမလဲကွ၊ ဖြစ်လေ့ဖြစ်ထရှိတာမျိုးမို့၊ ဒဏ္ဍာရီ ဆိုတာက ကမ္ဘာနဲ့ချီပြီး တည်တံ့နေတာပေါ့''

သန်းဝင်းက အပိုင်ကို ပြောချသည်။

လင်းဆွေ ကြည့်ယင်းကြည့်ယင်း သန်းဝင်းကို ပိုကြည်ညိုလာ





✡ ✡ ✡

အတန်ကြာတွေသွားပြီးမှ လင်းဆွေစကားပြန်စသည်။

''ကဲ…ထားပါတော့ကွာ၊ မင်းပြောသလို ဖြစ်နိုင်တာတွေလဲ ရှိပါ ယ်၊ ဒါက တစ်ပိုင်းပေါ့၊ နောက်တစ်ပိုင်းက ခုသူနဲ့ငါ အခြေအနေမျိုး နောက်ပိုင်း ငါသတိထားလို့ရအောင် ကြိုတင်ပြီး အားလုံးနားလည် းချင်တဲ့သဘောနဲ့ မင်းကို ငါမေးမယ်''

''မေး…''

''သူနဲ့ငါ ဖြစ်နိုင်တယ်ဆိုတာကို မင်းပြောပြီးသွားပြီ၊ နောက်ပိုင်းက နဲ့ငါ မဖြစ်နိုင်ဘူးလို့ ယူဆနိုင်တဲ့ အချက်အလက်တွေ ထုတ်ကြည့်ပေး ကွာ၊ မင်းငါ့ကို ညှာစရာမလိုဘူး၊ ရဲရဲသာပြော၊ ကြိုသိထားလေ ငါ့ ့ ကောင်းလေပဲ''

''မှန်းဆကြည့်ရမယ့် သဘောပေါ့''

''အေးပေါ့''

''မဖြစ်နိုင်တာဆိုတာ နည်းနည်းပါးပါးတော့ ရှိမှာပေါ့ကွာ၊ ဥပမာ င်းတို့ ငါတို့ အိုကေတယ်လို့ သတ်မှတ်ထားတဲ့အခြေအနေက အစ မှာ အဆင်ပြေနေတာလေးကိုကြည့်ပြီး သုံးသပ်တာကိုး၊ နောက်ဘာဆက် ဦးမလဲ မင်းကော ငါကော သိမှမသိသေးတာ''

''အေး…အဲဒါကြောင့် မှန်းကြည့်နိုင်းတာပေါ့''

''အင်း…မှန်းပြီးရမ်းပြောမယ်နော်၊ မဖြစ်နိုင်တာတွေထဲကဆိုယင် သူ့မှာ ချစ်သူ သို့မဟုတ် လက်ထပ်ဖို့ စေ့စပ်ထားပြီးသူရှိနေယင် ့ မဖြစ်နိုင်ဘူး''

''မရှိဘူးလို့ ပြောတယ်ကွ''



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်သူက ပြောတာလဲ''

''မိသက်က''

''မင်းညီမ မိသက်က သီရိအကြောင်း အကုန်အစင် သိနေလို့လား''

''စေ့စပ်တာတို့ ဘာတို့ ရှိယင်တော့ သိရမှာပေါ့ကွာ၊ မိသက်နဲ့ သူ့ညီမနဲ့က သိပ်ရင်းနှီးတာပဲ ဥစ္စာ၊ သူ့ညီမသိယင် ပြောပြမှာပေါ့''

''အင်း…ဒါဖြင့် ချစ်သူလောက်ပဲ ဖြစ်နိုင်တယ်၊ တိတ်တိတ်ပုန်း ဘယ်သူမှ မသိအောင်ထားတဲ့ ရည်းစား ဘေးလူဘယ်သူမှ မသိဘူး''

''အေး…ဒါတော့ ဖြစ်နိုင်တယ်၊ ဒါပေမယ့် တစ်ခုရှိတာက အဲ… ဆိုယင်လဲ သူက ငါ့ကို ဘာဖြစ်လို့ ရင်းရင်းနှီးနှီး ဆက်ဆံဦးမှာ… ဘာသိဖာသာနေလိုက်လဲ ရတဲ့ဟာပဲ''

သန်းဝင်း ခေါင်းညိတ်သည်။ ပြီးမှ …

''ကဲ…လင်းဆွေ ဒီလိုမှန်းသမ်းပြီး ထင်ကြေးတွေနဲ့ လျှောက်… မနေနဲ့၊ ကြာယင် မင်းကော ငါကောရူးသွားလိမ့်မယ်၊ ဒီတော့ အဲဒါ… ဘာမှ မစဉ်းစားပဲ လုပ်စရာရှိတာ ဆက်လုပ်။ သူ့ဟာနဲ့သူ ရှင်းသွား… မယ်၊ သဘောပေါက်လား''

''အေး…အဲဒါပဲ ကောင်းပါတယ်''

''ဒါဖြင့် သွားကြစို့၊ ဟိုကောင်တွေ ဆင်းလာတော့မယ်၊ က… အောင်မြင်ပါစေ သူငယ်ချင်း''

သန်းဝင်းက ဟန်ပါပါနှင့် လက်ကမ်းပေးသည်။ လင်းဆွေ သ… ကျစွာရယ်ပြီး၊ သန်းဝင်းလက်ကိုဆွဲ၍ လက်ဆွဲနှုတ်ဆက်သည်။

နှစ်ယောက်စလုံး သူ့နည်းနှင့်သူ ကျေနပ်သွားကြကုန်၏။

✡ ✡ ✡





''ဘယ့်နဲ့လဲ အခြေအနေ''

''ပတေးအမေးကို သန်းဝင်းက လက်မထောင်ပြပြီး''

''အားလုံး အိုကေတယ်၊ ငါ့ကိုအကုန် ဖွင့်ပြောသွားပြီးပြီ''

''အခြေအနေက''

''အခြေအနေက မဆိုးဘူး ပတေး၊ ဘယ်လိုလုပ်ပြီး အဲဒီကောင် လေးကလဲ ဒီကောင်ကျမှ လာငြိနေသလဲ မပြောတတ်ဘူး၊ ဟုတ်တော့ အတော်ဟုတ်နေတယ် တစ်ခုပဲရှိတယ်''

ပတေး ခေါင်းထောင်လာသည်။

''အေး…အရေးကြီးတာ အဲဒီတစ်ခုပဲ၊ ဟိုဘက်က ဖြစ်နိုင်တဲ့ အများကြီးကို မပြောနဲ့၊ မဖြစ်နိုင်တဲ့ အဲဒီတစ်ခုပဲပြော၊ ငါဒါပဲ စိတ်ဝင် စားတယ်''

''အဲဒါက ဘာလဲဆိုတော့ ဒီကောင် သူ့ဟာနဲ့သူ အကြောင်းကြောင် ဖြစ်နေတယ်ကွ၊ အိပ်ပျော်နေတုန်း ဖုတ်သွင်းရထားလာဆိုက်ပြီး နိုးလာတော့ ရှင်ဘုရင်ဖြစ်နေရတဲ့ သူလိုပဲ၊ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ဘာလုပ်ရမှန်း မသိ ဖြစ်နေတယ်''

ပတေးက ရှုံ့ပြီး…

''မင်း ဥပမာ ပြန်ပြင်လိုက် သန်းဝင်း၊ မျောက်အုန်းသီးရသလို ဖြစ်နေတယ်လို့ ပြောယင်ရတယ်။ ရှင်ဘုရင်နဲ့ အဲဒီကောင်နဲ့ သွားမနှိုင်းနဲ့''

သန်းဝင်းက သဘောကျစွာ ရယ်သည်။ —

''အေးပါကွာ၊ ငါလဲ ဒီကောင်နဲ့ လုံးလို့ရအောင် ကြိုးစားဖို့ မြှောက်ပြောပေးတာ၊ အကျင့်ပါသွားလို့ပါ''

''ဟိုမှာပဲ မြှောက်၊ ငါ့ရှေ့လာမမြှောက်နဲ့၊ အေး…မင်း ပြောတာ ငါစိတ်ဝင်စားတယ်၊ အဲဒီတော့ ဒီလိုလုပ် ဒီကောင်မြှောက်နေယင်မင်းက ဆပ်မြှောက်ပေး၊ ဒီကောင် ဘာလုပ်ရမှန်းမသိချိန်မှာ တောင်ရပ် မြှောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖြစ်အောင်သာပင့်၊ ဒါထက် အရေးကြီးတာက…ဒီကောင် ဘာဖြ
နေတယ်ဆိုတာကို တို့မျက်ခြေမပြတ်သိနေဖို့ပဲ"

"အေးပါ…ငါနားလည်ပါတယ်"

"နားလည်ရမယ်၊ ကဲ…ဒီနေ့ မင်းရဲ့အောင်မြင်မှုအတွက် ငါ
ချီးကျူးတယ်၊ ရှိတ်ကင်း သူငယ်ချင်း၊ မင်း တော်တယ်"

သန်းဝင်းရယ်ပြီး ပတေးနှင့်လက်ဆွဲနှုတ်ဆက်သည်။

ဇာတ်လမ်းကတော့ စပြီဖြစ်၏။





အခန်း (၁၉)

သည်အတိုင်းဆိုလျှင်…ဖွင့်ပြောလိုက်ခြင်းသည် မမှားဟု လင်းဆွေ ဘာဖြည်းဖြည်း မြင်လာ၏။

ကြာခဲ့ပြီဖြစ်သောကာလကို လက်ဖြင့်ချိုး၍ တွက်ကြည့်သည်။ သိပ်ရှည်ရှည်ဝေးဝေး ချိုးစရာမလို၊ မနက်ဖြန် အောက်တိုဘာလ ၁၄ ရက်ဆို ခြောက်လပြည့်မည်။

စတွေ့သည့်နေ့က ဧပြီ ၁၄ ရက်။ ထိုရက်ပိုင်းမှ ကျောင်းဖွင့်ရက် မေ ၇ ရက်အထိကတော့ ဘာမှအသုံးမကျသော ကာလအဖြစ် ထားရမည်။ မေ ၇ ရက်ကနေ ယခုအောက်တိုဘာ ၁၃ ရက်ဆိုတော့ ငါးလနှင့် ခြောက်ရက်။ သိပ်တော့ မကြာသေး။ သို့သော် လှေ၊ လှည်း ခေတ်က သုံးနှစ်သုံးမိုးကို သည်ဘက်ဆူပါဆွန်းနစ်ခေတ်၊ ဘူးလက်ထရိန်းခေတ်တွင် ကာလတန်းဖိုး အချိုးချယူ၍ ခြောက်လဟု ပြောင်းလဲလျှင် ရစရာအကြောင်း ရှိသည်။ ကန့်ကွက်မည့်သူ သိပ်များများစားစားမရှိဟု ထင်မိ၏။

သန်းဝင်းပြောသလို သည့်ထက်ကြာသွားလျှင် အခြေအနေက ပြောင်းပြန်ဖြစ်မသွားဟု မည်သူမျှ အာမ မခံနိုင်။

ခုထိ ဖြစ်ခဲ့သော အခြေအနေအားလုံးကို တွက်လျှင် တိုးတက်မှု ရှိသည့်အပြင် တိုးတက်ရှိန်ကလည်း အံ့သြလောက်အောင် မြန်ဆန်သည်။ သို့ရာတွင် လိုရင်းက ထိုတိုးတက်မှုလေးကြည့်ပြီး ကျေနပ်နေရုံ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်ချင်သည့် အခြေအနေအထိ မိမိရရရောက်နိုင်သော တိုးတက်မှု
ဟုတ်မဟုတ် ခုချိန်မှာ ဆန်းစစ်ဖို့ လိုလာပြီ။

လိုအပ်လျှင် အရှိန်အဟုန်ကို ဆက်မြှင့်ရဦးမည်။ သို့မဟုတ် ရောက်
ချင်သည့် နေရာအထိရောက်ပြီဆိုလျှင်လည်း ရောက်သောအခြေအနေ
အဖိုးတန်အချိန်များကို တန်ဖိုးရှိစွာ အသုံးချရမည်။

ခုတော့ တောမရောက် တောင်မရောက် ကာလလေးမှာ ဘာတစ်
မှ ပိုင်ပိုင်နိုင်နိုင် မလုပ်နိုင်။

လင်းဆွေ အတွေးနှင့်အတူ ပြုံးမိ၏။ အခြေအနေက ကောင်းသည်
ဆိုပေမဲ့ တကယ့်ကို မပိုင်မနိုင်ကာလ။ လင်းဆွေက ကိုယ့်အခြေအ
ကိုယ်ရယ်လည်း ရယ်ချင်သည်။ ရယ်ချင်စိတ်နှင့်အတူ စာရေးစားပွဲပေါ်တွ
စက္ကူအိတ်လေးဖြင့် ထည့်သိမ်းထားသော ဓာတ်ပုံများကိုဆွဲထုတ်ယူသည်

စုစုပေါင်း ဓာတ်ပုံအစိတ်သုံးဆယ်လောက် ရှိမည်။ ထိုအထဲ
မကြာခင် ဓာတ်ပုံထည့် မတ်ရပ်မှန်လေးဖြင့် ထည့်ထားရန် ရည်ရွယ်ထား
သော ပုံလေးတစ်ပုံကို ဆွဲထုတ်ယူလိုက်သည်။

ကျောက်တန်း ရေလည်ဘုရား နောက်ခံနှင့် ရိုက်ထားသော သီရိ
ကိုယ်လုံးပြည့်နီးပါး ဓာတ်ပုံလေး၊ ပြုံးကြည့်နေသော သီရိထံ စကား
လေးတစ်ခု ကြားလိုက်ရသလို ခံစားရသည်။

"ရည်းစားမှ မဟုတ်ပဲ… ဘာလို့ ဓာတ်ပုံတွဲရိုက်ရမှာလဲ"

ဩော်…ဖြစ်မှဖြစ်ရလေ…ဟု ပြုံးယင်း လင်းဆွေတွေးမိသည်
သည်လောက် ကန့်သတ်ချက်ကြီးမားသော သီရိဖြစ်၏။ ရည်းစားမဟုတ်
တွဲရိုက်ထားတဲ့ပုံတွေ ဒီမှာ တစ်သိန်းလောက်ရှိနေသည်ကိုသာ ပြ
သီရိ ဘာပြောမည် မသိ။

တစ်ခုသေချာတာကတော့ သီရိကို သူကောင်းစွာ မပိုင်နိုင်သေး
ပြောရလျှင် စိုးလောက်ပင် ပိုင်နိုင်မှုမရှိ။ သို့သော် ဖြစ်ချင်တာက ဒီ





င်နိုင်ဖို့ မဟုတ်၊ သီရိနှင့် ပိုင်နိုင်ဖို့။ သည်ကိစ္စကလည်း တွက်ရတော့
က်လှသည်။ သီရိကပဲ အချိန်အဆခက်အောင် လုပ်နေတာလား။ ကိုယ်
ယ်တိုင်ကပဲ ဘာမှမခန့်မှန်းတတ်အောင် လုပ်နေတာလား။ ကိုယ်ကိုယ်
င်ကပဲ ဘာမှမခန့်မှန်းတတ်အောင် ညှံ့ဖျင်းနေ၍ပဲလား။

ခြောက်လတာကာလကို ပြန်လည်သုံးသပ်လျှင်၊ အောင်မြင်မှု
ဆိုက်အလျှောက် ရခဲ့သည်ဆိုတာကတော့ ဘာမှပြင်းစရာမရှိ။ အကြီးဆုံး
သော အောင်မြင်မှုကိုပြပါဆိုလျှင် ထိုဓာတ်ပုံလေးရရှိခဲ့ရာ ခရီးဖြစ်သော
လျှင်ဘုရားဖူးခရီးလေးကိုပြရပေမည်။

ထိုခရီးလေးတော့ အတော်ပျော်စရာကောင်း၏။

✡ ✡ ✡

"ကိုကို … ဒီဆန်းအေးအားလား"

ကြာသပတေးနေ့ ညနေဘက်တွင် မိသက်လာမေးစဉ်ကတော့
ယ်လိုတွေ ဘာတွေဖြစ်ဦးမည် မသိသေးသည့်အချိန်မို့ ထုံးစံအတိုင်း
သာလေသံဖြင့်…

"အားယင် ဘာလုပ်ဦးမလို့လဲ မိသက်၊ နင်တို့ကလဲ အားတိုင်း
ချည်းရှာနေတာပဲ၊ မအားဘူး၊ သွား…လိုက်လဲ မပို့နိုင်ဘူး"

မိသက် သိသိသာသာ စိတ်တိုသွားပုံရသည်။

"ပြီးရောပေါ့…မပို့နဲ့၊ ကိုကို့ကို အဲဒါမျိုးတွေ အမြင်ကတ်တာ၊
ါ၊ ဒီက စေတနာနဲ့လဲ သူ့ကိစ္စလုပ်လုပ်ပေးရသေးတယ်"

"ဘာကိစ္စလဲ"

"ဘာကိစ္စဖြစ်ဖြစ်ပေါ့၊ ကိုကိုမှ မအားတာ နေပစေအစီအစဉ်
လိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ လင်းဆွေ တဟဲဟဲရယ်သည်။

"နေဦးလေဟာ နင့်ကိစ္စက ဘာကိစ္စမှန်းမှမသိတာ ကိစ္စပေါ်မှတည် ပြီး အားသင့်မအားသင့် ဆုံးဖြတ်ရမှာပေါ့"

"မိသက်ရည်းစားနဲ့ လျှောက်သွားမလို့၊ အဲဒါ ကိုကိုအားယင် လိုက်ပို့ပေး"

မိသက် တမင်ဂျစ်ပြီးဟု သိလိုက်သည်။ သူတို့မိသားစုမှာ ဒါမျိုးက အစဉ်အလာမရှိ။ မိသက်ကလည်း အဲ့လောက်အရိုးသ မတန်တတ်။ ကေ ရတနာနှင့် ပတ်သက်ပြီး သိရိပါ ပါလာနိုင်သည့်ကိစ္စဖြစ်မည်ဟု တွက် သည်။ ထို့ကြောင့် ထိုစကားကို အမှန်စကားဟု အမှတ်မထားတော့ပဲ··

"အေးပါ…ရပါတယ်ဟာ၊ ကိုယ့်ညီမကိစ္စဆိုတော့ မအားလဲ အ အောင်လုပ်ပေးရမှာပေါ့၊ နင့်ရည်းစားက ဘယ်သူလဲ၊ အိမ်ကို နွားနို့လာလ ပို့နေတဲ့ ကုလားလေး အုန်းခိုင်လား"

"ကိုကိုနော်၊ သူများကို အဲလိုမနှိမ်နဲ့ မိသက်က ဒါမျိုးမသုံးဘူး"

"ဩ…ဟုတ်ပြီ…ဒါဖြင့် သတင်းစာလာပို့တဲ့ ထော့ကျ ထော့ကျိုး ကောင်လေးလား"

"ကိုကို…"

"ဒါဖြင့်ယင်တော့ သေချာပြီ ကျော်ဟိန်းလား၊ နေအောင်လ တစ်ယောက်ယောက်ဖြစ်မှာပဲ၊ ညွှန့်ဝင်းကတော့ နဲနဲကြီးသွားလို့ မဖြ နိုင်တော့ဘူး"

"မဟုတ်ဘူး…အုံကျော်"

ဘာပြောပြော မိသက် ပြုံးစေ့စေ့နှင့် စိတ်ပြန်ပြေစပြုလာသည် သည်တော့မှ လင်းဆွေအပျော့ဆွဲပြန်ဆွဲရ၏။

"ကဲပါ…ဆန်းဒေး ငါအားပါတယ်၊ ဘယ်သွားမလို့လဲ ဘယ် တွေ့ပါလဲ"





"ဟင်း…ဒါမျိုးကျတော့ ကိုကိုတို့က သိပ်လည်တယ် သိနေပြီ ဟုတ်လား၊ မသိရိပါမယ်ဆိုတာ"

လင်းဆွေ စိတ်ချလက်ချ ရယ်သည်။ ပြီးမှ …

"မသိပါဘူးဟာ၊ ငါနဲ့ သိရိနဲ့ နေ့တိုင်းလိုလို တွေ့နေတာပဲ ဘာမှ ပြောပါဘူး"

"ပြောမလား၊ ညနေကမှ ရတနာနဲ့ တိုင်ပင်ထားတာ၊ ဆန်းဒေး ယင် တညင်ဘုရားဖူးသွားကြမလို့၊ သူငယ်ချင်းတွေစုပြီး သွားမှာ၊ ဒါ အခု မသိရိကိုပါ ရအောင်ခေါ်ခဲ့မယ်…တဲ့၊ အဲဒါ ကိုကိုလိုက်ချင် င် လိုက်လို့ရတယ်၊ ဒါပေမယ့် စည်းကမ်းချက် တစ်ခုတော့ လိုက်နာ ယ်"

"အင်း…ဘာစည်းကမ်းလဲ"

"မိသက်တို့ သူငယ်ချင်းအားလုံးကို စားစရိတ်ခံရမယ်၊ ထမင်း ကျွေးရမယ်၊ မုန့်ကျွေးရမယ်၊ အိမ်ကနေ စထွက်ကတည်းက ကုန်ကျစရိတ် သမျှ ကိုကို့အိတ်ထဲကပဲ ထွက်ရမယ်"

"အားပါး…သေရောပေါ့ဟာ"

"အင်း…ထင်သားပဲ၊ အဲဒီ ကပ်စီးကုပ်ကြီး ပြောယင်တော့ အဲလို ညည်းတော့မှာပဲဆိုတာ ဒါပေမယ့် ဒီတစ်ခါတော့ ခပ်တင်းတင်းပဲနော် ကို၊ အဲဒီ စည်းကမ်းအတိုင်း လိုက်ချင်လိုက် မလိုက်ချင်လဲ နေခဲ့လို့ တယ်၊ ကိုကို့ ဆန္ဒအတိုင်းပဲ"

လင်းဆွေ ရယ်သည်။ သည်အနေအထားက ဈေးဆစ်လို့ သိပ်လွယ် ာမည့်ပုံ မရှိသဖြင့်။

"သိရိလိုက်မှာ သေချာလား"

"တော်ကြာ ရတနာ့ကို ဖုန်းဆက်မေးကြည့်မယ် သူ့ဘက် ကေဆိုတာနဲ့ မိသက်ဘက်ကလ အိုကေဆိုတာ တစ်ခါတည်းပြောနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင်လို့''

တညင်ဘုရားဖူးကို စားစရိတ်ငြိမ်းသွားရအောင် ဈေးစပ်သေချာသော အကြံအစည်များနှင့် ကြံစည်နေသည့် ချာတိတ်မများကိုကြည့်၍ လင်းဆွေ ပြုံးမိသည်။

ဘာပြောပြော သူတို့လေးတွေ၏ ကျေးဇူးကလည်း ကြီးပါ၏။

✡ ✡ ✡

သူတို့ကျေးဇူးကြီးပါသည်။

ကိုယ့်ဟာကိုယ်ဆိုလျှင် ဒီအခွင့်အရေးရဖို့ သိပ်မလွယ်။ ဖြတ်သန်း လာခဲ့သော ကာလတစ်လျှောက်ကို ပြန်ကြည့်လျှင် ဇာတ်လမ်းက အိပ်မက် ကြီး ဖြစ်နေသည်။ အဆိုးလည်း မဟုတ်။ အကောင်းလည်း မဟုတ်။ ဘယ်လိုပြောရမည်မှန်းပင် မသိ။

မတွေ့ရဘူးလားဆိုတော့လည်း မဟုတ်။ ရံဖန်ရံခါ ကိစ္စဝိစ္စရှိသည့် အခါမျိုးကလွဲ၍ သီရိနှင့်နေ့တိုင်းသွားလျှင် ကျောင်းဖွင့်ရက် နေ့တိုင်းတွေ့ နိုင်သည်။

သို့သော် ပြောရသည့်စကားက သိပ်စိစစ်ရလွန်းသည်။ စိစစ်သော စကားများသာ ပြောနိုင်အောင်လည်း သီရိက အတော်များများ ကိစ္စများကို ဆို့ပိတ်ထားဆီးထား၏။

''ရုပ်ရှင်ကြည့်ဖို့ခေါ်တာတို့၊ အပြင်လျှောက်လည်ဖို့ ခေါ်တာကို သီရိမလိုက်တာ စိတ်ဆိုးချင်လဲ ဆိုးနော်၊ သီရိတော့ ဘယ်မှမသွားဘူး ခုလောက်ထိ ကိုလင်းဆွေနဲ့ ခင်မင်နေတာတောင် ကိုယ့်ကိုကိုယ် အံ့ဩ မိတယ်။ သီရိမှာ မိတ်ဆွေအပေါင်းအသင်း သိပ်များများစားစား ရှိတာ မဟုတ်ဘူး ကိုလင်းဆွေ၊ တော်ရုံလူကို သီရိ စကားသုံးခွန်းပြည့်အောင်





ဆက်ခံ စကားမပြောဘူး''

''ဘာဖြစ်လို့လဲ သီရိ''

''သီရိ လူတွေကို မယုံလို့''

''ဗျာ...''

''ဟုတ်တယ် ကိုလင်းဆွေ၊ လောကမှာ မိတ်ဆွေအဖြစ်နဲ့တောင် ဆက်ဆံဖို့ အခက်အခဲရှိတဲ့လူတွေ အများကြီးရှိတယ်။ အထူးသဖြင့် ယောကျ်ားလေးတွေ''

''ယောကျ်ားလေးတွေ ဟုတ်လား''

''ဟုတ်တယ်၊ သီရိအစိစစ်ဆုံး မိတ်ဆွေအဖြစ် ဆက်ဆံတယ်၊ အဲဒီလို လက်ခံထားတဲ့ မိတ်ဆွေက လက်ခံပြီးမှဖောက်ပြန်လာပြီဆိုယင် အဲဒီ စက္ကန့်မဆိုင်းပဲ မိတ်ဆွေအဖြစ်က ရပ်လိုက်တာပဲ''

''ဘယ်လို ဖောက်ပြန်တာမျိုးလဲ သီရိ၊ သီရိကို ချစ်စကားကြိုက် စကား ပြောတာမျိုး၊ မိတ်ဆွေအဆင့်ထက် ကျော်လွန်ပြီး ခင်မင်လာတာ မျိုးလား''

''ဒါလဲ ပါတာပေါ့ ကိုလင်းဆွေ၊ ဒီအပြင် တခြားအကြောင်းတွေလဲ ရှိသေးတာပေါ့''

''တခြားအကြောင်းကတော့ ကျွန်တော် ဘာမှမပြောလိုဘူး သီရိ၊ ဒါပေမယ့် သီရိလို မိန်းကလေးတစ်ယောက်ကို မိတ်ဆွေအဆင့်ထက် ကျော်ပြီး ချစ်ခင်လာတာ၊ ချစ်စကားကြိုက်စကား ပြောလာတာမျိုးကတော့ ကြီးကျယ်တဲ့ပြစ်မှုကြီး မဟုတ်ပါဘူး။ သီရိလဲ နေ့တိုင်းမှန်ကြည့်နေတာပဲ ဥစ္စာ၊ ဘာဖြစ်လို့ သူတို့ပိုချစ်လာတယ်ဆိုတာ သိမှာပေါ့''

''ဘာလဲ...သီရိက လှလို့ ချစ်လာတာလို့ ပြောချင်တာလား ကိုလင်းဆွေ''

''ဟုတ်တယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို သီရိလက်မခံနိုင်တာပဲ၊ တစ်ခါတလေကျယင် သိ မျက်နှာကို သီရိအက်ဆစ်နဲ့ဖြစ်ဖြစ် ပက်ပြီးတော့ အရုပ်ဆိုးအောင်တော လုပ်ပစ်လိုက်ချင်တယ်၊ အင်မတန် ရူးမိုက်လွန်းတဲ့ အလုပ်မို့သာ သိ မလုပ်တာ၊ အလှအပကိုကြည့်ပြီး ပေါက်ဖွားလာတဲ့ အချစ်မျိုးကို သိ သိပ်ရွံတာပဲ၊ သီရိကို လှလို့ချစ်တယ်ဆိုတဲ့ လူကိုလဲ သီရိသိပ်မုန်းတာပဲ"

"ဒါဖြင့်...သီရိက ဘယ်လိုအချစ်မျိုးကို လိုချင်တာလဲ"

သီရိပြုံးသည်။

"သီရိဘယ်လို အချစ်မျိုးကိုမှ မလိုချင်သေးပါဘူး ကိုလင်းဆွေ ဒါပေမယ့် ဘဝမှာ သီရိရချင်တဲ့ အချစ်တစ်မျိုးတော့ ရှိတယ်။ အဲဒါက သစ္စာရှိတဲ့အချစ်ပဲ"

"ဒါတော့ ဟုတ်တာပေါ့ သီရိရယ်၊ သစ္စာရှိတဲ့ အချစ်ကတော ဖြစ်ရမှာပေါ့"

"မဟုတ်ဘူးနော် ကိုလင်းဆွေ၊ သီရိပြောတဲ့ သစ္စာဆိုတာ သာ မဖောက်ပြန်ရုံချစ်တဲ့ အချစ်ကိုပြောတာမဟုတ်သေးဘူး။ ဒါကတော့အခြေ ပေါ့လေ၊ နောက်ထပ် ဘာတွေရှိရဦးမလဲဆိုတာ စွဲမြဲတာ၊ သိက္ခာရှိတာ တည်ကြည်နိုင်ခဲ့တာ၊ ပြောင်းလဲတတ်တဲ့ ဘာတစ်ခုပေါ်မှာမှ စွဲလန်းမှု မနေတာ၊ သူ့မှာလိုအပ်တဲ့အချက်က အများကြီးပဲ"

"ဟုတ်ပါတယ် ဒါပဲ့ ဖြစ်ရမှာပေါ့"

"ကိုလင်းဆွေ ပြောတာသိပ်လွယ်တယ်၊ ဒါမျိုး သိပ်ခက်ခက်ခဲ မဟုတ်ပဲ အလွယ်တကူ ရှိနိုင်တယ်လို့ ထင်လား"

"လွယ်တာမလွယ်ဘူးပေါ့ သီရိရာ၊ ဒါပေမယ့် သီရိထင်သ မရှိသလောက်ရှားပါးတာတော့ မဟုတ်ပါဘူး၊ ရှားတော့ ရှားတယ် ဒါပေမယ့် ရှိပါတယ်"

"ဘယ်လောက်များများ ရှိမယ်လို့ခန့်မှန်းလဲ ကိုလင်းဆွေ"





"အဲဒါတော့ ကျွန်တော်လဲ ဘယ်တွက်တတ်မလဲ သီရိရယ်၊ ဒါပေ ယ့် လူတော်တော်များများဟာ သစ္စာတရားကို မြတ်နိုးသလို၊ သစ္စာရှိရှိ ချစ်တတ်ကြပါတယ်"

"ဒါဖြင့် တစ်ခုမေးမယ်လေ၊ လောကမှာ အစစသာယာ အဆင်ပြေ ပျော်ရွှင်နေကြတဲ့ အိမ်ထောင်နဲ့၊ တစ်ခုခုတော့ အနည်းဆုံး အဆင်မပြေ ဖြစ်နေကြတဲ့ အိမ်ထောင်ဘယ်လိုအိမ်ထောင်မျိုးကများလဲ"

"အော်...ဒါတော့ သီရိရယ်၊ တစ်မိသားနဲ့ တစ်မိသား စိတ်ချင်းက တော့ ကွက်တိကြီး တစ်ထပ်တည်းဘယ်ကျနိုင်မလဲ၊ တစ်ခါတလေတော့လဲ တစ်ယောက်နဲ့တစ်ယောက် သဘောကွဲလွဲတာလေးတွေ၊ အဆင်မပြေ တာလေးတွေ ရှိမှာပေါ့"

"ကောင်းပြီ ကိုလင်းဆွေ၊ ဒါဖြင့် လောကကြီးမှာ တစ်ယောက်နဲ့ တစ်ယောက်ကြား သိပ်ပျော်ရွှင်ပြဿနာကင်းတဲ့ ချစ်သူစုံတွဲနဲ့ အဆင်မပြေ ပြဿနာများတဲ့ ချစ်သူစုံတွဲ ဘယ်လိုအတွဲမျိုးများလဲ"

"ချစ်သူဘဝမှာတော့ အေးပြဿနာကြောင့်သာ စိတ်ဆင်းရဲတာမျိုး မှာပေါ့ သီရိ၊ နှစ်ယောက်ကြားမှာတော့ တော်ရုံပြဿနာလဲ ဘယ်တတ် မလဲ"

"ချစ်သူဘဝနဲ့ အိမ်ထောင်သည် ဘဝကြားမှာ အချစ်က ဘာပြောင်း သွားစရာရှိလို့လဲ ကိုလင်းဆွေ၊ တကယ်ချစ်ယင် ပြောတာပါ"

"ဒါကတော့ ဒီလိုရှိမှာပေါ့ဗျာ၊ ချစ်သူဘဝမှာက အချစ်ကို ပိုရှေ့ တန်းတင်ထားရပြီး၊ အိမ်ထောင်သည်ဘဝမှာကျတော့ တခြားဘဝလိုအပ် ချက်ပြဿနာတွေကို ရှေ့တန်းတင်လာရပြီကိုး"

"ဒါက ရှေ့တန်းတင်တာနဲ့ မတင်တာပဲ ကွာတာပဲလေ၊ အချစ်က ဘာပြောင်းသွားစရာရှိလို့လဲ"

လင်းဆွေ ခေါင်းကုတ်သည်။ သည်ပြဿနာကို ဆက်ဆွေးနွေးလို



www.burmeseclassic.com

www.burmeseclassic.com



စိတ် မရှိတော့။

"သိပ်အသေးစိပ်တော့ ကျွန်တော်လဲ မပြောတတ်ဘူး၊ သီရိက စာတွေပေတွေ ဖတ်ထားတဲ့လူဆိုတော့ ကျွန်တော့်ထက် ပိုနားလည်မှာပါ။ ကျွန်တော်က အချစ်အကြောင်း ရှင်းပြနေယင် ဘေးကလူတွေက ရယ်တောင်ရယ်ဦးမယ်၊ ခုအသက်အရွယ်အထိ ရည်းစားလေးတောင် မထားဖူးတာ သီရိရယ်"

"ဟုတ်ပါ့မလား ကိုလင်းဆွေရယ်၊ တချို့က ဒီလိုပဲ ညာတတ်တယ်နော်"

"မညာပါဘူး သီရိရာ၊ ရည်းစားမထားဖူးဘူးဆိုတာ ဂုဏ်ယူစရာမှ မဟုတ်တာ၊ ဒီလောက်ညံ့တဲ့လူလို့ လူတွေက အထင်ခံရအောင်တော့ ဘယ်ညာပြောပါ့မလဲ"

"ဘာဖြစ်လို့ မထားတာလဲ၊ ကြိုက်တဲ့လူ မရှိလို့တော့ မဟုတ်ဘူးထင်ပါတယ်"

လင်းဆွေ ရယ်သည်။

"ကြိုက်မယ့်လူ မရှိလို့ နေမှာပေါ့ဗျာ၊ ဒါမှမဟုတ်လဲ ကိုယ့်ကိုကြိုက်အောင် မပိုးတတ်မပန်းတတ်လို့ ဖြစ်မှာပေါ့"

"ပိုးတော့ ပိုးကြည့်သေးလား"

"ပိုးမလို့ စဉ်းစားတုန်းရှိပါသေးတယ်ဗျာ"

"အော်…ကိုလင်းဆွေ စကားကောင်းနေလိုက်တာ၊ ဘာသောက်မလဲ၊ အအေးလား လက်ဖက်ရည်လား"

"ဟာဗျာ… သီရိကလဲ ခုနစကားပဲ ပြန်ဆက်ရအောင်ဗျာ"

"ဒီအကြောင်းအရာကြီးက မကောင်းပါဘူး၊ အခြားအကြောင်းပဲ ပြောတာပေါ့၊ ကိုလင်းဆွေမိဘတွေ နေကောင်းရဲ့လား"

"ဟာဗျာ…ဘာမှ မဆိုင်ဘူး"





သူ့ပုံကြည့်၍ သီရိက သဘောကျစွာ ရယ်၏။

ဘဝက သည်လိုဘဝ။

တစ်ခါတရံကျတော့လည်း စကားလမ်းကြောင်းကသည်ပုံမျိုး ဖြစ်တတ်သည်။

"သူငယ်ချင်းများနဲ့…အပျော်အပါးလဲလျှော့ပါ့မယ် အိမ်မြဲပါ့မယ်‥ သန်းခေါင်ညဉ့်နက် လမ်းထွက်မလည်…အရင်တုန်းက အချိုးမျိုး ပြင်ကာသိမှာပါ့မယ်…"

ဝေးဝေးလံလံတော့ မဟုတ်။ ညနေပိုင်း နေအေးအေး ကျောင်းအားချိန်နှင့် ကြုံကြိုက်သောအခါ ဆေးတက္ကသိုလ်နောက်ဘက်၊ သထုံလမ်းအတိုင်း ဘီအိုစီကောလိပ်ပတ်ဝန်းကျင် ဟိုနားသည်နား လမ်းလျှောက်ထွက်ဖြစ်တတ်သည်။

သထုံလမ်းပေါ်မှ ဘီအိုစီကောလိပ်နှင့် ဘောလုံးကွင်းကြားလမ်းလေးအတိုင်း ချိုးအကွေ့တွင် အနားရှိအအေးဆိုင်လေးမှ ကြားလိုက်ရသော ကိုင်ဇာ့သီချင်းသံကြောင့် လင်းဆွေပြုံးသည်။

"သီရိ အဲဒီသီချင်းလေး မကြိုက်ဘူးလား"

"ကောင်းသားပဲ၊ ဘာဖြစ်လို့လဲ ကိုလင်းဆွေ"

"ဪ…သီချင်းစာသား အဓိပ္ပာယ်လေးက ကောင်းလို့ပါ၊ အချစ်တဲ့ ကောင်လေးတစ်ယောက်ကနေ သူသိပ်ချစ်တဲ့ ကောင်မလေးကို သူပြောချင်တဲ့စကားလေးတွေ ပြောနေတာ တကယ်လိုအပ်တဲ့ ကတိလေးတွေပေးနေတာလေးက ရိုးသားလွန်းလို့"

"ဟုတ်လား၊ သီရိကတော့ အဲလောက်ထိ သတိမထားမိဘူး ကိုလင်းဆွေ၊ သူက ဘာတွေပြောပြီး ဘာကတိတွေ ပေးနေလို့လဲ"

လင်းဆွေ ရယ်သည်။

"သီချင်းစာသားကြီး လမ်းလျှောက်ရွတ်ပြရတာတော့ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး သီရိရာ၊ လာ သီရိပဲ အဲဒီသီချင်းကို သေချာနားထောင်ကြည့်၊ အအေး
သောက်ယင်း ဒီသီချင်းပြန်ဖွင့်နိုင်းပေးမယ်''

''ဟင်...ခုနပဲ အအေးသောက်ပြီးပြီ''

''ခုဟာက အအေးသောက်ဖို့မှ မဟုတ်ပဲ သီရိရဲ့... သီချ
နားထောင်ယင်း သီချင်းလေးနဲ့မြည်းဖို့....''

''သီချင်းလေးနဲ့ မြည်းဖို့...ဟုတ်လား၊ ကိုလင်းဆွေက သိပ်ကြံ
ဖန်ဖန်ပြောတာပဲ''

ဘာမဟုတ်ပေမယ့် ထိုကိစ္စလေးက စိတ်ချမ်းသာစရာတော့ ကော
လှသည်။ ဖွန်လဆန်း၊ မုတ်သုန်ဦး၏ ရန့်ရောနေသည့် လေပြေလေး
နွေးထွေးဖွေ့ ပြေးလွှားနေသည်။ နေရောင်အေးအေးကြောင့် ဘီအိုစီကော
မျက်နှာစာဆင်ဝင်ဘက်နှင့် ယူတီစီတပ် ဘောလုံးကွင်းမြက်ခင်းပြင် စ
တို့တွင် လိမ္မော်ရောင် ပလတ်စတစ်အကြည်ပါးတစ်ခု ကပ်ထားသ
ဖြစ်နေသည်။

အအေးဆိုင်ပေါ် ရိပ်မိုးနေသော ပိတောက်ပင်ကြီးကလည်း
ခြောက်လက်ကျန်တချို့ကို တစ်ရွက်စ နှစ်ရွက်စ ဆစ်ဆစ်ပိုင်းပိုင်း
ပေးနေသည်။ နည်းနည်းစောနေသေးသဖြင့် သထုံလမ်းတွင် ကော
မစည်ကားသေး။ ကျောင်းပြန် ကျောင်းသူတစ်ယောက်စ နှစ်ယောက်
ရှိသေးသည်။

လူရှင်းနေသော အအေးဆိုင်လေးတွင် သီချင်းတစ်ပတ်ပြန်
ပေးရန် တောင်းဆိုဖို့ မခဲယဉ်း။

နို့သစ်ခွနှစ်ခွက်ဖြင့် တူနှစ်ကိုယ်တိုင်းပြည်ကို ချိုချိုမြမြ ငြိမ်း
ချမ်းချမ်းလေး ထူထောင်ခွင့်ရ၏။

✡ ✡ ✡





''တာဝတိံသာက နတ်သမီးလေးတစ်ပါး...နတ်သက်ကြွေကာ
မြန်မာပြည်မှာ လူဖြစ်ပြီးတော့...မွေးဖွားလာတယ်၊ ဣန္ဒြေပိုင်ရှင်...ယဉ်
ကျေးမှုနဲ့ သူ့အလှတွေရယ် မြင်လျှင်မြင်ခြင်းပဲကွယ် ချစ်မိစေတယ် ကိုယ့်
လုံးသားက လက်ညှိုးထိုးပြခဲ့တယ် ရည်မှန်းထားတဲ့၊ အချစ်ပန်းကောင်း
တစ်ပွင့်မို့ကွယ် ဆွတ်ခူးလက်ကမ်း လှမ်းကြဲရွယ်ကြွေပါတော့ကွယ်''

''အဲဒါပြောချင်တဲ့စကားတွေပေါ့...သီရိရယ်''

စာသားများက ဝါးသွားစရာ အကြောင်းမရှိပဲ စကားလုံးပီပီ ဆိုထား
သော သီချင်းမို့ ဘာမှရှင်းလင်းချက် ထုတ်စရာပင် မလို။ လိုအပ်သော
ချက်အလက်လေးများသာ ဖြည့်စွက်ပြောရန် လိုသဖြင့် အဆိုပိုဒ်အဆုံး
တီးပိုဒ်ခဏဝင်ဆဲ ကမန်းကတမ်း ဝင်ရှင်းပြရသည်။

သီရိက ပြုံးယင်း...

''အင်း...မဆိုးပါဘူး...နောက်တစ်ပိုဒ်ကကော''

''နောက်တစ်ပိုဒ်က ပေးချင်တဲ့ ကတိတွေ...''

နို့သစ်ခွ၊ ဖြူစိမ်းစိမ်း နှစ်နှစ်လေးများထံသို့ စကားလုံးပီပီသသ
လေးများ ခုန်ပေါက်ပြေးလွှား ရောက်ရှိလာသည်။

''ပေပေတေတေ...နေပစ်ခဲ့သမျှ ...တို့ပြုပြင်မယ် အိမ်ယာထူ
ထောင် အတည်တကျဖြစ်ဖို့ ကြိုးစားချင်တယ်...ကိုယ်ကြင်နာသူ ကိုယ့်
ညီးစားလေး တင့်တင့်တယ်တယ်...လူဘုံအလယ်မှာ မျက်နှာပန်းလှဖို့
ဆွမ်းဆောင်မယ်...သူငယ်ချင်းများနဲ့ အပျော်အပါးလဲ လျှော့ပါ့မယ်...
မဲ့ပါ့မယ်... သန်းခေါင်ညဉ့်နက် လမ်းထွက်မလယ်...အရင်တုန်းက
မျိုးပြင်ကာ...လိမ္မာပါ့မယ်...''

''ပေးလိုက်တဲ့ ကတိတွေက ရှမ်းရှမ်းဝေနေတာပဲနော်၊ ပေးတဲ့ကတိ
တည်မယ် မတည်မယ်သာ မပြောတတ်တာ...''

''ယောကျ်ားပဲ သီရိရယ်...ကတိတစ်လုံး ပေးပြီးတော့ မတည်ပဲ



www.burmeseclassic.com

www.burmeseclassic.com



နေမလား''

''လောကမှာ ကတိမတည်ဆုံး လူအမျိုးအစားက ယောကျ်ား ကိုလင်းဆွေ၊ ယောကျ်ားကတိ ပိုမယုံရတာပေါ့''

လင်းဆွေ ပြုံးသည်။ ခပ်ကြာကြာလေး ဝင်နေသော အတီးပိုဒ် ခဏသည်းခံစောင့်ဆိုင်းပြီး...

''ယောကျ်ားဆိုပေမယ့် ယောကျ်ားချင်း မတူပါဘူး သီရိရယ် ဆက်နားထောင်ကြည့်ပါဦး''

''ကြင်နာသူကို ရည်မှန်းကြိုးစား စွမ်းပကားတွေရယ်...စွဲဝံကြ ကို တောင်ဘက်အရပ်သို့... ရွှေပစ်လိုက်နိုင်တယ်၊ နာမည်ကျော် ကောင်းတစ်ယောက် မဟုတ်ခဲ့ပေမယ့်... ပင်လယ်ပြင်ကို ပြာကျတဲ့အ မီးရှို့နိုင်တယ်... ညာလက်ရုံးနဲ့ တည်ဆောက်ရမယ့် ဘဝရယ်... လက်ရုံးနဲ့ကိုယ်သိမ်းပိုက်မယ် အချစ်ရယ်...ယောကျ်ားကောင်းတစ်ယော ရဲ့ သစ္စာနယ်...ကြင်နာပါ့မယ်...''

သီချင်း၏ တတိယပိုဒ်အဆုံးတွင် လင်းဆွေက သီရိမျက်နှာ အကဲခတ်သလို လှမ်းကြည့်သည်။

သီရိက နို့သစ်ခွဖန်ခွက်ကို လှည့်ကစားယင်း ပြုံးလက်စဖြင့်

''သီချင်းလေးက အပြစ်ပြောစရာ မရှိလောက်အောင် ကောင်း တယ် ကိုလင်းဆွေ၊ ဒါပေမယ့် သီချင်းမို့လို့ အဲဒီလောက် ကောင်းနေ လဲ ဖြစ်နိုင်တာပဲနော်၊ ပြောတိုင်းလိုက်ယုံနေလို့တော့ ဘယ်ဖြစ်မ မဟုတ်ဘူးလား''

''စကားတိုင်းတော့ ယုံမရဘူးပေါ့၊ ဒါပေမယ့် ပြောတဲ့ပုဂ္ဂိုလ် လိုက်ပြီး ယုံသင့်ယုံထိုက်တဲ့စကားလဲ ရှိပါတယ် သီရိရယ်...''

''ဒါပေမယ့် ပြောတဲ့လူက ယုံသင့်တဲ့ပုဂ္ဂိုလ်လား၊ မယုံသ ပုဂ္ဂိုလ်လားဆိုတာတော့ အရင်လေ့လာဦးမှပေါ့''



''အင်းပေါ့''

''လေ့လာချိန်ကလည်း နည်းနည်းနဲ့ရမယ်မထင်ဘူးနော်၊ ဘာဖြစ်လို့ ဆိုတော့ ရက်ပိုင်းလပိုင်းဆိုတာ စိတ်ချရသေးတဲ့ ကာလမှမဟုတ်သေးပဲ''

''အင်း...ရှေးခေတ်ကတော့ သုံးနှစ်သုံးမိုး အချိန်ယူကြတာပဲ၊ ဘက်ခေတ်ကတော့ ဒီလောက်ယူစရာ မလိုတော့ပါဘူး သီရိရယ်၊ ဒီခေတ် ကွန်ပျူတာခေတ်ပဲ၊ အရင်က နှစ်နဲ့ချီပြီး တွက်ရတဲ့ ပုစ္ဆာတွေတောင် ခွန့်ပိုင်းနဲ့ တွက်ယူလို့ ရနေတာပဲ''

''သီရိတော့ အဲလိုမထင်ဘူး၊ ဒီဘက်ခေတ်က အပြောင်းလဲတွေ များတော့ အချိန်တောင် ပိုယူရလိမ့်ဦးမယ်ထင်တယ်''

''သီရိကို တစ်ခုမေးချင်တယ်၊ သီရိ အမှန်အတိုင်း ဖြေမလား''

''ဘာမေးခွန်းလဲဆိုတာ သိထားမှဖြစ်မှာပေါ့ ကိုလင်းဆွေ၊ ရမ်းပြီး နဲ့ဖြေပါ့မယ်လို့ ဘယ်လိုပြောရပါ့မလဲ''

''မေးခွန်းက မခက်ပါဘူး သီရိရာ၊ သီရိ ဘာဖြစ်လို့လူတွေကို လောက် မယုံမကြည်ဖြစ်နေရတာလဲ''

''လွယ်ပါတယ် ကိုလင်းဆွေ၊ လူတိုင်းကို မယုံတာဟာ လောက မယုံစရာကောင်းတဲ့ လူတွေရှိနေလို့ပေါ့''

''သီရိ ကျွန်တော့်ကို ယုံလား''

''အင်း...အဲဒါတော့ အချိန်ယူရဦးမယ် ကိုလင်းဆွေ၊ ခုချက်ချင်း ပ်လိုမှ ဖြေလို့မရတဲ့ မေးခွန်းပဲ''

''ကျွန်တော့်မှာ သီရိမယုံစရာ ဘာများတွေ့ထားလို့လဲ''

''မယုံစရာတွေ့လို့ မဟုတ်ပါဘူးလေ၊ ယုံစရာတွေ တွေ့ဖို့လိုသေး မဟုတ်လား''

နောက်ဆုံးတော့ ထုံးစံအတိုင်း လင်းဆွေပင် လက်မြှောက်အရှုံး သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားများအတွက် အကောင်းဆုံး အသုံးချနိုင်သဖြင့် အမျိုး
ဂီတထူးချွန်ဆုပေးရလျှင် ကောင်းမလားဟု ...

စိတ်ကူးထားခဲ့သော တူနှစ်ကိုယ်တိုင်းပြည်လည်း မကယ်နိုင်

လယ်တယ်တယ်ကြီးသည် လယ်တယ်တယ်ကြီးနှင့်သာ ပြီး
လျက်ရှိသေး၏။

✡ ✡ ✡





အခန်း(၂၀)

"အေး...ငါ့ဘက်ကတော့ အဆင်ပြေပါတယ်၊ နင်ကော အောင်
မြင်ရဲ့လား"

"ဒါဆို ပြီးပြီပေါ့...အိုကေ။ ဒါဖြင့် မနက်ဖြန် ဟိုကောင်တွေ
ကို ပြောလိုက်တော့မယ်၊ စီမံကိန်း အောင်မြင်ပြီလို့"

"အေး...အေး...ဒါပဲနော်"

တစ်ဘက်က စကားသံများကိုတော့ တယ်လီဖုန်းအပိုတစ်ခုဖြင့်
ားထောင်ရန် အပိုလိုင်းခွဲ တယ်လီဖုန်းမရှိသဖြင့် မကြားရ။ သည်ဘက်
ာ မိသက်ပြောသမျှသာ ကြားနေရသည်။

သို့သော် သည်လောက်နားထောင်ရုံဖြင့် အခြေအနေ အရပ်ရပ်ကို
န်းဆလိုက်နိုင်သည်။

တနင်္ဂနွေနေ့ သံလျှင်ဘုရားဖူးထွက်မည့် ကိစ္စတွင် သီရိလိုက်ဖို့
သေချာသွားသလို တစ်အုပ်လုံးကိုလည်း သူစားစရိတ်ခံရဖို့ သေချာသွားပြီ
ဖြစ်၏။

✡ ✡ ✡

"ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



""ဟင်""

""မိသက်တို့ သူငယ်ချင်းအားလုံး စင်ရော်လေးတွေကို မုန့်ကျွ ချင်လို့""

မိသက်စကားနောက်ကနေကပ်လျက် သူ့သူငယ်ချင်းတွေ၏ ရယ်သ လေးများကို ကြားရသည်။ သည်လောက်ပြောလျှင် ဘာလုပ်ရမည်ဆိုသည် ကို ပေးခဲ့သောကတိစကားအရ သိထားရမည်ဖြစ်သဖြင့် မိသက်နှင့် ရတာ အပါအဝင် သူတို့ခြောက်ယောက်အုပ်စုအတွက် စာကလေးခွေဖိုး ခြော ကျပ်ထုတ်ပေးလိုက်ရသည်။

""ကိုလင်းဆွေတော့ တော်တော်ထိနေပြီထင်တယ်""

သူ့ဘေးတွင် ကပ်လျက် သူ့လိုပင် ဒုတိယသင်္ဘောအပေါ်ဆုံးထပ် သံဇကာလက်ရမ်းကို မှီရပ်နေသည့် သီရိကရယ်ယင်းပြောသည်။ လင်းဆွေ က ပြုံးပြီး…

""တာဝန်အရ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ရတာဆိုတော ထိနေပြီလို့ သဘောမထားတော့ပါဘူး သီရိရာ""

""ရတနာတို့ကို ပြောထားလိုက်မယ်လေ၊ နေရာတကာတော့ မညှဉ်းပါနဲ့၊ တော်ရုံကိစ္စ…ကိုယ့်ဟာကိုယ်ဝယ်သုံး…လို့""

လင်းဆွေက ပျာပျာသလဲ ခေါင်းခါသည်။

""ဟာ…ဒီလိုတော့ မလုပ်ပါနဲ့၊ အဲဒီစကားကို ကလေးတွေရှေ ယောင်လို့တောင် မဟပါနဲ့ သီရိ၊ တော်ကြာ သူတို့သုံးစရာရှိတာတော မသုံးရဲပဲ လက်တွန့်သွားပါ့မယ်""

""ဒါဖြင့် ဒီလိုလုပ်လေ၊ အဲဒီ ကုန်ကျစားရိတ်ထဲမှာ သီရိတစ်ဝ ဝင်ပေးမယ်၊ ကိုလင်းဆွေ တစ်ယောက်ထဲ ဘယ်သက်သာမလဲ""

""ကျွန်တော့်မှာ ရှိတာထက်တော့ ပိုမကုန်ပါဘူး သီရိရယ်၊ ဒီ အတွက် ဘာမှကြောင့်ကြမနေပါနဲ့၊ ကျွန်တော့်မှာ ပါလာသမျှကလဲ ဒီ





မှာ လောက်ငပါတယ်""

""မလောက်မှာစိုးလို့ ပြောတာမဟုတ်ပါဘူး။ တစ်ယောက်တည်း သိပ်ကုန်သွားမှာစိုးလို့""

လင်းဆွေ ပြုံးသည်။ ဘယ်ကနေဘယ်လို ပွင့်လင်းသွားမှန်းမသိ သည့်ဉာဏ်က အင်မတန်အသုံးတည့်မည်ထင်သော စကားတစ်ခုကို ချက်ချင်းစဉ်းစားပေးလိုက်သည်။

""ဟိုတခါ သီချင်းထဲကလိုပေါ့ သီရိရယ်၊ ခွဲကြယ်ကို တောင် ဘက်အရပ်လဲ ရွှေ့ပစ်နိုင်ပါတယ်။ နာမည်ကျော်သူရဲကောင်းမဟုတ်ပေ မယ့် ပင်လယ်ပြင်ကို ပြာကျသွားအောင် မီးရှို့နိုင်ပါတယ်ဆိုတာလိုပေါ့။ အဲ့လောက်မဟုတ်တောင် ဒီအတွက်တော့ ဘယ်လောက်ကုန်ကုန် အကုန် ခံနိုင်ပါတယ်""

""အိုး …. အိုး … နေရာမှားနေပြီနော်ကိုလင်းဆွေ၊ ဟိုစကား က ချစ်သူကိုပြောရတဲ့စကား…ဒီလိုနေရာမှ ပြောရမှမဟုတ်ဘူး""

""အဲလိုစကားမို့ ဒီနေရာမှာ ပြောတာပေါ့သီရိ""ဟု မပြောရဲ၊ သည်လောက်သိသိသာသာ မဝင်ရဲသေး၊ ဆင်တူရိုးမှားတစ်ခု လွှဲသာရှောင် သာ ပြောရသည်။

""ဥပမာပြောတာပါသီရိရာ၊ ကျွန်တော့်မှ တခြားကုန်ကျစရာ နေရာ လဲ မရှိပါဘူး""

""ရှိလာတဲ့အခါကျတော့ ပြန်နှမျောနေရင် ဘယ့်နဲ့လုပ်မလဲ""

""ဒီလိုဖြစ်စရာ အကြောင်းလဲမရှိပါဘူး""

""အင်း…ရေလေးတွေက ကြည်စိမ်းနေတာပဲနော်၊ ဇင်ယော် လေးတွေကလဲ ချစ်စရာလေး""

""ဟုတ်တယ်သီရိ၊ ယုံကြည်လောက်တဲ့ယောကျ်ားဆိုတာ ပေးထား တဲ့ကတိစကား တည်ရတယ်""



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း .... ဘာမှမဆိုင်ဘူး"

"ဟုတ်တယ်နော်... သီတာသဘော်က သိပ်စီးလို့ကောင်းတယ်"

ဘာမှမဟုတ်သော်လည်း ထိုဟာသလေးများက အရာရောက်သည်။ ရယ်ခြင်းကိစ္စကို ပြိုင်တူဆောင်ရွက်ဖြစ်၏။

✡ ✡ ✡

သံလျှင်ဆိပ်ကမ်းရောက်သည်နှင့် ဂျစ်ကားတစ်စင်း စင်းလုံးငှား ပေးလိုက်သည်။

ကား၌ ဘာညာရှေးပြော၍ တည့်သည်တွင် "ကဲ...တက်ကြ၊ ဒါနဲ့ သွားမယ်" ဟုပြောလိုက်သည်နှင့် ချာတိတ်မအုပ်စုက ဝုန်းခနဲ နောက်ခန်းက အလုအယက်ပြေးတက်သည်။ သီရိက နောက်ခန်းသို့ လိုက်တက်ရန် လျှောက်သွားသည်။

"မမ ... ရှေ့မှာ ထိုင်လေ..."

"ဟင့်အင်း ... ရပါတယ်၊ နောက်မှထိုင်မယ်"

"နောက်မှာနေရာမရှိတော့ဘူးမမရဲ၊ ခြောက်ယောက်တောင်ကျပ် နေပြီ။ ရှေ့မှာပဲထိုင်ပါ။ ရှေ့မှာ နှစ်ယောက် ချောင်ချောင်ချိချိထိုင်လို့ ရပါတယ်"

လင်းဆွေက ရှေ့ခန်းတွင်ဝင်ထိုင်ရင်း ဘေးမှာတစ်နေရာ လွှတ် ထား၍ အခြေအနေစောင့်ကြည့်သည်။ ဘာတစ်ခုမှတော့ ဝင်မပြော။

"ဟုတ်တယ်မသီရိရဲ့၊ ရှေ့သွားပါ"

"နောက်ကတစ်ယောက်ယောက် ရှေ့သွားပေးပါလား၊ တို့နောက် မှာ ထိုင်ချင်လို့"

"မလုပ်ပါနဲ့မမရယ်၊ ကျွန်မတို့အုပ်စုနောက်မှာ လောင်သွားရင်





ရှေ့ကပဲတက်ပါ"

နောက်ဘက်မှ တိုးတိုးကြိတ်ပြောကြသော အသံများကြားရပြီး ကြာမီ သီရိ ရှေ့ခန်းဘက်ရောက်လာသည်။ လင်းဆွေပြုံး၍ ....

"လာ...သီရိ၊ ရှေ့မှာ နေရာကျယ်ပါတယ်"

သီရိမျက်နှာလေး မသိမသာစူပုပ်နေသည်။ ဘာစကားမှမပြောဘဲ တည်တည်ဝင်ထိုင်လိုက်သည်။ သီရိမှာ ဒါမျိုးလေးတွေရှိမှန်း သိနေပြီ လင်းဆွေ မသိချင်ယောင်ဆောင်နေလိုက်သည်။ သီရိဝင်ထိုင်အပြီး ာက်မှ နောက်ခန်းတစ်ချက်လှည့်ကြည့်ပြီး....

"ရပြီဆရာရေ...မောင်းတော့"

ကားလေးက ငြိမ့်ခနဲ စထွက်သည်။ လက်မောင်းချင်းတစ်ချက် သွား၏။ သီရိက မသိမသာပြန်ခွာသည်။

"မမ အပြင်ဖက် သိပ်မရွှေ့နဲ့နော်၊ လိမ့်ကျမယ်"

နောက်ခန်းမှ ရတနာ၏ ရွှတ်နောက်နောက်အသံလေးထွက်လာ သည်။ သီရိခေါင်းလေး ချာခနဲလည်သွားပြီး လှည့်မာန်သည်။

"ရတနာ...နင့်ပါးစပ် ပိတ်ထားနော်"

"မမကလဲ ရတနာက စေတနာနဲ့ပြောတဲ့ဥစ္စာ"

"တော်ပြီ...ဘာမှမပြောနဲ့"

သီရိပြန်လှည့်သည်နှင့် ရတနာက သူ့အပေါင်းအသင်းများအား ်လုံးပြူး၊ နှုတ်ခမ်းမဲ့၊ ပခုံးတွန့်ပြသည်။ လက်ကို မသိမသာခါပြရင်း ယ်ဘူးဆိုသောသင်္ကေတကိုလည်း ပြ၏။

နောက်ခန်းမှ ရယ်သံခပ်အုပ်အုပ်လေးများ ပေါ်ထွက်လာ၏။ လင်းဆွေကလည်း ရယ်ပြီး

"ဟုတ်တယ်နော်သီရိ၊ မြက်ခင်းလေးတွေက စိမ်းပြီး ကောင်းကင် ကလဲ ပြာနေတာပဲ"



www.burmeseclassic.com

သီရိမျက်စောင်း အကြောင်းနှစ်ပါးလောက်ဖြင့် ရောက်လာသည်

"နောက်ခန်းက မကြားရဘူး၊ ကျယ်ကျယ်ပြောပါ"

ရတနာက ထပ်နောက်သည်။ လင်းဆွေက အပြုံးဖြင့် ခေါင်းလှုပ်၍ ....

"အော် .... ဘာမှမဟုတ်ပါဘူး။ မျက်စောင်းကြီးက စိမ်း... အဲလေ မြက်ခင်းကြီးက စိမ်းနေတာပဲလို့ ပြောတာ"

သီရိက စလင်းဘက်ဖြင့် ရိုက်သည်။

ညီမလေးများက ရယ်ကြ၏။

ဝှန်းခနဲမြည်သံနှင့်အတူ ခဲပြာရောင်ကျောကုန်းပေါ်လာပြီး ငါး... က ရေအောက်သို့ပြန်ငုပ်သွားသည်။ စောစောက ရေပေါ်တွင် လယ်တ... လယ်တယ်ဖြစ်နေသော ပေါက်ပေါက်ဆုပ်လုံးကြီး ငါးပါးစပ်ထဲ ပါသွား... ပျောက်ကွယ်သွားသည်။ ရေပေါ်တွင် အစအနကျန်ခဲ့သော ပေါက်ပေါ... ဖတ်လေးများသည်လည်း ငါးငယ်လေးများ ထိုးဟပ်မှုကြောင့် တစ်စစေ... ပျောက်ကုန်၏။

"ငါးတွေက လျှင်တယ်နော်"

ရေလည်ဘုရား၏ တောင်ဘက်စွန်း သံပိုက်လုံးတန်းလေးများ... နေ ကြည့်ရင်း သီရိက ချီးချီးကျူးကျူးလေးပြောသည်။ သည်ရော... တော့လည်း သူတို့နှစ်ယောက် သတ်သတ်ဖြစ်နေသည်။ ကျောက်တ... ဆိပ်ကမ်းမှ လှေဖြင့်ကူး၍ ရေလည်ဘုရားသို့ရောက်သည်။ ဘုရား... ရောက်ရောက်ချင်း ရတနာက....

"မမတို့ဘာသာ မမတို့သွားနော်၊ ရတနာတို့အုပ်စုက လျှော... နောက်နေမှာ မလွှယ်လပ်ဘူး။ လူကြီးနှစ်ယောက်က လူကြီးလိုနေ... ကလေးတွေက ကလေးတွေပီပီ ဘုရားပေါ်လျှောက်ဆော့နေမယ်"

ပြောလည်းပြော၊ လူချင်းလည်းခွဲသည်။ တားချိန်ပင်မရလိုက်...





သူတို့နှင့်စာလျှင် လူကြီးဖြစ်သွားသော လူကြီးနှစ်ယောက်သာ ရင်ခုန်နှေးထွေးထွေးနှင့် ကျန်ရစ်ကြသည်။

ဘုရားအတူဖူးပြီးနောက် တောင်ဘက်စွန်း ဇရပ်ဘက်လျှောက်လာကြပြီး လူအများဝိုင်း၍ ငါးစာကျွေးနေကြသော ဘုရားပတ်ဝန်းကျင်ရေပြင်မှ ငါးကြီးများကို လာကြည့်နေခြင်းဖြစ်သည်။ သီရိစကားကြောင့် လင်းဆွေက ပြုံးရင်း

"ငါးကြီးတွေလဲ လျှင်တာပဲ။ သီရိတို့လဲ လျှင်တာပဲ။ အန်တီ့ကို ဘယ်လိုပြောပြီး ထွက်လာကြတာလဲ"

သီရိက ရှက်ပြုံးပြုံးသည်။

"ဒီလိုပဲ လိုမ့်ထွက်လာတာပေါ့"

"ကျွန်တော် ပါမယ်ဆိုတာသိလား"

"သိမယ်အားကြီး...သူပါမယ်မှန်းသိရင် လွှတ်မလား"

"ကျွန်တော်ပါတော့ ဘာဖြစ်လဲသီရိရဲ့၊ မိန်းကလေးတွေချည့်ဖြစ်နေလို့ အစောင့်အရှောက်အနေနဲ့ ခေါ်လာတာလို့ ပြောလိုက်ပေါ့"

"ရမလား၊ မေမေက ယောကျ်ားလေးသူငယ်ချင်းရှိတာ ကြိုက်တာမဟုတ်ဘူး"

"ဒါက သီရိလိုလို့ပါ။ သေချာပြောပြပေါ့၊ သမီးတို့ ယုံလွန်းလို့ သူငယ်ချင်းအဖြစ် လက်ခံတာပါ၊ တော်ရုံယောကျ်ားလေး သမီးက ဘယ်တုန်းက ယုံဘူးလို့လဲ ဘာညာနဲ့ခွဲပေါ့"

"အမယ်....သူ့ဘယ်သူက ယုံတယ်ပြောလို့လဲ"

"ဟင်...ခုထိ...သီရိက ကျွန်တော့်ကို မယုံသေးဘူးလား"

"မယုံပါဘူး၊ ကိုလင်းဆွေနဲ့ သီရိခင်တာ ဘယ်လောက်ရှိသေးလို့လဲ၊ ဒီလောက်ကာလနဲ့ လူတစ်ယောက်ကို ယုံမယုံဆုံးဖြတ်လို့ရမလား"

"ကျွန်တော်တွက်ပြမယ်နော်။ သီရိနဲ့ကျွန်တော် ခင်တာ ဒီလ



www.burmeseclassic.com

www.burmeseclassic.com



၁၄ ရက်နေ့ဆို ခြောက်လပြည့်ပြီ။ ဂျွန်လ ဆယ့်လေးရက်နေ့ မနက် ၈ နာရီခွဲမှာ ခြောက်လတင်းတင်းပြည့်တယ်''

သီရိက မျက်ခုံးလေးပင့်၍ စိတ်ဖြင့်ပြန်တွက်ကြည့်သည်။ ပြီးမှ

''ခြောက်လ၊ အင်း…ခြောက်လတော့ ဟုတ်ပါပြီ၊ ခြောက်လပြည့်တော့ ဘာဖြစ်လဲ''

''ခြောက်လလုံးလုံး၊ ရက်ပေါင်းတော်တော်များများ တွေ့တယ်၊ ဆုံတယ်၊ စကားပြောတယ်။ လူတစ်ယောက်ကို အကဲခတ်တာ ဒီလောက် မလိုပါဘူးသီရိရယ်…အမှန်က တစ်ရက်နှစ်ရက်ဆိုရင်တောင် သိသာပါတယ်''

''ဟုတ်မလားကိုလင်းဆွေရယ်…လူကဲခတ်တာ အဲလောက်လွယ်မှဖြင့် စိန်ကဲကျောက်ကဲထက် လူကဲခတ်ရခက်တယ်ဆိုတဲ့ စကားကို ရှေးကလူကြီးတွေ ထားခဲ့မလား၊ တစ်သက်လုံးကျွေးမွေးလာတဲ့ သားသမီးကိုတောင် အကဲမခတ်တတ်တဲ့ မိဘတွေရှိလို့သာ သားသမီးယုံ စုံလုံးကန်းဆိုတဲ့ စကားပုံတွေ ပေါ်လာသေးတာပေါ့''

''ဟာ…သီရိ စကားပုံတွေ လျှောက်ပြောရင်တော့ ကိုယ်က[illegible] ကိုယ့်ဒူးတောင် မယုံရဘူးဆိုတာတောင် ရှိသေးတာပဲသီရိရယ်။ ဒီလိုဆို[illegible] လောကမှာ ဘယ်သူ့ဘယ်သူ ဘယ်လိုနည်းနဲ့ ယုံကြရတော့မလဲ။ ယုံကြည်[illegible] ဆိုတာ အတိုင်းအတာတစ်ခုအထိ ယုံကြည်တာကို ပြောတာပေါ့''

''ဘယ်လိုအတိုင်းအတာမျိုးလဲ''

''မိဘဆွေမျိုးဆိုလဲ မိဘဆွေမျိုးမှာ ရှိသင့်တဲ့အတိုင်းအတာအထ[illegible] သူငယ်ချင်းမိတ်ဆွေဆိုလဲ သူငယ်ချင်းမိတ်ဆွေမှာ ရှိသင့်တဲ့အတိုင်းအတာ အထိ၊ ချစ်သူအိမ်ထောင်ဘက်ဆိုရင်လဲ ချစ်သူအိမ်ထောင်ဘက်မှာ ရှိသင့်တဲ့ အတိုင်းအတာအထိပေါ့''

''ဟင်း…ကိုလင်းဆွေ စကားပြောတိုင်း သတိထားမိတယ်။ ယုံ[illegible]





[illegible]ားတွေ ကိုလင်းဆွေ အရမ်းပြောတာပဲ။ ကဲ…ဒါဖြင့် သီရိမေးပါ[illegible]ဦး၊ ကိုလင်းဆွေကို ယုံမယ်ဆိုပါတော့ ဘယ်အတိုင်းအတာအထိ [illegible]ရမှာလဲ''

''ကျွန်တော့်ကိုလား''

''အင်းပေါ့''

''ယုံချင်သလောက် အတိုင်းအတာအထိ ယုံပါသီရိ၊ ဘယ်အတိုင်း[illegible]အတာနဲ့ဖြစ်ဖြစ် ကျွန်တော့်ကို ယုံလို့ရပါတယ်''

''သီရိကိုတော့ ကိုလင်းဆွေက ယုံတာပဲလား''

''ယုံတာပေါ့။ သီရိကို ကျွန်တော်အပြည့်အဝယုံတယ်''

''ဘယ်အတိုင်းအတာအထိယုံလဲ''

''အဆုံးအစမဲ့ပဲသီရိ၊ အဆုံးမရှိတဲ့အတိုင်းအတာအထိကို ကျွန်တော်[illegible]ပါတယ်''

သီရိ သဘောကျစွာ ရယ်သည်။ အရယ်နှင့်ရော၍ ပန်းရောင်ပြေး[illegible]သောမျက်နှာဖြင့် ….

''ဘာဖြစ်လို့ ယုံတာလဲ၊ ကိုလင်းဆွေယုံလောက်အောင် သီရိ[illegible]ဘာတစ်ခုမှ လုပ်ထားတာမရှိပါလား။ ဘာကိစ္စ အရမ်းကာရော လျှောက်[illegible]နေရတာလဲ''

''အဲဒါက ရှင်းရှင်းလေးပဲသီရိရာ၊ လွယ်လွယ်ကလေးရယ်၊ ယုံချင်[illegible] ယုံတာပေါ့''

''ယုံချင်တာနဲ့ ယုံလို့ရတာပဲလား''

''ရတာပေါ့။ ယုံချင်လို့ ယုံတာက အယုံအကြည်မှာ ပိုတောင်[illegible]သေးတယ်။ ဘာအကြောင်းမှမရှိဘဲ ယုံတော့ မယုံမကြည်ဖြစ်စရာ[illegible] ဘာအကြောင်းမှ မရှိတော့ဘူးပေါ့''

သီရိရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မှားမယ်နော်ကိုလင်းဆွေ၊ တခြားသူကို ကိုလင်းဆွေ အဲသ
ယုံဖို့ကောင်းတယ်။ သီရိကို အဲလိုမယုံနဲ့။ တော်ကြာ အယုံမှား
ကိုလင်းဆွေ နောင်တရနေဦးမယ်"

"ဒါတော့ စိတ်ချသီရိ၊ ကျွန်တော်ဆိုတဲ့ကောင်က ကျွန်တော်လုပ်
လို့ လုပ်တဲ့အလုပ်တစ်ခုအတွက် ဘယ်တော့မှ နောင်တရလေ့ရထ
ဘူး။ ကျွန်တော် ယုံချင်လို့ ယုံတဲ့ကိစ္စအတွက်လဲ အဲသလိုပဲ နောင်တဆို
မရှိပါဘူး"

"အင်းလေ...ဒါတော့လဲ ကိုလင်းဆွေ သဘောပါ။ နောင်တော
အစကမပြောဘူး မရှိစေနဲ့နော်..."

သီရိပြောပုံက နောက်တာလား၊ အတည်လား ဝေခွဲမရသောအ
နှင့်ဖြစ်သည်။ လင်းဆွေရယ်လိုက်ပြီး ပတ်ဝန်းကျင်ကို အကြည့်က
သည်။ ဘုရား၏အရှေ့ဘက် လှေကားရင်းတွင် ဓါတ်ပုံရိုက်နေကြ
မိသက်တို့အုပ်စုကို မြင်သဖြင့်

"မိသက်တို့ ရတနာတို့ ဓာတ်ပုံရိုက်နေတယ်သီရိ၊ သွားရအောင်"

သီရိက လှမ်းကြည့်ပြီး ...

"ဘာလုပ်မလို့လဲ"

"အားလုံးစုပြီး ဓာတ်ပုံတစ်ပုံရိုက်ရအောင်"

"ဓာတ်ပုံတော့ သွားရိုက်မယ်။ အားလုံးစုရိုက်တဲ့ဓာတ်ပုံမှာ
ကိုလင်းဆွေပါလို့ မရဘူး"

"ဘာဖြစ်လို့"

"အိမ်ကတွေ့ရင် ပြဿနာတက်မှာပေါ့"

"ဒါဖြင့် သီရိနဲ့ကျွန်တော် နှစ်ယောက်ထဲ အမှတ်တရ
သတ်သတ်ရိုက်ရအောင်"

"အို...မရိုက်ချင်ပါဘူး"





"ဘာဖြစ်လို့လဲ"

"ရည်းစားမဟုတ်ဘဲ ဘာလို့ ဓာတ်ပုံတွဲရိုက်ရမှာလဲ"

"ဒါဖြင့် ဘယ်လိုရိုက်မလဲ"

"ဘယ်လိုမှမရိုက်ဘူး။ ကိုလင်းဆွေရိုက်ချင်ရင် ကိုယ့်ဟာကိုယ်
တ်သတ်ရိုက်၊ သီရိလဲ သီရိဘာသာ သတ်သတ်ရိုက်မယ်"

"ဒီလိုဆိုရင် သီရိတစ်ယောက်ထဲ ရိုက်ထားတဲ့ပုံတစ်ပုံလောက်
တာ လက်ဆောင်မပေးနိုင်ဘူးလား"

"မပေးနိုင်ဘူး။ ဓာတ်ပုံလက်ဆောင်ပေးတာလဲ ရည်းစားမှပေးတာ"

**အမယ်**လေးဗျာ....ဟု မရေရွတ်ရရုံတမယ်။ စိတ်ဓာတ်ကျဆင်း
သွားသည်။

သည်တိုင်းဆို ရည်းစားနှင့်တူသောအလုပ် ဘာလုပ်ချင်၊ ရည်းစား
ဖြစ်မှ လုပ်ရတော့မည့်ပုံပေါက်နေ၏။

ဒေါင်း ၊ ယာဉ်ပျံ အနုပညာလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၁)

"ကဲ…ဖြစ်ချင်တာဖြစ်တော့သီရိ၊ ကိုယ်တော့မင်းကို ရည်…
စကားပြောတော့မယ်"

လင်းဆွေက အရူးမဟုတ်ဘာမဟုတ်၊ ဓာတ်ပုံထဲက သီရိကို…
၍ တစ်ယောက်တည်း ဟန်နှင့်ပန်နှင့်ပြောသည်။

"ပြောလေ…ကိုလင်းဆွေ၊ ယောကျ်ားပဲ ပြောစရာရှိ ရဲရဲပြော…
မထိတထိလိုလို၊ ထိတထိလိုလို၊ ဟိုလိုလို ဒီလိုလို လျှောက်လုပ်နေတာ…
သတ္တိမရှိလို့လား"

ဓာတ်ပုံထဲက သီရိကတော့ ဓာတ်ပုံပီပီ စကားတစ်ခွန်းမှလည်း မ…
ပါးစပ်လည်းမလှုပ်။ သို့သော် သူ့စိတ်နှင့်သူ သီရိကပင် စိမ်ခေါ်ပြုံး…
စိမ်ခေါ်စကား ပြောလိုက်သလိုခံစားရသည်။

ကြည့်ရင်း ကြည့်ရင်း ဓာတ်ပုံထဲက သီရိ ပိုလှလာသည်ဟု…
ထင်မိ၏။ သည်ဓာတ်ပုံလက်ထဲရောက်လာသည်မှာ အမှန်တော့ ကောင်း…
ကောင်းသည်၊ ကောင်းလည်းမကောင်း။

ကောင်းတာက ဘာပြောပြော ကိုယ်ချစ်တဲ့သူရဲ့ ရုပ်ပုံလေး…
ကိုယ်အားတိုင်း၊ သတိရတိုင်း အချိန်မရွေးကြည့်နေခွင့်ရှိသည်။ အ…
ရသူအတွက်လည်း အားမနာရ။ ဓာတ်ပုံထဲကအရုပ်က တစ်ခါမှ "…
ရှက်စရာကြီး၊ ဘာလို့ ဒီလောက်ကြည့်နေတာလဲ…"ဟု ပြောလေ့…



ခရှိ။

ကောင်းတာက သည်ဓာတ်ပုံသည် တရားဝင် ကြည်ကြည်ဖြူဖြူ ရထားသော ဓာတ်ပုံမဟုတ်။ တည့်တည့်ပြောရလျှင် ခိုးထားရသည့်ပုံ။ အုပ်စုနှင့်လည်း ရောရိုက်မရ၊ နှစ်ယောက်တည်းလည်း ရိုက်မရ၊ ဓာတ်ပုံလည်း တောင်းမရသည့်အဆုံး ရသည့်နည်းနှင့် ဓာတ်ပုံတစ်ပုံတော့ယူမည်ဆိုကာ ဓာတ်ပုံဆရာကို တိုးတိုးတိတ်တိတ် တစ်ပုံပိုကူးခိုင်းပြီး သူတို့မသိအောင် ယူထားသောပုံဖြစ်သည်။

ခုထက်ထိ မိသက်မြင်လျှင် အရှက်ကွဲမှာစိုးသောကြောင့် ပေါ်ပေါ်ထင်ထင်မထားရဲသေး။

သည်လိုတော့မဖြစ်။ သည်အဖြစ်မျိုးက ဘယ်သူမှ မသိတောင် ကိုယ့်ဟာကိုယ်တွေးပြီး ကိုယ်တစ်ယောက်တည်း ရှက်နေဖို့ကောင်းသည်။ ယောကျ်ားကောင်းပီပီ ပြောစရာရှိပြော၊ ခံစရာရှိခံ။ စံစရာရှိ စံလိုက်တာက ချားစွာ အရသာရှိသည်။

မနက်ဖြန်ကျရင်တော့ သီရိကို ပြောဖြစ်အောင်ပြောမည်ဟု ဆုံးဖြတ်လိုက်သည်။

မပြောခင် သန်းဝင်းနှင့် တိုင်ပင်ပြီး ပြောစရာစကားများ ညှိနိုင်းရကောင်းမည်ဟု တွေးမိ၏။

✡ ✡ ✡

သူတွေးသည့်အချိန်တွင် သန်းဝင်းနှင့်ပတေးကလည်း ကိုယ့်ကိစ္စနှင့်ကိုယ် ရှုပ်နေ၏။

"ငါ့ကိုယ်ငါလဲ တစ်စက်မှ မကျေနပ်ဘူးပတေး။ အမှန်အတိုင်းပြောရရင် ခုထိ ငါ ဘာမှဆိုဘာမှ မလုပ်နိုင်သေးဘူး။ ခက်တာက



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်ကလဲ စွတ်ကဲကောင်းနေတယ်။ ပြဿနာမတက်တဲ့အပြင် ချီးတဲ့မှုပဲ။ မနက်ဖြန်သဘက်တောင် ရည်းစားဖြစ်တော့မယ်''

အတော်စိတ်ဓာတ်ကျဆင်းနေဟန်ရှိသော သန်းဝင်းကိုကြည့်ရင်း ပတေးက နှစ်သိမ့်ပြုံး ပြုံးပြသည်။

''မင်းကို ငါအပြစ်တင်မလို့ မေးတာမဟုတ်ပါဘူးသန်းဝင်းရာ… အခြေအနေသိရအောင် မေးတာပါ။ ဒီကိစ္စ အစကတည်းက မလွယ်မှန်း ငါလဲ သိပါတယ်။ မင်းတင် ဘာမှမလုပ်နိုင်တာမှမဟုတ်ဘဲ။ ငါလဲ ဘာလုပ်နိုင်လို့လဲ''

''မလွယ်ပေမယ့် ဖြစ်အောင်တော့ လုပ်ရမှာပဲပတေး။ ကောင်မလေးတွေကို ပြောထားတုန်းကတော့ မိုးလားကဲလားနဲ့ ဘိတ်ဆုံးကျမှ အဖျားရှူသွားရင် ရှက်စရာကောင်းတယ်''

''အဖျားတော့ မရှုုံးပါဘူးကွာ။ လုပ်တာတော့ ဖြစ်အောင်လုပ်ရမှာပေါ့။ ဒါပေမယ့် လောလောဆယ်တော့ ဘာလုပ်ရမှန်းတောင် မသိဘူး''

''အဲဒါပြောတာပေါ့။ ခု တို့လုပ်နေတာက ဘာတစ်ခုမှ မပိုင်နိုင်ဘူး။ သီရိဆိုတာကို မြင်တောင်မမြင်ဖူးပဲနဲ့ ရမ်းဖျက်နေရတာ။ ဟိုကောင်ကသာ တို့အကြံကို ရိပ်မိပြီး တို့ကို တလွဲတွေ လာပြောပြနေရင် တို့ ဘာမှတောင် လုပ်လို့ရမှာမဟုတ်ဘူး''

''အေး…မင်းပြောတာ ဟုတ်တယ်။ မင်းပြောမှ တို့ရဲ့ဟာကွက်တွေ ပြန်မြင်လာတယ်။ ဒီလိုလုပ်ကွာ၊ ပထမဆုံး မင်း ငါ့ကို သီရိဆိုတဲ့ ကောင်မလေးအကြောင်း ပြောပြစမ်းပါ။ ဘယ်လိုစရိုက်မျိုးရှိတယ်။ ဘယ်လိုစိတ်ဓာတ်ရှိတယ်။ ဒီကောင်နဲ့ ဘယ်လိုအခြေအနေမျိုး ရောက်နေတယ်ဆိုတာတွေ''

''ဟာ…မင်းကို ငါပြောပြပြီးပြီပဲ''

''မဟုတ်ဘူးသန်းဝင်း၊ အရင်တုန်းက ပြောခဲ့တာတွေကို ထည့်မ…





…အခု အစအဆုံးပြန်ပြော၊ ဟိုကောင့်ဆီက သိသမျှတွေ ဘာတစ်ခုမှ …နဲ့''

ပတေးစကားကြောင့် သန်းဝင်းက ခေါင်းတစ်ချက်ညိတ်ပြီး သူသိ…သမျှ အချက်အလက်ကလေးတွေ ပြောပြသည်။

ပတေး ခေါင်းတစ်ချက်ညိတ်လိုက်၍ နားထောင်၏။

✡ ✡ ✡

ခုနေမှ သန်းဝင်းသာမက ပတေးပါ ပါလာပြီး ဦးချစ်ဆိုင်လို …မျိုးမှာ ထိုင်၍ သည်အကြောင်း စုပေါင်းဝိုင်းဖွဲ့အကြံထုတ်ရလျှင် မည်မျှ …ကောင်းမည်နည်းဟု လင်းဆွေ တွေးမိသည်။

ပတေးမှာလည်း တချို့ကိစ္စတွေကျတော့ အကြံအစည်ကောင်းတတ်…သည်။ သို့သော် ခုချိန်မှာ ပတေးကို သည်အကြောင်းသွားပြောလျှင် ခပ်မှန်…ဖြစ်နေသော ခင်မင်မှုလေးပင် ကသိကအောက်ပြန်ဖြစ်ပြီး ပျက်သွားနိုင်…။

ပတေးဆိုသည့်ကောင် ခေါင်းမာလိုက်သည်ကတော့ ဘယ်လို ပြော…ရည်ဟုပင် မဆိုနိုင်။ ဟိုတလောက သူ့စိတ်စမ်းသည့်အနေနှင့် လင်းဆွေ…ချောင်းကအပြန်မှာ တစ်ခွန်းစနှစ်ခွန်းစ စကြည့်ဖူးသည်။

''မင်းကလဲ အပြတ်ကြီးပဲလားပတေးရာ၊ သီရိနဲ့ငါနဲ့ ဘယ်လိုဖြစ်…ကြတာလဲ ဘာလဲဆိုတာတောင် တစ်ခါတလေ မမေးတော့ဘူးလား''

မျက်နှာချိုသွေး၍ စကားစမိရုံရှိသေး။ ပတေး၏ လေသံပြတ်ပြတ်…ကြီး ဖြတ်ဆို ပေါ်လာသည်။

''ဟေ့ကောင် လုပ်မနေနဲ့။ ဒီကိစ္စအကြောင်း ငါ့ရှေ့မှာ …ဝ…နဲ့။ မင်းကလဲ ကတိပေးပြီးသား၊ ငါလဲ ဒါကြောင့် မင်းနဲ့ ဆ…ပေါင်း



www.burmeseclassic.com

www.burmeseclassic.com

နေတာ''

''မဟုတ်ပါဘူးကွာ''

''ဟုတ်ဟုတ်…မဟုတ်ဟုတ်လင်းဆွေ၊ ငါ့ကို ဘာမှမပြောနဲ့။ ချင်ရင် စိုးအကြောင်းပြော၊ အဲဒီကိစ္စ ငါစိတ်ဝင်စားတယ်''

တစ်ချက်တည်းနှင့်ပင် ပတ်တောပိတ်သွား၏။ ကမ္ဘာပေါ်မှာ အပြတ်သားဆုံးဘွဲ့ကို သည်နည်းနှင့်ယူမလို့ ကြိုးစားနေသလား အောက်မေ ရသည်။ ပြတ်သမျှ ဗန္ဓုလ၏ငှက်ကြီးတောင်ကပင် အဘခေါ်ရမလော ဖြစ်နေသည်။

အဲ…သူ့ဘက်ကိုသာ ပြတ်နေသော်လည်း စိုးကိုကျတော့ ဘယ် က ဘယ်လို ကြင်နာမှုအပေါင်းတွေ ခငြောင်းနေသည် မပြောတ သည်ကိစ္စပေါ်ပြီးကတည်းက စိုးကို ရိုးရိုးပင် မခေါ်တော့၊ စိုး…ဦး စသဖြင့် အခေါ်အဝေါ်ကအစ အားပေးသည့်လေသံပါနေသည်။

ခက်ပါလား…ဟု လင်းဆွေ သက်ပြင်းချမိ၏။

ဟိုဘက်ပိုင်းမှာကျတော့ မတင်မကျကြီးနှင့် အီလယ်လယ်ဖြစ်နေ သည်။ သည်ဘက်ပိုင်းကျတော့ လူကြမ်းကြီးလုံးလုံး။

ပြောရလျှင် စိုးကလည်း သိပ်တော်သည်ဟု ပြောရမည်။ သီရိ ကိစ္စကို ပတေးတို့ မဝေတို့ကသာ ကြားထဲက မခံချင်သည့်ပုံစံမျိုးဖြ ပြတ်သားတင်းမာပြနေသော်လည်း စိုးကကျတော့ သည်လိုမဟုတ် ခါတိုင်းထက်တောင် ပို၍ခင်မင်လိုက်လျောနေသေးသည်။

လင်းဆွေက သန်းဝင်းဆီသွားရန် ကားထုတ်ဖို့ ဂိုဒေါင်ဆီ လျှောက်လာရင်းတွေးသည်။

သည်လို သူဖြစ်နေသည်ကိုသာ စိုးသိလျှင် ဘယ်လိုနေမည်မသိ သူက မနက်ဖြန် သီရိကို ဖွင့်ပြောတော့မည်။ အကယ်၍ ဖွင့်ပြော၍သာ အဆင်ပြေသွားပါက စိုးကို ထာဝရနှုတ်ဆက်စကားပြောရန်သာ ကျန်တော့





သည်။ ထိုအခါ….သူသိရသည်ဖြစ်စေ၊ မသိရသည်ဖြစ်စေ စိုး စိတ် ကောင်းဖြစ်ဦးမှာ သေချာသည်။

ဟင်း…ခနဲ သက်ပြင်းချမိနေ၏။

ပတေး သနားတာလည်း မပြောနှင့်။ သူကိုယ်တိုင်ပင် စိုးအကြောင်း ပိပြင်ပြင်တွေးလိုက်ပါက ရင်ထဲ မောမောသွားသည်။ ဘာပြောပြော သည်းရှိသူချင်းမို့ ကိုယ်ချင်းစာပါသည်။ ပြေးသူအနေနှင့် သနားရသူမို့၊ လိုက်သူချင်းမို့လည်း စိုးရင်ထဲက ဝေဒနာကို မျှဝေခံစားနိုင်သည်။

ပြီးခဲ့သည့် ငါးလနှင့်ခြောက်ရက်အတွင်းမှာ သီရိနှင့်သာ သူ ရှုပ်ရှားနေရသည်မဟုတ်၊ သီရိနှင့် ကျောင်းဖွင့်ရက်တိုင်းလိုလို တွေ့နေရ သကဲ့သို့ စိုးနှင့်လည်း ကျောင်းဖွင့်ရက်တိုင်း တွေ့နေရသည်။

စိုးနှင့်ကလည်း ဘာမှမဖြစ်ဘဲ သည်တိုင်း ငြိမ်နေကြသည်မဟုတ်။ သည်ဘက်မှာလည်း သတိရစရာလေးတွေ ပြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၂)

"ကိုလတ်…မသီရိက သိပ်လှတာပဲလားဟင်"

မမျှော်လင့်ဘဲ ရောက်လာသော မေးခွန်းကြောင့် လင်းဆွေ ဘာ လုပ်ရမှန်းမသိ။ သည်မေးခွန်းကို ဖြေရမည့်အဖြေက ဖြေပုံမတတ်လျှင် တစ်ခုခု စိတ်အနှောင့်အယှက်ဖြစ်သွားနိုင်သည်။ အဖြေကို ရှောင်လွှဲ ကြိုးစားရသည်။

"ဘာဖြစ်လို့လဲလို့"

"ဘာမှမဖြစ်ပါဘူး။ သိချင်လို့၊ စိုး တွေ့လဲ အရမ်းတွေ့ဖူးချင်တာ ပဲ"

"နေစမ်းပါစိုးရာ…ဒီအကြောင်း မပြောပါနဲ့။ တခြားအကြောင်း ပြောရအောင်ပါ"

"ဟင်…ဒီအကြောင်းသိချင်လို့ ဒီအကြောင်း စကားစတာ တခြားအကြောင်း ပြောရဦးမယ်တဲ့၊ ဒီအကြောင်းပြောတော့ ဘာဖြစ်လဲ"

"ဘာကိစ္စ ဒီအကြောင်း ပြောချင်ရတာလဲ"

"အိုး…ကိုလတ်က စိုးအစ်ကိုပဲ။ ကိုယ့်အစ်ကိုကြိုက်တဲ့ ကလေးက ဘယ်လိုပုံစံမျိုးလဲ ဘာလဲဆိုတာတော့ သိချင်တာပေါ့၊ ပြော ကိုလတ်ရဲ့၊ မသီရိက သိပ်လှတာပဲလားဟင်"

"အင်း…လှပါတယ်"



"အရမ်းလှ…ပဲလား"

"ဒီလိုပေါ့စိုးရာ၊ လှတယ်ဆို ပြီးရောပေါ့"

စိုးက ရယ်သည်။ စိုးက ဘယ်လိုပုံစံနှင့် ရယ်မှန်းတော့မသိ။ ရယ်စရာမဟုတ်သည်ကတော့ သေချာသည်။ သူလိုက်မရယ်၊ စိုးက ဆက်၍…

"ကိုလတ်ကိုကော…သူက ချစ်သတဲ့လား"

"ဘာတွေ လျှောက်မေးနေတာလဲစိုးရာ"

"မဟုတ်ပါဘူး…ဖြေပါ။ ကိုလတ်က သူ့ကို ချစ်တယ်ဆိုတော့ သူက ဘယ်လိုနေလဲ"

"အခုထက်ထိ ချစ်တယ်ဆိုတာ တစ်ခွန်းတောင် မပြောရသေး ဘူး"

"မဟုတ်ဘူးလေ ကိုလတ်ကလဲ၊ သူလဲ မိန်းကလေးပဲ၊ ကိုယ့်ဆီ ယောက်ျားလေးတစ်ယောက် နေ့တိုင်းအကြောင်းရှာလာနေမှတော့ ချစ်လို့ လာမှန်း သိပြီပေါ့။ အဲဒီတော့ သူက ကိုလတ်ကို ဘယ်လိုတုံ့ပြန်လဲ၊ အခြေအနေကောင်းရဲ့လားလို့ မေးတာ"

"မပြောတတ်သေးပါဘူးဟာ။ အခြေအနေက ဘာမှမထူးခြားသေး ပါဘူး"

"သူကချစ်တယ်ဆိုရင်တော့ ကိုလတ် သိပ်ဝမ်းသာမှာပဲနော်"

စိုးက မရဲတရဲဟန်ဖြင့် မျက်လွှာပင့်မေးသည်။

"အင်းပေါ့"

လင်းဆွေ တုံးတိတိပင် စကားပိတ်သည်။ သို့သော် စိုးက မရပ်…

"မချစ်ဘူးဆိုရင်ကော ကိုလတ်စိတ်ထဲ ဘယ်လိုနေမလဲဟင်"

"ဘယ်လိုမှမနေဘူး။ မချစ်တော့လဲ မချစ်လို့ပေါ့ဟာ"

သည်တခါတော့ စိုး ဟက်ဟက်ပက်ပက်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ကိုလတ် မညာတတ်ဘူးအောက်မေ့နေတာ၊ ညာတတ်သားပဲ''

''ဘာလို့ညာရမှာလဲဟ၊ သူမချစ်လို့ မချစ်တာ ကိုယ်က ဘာလုပ် ရမှာလဲ။ မချစ်ဘူးဆိုတော့လဲ ပြီးပြီပေါ့''

''ကိုယ်ကသိပ်ချစ်ပြီး ကိုယ်ချစ်တဲ့သူက ကိုယ့်ကို ပြန်မချစ်ရင် ဘယ်လိုမှ မနေပဲနေပါ့မလားကိုလတ်ရယ်....အဲဒီဒုက္ခလောက်ကြီးတဲ့ ဒုက္ခ မှမရှိတာ''

လင်းဆွေ ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ အတော်လေးကြာသည် အထိ လင်းဆွေထံမှ စကားပြန်မရမှ စိုးက ဆက်သည်။

''ဘယ်သူမဆို ကိုယ်ကချစ်ရင် ကိုယ့်ကိုပြန်ချစ်ပါစေလို့ အ တမ်း ဆုတောင်းနေတတ်တာပါကိုလတ်ရယ်၊ မညာပါနဲ့၊ တကယ်လို့ မသီရိကို ကိုလတ်က ဖွင့်ပြောလို့ မသီရိကညင်းရင် စိုးကိုပြောနော် မသီရိကို စိုး သွားတောင်းပန်ပေးမယ်''

''ဘာကို သွားတောင်းပန်မှာလဲ''

''မသီရိကို သွားတောင်းပန်ပေးမှာပေါ့ကိုလတ်ရဲ့၊ မသီရိရယ် ကိုလတ်ကို ပြန်ချစ်လိုက်ပါလို့။ ကိုလတ်က မသီရိကို တကယ်ချစ်တာ ပါလို့။ ကိုလတ် စိတ်ဆင်းရဲအောင် မစိမ်းကားပါနဲ့။ စိုးတို့မောင်နှမ တစ်ယောက်စိတ်ဆင်းရဲရင် တစ်ယောက်က မနေတတ်လို့ပါ...လို့ အတင်း သွားပြောမှာပေါ့''

''တော်တော့စိုး...မဟုတ်ကဟုတ်ကတွေ လျှောက်ပြောမနေနဲ့''

''မဟုတ်ကဟုတ်ကပြောတာမဟုတ်ဘူးကိုလတ်၊ စိုးတကယ်ပြော တာ။ တကယ်လဲ ကိုလတ်စိတ်ဆင်းရဲမှာကို စိုးမကြည့်ချင်ဘူး။ ပြောသလိုဖြစ်လာရင် စိုးကတော့ တကယ်သွားတောင်းပန်မှာပဲ''

စိုး ရွှဲနေပြီအထင်ဖြင့် လင်းဆွေ မျက်နှာတမင်တည်ပြီး လှည့်ကြည့် သည်။ စိုးမျက်နှာကို မြင်သည်တွင် တင်းထားသောမျက်နှာ ချက်ချ





သွားသည်။

ပြုံးရင်းပြော၍ ပြောရင်းပြုံးနေသော စိုးအပြုံးတွင် လဲ့လဲ့ဝေနေသော ကျည်ကြည်လေးများကို မြင်လိုက်ရသောကြောင့်ဖြစ်၏။

✡ ✡ ✡

ဩဂုတ်လကုန်လောက်တွင် တစ်ရက်မနက်ပိုင်း သီရိထံ ခဏသွား ကျောင်းအမီပြန်လာသည်။

ထုံးစံအတိုင်း တီသရီးလေးကွက်လပ်တွင် ထိုင်နေသော စိုးတို့ နှင့်တွေ့သဖြင့် လင်းဆွေ ထိုအုပ်စုဆီပင် တန်းဝင်သည်။ စိုး၊ မဝေနှင့် သတ်တို့ ရှိနေသည်။ ပတေားနှင့်သန်းဝင်းတို့ ကွန်ပျူတာ ကင်တင်းဘက် သွားသည်ဆို၏။ သူ ရောက်သည်နှင့် မဝေက စ၍

''ကိုလတ်...ကိုသန်းဝင်းတို့နဲ့တွေ့ပြီးပြီလား''

''မတွေ့သေးဘူးမဝေ၊ ဘာဖြစ်လို့လဲ''

''အော်...ကိစ္စတစ်ခု မှာထားတာရှိလို့၊ ပြောများပြောပြီးပလားလို့ တာ''

''မပြောသေးဘူးထင်တယ်။ ကျွန်တော့်ကို ဘာကိစ္စမှ ထွေထွေ ထူးထူးမပြောဘူး။ ဘာမှာထားလို့လဲ''

''အော်...တနင်္ဂနွေနေ့မနက် မဝေတို့အိမ်မှာ ဆွမ်းကျွေးရှိလို့ ဖိတ်ထားတာပါ။ ကိုလတ် အားမလား''

''ဟာဗျာ...မဝေတို့ဖိတ်တာကြီးကလဲ ဘယ်လိုကြီးလဲ။ လာစေချင် ရင် မအား အားအောင်လုပ်ပြီး လာမှာပေါ့''

မဝေကော စိုးနှင့်ခင်လတ်တို့ပါ ရယ်သည်။ မဝေက ရယ်ရင်းနှင့်

''မဟုတ်ပါဘူး။ ကိုလတ်က ခုတလော အလုပ်တွေက သိပ်များ



www.burmeseclassic.com

www.burmeseclassic.com



နေလို့ မဝေတို့ စိုးတို့သူငယ်ချင်းတွေအတွက် အချိန်မှ ပေးနိုင်ပါ့မလား လို့ သိပ်မသေချာတာနဲ့ မငုံမရဲမေးရတာ''

ရိပြီဟု သိလိုက်သည်။ သို့သော် မသိချင်ယောင်ဆောင်လိုက် က ပိုကောင်းမည်မို့။

''အလုပ်မများပါဘူးမဝေရာ...သူငယ်ချင်းတွေအတွက် သလောက် အချိန်ပေးနိုင်ပါတယ်။ ပြော၊ ကျွန်တော် ဘယ်အချိန်လာရမ ဘာအကူအညီပေးရမလဲ၊ ဘာတွေ လုပ်ပေးဖို့လိုမလဲ''

''တကယ်လား''

''တကယ်ပါ''

''တကယ်ဆိုရင် ပြောရတာပေါ့။ သိပ်များများတော့ အကူအ မလိုပါဘူး။ ညှော်သည်သွား၊ ညှော်သည်လာအနေနဲ့ တနင်္ဂနွေနေ့မနက် နာရီကနေ ၁၁ နာရီအတွင်း အုန်းနို့ခေါက်ဆွဲလာစားရင် စား၊ ဒါမှမ ကိုသန်းဝင်းတို့ ကိုပတေးတို့လိုပဲ စနေနေ့ညနေဘက်ထဲက အိမ်မှာလာ ပြီး ဝိုင်းကူလုပ်ပေးရင်လဲပေး၊ ကိုလတ်ကြိုက်သလိုလုပ်''

''ရတာယ်လေ...သန်းဝင်းတို့ ပတေးတို့လိုပဲ စနေနေ့ညက လာခဲ့မှာပေါ့။ ကားကော ယူခဲ့ရမလား။ အရေးပေါ်သုံးချင်ရင် အောင်ပေါ့''

''အင်း...ယူနိုင်ရင်တော့ ကောင်းတာပေါ့ကိုလတ်ရာ၊ ကို မပြောရင်တောင် မဝေက အဲဒီကိစ္စ မေးမလို့၊ မနက်အာရုဏ်ဆွမ်း မှာဆိုတော့ ငါးနာရီ ဘုန်းကြီးပင့်စရာရှိလို့''

''ဘုန်းကြီးဘယ်နှစ်ပါးလဲ''

''ငါးပါး''

''ကျွန်တော့်ကားနဲ့ ငါးပါးလုံးပင့်လို့ ရမလား''

''နောက်တစ်စီးရှိသေးတယ်။ နှစ်စီးဆိုရင် အဆင်ပြေပါ





''ဟုတ်ပြီ ဟုတ်ပြီ။ ဒါဖြင့် ကျွန်တော် စနေနေ့ညထဲက လာခဲ့ မယ်။ ဟိုကောင်တွေနဲ့ အချိန်ညှိပြီး လာခဲ့မှာပေါ့။ စိုးတို့ ခင်လတ်တို့ ကော ညမလာဘူးလား''

''လာမှာပေါ့။ အားလုံးက ညဘက်ဝိုင်းကူလုပ်ပေးကြမှာ''

ပြီးခဲ့သည့် တစ်လကျော်ရက်အတွင်း သီရိနှင့် ဆက်နွယ်၍ လွမ်းရှား မှုလေးများ များခဲ့သလို စိုးနှင့်ပတ်သက်၍လည်း အမှတ်ရစရာလေးများ အနည်းငယ်ရှိခဲ့သည်။

ယင်းအနည်းအကျဉ်းအနက် မဝေတို့အိမ် ဆွမ်းကျွေးညကလေးသည် ထိပ်ဆုံးကရှိလိမ့်မည်ထင်၏။

''အင်း...အဲဒါကြောင့် ချစ်ကိစ္စဆို ဘယ်လိုမှ စိတ်ဝင်စားလို့ မရတာ။ ဗိုး...မလွယ်ဘူးနော်။ ချွေးတောင်ပြန်လာပြီ၊ ခြစ်ရုံနဲ့လဲ ပြီးဦး မှာမဟုတ်သေးဘူး။ ခြစ်ပြီးရင် ညှစ်ရဦးမယ်''

အုန်းသီးအလုံးသုံးဆယ် ခြစ်ရေးညှစ်ရေးကိစ္စကို ပတေးက ဦးဆောင်ပြီး ပတေး၊ သန်းဝင်း၊ လင်းဆွေ သုံးယောက် တာဝန်ယူလိုက် သဖြင့် စနေညမှာ အခြေမလှဖြစ်နေသော သန်းဝင်းက အုန်းခြစ်ကို ခြေ ဘစ်ဘက်ဖြင့်နင်းရင်း ရေရေလည်လည်ကြွေပြနေသည်။

ခပ်လှမ်းလှမ်းတွင် ကြက်သွန်လှီး၊ ကြက်သားနွှာနေသော မိန်း ကလေးအုပ်စုထဲမှ သည်ဘက်လှမ်းကြည့်၍ ရယ်လိုက်ပြီး အုပ်စုထဲမှ မဝေက...

''ဘယ်လိုဖြစ်တာလဲ ကိုသန်းဝင်း၊ စောစောက အုန်းသီးအလုံး သုံးဆယ်ကို တစ်ယောက်မှ ဆယ်လုံးထဲခြစ်ရမှာ။ အပျော့ပေါ့ ဘာညာ နဲ့ ကြွေးကြော်ပြီး ခု ဘယ်နှစ်လုံးမြောက်မှ စည်းပြီလဲ''

''သုံးလုံး''

''ဟင်း...တဝက်တောင်မကျိုးသေးဘူး။ ဖြစ်ပါ့မလား။ ကိုပတေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုလတ် နောက်ထပ် လူခေါ်ပေးရဦးမလား''

''ဟာ…ယောကျ်ားတွေဖြစ်ပြီး ဒီလောက်မှ အလုပ်မလုပ်နိုင်ရင် တို့သိက္ခာဆယ်လို့ ရပါဦးမလားမဝေရာ…မလိုဘူး တို့ဟာတို့ဖြစ်တယ်''

''မဟုတ်ပါဘူး…ကိုလတ်တို့ ပင်ပန်းမှာစိုးလို့ပါ''

''ရတယ်…ဒီလိုလုပ်ရတာပျော်လို့ ဒီလိုလုပ်တာပေါ့မဝေရ၊ နို့မို့ ဒီအုန်းသီးတွေ စက်နဲ့သွားခြစ်၊ ညှစ်လိုက်ရင် ခဏလေးနဲ့ ရမှာသိတာပဲဟာ''

''ကိုလတ်ကသာပျော်နေ၊ ကိုသန်းဝင်းက ညည်းနေပြီ''

''ညည်းပစေ၊ အဲဒီကောင်က ပါးစပ်အငြိမ်မနေနိုင်လို့ သက်သက်အော်နေတာ''

သန်းဝင်းက ရယ်သည်။

''မတူဘူးလင်းဆွေ၊ မင်းက အချစ်ကိစ္စအတွက် များစွာအပင်ပန်းခံနိုင်တဲ့ပုဂ္ဂိုလ်၊ ငါက အဲဒီကိစ္စ နည်းနည်းလေးမှ ဝါသနာမပါတဲ့ကောင်''

''မဆိုင်ပါဘူးကွ၊ ငါလဲ ခုမှ အုန်းသီးသေသေချာချာခြစ်ဖူးတာ''

''အေးပါ…တို့ကလဲ အုန်းသီးကိစ္စမို့ မင်းနဲ့အတူတူရောလုပ်တာပေါ့။ တခြားကိစ္စဆို တို့သုံးယောက် အတူတူတွေ့စရာအကြောင်းကို မရှိဘူး''

ချစ်နှင့်ခြစ်ရောပြီး နောက်နေသည့်ကြားတွင် ပဘေးက ဘလိုင်းကြီးဝင်ချသည်။ လင်းဆွေက လှမ်းကြည့်ပြီး

''အေး…ခုလဲ အုန်းသီးကိစ္စပဲပြောနေတာ။ မင်းက ဘာတွေချော်တောင်ငေါ်နေလဲပဘေး''

''ဘယ်ပြောတတ်မလဲကွ။ တို့ထဲမှာ ရှုပ်ရှုပ်ရှက်ရှက်လုပ်တတ်တာက မင်းပဲရှိတဲ့ဥစ္စာ၊ ကိစ္စတွေ ရောလုံးပစ်မှာစိုးလို့ တမင်ကြိုပြောထားတာ''





''ဘယ်တော့မှ မရောဘူးပဘေး၊ ငါ့ကိစ္စနဲ့ငါက ရှင်းတယ်။ မင်း ဘာမင်း ဘေးကရှုပ်နေတာ''

ပဘေးနှင့် ခုနောက်ပိုင်း စကားပြောလျှင် သည်အတိုင်းချည်း ဖြစ်နေသည်။ ခုလည်း ပြောရင်း ဘုတုတုလေးများဖြစ်လာသည်မို ကြားက နေနိုင်သောသန်းဝင်းက စကားစဝင်ဖြတ်သည်။

''ဖြစ်ပြန်ပြီ၊ မင်းတို့နှစ်ယောက်ကလဲ ကြုံတိုင်းကိုက်နေကြတာ သားကွာ၊ အဲလိုမလုပ်ပါနဲ့၊ သားတွေသမီးတွေ မတည့်ရင် အဖေလုပ်တဲ့ ဘယ်လောက်စိတ်ဆင်းရဲရတယ်မှတ်လဲ''

''ဟုတ်သားပဲ ကိုသန်းဝင်းပြောလဲပြောစရာ၊ ကိုလတ်နဲ့ကိုပဘေး လဲ စကားများနေတာပဲ။ မြန်မြန်ခြစ်ပါ။ အုန်းနို့ညှစ်တာကလဲ ကြာဦး စကားပြောနေရင် ပြီးမှာမဟုတ်ဘူး''

ကြက်သွန်လှီးလက်စ မျက်ရည်လေးစမ်းစမ်းဖြစ်နေသော စိုးက ခေါင်းမော့ပြီး လှမ်းပြောသည်။ လင်းဆွေက ရယ်ပြီး

''ကြားလားပဘေး၊ စိုးပြောတာမှန်တယ်။ ကိုယ့်အလုပ်ကိုယ်လုပ်''

''ကြားတယ်ဟေ့ကောင်၊ စိုးပြောတာ ပြီးသွားပြီ။ မင်း ဘာမှ ကွန့်နဲ့''

လင်းဆွေစကားကို ပဘေးကလည်း တစ်စက်မှအတင်မခံ။ချက်ချင်း ပြောသည်။

သူတို့နှစ်ယောက်ကိုကြည့်၍ မိန်းကလေးအုပ်စုက ရယ်၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၃)

“ပွက်ပလား”

“ဟင့်အင်း”

မဝေ၏အဒေါ်အမေးကို ပတေးက ခေါင်းခါရင်း ပြန်ဖြေသည်။ မဝေတို့အိမ်ရှေ့ မြေကွက်လပ်ကလေးမှာ လရောင်အောက်တွင် လင်းလင်း ရှင်းရှင်းလေးဖြစ်နေသည်။ သို့သော် တည်ထားသော အိုးအောက်မှ မီးရောင်ဖြင့် အိုးထဲကျတော့ ပြန်မှောင်နေပြီး ပဲရည်ဆူပွက် မပွက် မနည်း ကြည့်နေရသည်။

ပြီးသွားလျှင် ဖြစ်လာမည့်အုန်းနို့ခေါက်ဆွဲဟင်းရည်က ဘယ် ပုံစံထွက်လာမည် မပြောတတ်သော်လည်း လောလောဆယ်တော့ ထိုဟင်း အိုးနှစ်အိုးလုံး သူတို့လက်ထဲတွင် လုံးဝ ဝကွက်ရောက်ရှိနေကြပြီ။ ချက် တတ်သည့်သူ တစ်ယောက်မျှမပါသဖြင့် လုပ်နိုင်းအဆင့်ဆင့်ကို မဝေ အဒေါ်က ကွပ်ကဲနေသော်လည်း အကောင်အထည်ဖော်သမျှအားလုံး သူ လက်ရာချည့်ဖြစ်နေသည်။

“ပတေး…အိုးလဲ သေချာမွှေပေးနော်။ ပွက်မပွက်လဲ သေချာ ကြည့်၊ တော်ကြာ ဖြစ်ခဲ့ပြီး ကပ်ကုန်လို့ အုန်းနို့ခေါက်ဆွဲမစားရဘဲ ခေါ မန္တလေးပဲကြော်ကြီး စားနေရဦးမယ်”

သန်းဝင်းစကားကြောင့် ပတေးရယ်သည်။



“ဒီပဲက ကုလားပဲကွ၊ မန္တလေးပဲကြော်ဖြစ်မှာမဟုတ်ဘူး။ ဖြစ်ချင်း ဖြစ် ဗရာကြော်ပဲဖြစ်မှာ”

“မီးထပ်ထိုးဦးမလား”

တည်ထားသော အိုးနှစ်အိုးကို သစ်သားယောက်မကြီးဖြင့် ပတေး နှင့်သန်းဝင်းက တစ်အိုးတစ်ယောက် မွှေသည်။ ထိုနှစ်အိုးလုံး အောက်မှ ၍ မီးအတွက် ထင်းထည့်တာဝန်က လင်းဆွေတာဝန်။ လင်းဆွေ အမေးကြောင့် ဘေးတွင် ရပ်ကြည့်နေသော စိုးက လှမ်း၍…

“အန်တီ … ထင်းထပ်ဦးမလားတဲ့”

အဝေ၏အဒေါ်က လှမ်းကြည့်ပြီး …

“မီးအရှိန်ကောင်းသားပဲ၊ တော်ပြီ…မီးနည်းသွားမှ ထပ်ထည့်”

“မီးတွေ ဒီလောက်တောက်နေတာ မင်းက ဘာကိစ္စ ဒီမေးခွန်း မေးရတာလဲလင်းဆွေ”

“ဟ…ငါ့အလုပ်က ဒီအလုပ်ပဲရှိတာ။ ငါလဲ ငါ့တာဝန်ကျေချင် တာပေါ့ကွ”

“လုပ်မနေနဲ့…မလိုအပ်တဲ့နေရာကျမှ တာဝန်ကျေဖို့ မလိုဘူး။ နေမှာ အားလုံးအတွက်တာဝန်ကျေချင်ရင် မင်းတစ်ခုပဲလုပ်”

“ဘာလုပ်ရမှာလဲ”

ပတေးစကားကို ဖြတ်ခနဲလှမ်းမေးရင်း ရင်ထဲ ထိတ်သွားသည်။ တေးစကားက အဓိပ္ပာယ်များစွာ ပါနေ၏။ ပတေးကဆက်၍…

“ခုချိန် အားလုံးဗိုက်ဆာနေပြီ၊ တစ်ခုခုဝယ်ကျွေး”

တော်ပါသေးရဲ့ဟု စိတ်ထဲ အောက်မေ့သည်။

“ဒီအချိန်မှာ ဘာဝယ်လို့ရမလဲဟ၊ ဆယ့်တစ်နာရီထိုးတော့မယ်။ ဆိုင်တွေ ပိတ်ရောပေါ့”

“ဆယ့်တစ်နာရီတောင် မထိုးသေးတာ။ ဆိုင်အားလုံးမပိတ်သေး



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးကွာ။ တစ်ခုခုတော့ ရမှာပေါ့''

''ကော်ဖီဖျော်လိုက်မယ်လေ ကိုပတေး…ဟုတ်တယ် မဝေ
မေ့သွားလို့''

''နေပါစေမဝေ၊ တို့က ဒီကောင်ကျွေးတာ စားချင်တာ''

''မဟုတ်ပါဘူး။ ကိုလတ်ကို ဒုက္ခမပေးပါနဲ့။ ဒီအချိန်ကြီး သွ
ဘာမှဝယ်တတ်မှာမဟုတ်ဘူး''

''ဟာ…ယောက်ျားပဲ…ဒီလောက်တော့ အဖြစ်ရှိရမှာပေါ့။ ဘယ်
လဲ လင်းဆွေ…အနည်းဆုံး မဝေ ကော်ဖီဖျော်ရင် ကော်ဖီနဲ့ သောက်
မုန့်တစ်ခုခုမဝယ်နိုင်ဘူးလား''

''ဝယ်နိုင်ပါတယ်။ ငါ ပိုက်ဆံနှမြောလို့ ပြောတာမဟုတ်ပါဘူ
ဘယ်သွားဝယ်ရမှန်းမသိလို့ ပြောနေတာ။ မဝေ ဒီနားမှာ ဘာရမလဲ''

''ဒီနားတော့ ဘာမှရှိမှာ မဟုတ်ဘူး။ အဲ…နေဦး၊ ဟိုဘက်
လမ်းကြေးထိပ်မှာတော့ အီကြာကွေးကြော် ကြော်နေတတ်တယ်။
မှာတော့ ရှိနိုင်တယ်''

''ဟာ…ကောင်းတာပေါ့။ ကော်ဖီနဲ့လဲ အဆင်ပြေတယ်။ သွား
လင်းဆွေ…သွားဝယ်ပါလား''

ပတေးက ဖွတ်ကိုညင်းနေသည်။ ခါတိုင်းဆိုလျှင်တော့ သည်
ကိုတိုက်တာမျိုး လုပ်ပေးချင်မှ လုပ်ပေးမည်ဖြစ်သော်လည်း ခုမှ အ
ပြန်ကပ်စပြုလာသော ပတေးနှင့်သူ့ကြား သူ့ဘက်က အနစ်နာခံမှု
တွေ ပြန်ပြထားချင်သဖြင့် လင်းဆွေက သိပ်မညင်းတော့ပဲ…

''အေးလေ…သွားဝယ်တာပေါ့။ အီကြာကွေးပဲ စားမှာလ
အခြားတစ်ခုခုတွေ့ရင်တော့ ဝယ်ခဲ့ရဦးမလား''

''ဘာဖြစ်ဖြစ် လတ်တလောအဆာပြေရင် ပြီးတာပဲ။ မင်း ဝယ်
တာသာ ဝယ်လာခဲ့''





''ပြီးရော…ဒါဖြင့် မင်း မီးကြည့်ထည့်လိုက်''

''အေး''

ပတေးနှင့်ပြေလည်သွားသဖြင့် လင်းဆွေ ထင်းချောင်းကို ချထား
ပြီး မတ်တပ်ရပ်သည်။ ပြီး…လူရှေ့ကြည့်သည်။ ထိုစဉ် သန်းဝင်းက
ယှမ်း၍….

''မဝေ…အဲဒီလမ်းက သိပ်မှောင်လား''

''မမှောင်ပါဘူး။ မာကျူရီမီးတွေနဲ့ ထိန်နေတာပဲ''

''ဒါဖြင့် စိုးလိုက်သွားပါလား။ ဟိုကောင်တစ်ယောက်ထဲ အထုပ်
အပိုးများနေရင် မကိုင်တတ်ဖြစ်နေလိမ့်မယ်''

လင်းဆွေ တားမည့်ဟန်ပြင်သည်။ သို့သော် စိုးက သွက်လက်စွာ
ပြင်…

''အင်း…ဟုတ်တယ်…စိုးပါ လိုက်ခဲ့မယ်။ စိုးလဲ လမ်းလျှောက်
ချင်လို့ …ခင်လတ်ကော လိုက်မလား''

ခင်ခင်လတ်က ခေါင်းခါ၍…

''ငါ မဝေနဲ့ ကော်ဖီဝိုင်းဖျော်ပေးမယ်လေဟာ နင်တို့ နှစ်ယောက်ပဲ
သွားပါ။ နှစ်ယောက်ထဲက ပိုကောင်းပါတယ်''

''ဒါပေါ့…အီကြာကွေးဝယ်ရင်းနဲ့ ဇဝရက်တောင်ထိပ်ရောက်သွား
ဘာမှ ပူစရာမလိုတော့ဘူးပေါ့''

လင်းဆွေ အတားရခက်သွားသည်။ ပတေးက အစပြု၍ အကြံတူ
စုပေါင်းစပ်ပေါင်း တမင်ဝိုင်းတွန်းလိုက်ခြင်းဟု သဘောပေါက်လိုက်
သည်။ သို့သော်လည်း သည်လောက်က ဘာမှပြဿနာမရှိသည်မို့ စိုးဘက်
လှည့်၍…

''ဟုတ်တယ်စိုး…ဘယ်သူမှ ခေါ်မနေနဲ့တော့…တို့ဟာတို့ပဲ
သွားမယ်…လာ''



www.burmeseclassic.com

www.burmeseclassic.com



''ဒါပေါ့ကွ…ဒီလိုမှပေါ့''

ပတေးအသံအဆုံး ရယ်သံလေးများ ပေါ်ထွက်လာသည်။

စိုးက အားနာသွားသောအကြည့်ဖြင့် လင်းဆွေကို လှမ်းကြည့်သည်။ ပြီးမှ လေသံတိုးတိုးဖြင့်…

''စိုး နေခဲ့ရမလားကိုလတ်''

လင်းဆွေ ခေါင်းခါသည်။

''လိုက်ခဲ့ပါစိုး အညောင်းပြေလမ်းလျှောက်ရင်း သွားကြတာပေါ့''

စိုးကို သနားၡလား၊ ဟိုကောင်တွေကို ရွံချင်၍လား၊ သိရိမမြင် နိုင်သော အရပ်ဖြစ်နေ၍လား၊ ဘာမှန်းတော့မပြောတတ်။ ခါတိုင်းထက် လင်းဆွေပြတ်သားရဲရင့်နေ၏။

✡ ✡ ✡

လမ်းထိပ်အထွက်လေးက အနည်းငယ်မှောင်သလို ဖြစ်နေသော် လည်း လမ်းမကြီးပေါ်ကျတော့ မာကျူရီမီးတိုင်များဖြင့် လင်းထိန် သည်။ ကားအသွားအလာကော၊ လူအသွားအလာကော သိပ်အပြတ်ကြီး မဟုတ်။ စိတ်အေးလက်အေး သွားနိုင်သည့်အခြေအနေရှိသည်။

မဝေပြောပြလိုက်သည့်အတိုင်း လမ်းမကြီးပေါ်ရောက်၊ ဘယ်ဘက် ချိုး၍ လမ်းအတိုင်း မီးရောင်အောက်မှ လျှောက်လာကြသည်။ မိုးဘ ပိုင်းရက်ကြီးပေမယ့် ညခင်းလေးကလည်း မပူမချမ်း မစိုမခြောက် အနေ တော်လောက်ဖြင့် ရာသီဥတုက ကောင်းသည်။

ဓာတ်တိုင်တစ်ဝက်လောက်အထိ ဘာစကားမှ မပြောဖြစ်သော ခဏကြာမှ လင်းဆွေက စကားစပေးသည်။

''လမ်းလျှောက်လို့ကောင်းတယ်နော်…စိုး''





''အင်း…ကောင်းပါတယ်''

ပြန်ပြောသည့်လေသံနှင့် အမူအရာက တစ်မျိုးဖြစ်နေသဖြင့် လင်းဆွေက အံ့ဩသွားပြီး…

''ဟင်း…လေသံကြီးကလဲ ဘယ်လိုကြီးလဲ ဘာဖြစ်လို့လဲစိုး''

''ဘာမှမဖြစ်ပါဘူး။ စိုး…တစ်ခုတွေးမိလို့''

''အင်း…ပြောပါဦး…ဘာတွေးမိလို့လဲ''

စိုးက ချက်ချင်းစကားမဆို။ ခဏမျှတွေဝေနေသေးသည်။ ပြီးမှ ပြောတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်…

''စိုးနဲ့ပတ်သက်လို့ ကိုလတ် စိတ်ညစ်နေလားဟင်''

''ဘာဆိုင်လို့လဲ…စိုး၊ ဘာဖြစ်လို့ အဲဒီမေးခွန်းမေးတာလဲ''

''မဟုတ်ဘူးလေ၊ သူငယ်ချင်းတွေအားလုံးက ကိုလတ်ပေါ် တစ်မျိုး ဖြစ်နေကြတယ်မဟုတ်လား။ သူတို့ကလဲ သူတို့ဖြစ်စေချင်တာကို အတင်း ဖြစ်အောင်လုပ်နေကြ၊ ကိုလတ်ကလဲ သူတို့ဖြစ်စေချင်တာကို လုံးဝမဖြစ် ချင်နဲ့၊ ကိုလတ် နေရထိုင်ရခက်ပြီး စိတ်ညစ်နေသလားလို့ပါ''

သည်တခါ တိတ်သွားသူက လင်းဆွေ၊ စိုးစကားကို ဘယ်လို ပြန်ရမှန်းမသိ၊ အထူးသဖြင့် သည်အကြောင်းအရာက စိုးနှင့်တိုက်ရိုက် ပြောရာတွင် အခက်ခဲဆုံးအကြောင်းအရာဖြစ်နေသည်။

''အင်း…စိတ်မညစ်ပါဘူးစိုးရယ်၊ ကိုယ့်အတွက် စိတ်ညစ်စရာ ဘဲ မရှိပါဘူး''

စိုးက ရယ်သည်။ ရှေ့တွင်ပြောမည့်စကားအတွက် တမင်ဖော့၍ ရယ်သောအရယ်ဟု သိသာ။ ရယ်ပြီးမှ စိုးက…

''ကိုလတ်''

''ဘာလဲစိုး''

''စိုး ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်။ အမှန်အတိုင်းရှိနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စအတွက် စိုးဘက်က ပွင့်ပွင့်လင်းလင်းပြောရမှာ စိုးမရှက်ပါဘူး။ ကိုလတ်ကသာ စိုးကို အားနာတာ၊ ရှက်မှာစိုးတာနဲ့ ဘာကိစ္စမှ လိမ်ညာ မပြောနဲ့၊ စိုး ဒီကိစ္စကြီးကို မြုံမထားချင်ဘူး။ ကိုလဟာနဲ့စိုးကြား နားလည်မှုတစ်ခု သိပ်ရှိချင်နေပြီ''

''ပြောပါစိုး၊ ကိုယ် ခုထက်ထိ ဘယ်သူ့ဘယ်ဝါကိုမှ လိမ်ညာ မပြောခဲ့ဖူးပါဘူး''

''ကိုလတ် မသီရိကိုလိုက်တော့ ကိုပတေးတို့က ကိုလတ်ကို ဘာ ပြောလဲ''

''သူတို့ကကိုယ့်ကို သီရိနဲ့သဘောမတူဘူးလေ။ စိုးလဲသိသားပဲ''

''ဘာအတွက် သူတို့က သဘောမတူတာလဲ''

''မသိဘူးလေစိုး၊ သူတို့က ဘာမှ အကြောင်းမပြဘဲ''

''အကြောင်းတော့ ရှိရမှာပေါ့နော်''

''ကျောင်းဖွင့်တဲ့နေ့က စိုးရှေ့မှာ ပြောတာပဲစိုးရယ်...ဘာကြောင့် ရယ်လို့မှ သူတို့မပြောဘဲ။ သူတို့ သဘောမတူရမှာလဲကိုလတ်''

ဟင်းခံနဲ့ လင်းဆွေ သက်ပြင်းတစ်ချက် ချသည်။ သည်ကိစ္စ ကို ဘယ်အတိုင်းအတာအထိ ပြောရမည်ဆိုသည်ကို ဘယ်လိုဆုံးဖြတ် ရမည်မှန်း မချိန်ဆတတ်။ ထို့ကြောင့် ခေါင်းတစ်ချက် ဆတ်ညိတ်ရင်း

''အင်းပေါ့လေ...သူတို့မှာ အကြောင်းတော့ ရှိမှာပေါ့၊ အကြောင်း မရှိဘဲတော့လဲ ဘယ်ပြောမလဲ''

''အဲဒီအကြောင်းကို ကိုလတ်သိတယ်မဟုတ်လား''

''အဲဒီနေ့က သူတို့ပြောတဲ့ထဲမှာတော့ မပါဘူးစိုး''

''သူတို့ပြောတဲ့ထဲ ပါမပါ မေးတာမဟုတ်ဘူးကိုလတ်၊ စိုးမေး တာက ကိုလတ် သိမသိမေးတာ၊ စိုး စကားပလ္လင်ခံပြီးသားပါ ကိုလတ် ပွင့်ပွင့်လင်းလင်းပြောပါ''





''အင်း...သိပါတယ်စိုး၊ ကိုယ်သိပါတယ်''

''အဲဒီကိစ္စ စိုးနဲ့ပတ်သက်တယ်မဟုတ်လား''

''ဟုတ်တယ်''

''ဘယ်လိုပတ်သက်လဲကိုလတ်''

''စိုးကို သူတို့သနားတယ်စိုး၊ ကိုယ့်အနေနဲ့လဲ စိုးကလွဲပြီး တခြား သူကို မချစ်သင့်ဘူးလို့လဲ သူတို့ ယူဆတယ်''

''မထူးပါဘူးကိုလတ်ရယ်...ဒီထက်ပွင့်ပွင့်လင်းလင်းပြောပါ။ စိုးက ကိုလတ်ကို ချစ်နေတယ်ဆိုတာ အားလုံးသိနေလို့ စိုးကိုသနားပြီး ကိုလတ်ကို သဘောမတူတာမဟုတ်လား''

''ကိုယ်ပြောတာ ဒီအဓိပ္ပာယ်ပါပဲစိုး''

''ဒါဖြင့် စိုး ကိုလတ်ကို တစ်ခုမေးမယ်။ သူတို့ပြောတာအမှန် လို့ကော ကိုလတ်ထင်သလား''

''ဘာကိုလဲစိုး''

''စိုးက ကိုလတ်ကို ချစ်နေတယ်ဆိုတာ အဟုတ်ပဲ၊ အမှန်ပဲလို့ ကော ကိုလတ်ထင်လား''

''အဲဒါမဟုတ်လို့လား....စိုး''

''တည့်တည့်ဖြေပါကိုလတ်၊ အဲလို မဖြေပါနဲ့''

''ကိုယ့်စိတ်ထဲတော့ ဟုတ်တယ်လို့ ထင်တာပဲလေ''

''ဒါဖြင့် ကိုလတ်ကို စိုးကချစ်နေမှန်း သိတဲ့ကြားက မသီရိကိုပဲ ကိုလတ်ကချစ်လို့ အားရုံးနဲ့ အတိုက်အခံလုပ်ခဲ့တာပေါ့နော်''

''အင်း...ပွင့်ပွင့်လင်းလင်းပြောရရင် စိုး ကိုယ့်ကိုချစ်နေတယ်ဆို တာကို ကိုယ်သိပါတယ်။ အမှန်အတိုင်းပြောရရင် သီရိနဲ့ မမျှော်လင့်ဘဲ ဆုံခဲ့ဘူးဆိုရင် စိုးကို ဖွင့်ပြောမိတော့မှာ သေချာတယ်စိုး၊ ကိုယ် စိုးကို သူငယ်ချင်းတစ်ယောက်ထက် ပိုချစ်ပါတယ်။ ဒါပေမယ့်...''



www.burmeseclassic.com

www.burmeseclassic.com



''ဒါပေမယ့် မသီရိလောက် မချစ်ဘူးဆိုပါတော့''

''အဲသလိုပြောကြပါနဲ့...စိုးရယ်''

''စိုး ကျေနပ်ပါတယ်။ စိုးကို အဲလောက် ပွင့်ပွင့်လင်းလင်းပြော ပြတာ၊ အဲဒီတော့ စိုးကလဲ ကိုလတ်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြမယ် နော်။ စိုးစကားပေါ် မူတည်ပြီး နောက်ပိုင်းမှာ ကိုလတ်နဲ့စိုးကြားမှာ ရှုံးတိုးရှုန်းတန့်ဖြစ်စရာမလိုတော့ဘူး။ ဖြောင့်ပြော ဖြောင့်နေလို့ ရပြီ အဲဒါမကောင်းဘူးလား''

''ကောင်းပါတယ်စိုး၊ ပြောပါ''

''သူတို့ပြောတာလဲမှန်တယ်။ ကိုလတ်ယူဆတာလဲ မှန်တယ်။ စိုး ကိုလတ်ကိုချစ်တယ်ဆိုတာ အမှန်ပဲကိုလတ်၊ ကိုလတ် စိုးကို အထင်သေး ရင် သေးလို့ရပါတယ်''

''အထင်မသေးပါဘူးစိုး၊ စိုးကို ကိုယ်လေးစားပါတယ်''

''အဲဒီတော့ စိုးအနေနဲ့ ကိုလတ်ကို မျှော်လင့်တာလဲ အမှန်ပဲ အဲဒီမျှော်လင့်ချက်ကလဲ ကိုလတ် အိမ်ထောင်ကျတဲ့အထိ စိုးရင်ထဲမှာ အမြဲရှိနေမှာပဲ။ ကိုလတ် ဘယ်သူ့အပေါ် အချစ်ပိုပြီး စိုးကို ထားခဲ့ထား တစ်ချိန်ချိန်မှာ ကိုလတ် စိုးဆီ စိတ်ပြန်လည်လာမယ်လို့လဲ စိုးယုံကြည် တယ်။ အိမ်ထောင်မကျခင် ကိုလတ် ဘာလုပ်နေလဲ စိုးက ခွင့်လွှတ်နေဦးမှာ ပဲ။ အိမ်ထောင်ကျပြီဆိုရင်တော့ စိုးလဲ ကိုလတ်ကို စိတ်မဝင်စားတော့ဘူး အဲဒီအချိန်မှာ ကိုလတ် ဘယ်လိုပြော ပြောလဲ စိုးလက်မခံတော့ဘူး''

''သဘောပေါက်ပါတယ်စိုး''

''အိမ်ထောင်မကျခင်တော့ မသီရိကို ကိုလတ် လိုက်ပါဦး။ လိုက်လို့ ရရင်လဲ ကိုလတ်ကုသိုလ်ပဲ။ လိုက်လို့မရရင်လဲ ကိုလတ်သဘောပေါ့ ဒီကြားထဲမှာ စိုးနဲ့ကိုလတ်ကတော့ ရိုးရိုးသူငယ်ချင်းတွေအနေနဲ့ ကိုလတ် စိတ်ရှင်းရှင်းပဲ ဆက်ဆံပါ။ စိုးကို သနားဖို့လဲ မလိုဘူး။ အားနာနေဖို့လဲ





မလိုဘူး။ ပြောစရာရှိရင် ရှင်းရှင်းပြော။ မခင်ချင်ဘူးဆိုရင်လဲ စကား မပြောနဲ့။ ကိုလတ် စိတ်ချမ်းသာသလိုနေ၊ ကျန်တဲ့ သူငယ်ချင်းတွေကိုလဲ အမှငဲ့နေစရာမလိုဘူး။ သူတို့ကိုလဲ စိုး ဒီအတိုင်းပဲ ပြောပြမယ်။ နို့မို့ ကိုလတ်လဲ ဟန်ဆောင်ပန်ဆောင်ကြီးနဲ့နေရတာ စိတ်ပင်ပန်းဘယ်။ စိုးလဲ ခက်တယ်။ အဲဒီတော့ ရှင်းရှင်းပြော၊ ရှင်းရှင်းနေကြတာ ကောင်း တယ်''

''စိုးနဲ့ကိုယ်ကြားမှ အခင်အမင်ပျက်စရာတော့ ဘာအကြောင်းမှ မရှိပါဘူးစိုး၊ နေတာတော့ ဒီလိုပဲ နေသွားလို့ရပါတယ်''

''ရတယ်၊ ဒါလဲ ကိုလတ်သဘောပဲ။ စိုးကတော့ ကိုလတ်နဲ့ ပတ်သက်လို့ စိတ်အနှောင့်အယှက်မရှိဘူး။ ခင်လဲ ဒီစိတ်ပဲ၊ မခင်လဲ ဒီစိတ်ပဲ။ အိမ်ထောင်ရေးဖောက်ပြန်တာကလွဲလို့ စိုး ကိုလတ်ကို အမြဲ တမ်း ခွင့်လွှတ်တယ်။ ကဲ...စိုးလဲ ပြောစရာကုန်ပြီ။ အီကြာကွေးဆိုင်လဲ ရောက်ပြီ၊ ကိုလတ် ဘာပြောအုံးမလို့လဲ''

''ပြောစရာမရှိပါဘူးစိုး၊ စိုးပြောတဲ့ပုံစံကို ကိုယ်သိပ်သဘောကျ တယ်။ ကိုယ်နဲ့စိုးကြားမှာ လျှို့ဝှက်ထားစရာ၊ ဟန်ဆောင်နေစရာ ဘာမှ မရှိတဲ့နောက် ကိုယ်နဲ့စိုးကြားမှာ ဘာပြဿနာမှ မရှိတော့ပါဘူး။ သီရိ ကို လိုက်လို့မရရင်လဲ စိုးကို ကိုယ်ပြောမှာပဲ။ စိုးက ပြန်ကြိုက်ကြိုက် မကြိုက်ကြိုက်''

ယုံသူယုံ၍ မယုံသူမယုံပဲ နေနိုင်ပါသည်။ အီကြာကွေးများသည် ကြာမီက ဂျုံမြုံမြုံလက်ညှိုးသာသာ အပြားလေးများဖြစ်သော်လည်း ဆီထဲ ထည့်လိုက်သောအခါ ရှဲရှဲမြည်ကာ လက်မောင်းလောက် ခေါင်းပွဝါဝါ ကျွတ်ကျွတ်ကြီးများဖြစ်ကုန်သည်။

ယုံတမ်းစကား လုံးဝမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၄)

သန်းဝင်းတို့အိမ်ရှေ့အရောက်တွင် အတွေးစအပြတ်တို့က တပြ
တည်းလိုလိုဖြစ်သည်။

လင်းဆွေ ကားလေးကို ကွေ့ချိုး၍ဝင်လိုက်၏။

ခြံအဝင် အုတ်တိုင်ကြားတွင် သတိထား၍ မောင်းဝင်ရင်း
တစ်စုံတစ်ခုကို သတိရပြီး ပြုံးသည်။ ကိုယ့်ကိုယ်ကိုလည်း အလွန်ကြော
သော လူကြောင်တစ်ယောက် ဖြစ်နေမှန်း သတိပြုမိသည်။ လာသည့်ကိစ္စ
မနက်ဖန် သီရိကိုဖွင့်ပြောရန်အတွက် သန်းဝင်းနှင့် ဟိုဟိုသည်သည
တိုင်ပင်ရန်။ သို့သော် တစ်လျှောက်လုံး တွေးလာခဲ့သည်က စိုးအကြောင်
လင်းဆွေ ကြောင်တာတော့ ကြောင်နေတာအမှန်ပင်။ လေ့နေ
ဘက်နင်းပြီး ဟိုပင်သည်ပင်ကူး၍ ခွချက်လုပ်နေတာလည်းမဟုတ်။ သူ့
က သီရိဘက်မှာ တိတိကျကျအလေးသာသည်။ သို့သော်လည်း စိုး
ပစ်ပစ်ခါခါမလုပ်ရက်၊ မလုပ်နိုင်။

နားလည်ပါးလည်နှင့် ယလဲ့ဝမ်းကဲ့လုပ်ပြီး ရည်းစားနှစ်ယော
တစ်ပြိုင်တည်းထားဖို့လဲ ဝါသနာမရှိ။ လူလယ်ကျသည်ထင်လျှင်လည
ခံရဖို့သာရှိသည်။ သီရိနှင့်ရည်းစားဖြစ်၊ အိမ်ထောင်ကျ၊ ပေါင်းဖော
ထိုင်၍ စိုးနှင့် သည်လိုပဲ ချစ်ခြင်းမုန်းခြင်းကိစ္စများကို ပွင့်လင်းစွာ ဆွေး
လွှမ်းဆွတ်နိုင်သည့် သူငယ်ချင်းအဖြစ်တည်ရှိ။ သည်လိုလေးတော့ ဖြစ်



သည်။

ကားဘရိတ်ကိုနင်း၍ ရပ်လိုက်သည်။

ဖြစ်ချင်တာထက် ဖြစ်သင့်တာ ဦးစားပေးရမည့်လောကတွင်
လင်းဆွေဖြစ်ချင်သည်များ လျှောက်တွေးနေရန် အချိန်မရတော့။ ဖြစ်သင့်
သည်က မနက်ဖြန်မနက်တွင်ပင် သီရိနှင့်သူ ချစ်သူဘဝသို့ ကူးပြောင်း
လိုက်ချင်သည်။

စိတ်ထဲမှာ လှုပ်ရှားနေ၏။

ခုချိန်မှာ သန်းဝင်းနှင့်ပဲ တိုင်ပင်ရ တိုင်ပင်ရ၊ ဇေဒင်ပဲ မေးရ
မေးရ တစ်ခုခုလုပ်နေချင်တာတော့ အမှန်။

✡ ✡ ✡

"အဲဒီတော့ မင်းတွက်ကြည့်ပေါ့လင်းဆွေ၊ မင်းဖွင့်ပြောလိုက်ရင်
သီရိက ဘယ်လိုတုံ့ပြန်မယ်ထင်လဲ"

"အဲဒါကို မှန်းမရလို့ပေါ့သန်းဝင်းရာ၊ နို့မို့ ဘာအူနေစရာလိုလဲ၊
ဖြစ်နိုင်ရင်ပြော၊ မဖြစ်နိုင်ရင် ငြိမ်နေလိုက်ရုံပေါ့"

"ဒါဖြင့် မင်း မနက်ဖြန်ပြောဖြစ်ချင်မှ ပြောဖြစ်မှာပေါ့"

"ဟာ…ဘယ်နဲ့ပြောဖြစ်ချင်မှ ပြောဖြစ်ရမှာလဲ။ ပြောကို ပြောမှာ
ပြောဖို့ကတော့ ဆုံးဖြတ်ပြီးပြီပဲ"

"နို့…မင်းပြောတော့ ဖြစ်နိုင်မယ်ပြောမယ်ဆို"

"အေးလေ…ငါ့စိတ်ထဲ ဖြစ်နိုင်တယ်လို့လဲ တွက်တာကို"

"ဒီလိုဆို မင်းက ဘာပူနေတာလဲ"

"မဖြစ်နိုင်ဘူးလို့လဲ တစ်ဘက်က တွက်လို့ရနေသေးတယ်သန်းဝင်း
ငါ့အခြေအနေက ဒီလောက် ပိုင်ပိုင်နိုင်နိုင်ကြီးလဲ မဟုတ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် နည်းနည်းအချိန်ယူကြည့်ပါဦးလားကွာ၊ ပိုင်ပိုင်နိုင်နိုင် ရှိမှ ပြောရင်ကော''

''ဟာ…အဲလိုတော့ လုပ်လို့ရမှာမဟုတ်ဘူး။ သီရိပုံစံက မှန်းရ ခက်တယ်ကွ။ ပြောလိုက်မှပဲ သူ့အနေအထားကို အတိအကျသိရမှာ ဖြစ် နေတယ်''

''ပြောလိုက်လို့ မဖြစ်နိုင်ဘူးဆိုရင်တော့''

''ပြောပြီးမှတော့ နောက်ဘယ်ပြန်ဆုတ်တော့မလဲကွာ။ မဖြစ်နိုင် ဘူးဆိုရင်လဲ ဖြစ်နိုင်တဲ့အထိ ဆက်ကြိုးစားရမှာပေါ့''

''အေးလေ…ဒါဆိုလဲ ဘာထူးမလဲ၊ ပြောတော့ပေါ့။ ဒါပေမယ့် ငါ တစ်ခုတွေးမိတယ်လင်းဆွေ၊ မင်းတို့ချင်းတွေ့တာ ဘာမှမကြာသေး တော့ သိပ်စောနေသလိုများ ဖြစ်မနေဘူးလား''

''မထူးပါဘူးကွာ၊ ပြောစရာရှိ ပြောလိုက်တာ အေးပါတယ်။ စောတာက နောက်ကျတာထက် အများကြီးတန်ဖိုးရှိတာပေါ့''

သန်းဝင်း ခဏတွေ၍ စဉ်းစားသည်။ ပြောစရာရှိပြောလိုက်တာ အေးပါတယ်ဆိုသောစကားကို ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြန်စဉ်းစားသည်။ ခဏကြာမှ

''ချကွာ…မထူးဘူး…ပြောလိုက်တော့။ ပြောလို့မဖြစ်တော့လဲ ကိစ္စအေးတာပေါ့''

''မင်းစကားက ဘယ်လိုကြီးလဲ''

''မဟုတ်ပါဘူး၊ ငါပြောတာက ပြောရမယ့်ကိစ္စ တအုံနွေးနွေးကြီး ဖြစ်နေတာထက်စာရင် ပြောလိုက်တော့လဲ ပြီးသွားတာပေါ့။ တစ်နေ့ မဟုတ် တစ်နေ့ပြောရမယ့် စကားပဲမဟုတ်ဘူးလား''

''ဟုတ်တယ်''

''ပြောကွာ…ပြောလိုက်၊ ပြောလိုက်လို့ ဖြစ်လာတဲ့အခြေအနေကို





တော့ ငါပြန်ပြောပြ…ဟုတ်လား…ဒါမှမဟုတ် မင်းနဲ့ငါ အဖော်လိုက် ပေးရမလား''

လင်းဆွေ ခဏစဉ်းစားသည်။ ပြီးမှ

''အဖော်ရယ်လို့တော့မလိုပါဘူး။ ဒါပေမယ့် အဲဒီကိစ္စပြီးပြီးချင်း င်းနဲ့ငါ တွေ့ချင်တယ်ကွာ။ ဝမ်းသာစရာရှိလဲ ဝမ်းသာစကားပြောရအောင်၊ မှမဟုတ် ဆွေးနွေးစရာရှိလဲ ဆွေးနွေးချင်လို့ ကျောင်းမှာဆို ဒီအကြောင်း ပြောဖို့ မလွတ်လပ်ဘူး''

''ဒါဖြင့် ငါလိုက်ခဲ့မယ်လေ၊ မင်းကားပေါ်ကပဲ ငါစောင့်နေမှာ ပေါ့''

''အားတော့အားနာတယ်ကွာ…မင်း အကြာကြီးစောင့်ချင်စောင့် နေရမှာ''

''ကိစ္စမရှိပါဘူး။ အခြေအနေကောင်းရင် မင်း ငါ့ကို မနက်စာ ကျွေးပေါ့ဟုတ်လား''

''ဟာ…သိပ်ကျွေးတာပေါ့…ဒါဖြင့် မနက် မင်းကို ငါဝင်ခေါ် မယ်။ မင်းအိမ်ကပဲစောင့်နေ''

''အေး''

ခဏအကြာတွင် လင်းဆွေ နှုတ်ဆက်၍ပြန်သွားသည်။ ခုမှ ဒုက္ခ ဆက်သည်က သန်းဝင်း။

ဘာလုပ်ရမည်မှန်းမသိ၊ ဘယ်လိုလုပ်ရမည်မှန်းလည်းမသိ ဖြစ်နေ

✡ ✡ ✡

''ဟုတ်တော့ဟုတ်တယ်၊ ဒီကိစ္စက သူပြောသလိုပဲ အဖြူအမဲ



www.burmeseclassic.com

www.burmeseclassic.com



သဲကွဲဖို့ဟာက သူဖွင့်ပြောမှ သိရမှာပဲ။ မပြောဘဲနဲ့ အချိန်ဆွဲထားလေလေ ဒီကိစ္စက သံသရာရှည်လေဖြစ်မှာပဲ…တို့လဲ ဒီထဲဝင်ပြီး ဘာလုပ်ရမ မှန်းကို သိမှာမဟုတ်ဘူး။ ပြောလို့မဖြစ်နိုင်ဘူးဆိုတော့လဲ အေးအေး သီရိနဲ့ပြတ်ရင် ဒီကောင် စိုးဆီပြန်လာမှာ သေချာတယ်"

လင်းဆွေ ပြန်သွားသည်နှင့် သန်းဝင်း ရေရေလည်လည်တွေး တော့သည်။ အခန်းပြတင်းပေါက်နားမှာ ကုလားထိုင်တစ်လုံးချ၍ ထိုင်ပြီး ဆေးပေါ့လိပ်တစ်လိပ်ဖွာ၍ အပြတ်စဉ်းစားခန်းစသည်။

"အဲ…အခြေအနေကောင်းသွားပြီဆိုရင်တော့ ပြဿနာပဲ။ ငါ ပတေးကလဲ ကြီးကြီးကျယ်ကျယ်သာ လျှောက်ပြောနေတာ…တကယ် ဘာမှလုပ်တတ်တာလဲမဟုတ်ဘူး။ အင်း…မလုပ်တတ်ဘူးပြောလို့ မရဘူး။ လုပ်တတ်တော့ကော ခုချိန် ဘာသွားလုပ်မလဲ။ သီရိဆီ ကောင်မလေးသွားရှာ၊ သီရိ နှင့် လင်းဆွေဆိုတဲ့ကောင် သွားမကြိုက် ဒီကောင်က ဂျပိုး၊ သူခိုး၊ တစ်ခါတစ်လေ ခါးပိုက်နှိုက်တယ်။ ဘာညာ သွားတွန်းတော့ကော ကောင်မလေးက ယုံမလား"

"ယုံတယ်ထားဦး…လင်းဆွေလာလို့ လင်းဆွေကို ကဲ ကိုလင်း ရှင့်သူငယ်ချင်းတွေကတော့ ဒီကိုလာပြီး ပြောသွားပြီ။ ရှင်က တကယ် သူခိုး၊ ခါးပိုက်နှိုက်လုပ်စားနေလားလို့ မေးရင် ပြဿနာတက်ပြီ"

"နေဦး…ဒီလိုလုပ်ရင်ကော လင်းဆွေမှာ အနာကြီးရောဂါရှိတ နေတာ၊ သူက အတွင်းနူဆိုတော့ လူမသိဘူး။ ကျောကုန်းမှာ ပန်း ပြားလောက်အနာကြီးရှိတယ်လို့ပြောရင်ကော"

"အင်း…ဒါလဲ ရိုးရိုးကောင်မလေးဆိုရင်တော့ ဖြစ်ချင်ဖြစ် မယ်။ ဒါပေမယ့် သီရိက ဆရာဝန်လောင်းဆိုတော့ ဒါမျိုးလှည့်ပတ် မြန်းပြီး ကျောတွေဘာတွေ လှန်ကြည့်စမ်းသပ်ပြီးမှ ယုံမှာပေါ့"

"ဟူး…မလွယ်ပါလားကွာ…ငါတို့ကလဲ တုံးတုံ့ဘဝ လော





အလွယ်ဆုံးအလုပ်ဖြစ်တဲ့ သူများကို ဖျက်လိုဖျက်ဆီး မတရားကြံစည်တာ တောင် ဖြောင့်အောင်မကြံနိုင်ဘူး"

"မကောင်းပါဘူးကွာ…တို့လဲ အလကားနေရင်း စိတ်ပုတ်စိတ် ယုတ်တွေ မွေးနေရသလိုဖြစ်နေပြီ။ အဲဒီ သောက်ကောင်မလေး စိုးအတွက် ပေါ့။ အမှန်တော့ ဘာမှမဆိုင်ဘူး။ လင်းဆွေ သူ့ဟာသူ ကြိုက်ချင်ရာ ကြိုက်မှာပေါ့။ ငါတို့က ဝိုင်းပြီး ဘာဖြစ်နေရတာလဲ"

စိတ်သည် တောင်ပြေးမြောက်ပြေး၊ ယုန်နောက်ခွေးလိုက်ရသလို ဖြစ်နေ၏။

✡ ✡ ✡

စာကြည့်တော့မည်ဟု ဆုံးဖြတ်၍ စားပွဲတွင် ငုတ်ခနဲ ထိုင်ချပြီးမှ ရုတ်တရက် သူ့ကို သတိရသည်။

စိုးရင်ထဲ ကျင်ခနဲ ခံစားလိုက်ရသည်။ အမှန်အတိုင်းဖြစ်သင့် သည်မှာ ခုချိန်တွင် သူ့မျက်လုံးထဲ မြင်မြင်နေရသော မျက်နှာပိုင်ရှင် လင်းဆွေကို သူနာကျည်းခက်ထန်စွာဖြင့် မေ့ပစ်လိုက်ဖို့ကောင်းပြီ။ သည် ပုဂ္ဂိုလ်က ဘာပုဂ္ဂိုလ်မို့လို့နည်း။ တစ်နေ့တစ်နေ့ ရွှေခုနစ်ကျပ်သား အန် ချပေးနေသော ထူးတဲ့ပုဂ္ဂိုလ်လည်း မဟုတ်။

သူ့ဘက်က ထားခဲ့သမျှ မျှော်လင့်ချက်အားလုံးလည်း ရေစုန်မျော သလောက်ရှိပြီ။ မေတ္တာစိတ်အခြေခံထားပြီး သနားချစ်နဲ့ချစ်လာမလား တွေး၍ မိန်းကလေးတန်မဲ့ အတတ်နိုင်ဆုံး ခွင့်လွှတ်စိတ်ပွား၍ စကား လွှန်လွှန်ကျူးကျူးပင် ကိုယ့်ဘက်က စပြောခဲ့သည်။ အချည်းနှီးဖြစ်၍ တစ်ဘက်က ကိုယ်ချင်းစာတတ်၍သာ ကိုယ့်ဘက်က အရှက်မရဘဲ အစာနာစကားလောက် ပြန်ပြောခံရရုံဖြင့် ငြိုးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာနေတာတစ်ခုကတော့ ခုချိန်မှာ သူ သီရိကို လုံးဝယှဉ်၍မရ။ သီရိက အပြတ်အသတ်ကျော၍ လင်းဆွေ စိတ်ကို ကောင်းကောင်း ဖမ်းစားထားနိုင်သည်။

ခုချိန်မှာ သီရိက ခါထုတ်လိုက်မှ သီရိနှင့်ပတ်သက်၍ လုံးဝမျှော်လင့်ချက်မရှိတော့မှပင် လင်းဆွေ ချာလည်ချာလည်နှင့်လည်၍ သူ့ဆီရောက်လာမည်။ မိန်းမမာနအခြေခံနှင့် စဉ်းစားလျှင်တော့ ရက်စရာကောင်းလှ၏။ သူများမလိုချင်၍ပစ်မှ ကိုယ်ရမည့်ဘဝ။

သို့သော်···ရက်စရာကောင်းတာ၊ မကောင်းတာ ခဏဘေးချိတ်ထားပါဦး။ သီရိဆိုသည့် မိန်းမကကော တကယ်ကျတော့ ပစ်မှပစ်ပါ့မလား။ ပစ်ချင်မှတော့ အစကတည်းက အကပ်ခံမှာမဟုတ်။ သန်းဝင်းဆီက ကြားသမျှ ခုလောလောဆယ်ရည်းစားမဖြစ်သေးဘဲနှင့်ပင် တညင်တွေ ဘာတွေ လည်ပြီးပြီဟု ကြားရသည်။

"ဟင်း···"

သက်ပြင်းနှင့်အတူ စိတ်ဓာတ်က ကျချင်လာ၏။ တစ်လျှောက်လုံး ပျော်ပျော်နေခဲ့ပြီး စိတ်အတော်မာမာခိုင်ခိုင်ထားသူမို့ မျက်ရည်တော့ လွယ်လွယ်နှင့်မကျ။ ဖြစ်ချင်တာတစ်ခုကို လွယ်လွယ်နှင့် အလျှော့မပေးတတ်သည့် ဉာဉ်ကလည်း ကျနေသောစိတ်ကလေးကို ပင့်ပေးထားသည်။

အေးကလူတွေကတော့ သူ့အကြောင်းနှင့်သူ့အဖြစ်သနစ်သာသိလျှင် ဘယ်လောက်ပြောကြမည်မသိ။ သူငယ်ချင်းများကသာ သူ့ဘက်ကို နားလည်စာနာ၍ ခွင့်လွှတ်နိုင်ပေမပေါ့။

သို့သော် ခက်တာက သည်လိုမှ မလုပ်လျှင်လည်း လောလောဆယ် သူက ဘာများလုပ်နေရမည်နည်း။ ကိုယ်ချစ်မိသည့်လူကလည်း ကိုယ့်ကို ဒုတိယနေရာမျှသာထား၍ ပထမအပေါ် အင်တိုက်အားတိုက် လုံးပမ်းနေသည်။





ကိုယ့်အပေါ် သံယောဇဉ်ဌွေ့ဌွေ့တန်း၍ ပထမဦးစားပေးထံ သူသွားလုံးပန်းနေဆဲ ကိုယ်က မျက်ရည်လေးကျလိုက်၊ အိပ်ယာပေါ် ခွေခွေပြီး လွမ်းနာကျလိုက် လုပ်နေရမှာကတော့လည်း အတော်စိတ်ပျက်ဖို့ကောင်းသည့်အလုပ်ဖြစ်သည်။ ဒါမျိုးနှင့်လည်း လောကကြီးကို အရှုံးမပေးချင်။

စိန်ခြူးကြာညောင်၊ လရောင်တွေလင်းပါလို့၊ မှန်ရွှေပြတင်းရယ်က မယ်ခုမျှော်ဆိုပြီး မျက်ရည်လေးစမ်းစမ်း စမ်းစမ်းနှင့် ဖြေလျှော့ခွေနေမည့်အစား ကိုယ်ရွေးချယ်သင့်သော ယောကျာ်းကောင်းတစ်ယောက်ကို ရဲရဲတင်းတင်းပင် အားကစားစိတ်ဓာတ်မျိုးဖြင့် ယှဉ်ပြိုင်အနိုင်ယူပစ်လိုက်ချင်သည်။

တချို့ ရှေးရိုးသမားများကတော့ အပြစ်တင်ချင်ကြပေလိမ့်မည်။ သို့သော် ထိုသို့သောပုဂ္ဂိုလ်များကိုလည်း စုဖုရားလတ်နှင့် သီပေါမင်းတို့ အချစ်ဇာတ်လမ်းအကြောင်း ပြောပြလိုက်ရုံသာရှိ၏။

စိုးက တွေးရင်းနှင့်ပင် စာကြည့်စားပွဲအံဆွဲတွင် သော့ခတ်၍ထည့်ထားသော ဓာတ်ပုံထပ်လေးတစ်ထပ် ဆွဲထုတ်လိုက်သည်။ မနှစ်ကနှင့် သည်နှစ် မွေးနေ့တွင် ရိုက်ထားသည့်ဓာတ်ပုံများ။ ကိုလတ်နှင့် နှစ်ယောက်တည်းပုံချည်း နှစ်ဆယ့်ငါးပုံလောက်ရှိသည်။

ဘာပြောပြော သည်ဓာတ်ပုံတွေ ကြည့်လိုက်လျှင် မသိစိတ်က လှုံ့ဆော်မှုဖြင့် အလိုလိုအားရှိလာသည်။ သီရိဆိုသည်မှာ မနေ့တနေ့ကမှ ပေါ်လာသည့် ရွှေကြာပင်။ လေမိုးတစ်ချက်ပြင်းလျှင် ထိုရွှေကြာပင်သည် ရေဖာပင်လို ခံနိုင်ရမည်ရှိမှာမဟုတ်။

ရွှေကြာပင်ခွေကာခွင်ကာနှင့်ပင် မြစ်ကိုပစ်ပြီး ချောင်းထဲရှာသွားသည့် မန်ဒါလီကြီးသည် ချောင်းရိုးမှနေ၍ ငိုက်စိုက်ငိုက်စိုက်နှင့် မြစ်ကမ်းနား ပြန်ရောက်လာမည်မလွဲ။

www.burmeseclassic.com



ရှာပေဦးတော့ ထမင်းထုပ်ကြီးနဲ့ လူပါမသိုးရုံဖြင့် မှာလိုက်ချင်သည်။ ပထဝီမြေကြီး လှန်လှောကာ ကုန်းလို့ရှာတောင် ဘာညာစသည်ဖြင့် မန်ဒါလီသီချင်းလေးပင် တစ်ခေါက်လောက်ဆိုပစ်လိုက်ချင်သေးသည်။

သည်လိုတွေးတော့လည်း စောစောကကျသွားသည့် စိတ်လေးပြန်တက်လာရပြန်၏။

❀ ● ❀





အခန်း (၂၅)

"ကြူကြူသင်း…တဲ့ ရွှေနှင်းဆီရယ်၊ ဆင်းရုန့်ကမွှေးတယ်၊ ချုးရက်စရာကွယ်၊ အထူးပဲလှတယ်၊ သူ့ကိုယ်သူပင် ဆူးတွေကိုဆင်၊ တ်ဥယျာဉ်ဝယ် ရောင်စုံဖူးပွင့်တယ်"

ပါးစပ်ကဆိုနေသော သီချင်းသံလည်းမဟုတ်။ ဘေးနားတွင် ွင့်ထား၍ ကြားနေရသော ကက်ဆက်သံ။ ရေဒီယိုသံလည်းမဟုတ်၊ တ်ဖြင့်ကြားနေရသောအသံဖြစ်သည်။

သည်မနက်မှ ထူးထူးခြားခြား ဘာဖြစ်သည်မသိ။ အိပ်ယာကခေါင်းအုံးလေးမှာ ကပ်၍ မမမာလာကို အိပ်မက်မက်သည်။ အိပ်မက်ကဘာမှလည်းမဟုတ်။ သီရိ ရှစ်တန်းစာမေးပွဲဖြေပြီး ကျောင်းပိတ်ရက်ကြိန်တွင်း မမမာလာနှင့် သူ ရေပက်ကြစဉ်က မြင်ကွင်းလေး တစ်ကွက်နှစ်ကွက်ကို အဆက်မစပ်မရှိ ပြန်မြင်ခြင်းမျှသာဖြစ်သည်။

စိတ်ကပဲထင်၍လားမပြောတတ်။ မမမာလာသည် ခါတိုင်းထက်င် ပိုလှနေသည်။ ဝတ်ထားသည့်အဝတ်အစားကလည်း သီရိကော၊ မမလာပါ သိပ်ကြိုက်သည့် အဝါရောင်ဆင်တူဝတ်စုံလေး ပြီးတော့ မမလာသည် သူ သိပ်ကြိုက်သည့် ပိတောက်ပန်းများကို တစ်ခေါင်းလုံးနေအောင် ပန်ထားသည်။

မမမာလာကို မြင်လိုက်သည်တွင် သီရိရင်ထဲ ဘယ်လိုဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



မှုမျိုးဖြင့် ဝမ်းသာသွားမှန်း ပြန်မပြောတတ်။ မမ မရှိတော့၊ မမမာ သေသွားပြီဟု နားလည်နေသည့်ကြားက မမကို မြင်လိုက်ရသောအ မမပြန်ရောက်ပြီဟု ထင်လိုက်သည်။ သေသွားပြီဟူသော အကြောင်း ချက်ဖြင့် ဘယ်တော့မှ ပြန်မလာတော့သော ခရီးသို့ ထွက်သွားသော မမျှော်လင့်ဘဲ ပြန်ရောက်လာပြီ၊ မမကို ပြန်တွေ့ရပြီဆိုသော ဝမ်းသာ ရှင်မှုဖြင့် မမကို ပြေးဖက်မိသည်။

နှုတ်မှလည်း မမ မသေဘူးနော်၊ မမ ပြန်ရောက်ပြီနော်၊ ဝမ်းသ လိုက်တာမမရယ်၊ မမကို သိရီသိပ်လွမ်းတာပဲဟု တစာစာပြောကြား မိသည်။ မမက စကားတစ်ခွန်းမှမပြောဘဲ မျက်ရည်များသာ တွင်တွ စီးကျလာသည်။ မမငိုသောကြောင့် သိရီလည်း ငိုချင်လာ၏။

ထိုစဉ် အိပ်မက်မှ ဖြတ်ခနဲ လန့်နိုးလာသည်။

အိပ်ယာက နိုးနိုးချင်း သူ့ပါးပြင်ပေါ်တွင် မျက်ရည်များ စီး လျက်ရှိသည်ကို သိရီသတိထားမိသည်။ အိပ်မက်ထဲမှ မမရုပ်ပုံကလည် မျက်လုံးထဲမှမထွက်။

အိပ်မက်ထဲကလိုပင် မမ တကယ်မသေဘဲ ပြန်လာပါက ဘယ် လောက်ကောင်းမလဲဆိုသော တမ်းတမှုက ရင်ထဲတွင် ပြင်းပြင်းထန်ထ လေး ပေါ်ထွက်လာသည်။ ပြီးတော့ မမကို သတိရခြင်း၊ နှမျောတသခြ ဖြင့် တရှိုက်ရှိုက်ငိုလိုက်မိသည်။

မနက် အိပ်ယာထကနေ မမကို သတိရနေခြင်းသည် ခု ကျော င် တက်ရန် အိမ်မှကားနှင့်ထွက်လာသည်အထိ တောက်လျှောက်ပါလာခဲ့ နားထဲမှာလည်း မမ ဆိုနေကျ၊ မမ သိပ်စွဲလမ်းနှစ်သက်သည့် မေရှင် ချစ်ရေစင်သီချင်းလေးကို ထပ်ပြန်တလဲလဲကြားနေမိသည်။

ထိုသီချင်းလေးကိုအကြောင်းပြုပြီး မမ ကြေကြေကွဲကွဲပြောခဲ့ သော စကားလေးများကိုလည်း အမှတ်ရသည်။





''လူတွေက နှင်းဆီမှာ ဆူးရှိတာကိုပဲ အပြစ်ကြီးတစ်ခုလို သဘော ထားပြီး ပြောတတ်တယ်နော်။ ဒါပေမယ့် စဉ်းစားကြည့်ပါလား သိရီရယ်။ နှင်းဆီပန်းဟာ သူ့ကိုယ်မှာ ဆူးဆင်ထားတာ၊ သူ့ကိုယ်သူ ကာကွယ်ဖို့ပဲ။ သူများကို လိုက်စူးလို့ရအောင် သူက လှုပ်ရှားနိုင်တဲ့ သက်ရှိမှမဟုတ်တာ။ သူ့ဆီလာပြီး ဒုက္ခပေးမယ့်သူတွေအတွက် အလွယ်တကူ ဒုက္ခမပေးနိုင် အောင် ကာကွယ်ထားရုံလေးပါ''

''မမတို့ မိန်းကလေးဆိုတာလဲ အဲဒီလိုပဲ။ ဆူးလေးတွေတော့ ရှိထားသင့်တယ်သိရီ၊ နှင်းဆီလေးလို လှလေလေ ခူးချင်ဆွတ်ချင် ဝတ်ရည် သောက်သုံးချင်တဲ့သူတွေ များလေပဲ။ အားလုံးလိုလိုကလဲ မွေးရင်ပန်၊ နံရင်ပစ်မယ်ဆိုတဲ့ စိတ်မျိုး အနည်းနဲ့အများ ပါလာတတ်တယ်။ သူတို့က အစာဝလို့ ဌာနလဲပြန်ချင်ရော၊ ခုတော့ဖြင့် မစုံပြေတဲ့ဘဝမျိုးနဲ့ တို့များ မိန်းကလေးတွေပဲ အသည်းနှလုံး ကြေပြုန်းကျန်ခဲ့ရတာ''

''သစ္စာမရှိတဲ့ယောကျ်ားဆိုတာ ကမ္ဘာပေါ်မှာ မြက်တွေထက် ပိုပေါတယ်သိရီ။ ကမ္ဘာရှုမှာမှ သဲနဲ့လွင်တီးခေါင်ပဲ ရှိတတ်သေးတယ်။ သစ္စာမဲ့တဲ့ယောကျ်ား၊ မျက်နှာများတဲ့ယောကျ်ားဆိုတာမျိုးတော့ အာဖရိက တောနက်ထဲမှာရော ဆာဟာရသဲကန္တာရထဲမှာကော ဘယ်မှာမှ ရှားတဲ့ ဝစ္စည်းမဟုတ်ဘူး။ ဒါကြောင့် သူတို့အတွက် မိန်းကလေးတိုင်းမှာ ဘယ်ယောကျ်ားကိုမှ အလွယ်တကူမယုံဘူးဆိုတဲ့ဆူးလေးတွေ ကိုယ့်ကိုယ် ကို ကာကွယ်ဖို့ တမင်တပ်ဆင်ထားသင့်တယ်''

သစ္စာမရှိသောယောကျ်ားမျက်နှာများသော ယောကျ်ားဆိုသည့် စကားလေးများက သိရီနားထဲတွင် ထပ်ပြန်တလဲလဲရစ်ဝဲကြားယောင်နေ မိသည်။

မျက်လုံးထဲတွင်လည်း လင်းဆွေ၏မျက်နှာကိုကွက်ခနဲမြင်လာ၏။

✡ ✡ ✡



www.burmeseclassic.com

www.burmeseclassic.com



စင်စစ် လင်းဆွေကို သစ္စာမဲ့သည်။ မျက်နှာများသည်ဟုတော့ မစွပ်စွဲချင်သေး။

သို့သော် မမစကားကြောင့် သူ့ကိုယ်သူတွင် ခ.င်ထားသော ဆူး လေးများအခံဖြင့် လင်းဆွေကိုလည်း မယုံနိုင်သေး။ တခြားယောကျ်ား လေးများထက်စာလျှင် အတော်လေးယုံဖို့ လျော့နည်းသွားပြီဆိုသည့်တိုင် ယုံပြီဆိုသည့်အဆင့်ရောက်ရန်တော့ လိုဦးမည်ထင်သည်။

သွားရင်းလာရင်း၊ လည်ရင်းပတ်ရင်း ခင်မင်ရင်းနှင့်ပင် ယုံချင် သောစိတ်နှင့် မယုံရဲသောစိတ်က လွန်ကြိုး၏အလည်ကြိုးထုံး တစ်ဘက် တစ်ချက်ရောက်၍ အပြန်အလှန်အားပြိုင်နေကြသည်။

လင်းဆွေဘက်က ဘာရည်ရွယ်ချက်ဖြင့် ချဉ်းကပ်လာသည်ဆိုသည် ကတော့ ကနဦးကပင် ရိပ်မိခဲ့သည်။ သည်ကနေ့ သူ့အရေးပေးမှုကြောင့် အနေးနှင့်အမြန်ဆိုသလို ချစ်ကြောင်းဖွင့်ဟ အတိအလင်းချစ်ရေးဆိုတော့ မှာလည်း သေချာနေပြီ။ ခုပင် သူ့ဘက်က အရှောင်အတိမ်း အပိတ်အဆို့ လေးများကြောင့် အောင့်သီးအောင့်သက် တပ်လန့်လန့်ပြီး လင်းဆွေ နှုတ် အသွားသည်မှာ အကြိမ်မနည်းတော့။

လင်းဆွေမှာ ယုံချင်စရာကောင်းသည့် ဥပမိနှင့် အပြောအဆို အမူအရာ၊ အကျင့်စရိုက်လေးများ ရှိသည်ကိုတော့ သတိထားမိသည်။ သို့သော် ခုနောက်ပိုင်း အတိမ်းအဖယ်လေးများ မိုလုပ်ဖြစ်နေသည်မှာ အကြောင်းရှိသည်။

လင်းဆွေ အကူးအသန်းများလာချိန်မှ လိုအပ်သောပြင်ဆင်မှုတစ်ရပ် အနေနှင့် လင်းဆွေတို့ ရက္ခဗေဒတန်းခွဲတစ်မှ လင်းဆွေတို့နှင့် မခင်မင် သော မိန်းကလေးသူငယ်ချင်းတစ်ယောက် နှစ်ယောက်ထံ မသိမသာ လေ့လာထားရန် စကားပါးလိုက်သောအခါ ထိုသူငယ်ချင်းများထံမှ ပြန် ကြားစကားတွင် သံသယမကင်းသော အရိပ်အယောင်လေးများ ပါလာ





သည်။

နေတာထိုင်တာဆိုတာလေးတွေကတော့ တည်ငြိမ်ပါတယ်သိရ၊ ိပ်အပြစ်ပြောစရာမရှိပါဘူး။ ဒါပေမယ့် သူတို့အုပ်စုမှာ ယောကျ်ားလေး ုံးလေးယောက်၊ မိန်းကလေးနှစ်ယောက်သုံးယောက်ပါတယ်။ သူတို့ ုပ်စု အမြဲတွဲတယ်။ သူတို့ချင်း သိပ်ရင်းနှီးကြပုံလဲ ရတယ်။ အုပ်စု ိပ်ခွဲတာမရှိဘူး။ သူတို့ထဲမှာ ဘယ်လိုအဆက်အစပ်ရှိတယ်တော့ တို့ သိဘူးပေါ့။ အုပ်ကွဲပြီး တွဲကြတာလဲ သိပ်မရှိပါဘူး။ ဒါပေမယ့် အတိ ကျတော့ တို့လဲ အာမပေးရဲဘူး'' ဟု တစ်ယောက်ကပြောသည်။ နောက် တစ်ယောက်က

''ကျောင်းမှာ အချိန်ပြည့်နီးပါးရှိတယ်။ တခြားတွဲတာ ပြုတာတော့ ရှိဘူး။ အဲဒီသူတို့အုပ်စုပဲ ရင်းနှီးတာတော့ သိပ်ရင်းနှီးကြတယ်။ ငယ် ပေါင်းတွေလိုပဲ။ ဘယ်လိုရင်းနှီးတယ်ဆိုတာတော့ တို့လဲ မသိဘူး။ ဖြစ် တော့ မဖြစ်နိုင်ပါဘူး''

ဇဝေဇဝါတော့ ဇဝေဇဝါစကားများသာဖြစ်သည်။

သို့သော် ဇဝေဇဝါဖြစ်စရာ ဖြစ်နေတာကိုက သိပ်မကောင်း။ ဘာကိစ္စအလကားနေရင်း ဇဝေဇဝါဖြစ်ရမည်နည်း။

သည်တစ်ခုပဲကျန်သည်။ သည်တစ်ခုကလည်း ဘာမှတော့ ပြောပ လောက်အောင်မဟုတ်၊ သို့သော် ဤမပြောပလောက်တာလေးလည်း ဖြစ်နိုင် လျှင် မရှိစေချင်။ ဘာမှပြောစရာမရှိတော့ ပိုမကောင်းဘူးလား။

ဤကိစ္စသိသည်မှာ သိပ်မကြာသေး။ သံလျင်ဘက်မသွားခင် လေးကမှ ကပ်သိသည့်ကိစ္စ။ မကြာခဏဆိုသလိုပင် သည်ကိစ္စကို ပွင့်လင်းလင်း ဖွင့်မေးလိုက်ချင်သည်။ ဖွင့်မေးလုနီးပါးလည်း ခဏခဏ ဖြစ်သွားသည်။ ခက်သည်က ခုအချိန်မှာ မေးလို့မဖြစ်သေး။ ခုနေ းလျှင် ကိုယ့်ဘက်က ရှိနေသည့်သဘောထားကို ကြိုတင်ဖော်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်သွားမည်။ သည်ကိစ္စရှင်းပြီဆိုလျှင် လက်ခံယုံကြည်တော့မှ
ဆိုသေအထင်သည် လင်းဆွေလည်း လူညံ့မဟုတ်၊ တစ်ချက်တည်းနှ
သဘောပေါက်သွားနိုင်သည်။

သို့အတွက် ဇဝေဇဝါကိစ္စကို လင်းဆွေ ဖွင့်ပြောပြီးမှပင် ချက်ချင်း
မဟုတ်ဘဲ အချိန်တစ်ချိန်ယူ၍ ရှင်းလင်းနိုင်းဖို့ စိတ်ကူးထားလိုက်သည်။

မမမာလာစကားကို မမေ့၊ မမမာလာ၏အဖြစ်ကိုလည်း မမေ့။

မမမာလာစိုက်ပေးခဲ့သည့် ဆူးလေးများသည် ချစ်ရေစင်သီချင်း
လေးကို သတိရခြင်းနှင့်အတူ ရွှန်ထက်ရှင်သန်လျက်ရှိ၏။



အခန်း (၂၆)

ထုံးစံအတိုင်း ရာမသမင်လိုက်ခန်း သရုပ်ဖော် ကျောက်ပြားရောင်စုံ
...်းချိုကားရှေ့မှ လင်းဆွေ စောင့်နေသည်။

သည်နေ့ ရွေးချယ်မိသည်မှာ သိပ်မှန်သွားသည်ဟု သည်ရောက်မှ
...တိထားမိသည်။ အလွတ်နီးပါးရနေပြီဖြစ်သော အချိန်စာရင်းများအရ
...ယ်နာရီနောက်ပိုင်းတွင် သီရိ အချိန်ကြာကြာလေး အားလပ်သည်။
...လည်း မနက်ပိုင်းပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်၊ သန်းဝင်း ဝင်ခေါ်၊
...ညာနှင့်မို့ ကိုးနာရီကျော်ကျော်လောက်မှ ရောက်လာသည်။

သန်းဝင်းနှင့် လက်ဖက်ရည်သောက်၊ ကားဆီပြန်၊ သန်းဝင်းကို
...အစောင့်ခိုင်းထားခဲ့ပြီး လိုအပ်သောပစ္စည်းလေးယူ၍ သည်နေရာမှ စောင့်
...ည်မှာ ဆယ့်ငါးမိနစ်လောက်ရှိပြီ။

လင်းဆွေ နာရီကို ငုံ့ကြည့်သည်။ ဆယ်နာရီထိုးပြီ။ သီရိလာနေကျ
...မ်းဘက် လှမ်းကြည့်လိုက်သည်။

ခါတိုင်းလိုပင် သီရိက အခန်းထောင့်ချိုးကွေ့မှ ပေါ်လာ၍ သူ့ဆီ
...စ်ချက်လှမ်းကြည့်ပြီး ခါတိုင်းကဲ့သို့ပင် ပုံမှန်ခြေလှမ်းများနှင့် လှမ်းလာ
...ည်။

ပုံမှန်မဟုတ်သော လင်းဆွေ ရင်တဒိတ်ဒိတ်ခုန်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



''ကိုလင်းဆွေလက်ထဲက ဘာလဲ''

သီရိက အပြုံးဖြင့် လျှောက်လာရင်းကနေ လင်းဆွေလက်ထဲ ကိုင်ထားသော ထူးဆန်းသောပစ္စည်းကို မြင်လိုက်သဖြင့် မျက်မှောင် ကျုံ့၍ မေးလိုက်၏။

လင်းဆွေက ရယ်ပြီး

''ကက်ဆက်ပါ''

ဖြေရင်းနှင့် လက်ထဲက လေးလက်မ၊ ခြောက်လက်မအရွယ် ရှိသော ဓာတ်ခဲသုံးယူနီဆက်ကက်ဆက်လေးကို ပြသည်။ ဝေါ်ခ်မင်း ခေါ်ကြသော နားကြပ်ဖြင့်သာ နားထောင်၍ရသည့် စတီရီယိုအမျိုးအ မဟုတ်ဘဲ ကက်ဆက်ကြီးများလိုပင် သည်တိုင်း ဖွင့်နားထောင်ရသ မိုနီအမျိုးအစားမို့ စကားပေါက်လေးများ ကာထားသည့် သုံးလက်မ စ ဝိုင်းလေးက ထင်နေသည်။

''ကက်ဆက်…ဘာလုပ်မလို့ ကက်ဆက်ယူလာတာလဲ''

''ဘာမှမဟုတ်ပါဘူး။ ကားမောင်းရင်းလဲ နားထောင်လို့ရအော ဝယ်ထားတာ။ ဒီနေ့ကတော့ ကိစ္စလေးတစ်ခုရှိလို့ ယူလာတာ''

''အော်…''

သီရိက ဘာမှထပ်မမေးတော့ပဲ ထိုအရာကို ထူးထူးခြားခြား စိ မဝင်စားတော့ဟန်ပြသည်။ လင်းဆွေက

''သီရိအားရင် ဘီအိုစီဘက် လျှောက်ရအောင်''

''နေဦး ဘာမှမစားရသေးဘူး။ မနက်က ကော်ဖီတစ်ခွက်ပဲ အိ သောက်ခဲ့တာ။ တစ်ခုခုစားဦးမယ်''

''ကောင်းသားပဲ…စားလေ…စားပြီးမှ လျှောက်တာပေါ့''

''နောက် ကင်တင်းမသွားတော့ပါဘူး။ ဒီမှာပဲ စားလိုက်တာပေ

သီရိက အလုပ်သမားသက်သာဆိုင်ဘက် လမ်းညွှန်ရင်း ပြောသ





နှစ်ယောက်သား အပြင်ဘက် ရေတာမာပင်ရိပ်တွင် ချထားသော စားပွဲလေးများဆီ လျှောက်သွားသည်။

လင်းဆွေက ထိုင်၍ တစောင်းကျောပေးပြီး ထိုင်လိုက်သဖြင့် ချက်စေ့ထဲသို့ ကျောင်းအလယ် ကွင်းပြင်တဘက် မြက်ခင်းစပ်တွင် ထောင်ထားသော ဦးအုန်းလွင်၏ ကျောက်ပြားကပ်ပန်းချီကားကြီး ဝင်လာသည်။ သတ္တုတူးဖော်ရေးအင်ဂျင်နီယာအထိမ်းအမှတ် မီးလျှံများဖြင့် တောက်လောင်နေသော ကမ္ဘာအတွင်းပိုင်းမှ ကျောက်ရည်ပူများဆီသို့ သတ္တုတူးလွန်ဖြင့် ဖောက်နေပုံပန်းချီကားကြီး။

လင်းဆွေ စိတ်ထဲမှ ပြုံးမိသည်။

သီရိ၏ရင်အတွင်းပိုင်းမှ နှလုံးသားရတနာကို တူးဖော်မည့်နေ့မှ ထိုပန်းချီကားကို ဆိုက်ဆိုက်မြိုက်မြိုက် မြင်လိုက်ရ၍ဖြစ်သည်။

သီရိက ဆီချက်တစ်ပွဲမှာမည်ဟု ပြောသည်။ သူ့ကိုကော ဘာစား မလဲဟု မေးသည်။ ခါတိုင်းလိုဆိုလျှင်ဖြင့် ဆီချက်ပဲအတူမှာစားမည်ဖြစ် သော်လည်း ပန်းချီကားမြင်ပြီး အယူတော်မင်္ဂလာနိမိတ်ကောက် ချက်ချင်း ပေါ်သနာပါသွားသဖြင့် လင်းဆွေ တစ်မျိုးပြောင်းမှာသည်။

''ဒီနေ့ ကျွန်တော် ကော်ရည်စားမယ်သီရိ''

သီရိ အံ့ဩဟန်ဖြင့်ကြည့်သည်။

''အမယ်…တစ်ခါမှမစားဘူးတဲ့ ကော်ရည်စားမလို့လား''

''ဟုတ်တယ်…တမင်စားချင်လို့''

ဟုဆိုပြီး ဆီချက်တစ်ပွဲ၊ ကော်ရည်တစ်ပွဲဟု လှမ်းမှာသည်။ နှစ်ဦးသားပေါင်းစည်းရေးအတွက် မခွဲမခွါနိုင်ဘဲ အမြဲကပ်နေရန် ရည်ရွယ် ချက်ဖြင့် ကော်ရည်မှာသည်ဆိုသောအကြောင်းကိုမူ မပြော။

ကိုယ့်စိတ်ကူးနှင့်ကိုယ် ကြိတ်ကျေနပ်နေ၏။

''သူရယ်ကိုယ်ရယ် ရွှေသွားနောက်လိုက် ဆံထုံးရှေ့ယောင်နှယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်သူကြင်ဖော် နှစ်ယောက်ထဲ သီးသန့်ဖြစ်တဲ့အခါမယ်၊ သူသူငါငါ ရေလဲသုံးတဲ့ စကားလေးကိုကွယ်၊ အကြိမ်အကြိမ်အဖန်ဖန် ထပ်တလဲလဲ မက ပြောပြောနေမယ်၊ ဒီလောကနဲ့ အလွန်ဝေးတဲ့အရပ်တစ်ခုမယ် သစ္စာ ကျမ်းထဲက ကမ္ဘာဦးသမီးရည်းစားလို၊ နှစ်ယောက်ထဲနဲ့ တို့ရဲ့တိုင်းပြည် ကို ထူထောင်ကြမယ်''

''ဟင်…ကိုလင်းဆွေ ကက်ဆက်ခွေကလဲ ဘယ်လိုကြီးလဲ ဒီသီချင်းပဲ ထပ်ထပ်လာနေတယ်''

ဘီအိုစီကောလိပ်ဘက် လမ်းလျှောက်ရင်း ထိုင်နေကျနေရာလေးမှာ ထိုင်သည်။ ထိုင်သည်နှင့် ဘာမှမပြောဘဲ လင်းဆွေက ကက်ဆက်ခွေ ကို ကောက်ဖွင့်သည်။ အသင့်ထည့်ထားသော ကက်ဆက်ခွေမှ ကိုင်ဇာ တူနှစ်ကိုယ်တိုင်းပြည်သီချင်းလေး ပေါ်လာသည်။

ပထမတစ်ပုဒ်ဆုံးသည်အထိ သီရိကလည်း သဘောပေါက်ပြီး ပြုံးပြီးနားထောင်သည်။ သည်သီချင်းက တစ်ခါ သူတို့နှစ်ယောက် ညနေဘက်လမ်းလျှောက်ရင်း ဘောလုံးကွင်းထောင့် အအေးဆိုင်မှာ လင်းဆွေ ချဲဖူးသည့်သီချင်း၊ လင်းဆွေ တမင်ကပ်ချဲပြန်ပြီဟု သီရိသိသည်။ သို့သော် တစ်ပုဒ်ဆုံးသော်လည်း နောက်လာသည့်အပုဒ်ကလည်း သည် သီချင်းဖြစ်နေသဖြင့် သီရိမျက်လုံးပြူးပြီး မေးလိုက်ခြင်းဖြစ်သည်။

လင်းဆွေ ရယ်ပြီး…

''ဟုတ်တယ်။ ဒီတစ်ခွေလုံး ဒီသီချင်းတစ်ပုဒ်ထဲ ထပ်တလဲလဲ သွင်းထားတာ''

''ဟင်…ဘာကိစ္စ ဒီသီချင်းချည်း သွင်းထားရတာလဲ''

''ကြိုက်လို့''

''အမယ်လေး…ကြိုက်ပဲကြိုက်နိုင်လွန်းတယ်''

''ကြိုက်လွန်းတာတော့ မပြောနဲ့သီရိ၊ ကြိုက်စရာအကြောင်းကလဲ





ရှိတာကိုး။ ကျွန်တော် ဟိုးတစ်ခါကထဲက ပြောဖူးသားပဲ။ ဒီသီချင်းက သူ အင်မတန်ချစ်တဲ့ချစ်သူကို ရိုးရိုးသားသားလေး ချစ်တယ်ဆိုတဲ့ အကြောင်းကော ချစ်ကတိတွေကော မျှော်လင့်ချက်တွေကော ထိထိမိမိ ပြောနိုင်တာကိုး''

''အင်း…သိပါပြီ၊ ရှင်းပြမနေပါနဲ့တော့။ ဟိုတစ်ခါလဲ အကြာကြီး ရှင်းပြပြီးပြီပဲ''

''အင်း…ရှင်းတော့ မပြတော့ပါဘူး။ ဒါပေမယ့် ဒီနေ့ ဒီသီချင်း ခွေနဲ့ ကက်ဆက်ယူလာပြီး တမင်ဖွင့်ပြတာ အကြောင်းရှိတယ်သီရိရဲ့၊ အဲဒါတော့ ပြောပြရလိမ့်မယ်''

''ပြောပါဦး ဘာအကြောင်းလဲ''

''ဒီသီချင်းဖွင့်ပြီးရင် သီရိကို စကားတစ်ခွန်းပြောမလို့''

''ဟင်''

သီရိရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ လင်းဆွေ ဘာပြောတော့မည် ဆိုကသည်ကိုလည်း ချက်ချင်းရိပ်မိလိုက်သည်။ ရင်ထိတ်သွားသည်က လင်းဆွေပြောမည့်စကားကြောင့်မဟုတ်၊ မနက်က မမကို သတိရသည်နှင့် သည်အဖြစ်အပျက်နှင့် တစ်နေ့တည်းလာဆုံနေ၍ဖြစ်သည်။

စိတ်ထဲတွင် နည်းနည်းရှုပ်ထွေးသွား၏။

''ခဏ…ကိုလင်းဆွေ၊ အဲဒီကက်ဆက် ခဏပိတ်လိုက်ပါအုံး''

လင်းဆွေက စကားပြောရင်းသီချင်းသံရှုပ်နေသည်ထင်၍ကက်ဆက် ပိတ်ပေးလိုက်သည်။

''အင်း…ပြော…သီရိ''

''ကိုလင်းဆွေပြောမယ်ဆိုတဲ့စကား နောက်နေ့ကျမှ ပြောလို့မဖြစ် ဘူးလား''

လင်းဆွေကလည်း သူပြောမည့်စကား ကြိုသိ၍ ပိတ်ပြီဟု နား



www.burmeseclassic.com

www.burmeseclassic.com



လည်လိုက်သည်။ ထို့ကြောင့်

"မဖြစ်ဘူးသီရိ…ကျွန်တော်ပြောမယ့်စကားက အရေးကြီးတယ် ပြောမယ်လို့ စဉ်းစားထားတာ ကြာပါပြီ။ ဒီနေ့တော့ ပြောဖြစ်အော ပြောမယ်ဆိုပြီး တမင်ဆုံးဖြတ်လာလို့"

"ဒီနေ့ မပြောပါနဲ့လားကိုလင်းဆွေ…နောက်နေ့မှ ပြောပါလား"

သီရိမျက်နှာ ပျက်တက်တက်ဖြစ်နေသည်ကိုတော့ သတိထား သည်။ သို့သော် သီရိရင်ထဲကကိစ္စ ဘယ်လိုမှမသိနိုင်သူမို့

"ကျွန်တော်တော့ ရက်ရွှေ့မနေချင်ဘူးသီရိရယ်…ဒါပေမ တစ်ခုတော့ရှိတယ်။ သီရိက ဘာဖြစ်လို့ ဒီနေ့မပြောစေချင်တာ ကျွန်တော်ပြောမယ့်စကားကို သီရိ ကြိုသိနေလို့လား"

သီရိ ခဏတွေ၍ စဉ်းစားသည်။ ကြိုသိတာတော့ သိနေပေ သို့သော် ကြိုသိသည်ဟု ပြောလိုက်ပြီးမှ ပြောခွင့်ပေးလျှင် အဓိပ္ပာ တစ်မျိုး ပေါက်သွားနိုင်သည်။ ကြိုမသိပါဘူး၊ တခြားအကြောင်းရှိ ရက်ရွှေ့နိုင်းတာပါဆိုလျှင်လည်း ဘာအကြောင်းလဲမေးပြီး စကားတွေ ရှည်ဦးမည်။

နည်းနည်းအချိန်လေး ယူလိုက်သဖြင့် စောစောက ရင်ထိတ်မှုလေ သွေးအေးသွားသည်။ သို့အတွက် အတွေးက တစ်မျိုးပြောင်းသွား၏။

အင်းလေ…သိပ်တော့မဆိုင်ပါဘူး။ ဒိတောင်ကောင်းပါသေးတယ် သူ ဒီစကားပြောမယ့်နေ့မှာ စိတ်ထဲ သတိလေးရှိနေတော့ သူလဲ အကျ အကြောင်း ပြန်ပြောပြလို့ရတာပေါ့။ ဘုရားက ကြိုပြီးမမှားရအောင် သ ပေးလိုက်တာဖြစ်ချင်ဖြစ်မှာ …

အတွေးအဆုံးတွင် ခေါင်းကို ခါဆတ်၍ မျက်နှာကို ပြင်လိုက်

"မဟုတ်ပါဘူး။ ဘာရယ်လို့မဟုတ်ပါဘူး၊ ဒီနေ့မနက် အိပ်ယာ စိတ်သိပ်မကြည်လင်လို့ စိတ်မကောင်းစရာစကားဆိုရင် မပြောနဲ့





ပြောမလို့ပါ"

"စိတ်မကောင်းစရာစကားမဟုတ်ဘူးသီရိရဲ့"

"အင်းလေ…ဒါဆိုရင်တော့ ပြောပေါ့။ ဘာပြောမလို့လဲ"

"ရှေးရုံးထုံးစံဆိုရင်တော့ ကျွန်တော် စကားတစ်ခွန်းပြောမယ်။ ကျွန်တော့်စကားကိုကြားရင် စိတ်မဆိုးပါနဲ့၊ ဘာညာပျိုးရမှာပေါ့သီရိရယ်၊ တခြားဘာမှမဟုတ်ပါဘူး။ သီရိကို ကျွန်တော်ချစ်တယ်လို့ ဖွင့်ပြောတာ ပါ"

"ဟင်း"

သီရိ သက်ပျင်းချသည်။ လင်းဆွေ ကံဆိုးသည်ဟု စိတ်ထဲတွင် သနားသွားမိသည်။ သည်နေ့ သိပ်သတိထားနေသည့်နေ့မှ ဖွင့်ပြောဖြစ် အောင် ဖွင့်ပြောလိုက်သဖြင့် စိတ်လှုပ်ရှားမှုမှလာသော စကားများကို သူ မကြားနိုင်တော့။

ဦးနှောက်က လွှမ်းမိုးသောနေ့တွင် ဦးနှောက်လာသော စကားများ ကိုသာ သူကြားရပေလိမ့်မည်။

သနားတာတော့ တကယ့်ကို သနားသွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၇)

"သီရိကို ကျွန်တော်ချစ်တယ်သီရိ၊ စကားတွေ အရှည်ကြီးနဲ့ လုံလောက်အောင် ပြောရရင်တော့ စာစာကသီချင်းထဲက စာသားတွေ ပြန်ရွတ်ပြရလိမ့်မယ်။ ဒါပေမယ့် သီရိနဲ့ ကျွန်တော်လဲ ခုမှ သိကြခင်ကြတဲ့သူတွေ မဟုတ်ပါဘူး။ ကျွန်တော့်ရင်ထဲမှာ ဘာရှိတယ်ဆိုတာ သီရိလဲ အကင်းပါးတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ သိကိုသိနှင့်နေမှာပါ။ ကျွန်တော့်အချစ်နဲ့ ပတ်သက်တဲ့အဖြေကိုလဲ သီရိဆီက သိပါရစေ"

လင်းဆွေက စကားကို အဆုံးသတ်တော့မည်ပြုပြီးမှ ဆက်၍…

"အဲ…နောက်တစ်ခုက ကျွန်တော်ပြောတဲ့စကားက မပြောအပ်တဲ့စကားဆိုရင်တော့ ကျွန်တော့်ကို ခွင့်လွှတ်ပါသီရိ"

သီရိ ခေါင်းခါသည်။

"ကိုလင်းဆွေ ပြောတဲ့စကားက မပြောအပ်တဲ့စကားတော့ မဟုတ်ပါဘူး။ လွတ်လပ်တဲ့ယောကျာ်းလေးတစ်ယောက်က လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်ကို အချိန်မရွေး ပြောခွင့်ရှိတဲ့စကားပါ။ ဒါပေမယ့် သီရိအဖြေမပေးခင် ကိုလင်းဆွေကို သီရိအကြောင်းအရာလေးတစ်ခု ပြောပြချင်တယ်"

"ပြောပါသီရိ"

"တခြားမဟုတ်ပါဘူး။ သီရိရင်ထဲမှာ ကနေ့အထိ အရှမ်းခံစားနေရတဲ့ အဖြစ်အပျက်ကလေးတစ်ခုပါ။ ကိုလင်းဆွေကို ပေးရမယ့် အဖြေနဲ့ ဒီအကြောင်းအရာလေးက အကျုံးဝင်မယ်ထင်လို့ သီရိပြောပြမှာပါ"

သီရိက စကားပလ္လင်ခံရင်း သူပြောလိုသော အကြောင်းလေးများကို တည်တည်ငြိမ်ငြိမ်နှင့် ပြောပြသည်။

လင်းဆွေက သီရိစကားကို နားထောင်ရင်း ထိရောက်စွာ အသုံးပြုလိုက်နိုင်သည့် နည်းပရိယာယ်ဖြစ်သော ကက်ဆက်လေးကို လှမ်းဖွင့်လိုက်သည်။ ကက်ဆက်လေးလည်း သူ့လိုပင် ဘာစကားမှ မပြောနိုင်တော့ဘဲ ငြိမ်၍နားထောင်နေရတော့၏။

✡ ✡ ✡

"ဒီလို ကိုလင်းဆွေ…. သီရိမှာ သီရိသိပ်ချစ်တဲ့ အစ်မတစ်ယောက်ရှိတယ်။ မာလာတဲ့…သီရိအထက် အစ်မ၊ ဖေဖေက သီရိတို့မောင်နှမ နှစ်ယောက်ကို ပညာကြိုးစားစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ရန်ကုန်တက္ကသိုလ်ထဲက အဆောင်နာမည်တွေကြီးပေးထားတာ….ကိုကိုကြီးကို ဒဂုန်၊ သီရိအထက်ကို မာလာ၊ နောက် သီရိညီမလေးကို ရတနာ…ထားပါ။ ဒါက ဘော့ ကြုံလို့ ပြောပြတာပါ…

မမမာလာက သီရိတို့ထဲမှာ နာမည်နဲ့လိုက်အောင် ပန်းကလေးလိုပဲ လှလဲသိပ်လှတယ်။ စိတ်လဲ နူးညံ့သိမ်မွေ့တယ်။ ပျော့တယ်ပေါ့ကိုလင်းဆွေ ဒါတော့ ညီမတွေ အစ်မတွေ သူငယ်ချင်းတွေအပေါ်မှာလဲ သိပ်သံယောဇဉ်ကြီး၊ သိပ်ချစ်တာပဲ….

အဲဒီအစ်မဟာ သူဆယ်တန်းဖြေပြီး သီရိ ရှစ်တန်းဖြေပြီးတဲ့နှစ်မှာ ကြိမ်ရေပက်ကစားရင်းကနေ တက္ကသိုလ်တတိယနှစ်က ကျောင်းသားတစ်ယောက်နဲ့ ခင်မင်ရင်းနှီးသွားကြတယ်။ ပြောရင်ယုံမလားမသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းဆွေ အဲဒီလူက ကိုလင်းဆွေတို့လို ရုက္ခဗေဒအဓိကကျောင်းသား ပဲ...

ဒါပေမယ့် တစ်ခုတော့မတူပါဘူး။ အဲဒီ ကိုဇော်သက်ဆိုတဲ့လူက ကိုလင်းဆွေလို တည်တည်ငြိမ်ငြိမ်တော့ မဟုတ်ပါဘူး။ သိပ်သွက် သိပ်လည်ပြီး အပြောရဲ၊ အဆိုရဲ၊ လက်ရဲ၊ ဇက်ရဲလူမျိုးပါ။ ကိုဇော်သက်တို့က ဂျစ်ကားနဲ့ ရေပက်ခံထွက်ရင်း သီရိတို့ပက်တဲ့နေရာမှာ မမကိုတွေ့ပြီး မမနားမခွါဘဲ အတင်းဝင်၊ အတင်းကပ်၊ အတင်းရင်းနှီးအောင်လုပ်တော့ အားနာတတ်တဲ့မမကလဲ ကိုဇော်သက်ကို လက်ခံခင်မင်လိုက်တယ်။

အဲဒီကနေ ကိုဇော်သက်က အကြောင်းမရှိ အကြောင်းရှာပြီး မမဆီလာလည်၊ ဖုန်းဆက်၊ ရင်းနှီးသထက်ရင်းနှီးအောင်လုပ်တော့၊ ဆိုပါစို့ ကိုလင်းဆွေရယ်...မမ တက္ကသိုလ်တက်တဲ့ ပထမနှစ်မှာ ကိုဇော်သက်နဲ့ ချစ်ကြိုက်သွားကြတယ်။ မမက စီးပွားရေးတက္ကသိုလ်မှာ ရတယ်။

သိတယ်မဟုတ်လားကိုလင်းဆွေရယ်...မမလိုမိန်းကလေးက နှိုကမှ စိတ်အားကလဲငယ်တယ်။ သံယောဇဉ်လဲ ကြီးတတ်ဆိုတော့ အချစ်ဦးလဲ အချစ်ဦး၊ ပြီးတော့ ကိုယ့်ထက်လဲ အသက်ကြီးပြီး အပြောအဆို အချိုးအကပ်ကလဲ သိပ်တော်တဲ့လူလဲဖြစ်နေတဲ့ ကိုဇော်သက်ကို အရမ်းတွယ်တာပြီး အရမ်းချစ်တယ်၊ ယုံလဲ သိပ်ယုံတာပဲ။

ကိုဇော်သက် ပြောသမျှအားလုံးကို ဘဝနဲ့စက်ပြီးတော့ကို ယုံထားတယ်။ ဘယ်အထိ ယုံသွားသလဲဆိုတော့ မမ ဒုတိယနှစ်တက်နေတဲ့ အချိန်မှာပဲ ကိုဇော်သက် အဆွယ်ကောင်းတာကို ယုံပြီး ကိုဇော်သက်နဲ့ နိုးရာလိုက်ပြေးတဲ့အထိဖြစ်သွားတယ်။ အဲဒီမှာ ပြဿနာပေါ်တာပဲ ကိုလင်းဆွေ....

ကိုဇော်သက်နောက်လိုက်ပြီးလို့ တစ်ပတ်လောက်အကြာမှာ ဘွားခဲ့ သူမမျှော်လင့်တဲ့ ပြဿနာတွေနဲ့ တွေ့တော့တာပဲ။ ကိုဇော်သက်က





ယ်ကလာတက်နေတဲ့ကျောင်းသား၊ နယ်မှာ သားနဲ့မယားနဲ့ ရှိတာကိုး။ ဇော်သက်မိန်းမဆိုတာကော၊ ယောက္ခမတွေကော သူတို့ဆီလိုက်လာပြီး ကို နှစ်ပြားမတန်အောင်ပြော၊ နောက်ဆုံး ပါးရိုက်နားရိုက်တဲ့အထိ ပ်တယ်။ မမပြန်ပြောပြတယ်။ အဲဒီတုန်းက မမလေ ကြောက်လွန်းလို့ နေရာတောင်မရှိဘူးတဲ့...

အဲဒီမှာ မမလဲ ရှက်လဲရှက်၊ ကြောက်လဲကြောက်ပြီး အိမ်ကို ပြေးလာတယ်။ လိုက်ပြေးတုန်းကတော့ ပညာတစ်ပိုင်းတစ်စနဲ့ မိုက်တဲ့ မီးဆိုပြီး ဖေဖေနဲ့မေမေက သမီးအဖြစ်မှ စွန့်လွှတ်မယ် ဘာညာနဲ့ ါအရမ်းပွပေမယ့် သမီး ဒီလိုဖြစ်ပြီး ပြန်လာတဲ့အခါ မိဘပဲ ကိုလင်း ရယ်...ဘယ်ပစ်ရက်မှာတုန်း။ သိပ်အားငယ်ပြီး စိတ်ဓာတ်ချောက်ချား တဲ့မမကို ခွင့်လွှတ်လက်ခံပြီး အိမ်မှာ ပြန်ခေါ်ထားပါတယ်။

ဒါပေမယ့် မမကတော့ စိတ်အရမ်းထိခိုက်ပြီး နောက်ဆုံး အိပ်ယာ ဘုံးဘုံးလဲတာပဲ။ အိမ်ထဲကနေအိမ်ပြင်တောင် မထွက်ရဲဘဲ အခန်း ာင်းရာကနေ စိတ္တဇနာလိုဖြစ်လာပြီး အိမ်ပြန်ရောက်လို့ သုံးလလောက် ကြာမှာ မမဆုံးသွားတယ်...

"အို..."

သီရိစကားနားထောင်ရင်း လင်းဆွေ စိတ်မကောင်းဖြစ်သွားသဖြင့် ာနဲ့ ရေရွတ်မိသည်။ သီရိလည်း ပြောရင်းနှင့် မျက်ရည်များ ပါးပေါ် ကျလာပြီး...

"သိပ်ကြေကွဲဖို့ကောင်းတာပဲ ကိုလင်းဆွေရယ်...မမလေ သူ့ ခွဲ့စ်ကို သူသိပ်သိတယ်။ ဖေဖေတို့ မေမေတို့ဆီက ခွင့်လွှတ်စကား ောင် သူ ရဲရဲမတောင်းရဲဘူး။ ဆုံးကာနီးအထိ သမီးမိုက်တယ်ဖေဖေ သိပ်မိုက်တယ်မေမေဆိုတဲ့ စကားတွေကိုပဲ ထပ်တလဲလဲပြောတယ်။ ကာနီးလေးမှာ သူ့ကို အတင်းလက်အုပ်ချီပေးခိုင်းပြီး မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကျနေတဲ့ကြားထဲကနေ သမီးကို ခွင့်လွှတ်ပါဆိုတဲ့ စကားကို နောက်ဆုံး ပြောနေတာလေး သီရိမျက်လုံးထဲက ဒီနေ့အထိမထွက်ဘူး''

စကားအဆုံး သီရိအသံတိမ်ဝင်ပြီး မျက်နှာကို လက်ဖြင့်အုပ်ကာ သီရိရှိုက်၍ငိုသည်။ လင်းဆွေပင် ယောကျ်ားတန်မယ့် မျက်ရည်ဝိုင်းလ သည်။ ခဏကြာမှ လင်းဆွေက ပင့်သက်တစ်ချက်ရှိုက်ရင်း…

''မငိုပါနဲ့သီရိရယ်…ကြေကွဲစရာကတော့ ကြေကွဲစရာပေါ့။ သိ မပြောနဲ့…ဘေးကနားထောင်နေရတဲ့ ကျွန်တော်တောင် ရင်ထဲဆို့လ ပါတယ်။ ဒါပေမယ့် ဖြစ်ပြီးတဲ့ကိစ္စက ပြီးခဲ့ပြီပဲ။ တတ်နိုင်သလော စိတ်ကိုဖြေယူပါ''

''သီရိလဲ မေ့ချင်ပါတယ်ကိုလင်းဆွေရယ်…ဒါကြောင့် တတ်နို သလောက် ဒီကိစ္စကို ဘယ်သူ့မှလဲ မပြောပဲ ကိုယ့်ဟာကိုယ်လဲ တတ်နို သလောက် မစဥ်းစားဖြစ်အောင် ကြိုးစားပြီး မေ့ခဲ့တာပါပဲ။ ဒါပေမ ဒီနေ့မနက်တော့ မမကို ဘာဖြစ်လို့မှန်းမသိဘူး။ အရမ်းသတိရတာ မမကို အိပ်မက်လဲမက်တယ်။ တစ်မနက်လုံးလဲ မမကိုပဲ သတိရနေတယ် ဒါကြောင့် ကိုလင်းဆွေ ဒီနေ့ ဒီစကားမပြောပါနဲ့လို့ တားခဲ့ရတာ။ သိ မမလိုဖြစ်မှာ သိပ်ကြောက်တယ်''

သီရိစကားကြောင့် လင်းဆွေ ငိုင်သွားတယ်။ ဒီနေ့ ဒီစကားမပြေ ဖြစ်လိုက်ရင် အကောင်းသားဆိုသော စိတ်က ရင်ထဲသို့ တိုးဝင်လာသည် သို့သော် ခုမှ ပြန်နောက်ဆုတ်လို့မရတော့ မိမိလည်း ဖော်သက်န ယောကျ်ားမျိုးမဟုတ်။ ဖော်သက်၏မေတ္တာမျိုးလည်းမဟုတ်။ သူ့ကိစ္စ ထိအဖြစ်အပျက်ကို သွားချိတ်ဆက်စရာအကြောင်းလည်း မရှိ။

ဥပဒါန်ဖြစ်နေသော သီရိ၏စိတ်ကို ဖြေဖျောက်ပေးရန်လိုပြီ စိတ်ဖြင့်ဆုံးဖြတ်လိုက်၏။



အခန်း (၂၈)

''အင်း…ပြောပါဦး…အဲလိုဆုံးဖြတ်ပြီး မင်းက ဘာဆက်ပြော ''

သီရိထံမှအပြန်တွင် အကြိုးအကြောင်းအားလုံး သန်းဝင်းကို ပြန်ပြော ည်။ ကိစ္စက အချိန်ယူပြောဖို့လိုအပ်သဖြင့် ချက်ချင်းကျောင်းပြန်မဝင် သးဘဲ ပတ္တမြားခြံထဲမှ လက်ဖက်သုပ်ဆိုင်ထဲဝင်ပြီး သစ်ပင်အရိပ် ာင်းကောင်း စားပွဲတစ်ခုတွင်ဝင်ထိုင်၍ ထိုကိစ္စကို အနုလုံ ပြန်သုံး ပ်သည်။

''မမလို သီရိဖြစ်မှာ သိပ်ကြောက်တယ်''ဆိုသော နေရာအဆုံးတွင် င်းဆွေက ရှင်းပြသောစကားခုသဖြင့် သန်းဝင်းက မနေနိုင်တော့ဘဲ င်ထောက်၏။ လင်းဆွေခေါင်းညိတ်ပြီး …

''အေး…အရေးကြီးတာကလဲ အဲဒီကိစ္စပဲ။ မင်းနဲ့အစကတိုင်ပင် မယ့်အပိုင်းကလဲ ဒီအပိုင်းပဲ အဲဒီမှာအဆင်ပြေသွားတာ တစ်ခုရှိတယ်''

''ဘာလဲ''

သန်းဝင်းအမေးကို လင်းဆွေက ပြန်မဖြေဘဲ လက်ထဲကိုင်လျက် လာပြီး စားပွဲပေါ်ချထားသော ကက်ဆက်လေးကို လှမ်းယူသည်။ သည့်လက်စအခွေကို အစအထိ ပြန်ရစ်ရင်း…

''နဂိုတုန်းကတော့ ဒီထဲက သီချင်းလေးဖွင့်ပြပြီး ရည်းစားစကား

www.burmeseclassic.com

www.burmeseclassic.com



ကို နောက်ခံတေးဂီတနဲ့တကွ ပြောဖို့ကြံတာပဲကွာ…ဒါပေမယ့်
တစ်မျိုးဖြစ်လာတာနဲ့ သွားပြောမိရက်သားဖြစ်နေတော့ ဒီကက်ဆ
အသုံးပြုတဲ့အစီအစဉ်လဲ ပြောင်းလိုက်ရတယ်"

ရယ်ရင်းပြောသော လင်းဆွေစကားကြောင့် သန်းဝင်းက

"ဘာလဲ…မင်းတို့ပြောတဲ့စကားတွေ ကက်ဆက်နဲ့ဖမ်းထား
နိုင်လို့လား"

"အေး…မင်းသိတဲ့အတိုင်းပဲ ဒီကက်ဆက်က ဒါမျိုးသုံးလို့
လွယ်တာပဲဟာ။ အဲဒါ သူနဲ့စကားပြောနေရင်း အခွေပြန်ရစ်သလို ဘ
လို့နဲ့ ဟိုကိုင်ဒီကိုင်လုပ်ရင်း မသိမသာဖမ်းထားလိုက်တာ"

လင်းဆွေက ပြောပြောဆိုဆိုနှင့် အသံဖမ်း၊ အသံလွှင့်လွယ်ကူ
ယူနီဆက်အမျိုးအစား တီယူငါးသုညငါးပုံစံကက်ဆက်လေးကို ခ
နှိပ်၍ ဖွင့်လိုက်သည်။

လေဟာပြင်ထဲ သည်အတိုင်းချဖမ်းထားသဖြင့် တရှဲရှဲမြည်
လေသံများနှင့်အတူ နှစ်ယောက်စကားပြောသံများ ပေါ်ထွက်လာသ

သိပ်အကျယ်ကြီးမဟုတ်သော်လည်း ကွန်ဒင်ဆာမိုက်ကရိုဖုန်း
အစွမ်းကြောင့် ပီတော့ပီသစွာ ကြားနေရ၏။

✡ ✡ ✡

"ဒီလိုတော့ရှိပါတယ်သီရိ…သီရိရဲ့မမကိစ္စက သူ့အဖြစ်အပ
သူ ကြေကွဲစရာကောင်းတာတော့ မှန်ပါတယ်။ ဒါပေမယ့် ကိုဇော်
ကြောင့် မမမာလာရင်ကွဲဆုံးပါးရတာနဲ့ လင်းဆွေက သီရိကို ချစ်ခွ
တဲ့ကိစ္စဟာ အချိတ်အဆက်မရှိတဲ့ ကိစ္စနှစ်ခုပါ။ အဖြစ်အပျက်ချ
သတ်သတ်စီပါ"





"ဟုတ်တာတော့ဟုတ်ပါတယ်။ ကိုလင်းဆွေဟာ ကိုဇော်သက်လိုလူမျိုး ဖြစ်မလာရင် သီရိလဲ မမမာလာကို ဖြစ်စရာအကြောင်းမရှိဘူးပေါ့"

"လင်းဆွေဟာ ကိုဇော်သက်မဟုတ်ပါဘူးသီရိ၊ ကျွန်တော်ကြောင့် သီရိမျက်နှာလေး တစ်ချက်တောင်မညှိုးစေရပါဘူး။ ကျွန်တော့်ကြောင့် သီရိစိတ်ဆင်းရဲရမှာကို ကျွန်တော် သေမှာထက် ကျွန်တော်က ပိုကြောက်ပါတယ်"

"ကိုဇော်သက်ကလဲ မမကို ဒီလိုပြောချင်ပြောခဲ့မှာပေါ့ကိုလင်းဆွေ"

"ဟာဗျာ…သီရိ အဲဒါတော့ သက်သက်ဥပါဒန်ဖြစ်တာပဲ။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ပါ့မယ်ဗျာ။ မတူတဲ့ကိစ္စနှစ်ခုကို သွားရောထွေးမပစ်ပါနဲ့"

"ရောပစ်တာတော့မဟုတ်ပါဘူးကိုလင်းဆွေ ဒါပေမယ့် ယောကျ်ားတွေရဲ့ ခန့်မှန်းမရနိုင်တဲ့ စိတ်သဘောထားကို သီရိကြောက်တာတော့အမှန်ပဲ…ကိုလင်းဆွေကိုလဲ သီရိ မယုံသေးဘူး။ စိတ်တော့ မဆိုးပါနဲ့နော်။ သီရိ ပွင့်ပွင့်လင်းလင်းပဲပြောတာ"

"ဒီထက် ပွင့်ပွင့်လင်းလင်းပြောလဲ ကျွန်တော် စိတ်မဆိုးပါဘူးသီရိ…သီရိမှမယုံတာ ကျွန်တော်က လိုက်စိတ်ဆိုးလို့ရမလား။ ဒါပေမယ့် ကျွန်တော်သိချင်တာတစ်ခုက ကျွန်တော့်ကို မယုံနိုင်စရာအကြောင်းအချက်တွေ သီရိအမြင်မှာ ဘာတွေများရှိလို့လဲဗျာ…ကနေ့အထိ သီရိအပေါ်မှာ ကျွန်တော် လိမ်ညာဖုံးဖိထားတဲ့ကိစ္စ ဘာတစ်ခုမှ မရှိပါဘူး"

"တစ်ခုတော့ရှိတယ်ကိုလင်းဆွေ…သီရိကျတော့ မမမာလာရဲ့အဖြစ်အပျက်ကိုကြည့်ပြီး အစောကြီးထဲက ကြိုတင်ပြင်ဆင်ပြီး သ…ထားနေတဲ့သူ၊ ဒါကြောင့် ကိုဇော်သက်လောက်ဆိုးတဲ့အပြစ်မှ အပြစ်လို့ မယူဆ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘူး။ သီရိအတွက်ကျတော့ အပြစ်လုံးဝမရှိတာမျိုးမှပဲ ရဲရဲယုံလို့ ရတော့မယ်။ သေးသေးလေးပဲဖြစ်ဖြစ် အပြစ်ဟာ အပြစ်ပဲ''

''ဟုတ်ပါပြီသီရိ၊ သေးသေးလေးပဲဖြစ်ဖြစ် မပြောပလောက်တာပဲ ဖြစ်ဖြစ်၊ အပြစ်ကို အပြစ်လို့ပဲ ယူဆပါ။ ကျွန်တော့်အမြင်မှာတော့ သီရိနဲ့ပတ်သက်လို့ ကျွန်တော့်မှာ ဘာအပြစ်မှမရှိဘူး။ ရှိရင်လဲ ဖြောင့်သာ ဖွင့်ပြောပါ။ ပြင်လို့ရတဲ့အပြစ်ဆိုရင် ပြင်နိုင်တာပေါ့ဗျာ''

''ဒါဖြင့် သီရိအမှန်အတိုင်းပဲပြောမယ်။ သီရိအနေနဲ့ ကိုလင်းဆွေ အပေါ် အတော်လေးစဉ်းစားထားပြီးပါပြီ။ ဒီကျောင်းကို ကိုလင်းဆွေ စရောက်တဲ့နေ့ကစပြီး တစ်နေ့နေ့ ကိုလင်းဆွေ သီရိကို ချစ်ရေးဆိုတော့ မယ်ဆိုတာလဲ ကြိုတွက်ပြီးသားပါ။ ဒီထက် ပွင့်ပွင့်လင်းလင်းပြောရရင် လဲ သီရိအနေနဲ့ ကိုလင်းဆွေကို စိတ်ဝင်စားပါတယ်။ ယောကျ်ားတွေ ကို မယုံရဲတဲ့ သီရိဘဝမှ အတော့်ကို ယုံချင်လာမိတဲ့ယောကျ်ားဆိုလို့ ကိုလင်းဆွေတစ်ယောက်ပဲရှိပါတယ်''

''ဟုတ်ကဲ့…ပြောပါသီရိ…ယုံဖို့ခက်နေတာက ဘာလဲ''

''ယုံဖို့ခက်နေတာတစ်ခုပဲရှိပါတယ်။ အဲဒီတစ်ခုကလဲ သီရိက စင်းလုံးချောအချစ်ဖြစ်မှ ရွေးမယ်ဆိုတဲ့ စိတ်အခံကြောင့် ထည့်စဉ်းစား တဲ့ကိစ္စလေးပါ။ သိပ်ကြီးကြီးကျယ်ကျယ်မဟုတ်သေးသလို အတိအကျလဲ သီရိလဲ မသိသေးပါဘူး။ သီရိဟာသီရိတောင် ဇဝေဇဝါဖြစ်နေတဲ့ ကိစ္စမို့ ဖွင့်မပြောချင်သေးဘူး''

''ဟုတ်ပါဘူးသီရိ…ဘာဖြစ်ဖြစ် ဖွင့်သာပြောပါ။ ဒါ အားနာရမယ့် ကိစ္စမှမဟုတ်ပဲ''

''အားနာလို့ မပြောတာလဲ မဟုတ်ပါဘူးကိုလင်းဆွေ။ သီရိဘာသာ သီရိလဲ သေချာအောင် လုပ်ချင်သေးတယ်။ လိုမှပဲ ဖွင့်ပြောမှာပေါ့''

''ဒါဖြင့် ကျွန်တော့်ကို အဖြေပေးဖို့ကကော''





''သီရိကို အချိန်နည်းနည်းပေးပါဦးကိုလင်းဆွေ၊ ကိုလင်းဆွေရဲ့ အချစ်ကို သီရိမငြင်းပါယ်ပါဘူး။ တုံ့ပြန်ဖို့ကိစ္စကိုသာ လက်ခံစဉ်းစား နေတယ်လို့ သဘောထားပါကိုလင်းဆွေ။ လောစရာလဲ မလိုပါဘူး။ သီရိဘဝမှာ သီရိပြန်ချစ်ဖို့စဉ်းစားတာဟာ ကိုလင်းဆွေကလွဲလို့ ဘယ်သူမှ မရှိပါဘူး။ ပြိုင်ဘက်မရှိတဲ့ပွဲမှာ ပထမဆုကလွဲလို့ တခြားဆုလဲ ရစရာ မရှိပါဘူး။ ပန်းဝင်မလာချင်ပါနဲ့ကိုလင်းဆွေ။ ဒီပွဲက စံချိန်ယူပြီး ပြိုင်ရတဲ့ ပြေးခုန်ပစ်ပွဲမဟုတ်ပါဘူး။ ဘဝနဲ့ဆိုင်တဲ့ပွဲပါ''

ထောက်ခံနဲ့ ကက်ဆက်ကို ပိတ်လိုက်သည်။ စီ ၆၀ တစ်ခြမ်း ပင်မပြည့်။

''လိုရင်းကတော့ ဒါပဲသန်းဝင်း။ နောက်ပိုင်းမှာ ကျန်တာ ငါ့ စကားတစ်ခွန်းပဲရှိပါတော့တယ်။ အဲဒါကလဲ ထုံးစံအတိုင်းပေါ့ကွာ။ ချက်ချင်းဘာမှလုပ်လို့မရပေမယ့် အတူတူ၊ စိတ်ရှည်ရှည်နဲ့ စောင့်ဖို့ပဲ ရှိတော့တာမို့ စဉ်းစားချင်လဲ စဉ်းစားပါသီရိ၊ ကျွန်တော်လဲ လောစရာ ဘာအကြောင်းမှမရှိပါဘူး။ ကျွန်တော့်မှာရှိမယ်လို့ သီရိထင်နေတဲ့အပြစ် လဲ ကျွန်တော့်ဟာကျွန်တော် ရှာကြည့်ပါဦးမယ်ဆိုပြီး စကားလက်စသတ် ပြန်လာခဲ့တာပဲပေါ့ကွာ''

သန်းဝင်းမျက်မှောင်ကျုံ့စဉ်းစားရင်းခေါင်းတဆတ်ဆတ်ညိတ်သည်။

''သူပြောတဲ့အပြစ်ဆိုတာ ဘာဖြစ်မယ်ထင်သလဲ လင်းဆွေ''

လင်းဆွေ ရယ်သည်။

''ဘယ်သိမလဲသန်းဝင်း…သူဟာသူသာ ဘာကိစ္စနဲ့ ထင်နေမှန်း သိတာ။ ငါ့မှာ ဘာအပြစ်ရှိလို့လဲ''

တကယ်လည်း သူအထပ်ထပ်စဉ်းစားပြီးပြီ၊သူ့မှာ ဘာအပြစ်မှမရှိ။ အဲ…မရှိဟု ထင်၏။

❀ ✹ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၉)

ပတေးက ကျေနပ်အားရသော အမူအယာဖြင့် လက်ဖျောက်တစ် ချက်တီးလိုက်သည်။

"ဟုတ်ပြီသန်းဝင်း…အဲဒီကိစ္စ ငါ လုံးဝကျေနပ်တယ်။ ဒါဆို တို့ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ဖို့လဲ သေချာသွားပြီ"

သန်းဝင်းက သိပ်မလှုပ်ရှား၊ အေးစက်စက်အမူအရာနှင့်ပင် လှမ်း ကြည့်ရင်း …

"ဘာလဲ…သီရိပြောတဲ့ အပြစ်ဆိုတဲ့ကိစ္စကို ဘာလဲလို့ မင်း သိနေလို့လား"

"ငါသိတယ်…ငါထင်တာပဲဖြစ်ရမယ်"

"မင်း သိပ်မပေါက်နဲ့ပတေး…သူတို့ ကာယကံရှင်တွေတောင် ဇဝေဇဝါဖြစ်နေတဲ့ကိစ္စကို မင်းက ရှုးသလို့ပေါ်သလိုလုပ်ပြီး ထသိမနေနဲ့ ငါလဲ လင်းဆွေနဲ့တိုင်ပင်ရင်း အမျိုးမျိုးစဉ်းစားပြီးပြီ၊ လင်းဆွေမှာ ဘာ အပြစ်မှာမရှိဘူး။ သက်သက်မယ့် သီရိအချိန်ဆွဲချင်လို့ ဒီစကားနဲ့ တင် ထားတာပဲဖြစ်မယ်"

ပတေးခေါင်းခါသည်။

"မဟုတ်ဘူးသန်းဝင်း၊ မင်းထင်သလို မဟုတ်ဘူး။ ဒီလောက် ပွင့်ပွင့်လင်းလင်း စကားတွေပြောပြီးမှ ဘာထစ်နေစရာလိုလဲကွာ။ ဒီခေါ်

ခြောက်လလောက် အချိန်နဲ့ အဖြေပြန်ပေးလို့ သိက္ခာကျစရာကို ရှိတဲ့ဥစ္စာ။ အလုပ်ပိုလုပ်ပြီး ဘယ်သူက အချိန်ဆွဲနေမှာလဲ။ အချိန်ဆွဲ တော့ကော ဘာထူးသွားမှာမို့လဲ၊ နေ့တိုင်း လက်ခံတွေ့နေတဲ့ဟာပဲ"

ပတေးစကားကြောင့် သန်းဝင်း ငြိမ်သွားသည်။ ရုတ်တရက် တွေးရခက်သွားပုံလည်းရသည်။ ခေါင်းထဲမှာလည်း အတော်အလုပ်များ သွားသည်။ အပြစ်…လင်းဆွေနှင့် ပတ်သက်သော အပြစ်ဆိုတာကို လုံးဝ စဉ်းစားမရ။ လက်ဖက်ရည်ဆိုင်တုန်းကလည်း ရေနွေးကြမ်းနှစ်အိုးလောက် ကုန်သည်အထိ ထိုင်ပြီး လင်းဆွေနှင့်အတူ စဉ်းစားကြည့်ခဲ့ပြီးပြီ။

ဘယ်လိုမှရှာမရ၊ တစ်၊ လင်းဆွေမှာ အကျင့်စာရိတ္တနှင့်ပတ်သက် ၍ ရေးကလဲ အပြစ်ပြောစရာမရှိ။ အချစ်ရေးနှင့်ပတ်သက်၍ကော လင်းဆွေမှာ အမှားမှားအယွင်းယွင်း ဘာတစ်ခုမှ မရှိခဲ့။ အပေါင်းအသင်း များ၏ အမုန်းကိုခံပြီးတောင် သီရိကို နှစ်နှစ်ကာကာချစ်သည်။ ရည်းစား ဆိုသည်း တစ်ယောက်မှ မရှိဖူးခဲ့။ သီရိမှ သီရိဖြစ်နေသည့်ကိစ္စ။

မိဘမှာလည်း ဘာမှ ပြောစရာမရှိ၊ စီးပွားရေးကလည်း အကြီး အကျယ်မချမ်းသာတောင် သူ့ဟာနဲ့သူ တင့်တောင့်တင့်တယ်ရှိသည်။ ပညာရေး…အဲ…အဲဒါကိုပဲ ပြောစရာရှိသည်။

"ဘာလဲပတေး…ကောင်မလေးက အမ်စီက၊ လင်းဆွေက ဘော့ တန်မို့ အဆင့်နိမ့်တာကို စဉ်းစားတာလား"

"ဟာ…မဆိုင်ပါဘူး။ ဒါတွေက ဒီအချိန်မှ စဉ်းစားရမှာမဟုတ် ဘူး။ စတွေ့ကတည်းက စဉ်းစားရမှာတွေ၊ ဟိုအချိန်က မစဉ်းစားခဲ့ပဲ ခုမှ စဉ်းစားရမယ့်အကြောင်းအရာမဟုတ်ဘူး"

"ဒါဖြင့် လင်းဆွေက သူတို့လောက်မချမ်းသာလို့လား"

"ဒါလဲ မဖြစ်နိုင်ဘူး။ ကောင်မလေးပြောတာ ရှင်းနေတာပဲကွ။ ငွေးချယ်သင့်မချယ်သင့် စိတ်ဝင်စားသင့် မသင့် စဉ်းစားတာမျိုး မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ စိတ်ဝင်စားတယ်၊ လက်ခံချင်တယ်၊ ယုံလဲယုံချင်တယ်၊ ယုံရခဲ
နေတဲ့ ဖဝေဖဝါကိစ္စလေးတစ်ခုပါလို့ဆိုမှပဲ''

သန်းဝင်းက လက်မြှောက်လိုက်သည်။

''လုံးဝစဉ်းစားလို့မရဘူးပတေး၊ ကဲ...မင်းသိရင်ပြောပါဦး
ဘာကိစ္စဖြစ်နိုင်လဲ''

''ငါတော့ စိုးနဲ့ပတ်သက်တဲ့ကိစ္စလို့ပဲထင်တယ်''

''ဟာ...မဟုတ်တာပဲ''

သန်းဝင်း ဖြက်ဆိုကောက်ငြင်း၏။

ပတေးစကားက အဓိပ္ပာယ်မရှိ။

✡ ✡ ✡

''အဓိပ္ပာယ်မရှိတာပဲပတေးရာ...စိုးနဲ့လင်းဆွေကိစ္စက စုစုပေါင်း
တို့ လေးငါးခြောက်ယောက်ပဲ သိတဲ့ကိစ္စပဲ။ ပြီးတော့ ဒီကိစ္စမှာ
ဒီကောင့်မှာ အပြစ်မရှိဘူး''

ပတေးက ရယ်သည်။

''ဘယ်လိုလဲသန်းဝင်း...မင်းတောင်မှ ဒီကောင့်ဘက်က ပါသွား
ပလား။ အပြစ်မရှိဘူးတွေ ဘာတွေ လျှောက်လဲလို့''

သန်းဝင်းက မရယ်ဘဲ အတည်မျက်နှာဖြင့် ခေါင်းညိတ်သည်။

''ဟုတ်တယ်ပတေး...ငါလဲ မင်းကို အဲဒါပြောမလို့ဘဲ။ ...
ဒီကောင့်ကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ကိစ္စကို ရပ်ပစ်လိုက်ရင် ကောင်း
မယ်ကွာ။ ငါ ဒီကောင့်ကို သနားတယ်။ သူ့ကိစ္စနဲ့သူပဲ အောင်အောင်မြင်
မြင်ဖြစ်သွားပါစေကွာ၊ တို့ဘေးကလူတွေ ဘေးကလို နေလိုက်တာ
ကောင်းပါတယ်''





ပတေး ရယ်သည်။ သရော်ရယ်၊ လှောင်ရယ်မဟုတ်။ သန်းဝင်းကို
ခွင့်လွှတ်နားလည်စွာ ရယ်သောအရယ်ဖြစ်သည်။

သို့သော် သန်းဝင်းက မကြည်မလင်ကြည့်၍...

''မရယ်နဲ့ပတေး...ငါ အတည်ပြောနေတာ။ မင်းကို ငါ ဝတ္တရား
အတိုင်းသာ ပြောပြနေတာ။ ငါ ဒီအလုပ်မလုပ်ချင်တော့ဘူး''

''အေးပါ...ငါရယ်တာက မင်းစကားကို ပေါ့ပျက်သွားအောင်
လုပ်တာမဟုတ်ပါဘူး။ မင်းကို ငါ နားလည်ပါတယ်။ မင်းကိုလဲ ငါ့
ဘက်ပါရမယ်လို့ ဘယ်တုန်းကမှ အတင်းအကျပ်မခေါ်ခဲ့ဖူးပါဘူး။ ခုလဲ
မင်းသဘောပါ။ လုပ်ချင်မှလုပ်ပါ၊ ရပါတယ်''

''မင်းလဲ မလုပ်နဲ့ကွာပတေး''

''ဘယ်လိုလဲသန်းဝင်းရာ...မင်းက ပြောင်းမယ့်ပြောင်းတော့လဲ
လင်းဆွေဘက်သားကို လုံးလုံးဖြစ်သွားတော့တာပဲလား။ မင်းစိတ်ကူးနဲ့
မင်းပဲ ကြိုက်သလိုနေပါသန်းဝင်းရာ...ငါ့တော့ မတားပါနဲ့။ ငါလဲ
ငါ့စိတ်ကူးနဲ့ငါ လုပ်ပါရစေ''

''မဟုတ်ပါဘူးသူငယ်ချင်းရာ...အလကားနေရင်း တို့က လူ
တစ်ယောက် စိတ်မချမ်းမသာဖြစ်မယ့်ကိစ္စ ဖွတ်လိုက်လုပ်သလို ဖြစ်နေ
မှာပေါ့''

''ဒါဖြင့် မင်းကို ငါမေးမယ်။ လင်းဆွေ စိတ်မချမ်းသာဖြစ်မှာတော့
မင်း ထည့်စဉ်းစားတယ်။ စိုး စိတ်မချမ်းမသာဖြစ်မှာတော့ မင်း မစဉ်းစား
ဘူးလား''

ပတေးအမူအရာ အကဲဖမ်းရခက်နေသည်။ သူ့ဟာသူ ကျေနပ်နေပုံ
ဖြင့် တစ်လျှောက်လုံး ပြုံးတုံးတုံးကြီးလုပ်ပြီး ပြောနေခြင်းဖြစ်သည်။
သန်းဝင်းက မကျေမနပ်စွာဖြင့်...

''စိုးကိစ္စ မင်းစဉ်းစားတာမဟုတ်ဘူးပတေး၊ ခုကိစ္စက လင်းဆွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ နှလုံးသားကိစ္စ။ အမှန်အတိုင်းပြောရရင် တို့နဲ့ ဘာမှမဆိုင်ဘူး။ သူတို့ ကိစ္စ သူတို့ဟာသူတို့ ရှင်းပါစေ။ တို့လုပ်လို့ သီရိနဲ့လင်းဆွေကွဲတော့ကော လင်းဆွေက စိုးကို ကြိုက်ဦးမှ။ ကြိုက်တယ်ပဲထားဦး၊ ဟို မရလို့ ပြန် လာတဲ့သူကို စိုးက လက်ခံရမှာ…ဒီအိမ်ထောင်ရေးကကော အဆင်ပြေ မတဲ့လား။ သွေးပူနေတုန်းကတော့ ဟုတ်တာပေါ့။ သွေးအေးတဲ့အခါကျ တော့ ပြဿနာတွေ စုပြုံတက်လာမှာပဲ''

ပတေးရယ်သည်။

''မင်းစကားနဲ့ပဲ မင်းကို ပြန်ပြောရင် ဒါလဲ သူတို့ကိစ္စပါသူငယ် ချင်း၊ သူ့ဟာသူ လက်ခံနိုင်လို့ မျှော်လင့်နေတဲ့ကိစ္စမှာ စိုးအတွက် မင်း ကလဲ ဘာမှဝင်ကြောင့်ကျမနေပါနဲ့''

''ကြောင့်ကျတာမဟုတ်ဘူးကွ၊ မကောင်းလို့ပြောတာ''

''ဘာမကောင်းတာလဲ သန်းဝင်း၊ ဘယ်သူ့အတွက် မကောင်းဘူး လို့ ပြောတာလဲ''

''စိုးအတွက်ပေါ့''

''စိုးကိစ္စကို စိုးဟာစိုး ဆုံးဖြတ်မှာပေါ့ကွာ။ မင်းကလဲ ဘာဖြစ်လို့ မကောင်းဘူး၊ ကောင်းတယ် ဝင်ဆုံးဖြတ်နေရတာလဲ''

''မကောင်းဘူးပတေး၊ စိုးအတွက်လဲ မကောင်းဘူး။ လင်းဆွေ အတွက်လဲ မကောင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့…''

သန်းဝင်းစကားမဆုံးခင် ပတေးက ဝင်လက်ကာ၍ …

''ခဏ…ခဏနေဦးသန်းဝင်း၊ ဒီကိစ္စကို မင်းနဲ့ငါ ဘာမှ မငြင်း တော့ဘူး။ သီရိကိစ္စကို မင်း ဝင်မပါချင်ရင်လဲ မပါနဲ့တော့…ရတယ်။ အဲဒီအတွက် မင်းကို ငါ ကျေနပ်တယ်။ ခုချိန်ကစပြီးတော့ လင်းဆွေ ကိစ္စတွေ မင်း ငါ့ကို မပြောချင်တော့ဘူးဆိုလဲ နေလို့ရတယ်။ ငါ ဘယ်လို မှ သဘောမထားဘူး။ အလားတူပဲ စိုးနဲ့ပတ်သက်တဲ့ သီရိကိုလဲ မင်းကို





ါပြောချင်မှပြောမယ်။ ဒါပေမယ့် မင်းနဲ့ငါ ကြားမှာ ဘာမှမဖြစ်ဘူးနော်။ င်းပြောသလိုပဲ ဒါ တို့ကိစ္စမဟုတ်ဘူး။ တို့က ဘေးလူတွေ၊ အဓိက ိစ္စဟာ သူတို့ကာယကံရှင်တွေနဲ့ပဲဆိုင်တယ်။ သူတို့ကိစ္စကြောင့် မင်းနဲ့ ါကြားမှာ ဘာအခင်အမင်မှ ပျက်စရာမရှိဘူး။ ကျေနပ်လား''

''မကျေနပ်သေးဘူးကွာ၊ လင်းဆွေကို မင်း ဖျက်လိုဖျက်ဆီး င်လုပ်ဦးမယ်ဆိုတာကို ငါ သဘောမကျဘူး''

''ဟားဟား…စံပဲသန်းဝင်းရာ၊ ဒီမှာသန်းဝင်း…မင်းကို ငါပြော ့မယ်။ လင်းဆွေနဲ့ငါနဲ့က ဟိုးပေါက်စနီပေါက်စနလေးထဲက ပေါင်းလာ တဲ့ကောင်ပါကွ။ ဒီကောင့်ကို ဖျက်လိုဖျက်ဆီး ငါ ဘယ်တော့မှမလုပ်ဘူး။ ဒါပေမယ့် ဒီကောင်နဲ့ပတ်သက်လို့ တချို့ကိစ္စတွေမှာ မင်း နားမလည် တာတွေ အများကြီးရှိတယ်။ အဲဒီလိုပဲ လူတွေနဲ့ပတ်သက်လို့ မင်းတို့ ါတို့ နားမလည်တာတွေ အများကြီးရှိတယ်။ ငါ ဒီလောက်ပြောလို့မှ ကျေနပ်သေးရင် မင်း လင်းဆွေကို အကုန်ဖွင့်ပြောလိုက်။ တို့ ကျောင်း တက်တဲ့နေ့က လင်းဆွေ သီရိဆီသွားနေတုန်း တို့တိုင်ပင်ကြတာ၊ နောက်ဆုံး စိုးက တို့ကို ပုဆိုးနဲ့တိုက်ပုံဝယ်ပေးမယ်ပြောတာအထိ မင်း အကုန်လုံးဖွင့်ပြောလိုက်၊ ပြီးရင် ဒီကောင်နဲ့ငါနဲ့ တွေ့မယ်။ သူက ပုပ်နဲ့ဆိုတဲ့ကိစ္စမှန်သမျှ ငါ ဘာတစ်ခုမှ မလုပ်ဘူး။ မင်းကို ကတိပေး တယ်…ကျေနပ်ပလား''

''အေး…ဒါဆိုပြီးရော''

သန်းဝင်းကိုကြည့်၍ ပတေးရယ်သည်။

ပတေးလည်း သူ့ဟာနှင့်သူ အတော်ကျေနပ်နေပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၀)

"သန်းဝင်းပြောတာ ဟုတ်လားပတေး"

"ဟုတ်တယ်လင်းဆွေ…သူပြောတာ အားလုံးအမှန်ချည်းပဲ။ ငါပဲ သူ့ကို ပြောခိုင်းလိုက်တာ"

နေ့လည်က သန်းဝင်းနှင့်တွေ့ခဲ့ပြီး ညနေဘက် အိမ်ပြန်ရောက်သည်တွင် ပတေးဆီ လင်းဆွေ ပေါက်ချလာသည်။ လက်ဖက်ရည်ဆိုင်အထိပင် မသွားတော့ဘဲ ပတေးတို့အိမ်၊ ပတေးအခန်းထဲ၌ပင် ထိုစကားတန်းမေးသောကြောင့် ပတေးက သန်းဝင်းဘာပြောသလဲ မမေးတော့ဘဲ အကုန်လုံးသိမ်းကျုံးပြီး ဟုတ်ပစ်လိုက်သည်။

"ဒါဖြင့် ပတေး မင်းကို ငါတစ်ခုမေးမယ်"

"မေး…ကြိုက်တာမေး"

"မင်း ငါနဲ့သီရိကိစ္စကို ဝင်ဖျက်တဲ့နေရာမှာ သန်းဝင်းမသိဘဲ မင်း ဘာလုပ်ထားတာရှိလဲ"

သည်တစ်ခါတော့ ပတေးကြောင်သွားသည်။ ခဏတွေသွားပြီးမှ

"မရှိပါဘူး။ မင်းတို့ကိစ္စမှာ ငါတို့နှစ်ယောက်လုံး ဘာတစ်ခုမှ မလုပ်ရသေးဘူး။ ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူးကွာ…ခု သီရိက ငါ့အပေါ်မှာ မယုံရဲတာတစ်ခု ရှိတယ်ဆိုတဲ့ ကိစ္စကို မင်းသိနေတယ်ဆိုတာ ငါမသက်ဘူး။ မင်း တစ်ခုခု



လုပ်ထားလို့လားလို့ ထင်နေတယ်"

ပတေး ကပျာကသီလက်ကာသည်။

"ဟာ…ဟာ…မဆိုင်ဘူးလင်းဆွေ၊ အဲဒီကိစ္စ ငါနဲ့ဘာမှမပတ်သက်ဘူး။ မင်းပေးချင်တဲ့သစ္စာပေး၊ ငါ ဘာတစ်ခုမှ မလုပ်ရသေးဘူး။ မင်းမနက်ဖြန် ဖွင့်ပြောမယ်ဆိုပြီး သန်းဝင်းဆီ လာတိုင်ပင်တဲ့နေ့က မင်းရောက်ခင်လေးတင် သန်းဝင်းအိမ်က ငါ ပြန်လာခဲ့တာ။ သန်းဝင်းကို မေးကြည့်၊ အဲဒီအချိန်အထိ တို့ဘက်က ဘာမှ မလုပ်နိုင်သေးလို့ စိတ်ညစ်နေတာ"

"ဒါဖြင့် သီရိ ဇဝေဇဝါဖြစ်နေတဲ့ကိစ္စ မင်းသိတယ်လို့ သန်းဝင်းကို ပြောတယ်ဆို၊ စိုးနဲ့ပတ်သက်တယ်လို့လဲ မင်းပြောတယ်တဲ့ ဟုတ်လား"

"ဟုတ်တယ်…ငါထင်တာ အမှန်ဟုတ်မဟုတ်တော့ ငါမပြောတတ်ဘူး။ ငါထင်တာ မှန်မယ်ထင်လို့ ငါပြောလိုက်တာပဲ"

"မင်း ငါ့ကို လိမ်တာတော့ မဟုတ်ပါဘူးနော်"

"ဟော့ကောင်လင်းဆွေ…ငါ ဘယ်တုန်းက မင်းကို လိမ်ဖူးလို့လဲ။ ငါမကျေနပ်ရင် မကျေနပ်ဘူး။ ငါ လုပ်ရင် လုပ်တယ်ပဲ ပြောတယ်။ ငါ ဘယ်တော့မှ မလိမ်ဘူး"

"ဒီလိုဆိုရင် မင်း ငါ့ကို တစ်ခုကူညီပါ။ စိုးနဲ့ပတ်သက်ပြီး သီရိက ငါ့ကို မယုံမရဲဖြစ်နေတယ်လို့ မင်း ထင်တာဟာ ဘာဖြစ်လို့လဲ၊ သီရိဟာ စိုးကို မြင်ဖူးတာလဲမဟုတ်ဘူး။ နာမည်တောင် မကြားဖူးတာ။ ဘာဖြစ်လို့ ဒီလိုမင်းထင်ရတယ်ဆိုတာ ငါ့ကို ရှင်းမပြနိုင်ဘူးလား"

လင်းဆွေစကားအဆုံးတွင် ပတေးက နှုတ်ခမ်းကိုစေ့၍ နှုတ်ခမ်းကို ဗက်ဘက်လက်ညှိုးနဲ့ဖိရင်း ကုလားထိုင်ပေါ် တင်ပလ္လင်ချိတ်ထားသော ဗက်ဘက်ပေါင်ပေါ်တွင် တတောင်ထောက်၍ စဉ်းစားသည်။ ပြီးမှ …က်ကိုဖယ်၍…



www.burmeseclassic.com

www.burmeseclassic.com



"ငါ ပြောပြမယ်လင်းဆွေ၊ မင်းကို ငါ ညာစရာလဲမလိုဘူး။ ဒါပေမယ့် မင်း ရှင်းပြနိုင်းတဲ့ကိစ္စကို ငါ တိတိကျကျရှင်းမပြနိုင်တာ တော့ အမှန်ပဲ။ ငါ့စိတ်ထဲမှာ တန်းပေါ်လာတဲ့ကိစ္စကို တန်းပြောလိုက်တာ။ မင်း စဉ်းစားကြည့်၊ သီရိနေရာကနေ မင်းကို သံသယဖြစ်စရာ ဘာရှိနိုင်တယ်လို့ မင်း တွေးမိလဲ"

"ငါ တွေးမိသလောက်ကတော့ ဘာမှမရှိဘူး"

"အေး…ဟုတ်တယ်။ ငါလဲ အဲလိုပဲ တွေးမိတယ်။ ကောင်းပြီ ဒါဖြင့် မင်းမှာ အပြစ်တစ်ခုရှိတယ်လို့ ထင်နေတာ ဘယ်သူတွေရှိလဲ"

"အပြစ်တစ်ခု ရှိနေတယ်လို့ထင်နေတာ…ဟုတ်လား"

"ဟုတ်တယ်"

"ဟာ…မင်းပဲ ရှိတာပေါ့။ ဩ…မဟုတ်သေးဘူး။ မင်းရယ် မဝေရယ်၊ ခင်လတ်ရယ် စောစောပိုင်းက သန်းဝင်းပေါ့ကွာ"

"အင်း…အဲဒီအပြစ်က ဘာအပြစ်လဲ"

"စိုးနဲ့ပတ်သက်တဲ့ကိစ္စပေါ့"

"ကောင်းပြီ…ဒါဖြင့် ငါတို့အပါအဝင် တစ်လောကလုံးမှာရှိတဲ့ လူတွေအားလုံးနဲ့ ခြုံတွေးကြည့်၊ အားလုံးစုစုပေါင်းမှာ မင်းကို ပြောစရာ ဆိုလို့ အပြစ်ဘယ်နှစ်ခုရှိလဲ"

"မရှိဘူး၊ ဒါပဲရှိတယ်"

"အေး…ဒါဆို သီရိပြောတဲ့အပြစ်ဆိုတာလဲ ဒါပဲဖြစ်မှာပေါ့ ရှင်းနေတာပဲ။ ဒါမှမရှိလဲ ရှိစရာရှိသေးလို့လား"

"ဟာ…ဒါပေမယ့် စိုးနဲ့ငါနဲ့က ဘာမှ တိတိကျကျသေသေချာချာ ဖြစ်တာမှမဟုတ်ဘဲကွ"

"သီရိကော မင်းကို တိတိကျကျသေသေချာချာပြောနေလို့လား လင်းဆွေ"





လင်းဆွေ လုံးဝငြိမ်ကျသွားသည်။

ဘာပြောရမှန်းမသိ၊ ဘာလုပ်ရမှန်းမသိ။

တုံ့ချက်တည်းနှင့်အီသွား၏။

✡ ✡ ✡

အတန်ကြာ တွေငေးပြီးမှ လင်းဆွေ စကားပြန်သည်။

"မင်းပြောသလို ဖြစ်မယ်ဆိုရင် သီရိက စိုးနဲ့ ပတ်သက်ပြီး ငါ့ကို ဘယ်လိုထင်လို့ ဘာမယုံရဲဘူးဖြစ်နေတာလဲဟေး"

"အဲဒါတွေ ငါ ဘယ်လိုလုပ်သိနိုင်မလဲလင်းဆွေရာ။ သူ့စိတ်ထဲ ဝင်ကြည့်ဖို့နေနေသာသာ သူ့ကိုငါ မြင်ဖူးသလား၊ မသိလားတောင် မြင်ဖူး တာမဟုတ်ဘူး"

"မင်း တကယ်မမြင်ဖူးဘူး၊ မသိဘူးနော်"

"ဘာလဲလင်းဆွေ၊ မင်းက ငါ့ကို ခုထက်ထိမယုံသေးဘူးလား မင်းပေးချင်တဲ့သစ္စာပေး၊ မင်းသီရိကို ငါလုံးဝမမြင်ဖူးဘူး။ သိလဲမသိ ဘူး။ အဲဒီနာမည်နဲ့ တူတဲ့လူတောင် ငါမမြင်ဖူးဘူး။ ငါ့အသိမိတ်ဆွေ တွေထဲမှာလဲ မရှိဘူး"

"ငါနဲ့စိုးကိစ္စကိုကော မင်းတို့ ဘယ်သူ့လျှောက်ပြောပြဖူးလဲ"

"ငါ ပြောပြမယ်။ ငါရယ်၊ အဝေရယ်၊ ခင်လတ်ရယ်၊ သန်းဝင်း ရယ်၊ စိုးရယ်၊ မင်းရယ်ကလွဲပြီး အပြင်ကလူကို တစ် ငါ ဘယ်သူ့မှ မပြောဖူးဘူး။ နှစ် သန်းဝင်း ဘယ်သူ့ကိုမှ မပြောဖူးဘူး။ သုံး စိုးလဲ ဘယ်သူ့ကိုမှ ပြောမှာမဟုတ်ဘူး။ အေး…မဝေနဲ့ခင်လတ်ကိုတော့ ဒီလောက် ငါတာဝန်မယူဘူး။ ဒါပေမယ့် ငါသိသလောက် သူတို့လဲ လုံးဝပြောမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူက ဒီကိစ္စ ဘယ်လိုလုပ်သိသလဲ"

"ဒါတော့ မပြောတတ်ဘူး။ သေချာတာတစ်ခုကတော့ တို့ဆီက သူသိတာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တို့သိသလို သူသိတာမဟုတ်လို့ပဲ။ တို့သိသလို သူသိရင် မင်းကို ဘာမှ မတင်မကျပြောလိုက်စရာ မရှိဘူး။ ဒီကိစ္စက တည့်တည့်ရှင်းလို့ ရတဲ့ကိစ္စ"

လင်းဆွေ သက်ပျင်းတစ်ချက်ချသည်။ များစွာ စိတ်မောလှမော ဖြစ်သွားဟန်ဖြင့်

"ဒါဖြင့် မင်း ငါ့ကို တစ်ခုကူညီပါပတေး"

"ပြော"

"ငါ ဘာလုပ်ရမလဲ"

ပတေးရယ်သည်။ ရယ်ရင်းနှင့် ခေါင်းခါပြီး...

"အဲဒါတော့ ငါ မကူညီနိုင်ဘူးလင်းဆွေ၊ ငါ့ကို ဘယ်လိုမှ မအောက်မေ့နဲ့။ မင်းနဲ့သီရိ အဆင်ပြေပြေဖြစ်သွားဖို့ကိစ္စမှာ ငါ ဘာတစ်ခုမှ ဝင်မပါဘူးလို့ ဆုံးဖြတ်ပြီးသား။ ငါကူညီနိုင်တာက စိုးနဲ့ဆို ဘာကိစ္စဖြစ်ဖြစ် အချိန်မရွေးကူညီနိုင်တယ်။ ငါပြောတာ သဘောပေါက်တယ်နော်။ အထူးသဖြင့် ခု မင်းကိစ္စကို ငါကြားပြီးတဲ့အချိန်မှာ ငါ့ယုံကြည်ချက်က ပိုနိုင်မာလာသေးတယ်။ မင်းနဲ့သီရိနဲ့ကို ငါ လုံးဝသဘောမတူဘူး။ ငါ သဘောတူတာ စိုးနဲ့ပဲ။ အဲဒီတော့ မင်းကို ငါ အကောင်းဆုံးတစ်ခု အကြံပေးမယ်။ လောလောဆယ်တော့ မင်း စာကျက်တော့။ ဒီကိစ္စတွေ ချည်း သိပ်လုံးပန်းမနေနဲ့ဦး။ စာမေးပွဲက မနက်ဖန်နားကပ်နေပြီ။

"မဟုတ်ပါဘူးကွာ"

"ဟုတ်တယ်လင်းဆွေ...ငါယုံကြည်လို့ ဆုံးဖြတ်ထားတာကို ငါ ဘယ်တော့မှ မပြင်ဘူး။ ငါ့ပါးစပ်နဲ့တင်ပြောနေလို့ သူငယ်ချင်းအချင်း ချင်း မင်း အတင်းအကူအညီတောင်းလာရင် ငါကူညီနိုင်လာလိမ့်မယ်လို့





မင်းထင်သလား၊ နှုတ်တစ်ရာ စာတစ်လုံးတဲ့...'မင်းကို ငါ ဒီထက် နိုင်နိုင်မာမာပြောလိုက်မယ် ခဏလေးစောင့်"

ပြောပြောဆိုဆိုနှင့် ပတေးက သူ့စာကြည့်စားပွဲပေါ်မှ စာရေး စက္ကူကဒ်လှမ်းယူသည်။ ပြီး အဆင်သင့်ရှိသော ဘောလ်ပင်ဖြင့် စာနှစ် ကြောင်း သုံးကြောင်းခြစ်သည်။ ပြီးတော့ လင်းဆွေကို လှမ်းပေးသည်။

လင်းဆွေ ယောင်တောင်ပေါင်တောင် လှမ်းယူပြီး ဖတ်ကြည့်သည်။ စာက ပြတ်၏။

*ဝမ်းနည်းပါတယ်လင်းဆွေ...*

*သီရိနဲ့မင်း အဆင်ပြေဖို့ကိစ္စ ငါ ဘယ်လိုမှမကူညီနိုင်ပါ ဘူး။*

*အေး...*

*စိုးနဲ့ဆိုရင်တော့ ငါ အချိန်မရွေးကူညီနိုင်တယ်...*

*ဒါ ငါတစ်သက်လုံးအတွက် အခိုင်အမာပြောတဲ့ စကား ပဲ။*

*ဘယ်တော့မှ မပြင်ပါဘူး....*

*မင်းရဲ့သူငယ်ချင်း*

*စိုးနိုင်*

*(မင်းတို့ခေါ်တဲ့ပတေး)*

✡ ✡ ✡

ထိုညက လင်းဆွေ တော်တော်နှင့်အိပ်မပျော်။

တစ်နေ့တည်း ဖြစ်ပျက်သည့်ကိစ္စက တော်တော်များသွားသည်။ သီရိဆီက ရခဲ့သည့် ပြန်ကြားချက်ကလည်း အမြေရခက်သည့် ပဟေဠိ



www.burmeseclassic.com

www.burmeseclassic.com

တစ်ပုဒ်၊ သန်းဝင်းဆီကသိရသည့် အကြောင်းအရာကလည်း သူ တော်တော်အံ့ဩသွားသည့် အကြောင်းအရာဖြစ်သည်။

လောလောဆယ် ဘယ်သူ့ဘာယုံပြီး ဘာလုပ်ရမှန်းပင်မသိ။

သည်ကြားထဲ စာမေးပွဲကလည်း ပတေးပြောသလို နှက်ဖန်နားကပ်နေပြီ။

ကျောင်းစာများက သူ့ဟာနှင့်သူ ကျက်သင့်သလောက် ကျက်၊ မှတ်သင့်သလောက်မှတ်ပြီးပြီဆိုသော်လည်း သည်အချိန်မှာ စိတ်က သည်လောက် ဗျာများနေဖို့မသင့်၊ ပြဿနာမှန်သမျှ တစ်စစီရှင်း၍ စိတ်ငြိမ်ငြိမ်ဖြစ်နေဖို့က အရေးကြီးသည်။

တစ်ခုတော့ရှိပါသည်။ ခုပြဿနာက သည်လောက်ဖြေရှင်းရခက်သည့် ကြပ်ကြပ်တည်းတည်းကြီးတော့ မဟုတ်၊ တစ်ချိန်တည်းမှာ သိစရာအများကြီးကို တစ်ပြုံတည်းစုလိုက်ရ၍ စိတ်ရှုပ်ထွေးသွားခြင်းမျှသာဖြစ်သည်။ အရေးမကြီးသည့် အရံပြဿနာများကို ဘေးဖယ်လိုက်လျှင် ပြဿနာ၏အကောင်အထည်သည် အတော်သေးသေးသာ ကျန်ခဲ့မည်။

ခုပြဿနာတွင် အဓိကပြဿနာက သီရိ။

ဘာမှန်းမသိသော ကိစ္စတစ်ခုကြောင့် သီရိထံမှ ရသင့်သည့်အဖြေကို မရဘဲဖြစ်နေသည့်ကိစ္စ။ ဘာမှန်းမသိသော ကိစ္စဆိုသည့်ကိစ္စကလည်း တကယ်ကို ဘာမှန်းမသိသည့်ကိစ္စ။ ပတေးပြောသလို စိုးနှင့်ပတ်သက်၍လည်း ဖြစ်ချင်ဖြစ်မည်။ ဟုတ်ချင်မှလည်း ဟုတ်မည်။

တကယ်စဉ်းစားကြည့်တော့ စိုးနှင့်ပတ်သက်သည့် ကိစ္စပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် စင်စစ် ကိုယ့်ဘက်က သိပ်စိုးရိမ်စရာတော့မလို၊ ကိုယ့်ဘက်မှာ ဘာမှ မှားမှားယွင်းယွင်း လုပ်ထားတာမရှိ။ ပြင်လို့မရသောအဖြစ်မျိုးဘဝမှာ ဘာမှလုပ်ဖူးသူမဟုတ်သဖြင့် သည်ကိစ္စကို သိပ်ပူနေခြင်းသည် အပိုအလုပ်မျှသာဖြစ်သည်။



လင်းဆွေ၏ ရှုပ်ထွေးနေသော စိတ်များ ရှင်းလင်းစပြုသည်။

ဟုတ်တော့လည်းဟုတ်သည်။ ပြိုင်ဘက်မရှိသည့် ပြေးပွဲမှာ အလကားနေရင်း စံချိန်သစ်တင်ဖို့ အချိန်ကို လုပ်နေစရာမလို။ အချိန်တန်လျှင် သူ့ဟာနှင့်သူ ရှင်းသွားမည့်ကိစ္စ။ ဘာမှလည်း အရေးတကြီး စဉ်းစားနေဖို့မလို။

သည်ကြားထဲမှ သီရိနှင့် ထပ်တွေ့လျှင် ထိုပြဿနာ ဘာဆိုတာ ချောချောမောမောနှင့် စိတ်ရှည်ရှည်ထားပြီး သိအောင်လုပ်၊ သိလျှင်ရှင်းလိုက်၊ ရှင်းပြီးလျှင် ပြီးပြီ။ ဟုတ်ပြီဟု ဝမ်းသာစွာတွေးမိ၏။ အဓိကပြဿနာကပင် သည်လောက်ခက်ခက်ခဲခဲမဟုတ်၊ ကျန်သည့်အရံပြဿနာများကို ပူပင်စရာပင်မလိုတော့။

သန်းဝင်းတို့၊ ပတေးတို့ကိစ္စကလည်း ရှင်းတန်သလောက် ရှင်းသွားပြီ။ သူမသိဘဲ သန်းဝင်းနှင့်ပတေး သူ့ကိစ္စကို ဖျက်လိုဖျက်ဆီး ဝင်လုပ်မည့်ကိစ္စကလည်း ခုဆို ပျက်တန်သလောက်ပျက်သွားပြီ။ သန်းဝင်းကလည်း တကယ်စိတ်ပြောင်းသွားတာဖြစ်မည်။ နို့မို့ ဒီအကြောင်းတွေကို လာပြောစရာအကြောင်းမရှိ။

သန်းဝင်း စိတ်ပြောင်းသွားလျှင် ပတေးပဲ ကျန်သည်။ သို့သော် ညနေက စကားပြောကြည့်သလောက် ပတေးကလည်း သည်လောက် မဟုတ်။ မကူညီချင်သာနေမည်။ သိပ်ကြီးကြီးကျယ်ကျယ်တော့ အနှောင့်အယှက်ပေးမည့်ပုံမပေါ်။ ခုတောင် အတော်ပျော့ပြောင်းစပြုနေပြီ။

ဒါဆို ဘာပြဿနာကျန်သေးသနည်း။ စဉ်းစားသည်။ ဒါပဲ နောက်ထပ်ဘာမှမရှိတော့။

အဲ…ရှိလျှင်လည်း စိုးဘက်က တက်လာနိုင်သည့်ပြဿနာပဲ ရှိတော့မည်။

အတွေးက စိုးဘက် ရောက်လာသည်တွင် လင်းဆွေ ခေါင်းမ



www.burmeseclassic.com

www.burmeseclassic.com



စိုးကို အံ့ဩသည့်စိတ်ကလေး ဝင်လာ၏။

စိုး…အထူးသဖြင့် စိုး၏ချစ်ပုံချစ်နည်းသည် အံ့ဩစရာကောင်းသည်ဟု တွေးမိသည်။ တော်ရုံမိန်းကလေးဆို ခုချိန်မှာ သူ့အား ခါးခါးသီးသီးမုန်းပြီးနေတာ ကြာလှရော့မည်။ သူ သည်လောက် ပြတ်ပြတ်တောင်းတောင်း ပေါ်ပေါ်ထင်ထင်ကြီး သိရိဘက်ပါနေသည့်ကြားက သူ့မျှော်လင့်ချက်နှင့်သူ စိုးတစ်ယောက် စိတ်ပျက်မုန်းတီးသွားခြင်းမရှိသေး။

သန်းဝင်းနှင့်ပတေးကို တိုက်ပုံနှင့်ပုဆိုး ဝယ်ပေးမည်ဟု အတိအလင်း ကြေငြာထားသောကိစ္စသည် တော်ရုံမိန်းကလေး၊ တော်ရုံသတ္တိဖြင့် ပြောရဲစရာပင်အကြောင်းမရှိ။ ပြီးတော့ မဝေတို့ ဆွမ်းကျွေးညက စကားများ သေချာတွေးကြည့်လေ စိုးသည် အံ့ဩစရာကောင်းလာလေ၊ သနားစရာကောင်းလာလေဖြစ်လာသည်။ တစ်နည်းအားဖြင့်ပြောလျှင်လည်း လေးစားစရာကောင်းသည်။ သည်စိတ်ဓာတ်မျိုး တော်ရုံအချစ်အခံဖြင့် ရှိဖို့မလွယ်။

လင်းဆွေ သက်ပြင်းချသည်။

အချိန်တွေ ပြောင်းလာသည်နှင့်အမျှ တွေ့ကြုံရသော အဖြစ်အပျက်များကလည်း အထူးအဆန်းချည့်ဖြစ်နေသည်။

သိပ်မကြာခင် သူ့တို့ဘဝမှာလည်း ထူးခြားသည့်အပြောင်းအလဲကြီးနှစ်ခုက ပြောင်းလဲရန် စောင့်ကြိုနေသေးသည်။

တခြားမဟုတ်။ ခု အတန်းတင်စာမေးပွဲပြီးလျှင် တက္ကသိုလ် လှိုင်နယ်မြေမှာ တက်ရသည့်ကာလသည် ကုန်သွားပြီ။ ဒီတစ်ခါ ဒီဇင်ဘာ ကျောင်းပြန်ဖွင့်လျှင် လှိုင်နယ်မြေမှာမဟုတ်တော့။

အင်းလျားရေစပ် မြကျွန်းသာမှာရှိသော ကံ့ကော်တောတက္ကသိုလ်ရန်ကုန်ပင်မတက္ကသိုလ်ကြီးမှာ တက်ရတော့မည့် အဓိပတိလမ်း၊ သစ်ပုတ်ပင်၊ ဘွဲ့နှင်းသဘင်၊ ဂျပ်ဆင်၊ အင်းလျား၊ ကံ့ကော်ပင်များသည်





စိတ်သစ်ဆွေသစ်၊ ပတ်ဝန်းကျင်သစ်များ ဖြစ်လာတော့မည်။ ခုထက်စာလျှင် သိရိတို့ဆေးတစ်နှင့်လည်း အများကြီး ပိုနီးသွားပြီ။

ဘာတွေ ဖြစ်လာဦးမည်မသိ။

ဘာတွေဖြစ်လာဦးမည်ဆိုသည်ကို သိလည်းအရမ်းသိချင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၁)

''ကိုလင်းဆွေတို့ စာမေးပွဲနီးပြီနော်''

''ဟုတ်တယ်သီရိ''

''စာကျက်ဦးလေ၊ ဒီချည့် သိပ်မလာနေနဲ့ဦး။ စာမေးပွဲပြီးမှ အေးအေးဆေးဆေးတွေ့တာပေါ့''

သည်နေ့တော့ နည်းနည်းစကားသွက်နေပုံထောက်၍ စိတ်ကြည် ကြည်လင်လင်ရှိနိုင်သည်ဟု မှန်းသည်။ သို့အတွက် လင်းဆွေက

''စာမေးပွဲက အောင်ပါတယ်သီရိရာ…ဒါပေမယ့် တစ်ခုပဲ ခက် နေတာရှိတယ်''

''ဘာခက်နေလို့လဲ…မသိတာရှိရင် မေးလေ…နားမလည်တာ ဆရာမပြပေးမှာပေါ့''

''အင်း…အဲဒါပြောမလို့ပဲ။ ဆရာမက ညတိုင်း စာလာပြပေးရင် တော့ စာကျက်လို့ဖြောင့်မလားမသိဘူး။ ခုတော့ စာကျက်ရတာ စိတ် မဖြောင့်ဘူးဖြစ်နေတယ်''

''ဒါလား…လွယ်ပါတယ်။ အဲဒီမှာ တပြည့်ဆယ်ယောက်လောက် စုလိုက်လေ။ တစ်ဝိုင်းတစ်ယောက် သုံးထောင်ဆို ဆရာမ ညတိုင်း စာလာ ပြပေးမှာပေါ့''

''သုံးထောင်မဟုတ်ဘူး။ သုံးသောင်းတောင် ပေးလိုက်ချင်သေး



တယ်။ ဆရာမမျက်နှာမြင်ရတာနဲ့ကို သုံးသောင်းတန်နေပြီ''

''အလို…တယ်ဟုတ်ပါလား။ သီရိမျက်နှာ အစက အဲလောက် တန်မှန်းမသိဘူး။ ဒါဖြင့် နေ့တိုင်း ကိုလင်းဆွေလာရင် မျက်နှာကြည့်ခ ယူရမလိုဖြစ်နေပြီ''

''ပေးပါတယ်သီရိရယ်…အနည်းဆုံး ထောင်ငါးရာတော့ ဈေး မဆစ်ဘဲ ပေးနေတဲ့ဥစ္စာ''

''ဟာ…အဲဒါတော့ မလိုချင်သေးဘူး။ အဲဒီထောင်ငါးရာကို အတုလားအစစ်လားခွဲရဦးမယ်''

''ကျွန်တော် အဲဒါပြောချင်တာသီရိရဲ့၊ ကျွန်တော်နဲ့ပတ်သက်လို့ မယုံမကြည်ဖြစ်နေတယ်ဆိုတာကို ကျွန်တော် လုံးဝသဘောမပေါက်ဘူး။ ဘာကို သံသယဖြစ်နေတယ်ဆိုတာ သိပ်သိချင်တယ်''

သီရိက ရယ်သည်။

''အင်း…ဒီလူနာနဲ့တော့ ခက်နေပြီ။ နေပါဦးလို့ပြောတာကို မရဘူးလား''

''ဖြစ်နိုင်ရင်တော့ မနေနိုင်တော့ဘူးသီရိရာ…ကျွန်တော့်မှာ နေ့တိုင်း ပြဿနာတက်နေတယ်။ သီရိကို ဘာသိချင်တာလဲဆိုတာ သိရရင်တော် သေးတယ်။ ခုတော့ ဘာမှန်းမသိတဲ့ပြဿနာကို ဘယ်လိုရှင်းရမှန်းမသိတာ ကိုက အစားခက်၊ အအိပ်ခက်နဲ့ သိပ်ဒုက္ခကြီးတာ''

''ဘာဒုက္ခကြီးစရာလိုလဲ ကိုလင်းဆွေပဲ ကိုလင်းဆွေဘက်က ကင်းကင်းရှင်းရှင်းရှိရင် စိတ်အေးလက်အေးနေလို့ ရပြီပဲဟာ''

''ကျွန်တော့်ဘက်က ကင်းကင်းရှင်းရှင်းရှိတာ ခုမှ မဟုတ်ဘဲ သီရိရာ…အစကတည်းက ကျွန်တော့်မှာ ရှုတ်ရှုတ်ရှက်ရှက် ဘာတစ်ခုမှ ရှိတာမှမဟုတ်ဘဲ''

''လုံးဝမရှိဘူးပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝမရှိဘူး"

"ကိုလင်းဆွေ မညာနဲ့နော်။ သီရိက အကြောင်းမရှိဘဲနဲ့လဲ ဘာလို့ မယုံမရဲဖြစ်နေရမှာလဲ။ သေချာတယ်၊ မသေချာတယ်မသိပေမယ့် အလကား နေရင်း ညှင်းပန်းနှိပ်စက်ထားတာတော့ မဟုတ်ဘူး"

"အဲဒီအကြောင်းကို ပြောပါသီရိ။ သေချာတယ်မသေချာဘူးဆိုတာ ပြောလိုက်ရင် ရှင်းသွားမှာပါ။ မရေရာတဲ့ အကြောင်းကြီးနဲ့တော့ အဖိုး တန်တဲ့အချိန်တွေ အလဟဿဖြုန်းမပစ်ချင်ဘူး"

"အဖိုးတန်တဲ့အချိန် ဟုတ်လား…အဲဒါ ဘာကိုပြောတာလဲ"

"ဩော်…လူ့ဘဝသက်တမ်းဆိုတာ အချိန်ဘာမှကြာတာမှ မဟုတ် ဘဲ။ အဲဒီအချိန်နည်းနည်းထဲမှာ ကိုယ်ချစ်တဲ့သူနဲ့ ချစ်သူဘဝအချိန်ဆိုတာ သိပ်အဖိုးတန်တဲ့အချိန်တွေသီရိ…အဲဒီသက်တမ်းကို ဘာပဲဖြစ်ဖြစ် ရှေ့ နည်းနည်းတိုးလို့ရလေ ဘဝက ပိုတန်ဖိုးရှိလေဖြစ်မှာပေါ့"

"အင်း…ကိုလင်းဆွေက ဒါပဲတွက်တာကိုး။ အဲဒီကိစ္စရှင်းလိုက်လို့ ဖုံးထားတာလေးတစ်ခုခုပေါ်သွားရင် ခုလိုနေနေရတဲ့ကာလလေးတွေတောင် ကုန်ဆုံးသွားနိုင်တယ်နော်။ ချစ်သူဘဝဆိုတာ ဘယ်တော့မှမဖြစ်နိုင်၊ မရောက်နိုင်တော့တဲ့ကာလတွေ ဖြစ်သွားရင်ဖြစ်သွားမှာ"

"အပြစ်ရယ်လို့ရှိရင်တော့ အပြစ်အတွက် ထိုက်ထိုက်တန်တန် ခံရမှာ ဝန်မလေးပါဘူးသီရိရာ…သံသယနဲ့အပြစ်ခံသလို ခံနေရတာပဲ ဆိုးတာ"

"ဒီလိုတော့လဲ မဟုတ်ပါဘူး။ သီရိဘက်က သိပ်မသေချာသေး လို့ပါ"

"မသေချာလဲ ရှင်းလို့ရပါတယ်သီရိ…အဲဒီလိုထင်နေတာ မဟုတ် ဘူးလို့ ပြနိုင်ဖို့ လိုရင်းပဲဟာ…အဲဒီအထင်ပျောက်ဖို့ကိစ္စ မသေချာလေ ကောင်းလေပေါ့"





သီရိပြုံးသည်။

"ဟုတ်ပါတယ်။ သီရိလဲ ဒီကိစ္စ သေချာစဉ်းစားပြီးပါပြီ။ ိုလင်းဆွေ အတင်းမမေးလဲ သီရိက ပြောတော့မှာပါ။ တခြားစကား ွေ ကုန်အောင်ပြောပြီးမှ ဒါလေးကွက်ချန်ထားလို့လဲ ဘာအဓိပ္ပာယ်မှ ိုတော့တာ"

"ဟုတ်တယ်သီရိ…ကျွန်တော်လဲ အဲလိုပဲဖြစ်စေချင်တယ်။ ပြော ာပြော ဘာကိစ္စဖြစ်ဖြစ်၊ ပြဿနာတိုင်းမှာ အဖြေဆိုတာရှိတယ်"

"တစ်ခုတော့ရှိတယ်နော်…သီရိပြောတဲ့ကိစ္စကို ကိုလင်းဆွေ ်ခိုင်လုံလုံရှင်းပြမှ ဖြစ်မှာ၊ အထောက်အထားမခိုင်လုံရင်တော့ သီရိ ်ကမခံနိုင်သေးဘူး"

"ခိုင်လုံတာထက်ပိုပြီးခိုင်လုံအောင် လုပ်ပေးမယ်သီရိ၊ ပြောသာ ပြာ"

လင်းဆွေ စကားအဆုံးတွင် သီရိက သူပြောမည့်စကားအတွက် ားလုံးရွေးနေဟန်ဖြင့် ခဏငြိမ်နေသည်။

ထိုစက္ကန့်ပိုင်းသည် အလွန်ရှည်လျားသောခရီးတာတစ်ခုကို အပြေး ာ်နေရသကဲ့သို့ လင်းဆွေ မောနေ၏။

☆ ☆ ☆

"ကိုလင်းဆွေ ကျောင်းမှာ ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ် ာ ဟုတ်လား"

ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။ ပတေးခန့်မှန်းသည့်အတိုင်း တော့ ကွက်တိဖြစ်လာပြီ။ သို့သော် မေးပုံမေးနည်းက ခန့်မှန်းထားသော ခွန်းမဟုတ်။ စိုးနှင့် အတန်အသင့်တွဲသွား တွဲလာတော့ ရှိခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်မေးခွန်းကို တိုက်ရိုက်ပြန်ဖြေဖို့ခက်၏။ လင်းဆွေ အနည်းငယ်တိ
ပြီး ဖြေသည်။

"ခင်တဲ့သူငယ်ချင်းတွေတော့ ရှိတယ်သီရိ…ဒါပေမယ့်…"

"ဒါပေမယ့်ဆိုတာ ခဏနေဦးနော်။ သီရိ မေးလိုက်ဦးမယ်။ အဲ
ခင်တဲ့သူငယ်ချင်းဆိုတဲ့ မိန်းကလေးနဲ့ တော်တော်တွဲတွဲသွားသွားနေ
လား"

"တစ်ခါတစ်လေတော့လဲ နှစ်ယောက်ထဲ စကားပြောနေမိတာ
ဘာတွေတော့ ရှိတာပေါ့"

"ဟိုသွားဒီသွားကော"

"ကင်တင်းလေး ဘာလေးတော့ သွားဖူးတာပေါ့"

"ကင်တင်းပဲလား၊ တခြားကော"

မေးရင်းနှင့် သီရိမျက်နှာ တဖြည်းဖြည်းတည်လာသည်ဟု ထင်
သည်။ ဖြေရခက်သောအနေအထားသို့ တဖြည်းဖြည်းရောက်လာပြီဟုလည်း
သတိထားမိသည်။ မိမိဘက်မှ ဘာမှမပြင်ဆင်ဘဲ သွားမေးမိတာတော
မှားပလားဟု ထင်မိလာသည်။ သည်အတိုင်းဆို ဘာမှမဟုတ်
ပတ်ဝန်းကျင်အထောက်အထားဖြင့် တရားခံဖြစ်ဖို့နီးလာပြီ။

"ဟိုနားဒီနားလဲ ရှိချင်ရှိမှာပေါ့သီရိ"

"ဟိုနားဒီနားဆိုတာ ဘယ်လိုနေရာမျိုးတွေဖြစ်မလဲကိုလင်းဆွေ"

"ဟာ…သီရိကလဲ ကျောင်းထဲပေါ့။ စကားပြောရင်း ဟိုနား ဒီ
လျှောက်မိတဲ့အခါလဲ လျှောက်မိတာပေါ့"

"တခြားမိန်းကလေးသူငယ်ချင်းတွေနဲ့ကော အဲလိုသွားဖူးလား"

"သွားဖူးတာပေါ့။ သူငယ်ချင်းအားလုံးနဲ့ ဒီလိုပဲဆက်ဆံရတာ
ဟာ"

"ဒါပေမယ့် သီရိကြားတာကတော့ မိန်းကလေးသူငယ်ချင်းတွေ





နဲ့ ဒီလိုပဲ သွားလာတွဲနေတယ်လို့ကြားတာမဟုတ်ဘူးနော်။ ကိုလင်းဆွေ
မှာ ယောကျ်ားလေးသူငယ်ချင်း နှစ်ယောက်သုံးယောက်နဲ့ မိန်းကလေး
သူငယ်ချင်းနှစ်ယောက်သုံးယောက် တစ်အုပ်စုထားပြီး ခင်တယ်။ အဲဒီ
အထဲမှာ မိန်းကလေးတစ်ယောက်နဲ့ ပိုတွဲတယ်လို့ ကြားတာ"

"အဲဒီမိန်းကလေးနာမည်က ဘယ်သူတဲ့လဲ"

"နာမည်တော့ မမေးပါဘူး။ ဒါပေမယ့် သီရိ ဘယ်သူ့ကို ရည်
ညွှန်းနေတယ်ဆိုတာ ကိုလင်းဆွေ သိနေတယ်မဟုတ်လား"

"တစ်ယောက်တော့ဖြစ်နိုင်တယ်သီရိ၊ သူ့နာမည်က စိုးတဲ့။ သူနဲ့
တော့ နည်းနည်းပိုခင်တယ်။ အဲဒါကြောင့် အထင်လွဲတာဖြစ်လိမ့်မယ်"

"အထင်လွဲစရာရှိနေလို့ကော မဖြစ်နိုင်ဘူးလား"

"ထင်တာကတော့ လျှောက်ထင်နေရင် ထင်သလိုရတာပေါ့သီရိ
ရယ်…အထင်နဲ့အဖြစ်ဆိုတာ တစ်ခါတစ်လေ အများကြီးဝေးနေတာပဲ"

"ဟုတ်ပြီလေ…သီရိကလဲ စွပ်စွပ်စွဲစွဲပြောနေတာမဟုတ်ပါဘူး။
ဒါပေမယ့် သီရိကိစ္စက သီရိပေးရမယ့် အဖြေအတွက် အများကြီး အနှောင့်
အယှက်ဖြစ်နေတာတော့ အမှန်ပဲကိုလင်းဆွေ…သီရိချစ်ရမယ့်သူဟာ ဘာ
အထင်မျိုးနဲ့မှ အထင်လွဲခံမနေရတဲ့သူဖြစ်ချင်တယ်"

"ဟာ…သီရိကလဲ အဲဒါတော့ အဓိပ္ပာယ်မရှိဘူး။ သူငယ်ချင်း
မိတ်ဆွေဆိုတာတော့ ရှိရဦးမှာပေါ့"

"ကိုလင်းဆွေ သီရိမှာ ယောကျ်ားလေးသူငယ်ချင်းတွေ ရှိတယ်
ဆိုတာ သိတယ်မဟုတ်လား"

"ရှိမှာပေါ့သီရိ၊ ကျောင်းတက်မှတော့ ယောကျ်ားလေး၊ မိန်းကလေး
သူငယ်ချင်းမိတ်ဆွေ ရှိရမှာပေါ့"

"သီရိသူငယ်ချင်းယောကျ်ားလေး တစ်ယောက်ယောက်နဲ့ သီရိကို
အထင်လွဲပြီး ပြောကြဆိုကြတာများ ကိုလင်းဆွေ ကြားဖူးသလား။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် အဲဒီသူငယ်ချင်းတွေနဲ့ သီရိ ပြောတာဆိုတာ နေတာထိုင်တာကြောင့် ကိုလင်းဆွေ သီရိကို တစ်လွဲထင်ဖူးတာရှိလား"

"မရှိပါဘူး။ ကြားလဲမကြားဘူး"

"ကိုလင်းဆွေကိုကျတော့ သီရိကြားတယ်"

"ပြောတဲ့သူက အဓိပ္ပာယ်တစ်မျိုးကောက်ပြီး မြင်နေလို့ဖြစ်မှာပေါ့"

"အဓိပ္ပာယ်တစ်မျိုးကောက်တယ်ဆိုတာကလဲ ကောက်လို့ရနိုင်တဲ့ အနေအထားမျိုးရှိမှ ကောက်လို့ရမှာပေါ့။ ကောက်တဲ့လူက အများထဲမှ ဖြန်းသမ်းကောက်တာမှ မဟုတ်တာပဲ။ တစ်ယောက်တည်းနဲ့ သတ်သတ်မှတ်မှတ် ရွေးကောက်နေတာနော်"

"ခက်တယ်သီရိရာ...အဲဒီကိစ္စ ကျွန်တော်လဲ ဘယ်လိုပြောရမှန်းမသိဘူး။ ကျွန်တော်ပြောတာကတော့ ရှင်းရှင်းလေးပဲ။ ကျွန်တော့်မှာ သီရိကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ဘူး။ ကျွန်တော်ချစ်တာ သီရိကိုပဲ"

"မဟုတ်ဘူးကိုလင်းဆွေ...ကိစ္စမေးနေတာ ဘယ်သူ့ကိုချစ်တယ် ဘယ်သူ့ကို မချစ်ဘူးလို့ မေးနေတာမဟုတ်ဘူး။ သီရိကြားတာ ဟုတ်မဟုတ်ကိုပဲ မေးနေတာ"

"ကြားတာမှန်ချင်မှန်မယ်။ သီရိထင်တာတော့ မဟုတ်ဘူးသီရိ"

"သီရိ ဘာမှမထင်ရသေးဘူးကိုလင်းဆွေ...ကြားတာတောင် ဟုတ်မဟုတ် မသေချာသေးလို့ ကိုလင်းဆွေကို မေးနေတာကိုလင်းဆွေ စိတ်မရှည်ရင် မဖြေပါနဲ့။ သီရိ မမေးချင်ပါဘူးလို့တောင် သီရိပြောခဲ့သေးတာပဲ"

"ဟာဗျာ...ခုမှ ပိုဆိုးတော့တယ်။ ကျွန်တော် ဘာလုပ်ရမယ်မှန်းမသိတော့ဘူး။ ကျွန်တော် စိတ်တိုလို့ ကတ်ဖဲ့လုပ်ဖြေတာမဟုတ်ဘူး။ အဲဒီစကားနဲ့ ကျွန်တော့်စကားကြားမှာ နားလည်မှုဝေးနေတယ်ထင်လို့ ကျွန်တော် စောဒကတက်နေတာပါ"





"ခုလဲ အယုံခံမရှုံးသေးပါဘူးကိုလင်းဆွေ၊ ကိုလင်းဆွေပြောတာ သီရိနားလည်သွားပဲ။ သီရိကြားတာ ဟုတ်တယ်၊ ကိုလင်းဆွေ...စိုးဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်၊ ဒါပေမယ့် သူငယ်ချင်းလို တွဲတာ၊ သီရိပြောတာ ဟုတ်တယ်မဟုတ်လား"

မိုးရက်မကုန်သေး၊ အုံ့နေသောမိုးက မှောင်မှောင်ကြီးလည်းမဟုတ်၊ လင်းလင်းချင်းချင်းလည်းမရှိ၊ အိုက်တော့ အိုက်စပ်သလိုဖြစ်နေ၏။

သို့သော် လင်းဆွေကျောမှစို့လာသော ချွေးများသည် ရာသီဥတုကြောင့်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၂)

"ဒါဖြင့် ကျွန်တော် တစ်ခုမေးမယ်နော်"

"မေးပါကိုလင်းဆွေ၊ ကြိုက်တာမေးပါ"

"ခုကိစ္စဟာ သီရိစိတ်ထဲမှာ အနှောင့်အယှက်ဖြစ်နေတာကတော့ သေချာတယ်ပေါ့။ ဆိုလိုတာက ဒီကိစ္စ ရှင်းရှင်းလင်းလင်းမသိမချ သီရိ ကျွန်တော့်ကို အဖြေမပေးနိုင်သေးဘူးပေါ့"

"ဟုတ်တယ်ကိုလင်းဆွေ…အဖြေမပေးနိုင်ရုံတင်မဟုတ်ဘူးနော် အစက ကြားရုံနဲ့ မသေချာတဲ့သီရိဟာ ခု ကိုလင်းဆွေရဲ့စကားကြော နာမည်နဲ့တကွ အသေအချာသိရပြီ၊ ဒါဆိုရင် ကိုလင်းဆွေကို သီရိ ငြ ပယ်ရင်တောင် ငြင်းတော့မယ်"

သီရိစကားကြောင့် လင်းဆွေ ခေါင်းထဲ ရှုပ်ထွေးနောက်ကျိသွ သည်။ ဘယ်လိုကနေ ဘယ်လို သည်အခြေအနေအထိ ဖြစ်သွားသည် သည်ကို လုံးဝနားမလည်လိုက်။ မေးရင်းဖြေရင်း ပြောရင်းဆိုရင်းက ဘယ်လိုလုပ် သည်လောက်ရှုပ်သွားမှန်းကို စဉ်းစားမရ။

"ဒုက္ခပါပဲဗျာ၊ ကျွန်တော်ပဲ စကားကို လိပ်ပတ်လည်အော မပြောတတ်လို့ပဲလား၊ ဘာလား မပြောတတ်ဘူး။ ခုဟာက ဘာမှမဟုတ် သီရိ။ ကျွန်တော့်မှ ဘာပြဿနာမှမရှိဘူး။ အဲဒီပြဿနာက ဘယ်လို ငယ်ထိပ်ပေါ်ရောက်လာလဲဆိုတာ ကျွန်တော် စဉ်းစားလို့ကိုမရဘူး"



သီရိက ရယ်သည်။ ရယ်သံက လှောင်ရယ်သံမဟုတ်သော်လည်း ကွရောက်နေသည်ကို ကြည့်၍ သဘောကျသလိုရယ်သောအရယ်မို့ လှောင် သံပြောင်သံထက်ပင် နားထဲအဝင်ဆိုးနေသည်။ သီရိကတော့ ခပ်အေး အေးပင် ရယ်ပြီး ….

"ဒါဖြင့် ဒီလိုလုပ်လေ…ကိုလင်းဆွေ အချိန်ယူပြီး စဉ်းစားချင် င် စဉ်းစားပါဦး။ သီရိက ဘာမှ ကတ်သီးကတ်သတ်တွေ မေးနေတာ ဟုတ်ဘူးနော်။ သီရိမေးတာနဲ့ ကိုလင်းဆွေ ဖြေတာတွေလဲ မကျေနပ်ရင် သချာပြန်စဉ်းစားကြည့်ဦး၊ သီရိမှားနေရင်လဲ ပြော"

"ခဏနေဦးသီရိ…ကျွန်တော် တစ်ခုမေးမယ်။ သီရိမေးတာ းတာမမှားတာ အသာထားလိုက်ဦး။ ဆိုပါတော့ ကျွန်တော့်မှ သူငယ်ချင်း စ်ယောက်ရှိတယ်။ အဲဒီသူငယ်ချင်းနဲ့ ကျွန်တော် ဘာမှဖြစ်တာမဟုတ် း။ ဒါပေမယ့် ကျွန်တော်တို့ကိုကြည့်ပြီး တချို့က အထင်လွဲရင်လွဲ ယ်။ အဲဒီလိုဖြစ်တာလေးကိုတောင် သီရိခွင့်မလွှတ်နိုင်ဘူးလား"

"ဘာအနေနဲ့ခွင့်လွှတ်ရမှာလဲ ကိုလင်းဆွေ"

"ဘာမဟုတ်တဲ့ကိစ္စကို ဘာမှမဟုတ်တဲ့အနေနဲ့ပဲ ခွင့်လွှတ်ရမှာ ပါ့သီရိ"

"ဒါက ဒီလိုရှိတယ်လေ။ ကိုလင်းဆွေ တခြားဘာမှမတောင်းဆို ဘာမှမဟုတ်သလို ခွင့်လွှတ်ခိုင်းရင်တော့ သီရိနဲ့ ဘာဆိုင်လို့လဲ။ ကတည်းက ဒီကိစ္စကို အရေးတယူလုပ်စရာတောင် မလိုဘူးပေါ့။ ဘာက ကိုလင်းဆွေလက်ထဲကို သီရိဘဝတစ်ခုလုံး ပုံအပ်ရမှာ"

"ဆိုလိုတာက ကျွန်တော့်ကို မယုံဘူးပေါ့"

"အင်း…တိတိကျကျပြောရရင်တော့ မယုံဘူးကိုလင်းဆွေ"

"ကောင်းပြီသီရိ…ဒါဖြင့် ကျွန်တော် ယုံအောင် သက်သေပြ း၊ သီရိ ကျွန်တော့်ကို တစ်ခုပဲပြော၊ ဒီကိစ္စဟာ ဘယ်လိုကိစ္စမျိုးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှ သိရိယံ့မှာလဲ''

''ဘာမှမဟုတ်တဲ့ ဒီကိစ္စဆို…အဲဒီသိရိက ဘာမှမဟုတ်ရင် သိ
ယံ့မှာပေါ့''

''ကောင်းပြီသိရိ…ခုချက်ချင်း ကျွန်တော် စကားနဲ့ပြောနေ
ကတော့ သိရိလက်ခံမှာလဲ မဟုတ်ဘူး။ ဒီတော့ ကျွန်တော့်ကို တ
တော့ လိုက်လျှောပါ။ လောလောဆယ် ကျွန်တော့်ကို သိရိ ဘာအဖြေ
မပေးပါနဲ့ဦး။ သိရိကို ဘယ်လိုနည်းနဲ့ သက်သေပြရမယ်ဆိုတာ ကျွန်တေ
စဉ်းစားပါဦးမယ်။ ကျွန်တော် သက်သေပြပြီးတော့မှ သိရိယုံမယုံ
မူတည်ပြီး ကျွန်တော့်ကို အဖြေပေးဟုတ်လား''

''ရပါတယ်ကိုလင်းဆွေ …ကြိုးစားကြည့်ဦးပေါ့''

ထိုနေ့က ကျောင်းပြန်လာသည့်လမ်းသည် ခါတိုင်းထက် ပ
ကမူတွေ ချိုင့်တွေ များနေ၏။

✡ ✡ ✡

လှမ်းမြင်လျှင်မြင်လိုက်ချင်း လင်းဆွေ တစ်ခုခုဖြစ်လာပြီဟု
သိလိုက်သည်။

လမ်းလျှောက်သည့်အမူအရာ၊ လှုပ်ရှားမှုကော၊ မျက်နှာပုံစံကော
အားလုံးပေါင်း၍ တစ်ခုခုပြဿနာတက်လာပြီဟု သိသည်။ ကြည့်ရ
သိရိနှင့် တစ်ခုခုအဆင်မပြေဖြစ်လာသည်ပဲဖြစ်မည်။

စိုး ကြည့်နေဆဲမှာပင် လင်းဆွေ အနားရောက်လာ၏။ စိုး
မဝေထိုင်နေသည်ကိုကြည့်၍ လင်းဆွေ ဂဏှာမငြိမ်စွာ ရပ်သည်။ ဝင်
မထိုင်။ ရပ်နေလက်စကလည်း တည်တည်ငြိမ်ငြိမ်မဟုတ်။ စိုးက
ကြည့်၍ ပြုံးလိုက်ပြီး





''ထိုင်လေ…ကိုလတ်၊ ကိုလေးတို့တော့ မရောက်သေးဘူး''

လင်းဆွေ မထိုင်။ စိုးကို တစ်ချက်ကြည့်ပြီး စိတ်ထဲတွင် တစ်စုံ
တစ်ခု ပိုင်းဖြတ်လိုက်သည့်ဟန်ဖြင့်…

''စိုး ကိုယ်နဲ့ ခဏလိုက်ခဲ့စမ်းပါ။ စိုးကို ပြောစရာရှိလို့''

''စိုးကို…ဟုတ်လား…ပြောလေကိုလတ်…ဒီမှာပြောလို့ မရဘူး
လား။ မဝေတစ်ယောက်တည်းဖြစ်နေမှာစိုးလို့''

''သွားပါ…ရပါတယ်…ငါ့ဟာငါ တစ်ယောက်တည်းနေတော့
ကော…ဘယ်သူက လာဆွဲမှာမှတ်လို့၊ လာဆွဲတော့လဲ ဘာဖြစ်လဲ
လိုက်သွားလိုက်ရုံ ရှိတာပေါ့''

မဝေက လင်းဆွေကို မကြည့်ဘဲ ခပ်ကန်ကန်လေးပြော၍ စိုးကို
တွန်းလွှတ်သည်။ စိုးက မျက်လုံးလေးပင့်၍ မော့ကြည့်ပြီး လိုက်ခဲ့ရမလား
ဟု အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်၍မေးသည်။ လင်းဆွေ ခေါင်းညိတ်ပြ
သည်။

စိုးက မဝေလက်ကိုပုတ်၍ ထရပ်ရင်း

''ဒါဖြင့် ခဏနော်မဝေ…သူ ဘာပြောမလို့လဲမသိဘူး''

''ကြွ…ကြွ၊ ကြွပါလို့ ပြောပြီးသားကို ထပ်တွန့်မနေနဲ့''

စိုးကရယ်ရင်း လင်းဆွေနှင့်အတူတူ လျှောက်လိုက်လာခဲ့သည်။
လင်းဆွေ ဘာဖြစ်လာလို့ ဘာပြောမည်မှန်းတော့မသိ။ ခုလည်း တီးသီး
ဘေးပေါက်ကနေ ကျောင်းဝင်းထဲဝင်သည်။ ဘယ်ခေါ်သွားဦးမလို့လည်း
မသိ။

စိုးကတော့ ဘာမှမစဉ်းစား၊ ဘယ်ခေါ်ခေါ် ဘာပြောပြော လိုက်ဖို့
အဆင်သင့်ပြင်ပြီးသားလိုဖြစ်နေ၏။

✡ ✡ ✡



www.burmeseclassic.com

www.burmeseclassic.com



''ဘာတွေဖြစ်လာသလဲတော့ မသိ။ လာလိုက်ခဲ့ဟုခေါ်ပြီးကတည်းက နောက်ထပ် ဘာတစ်ခွန်းမှမပြောဘဲ တီသရီးဝင်ပေါက်ကနေ အဆောင်သုံးကို ဖြတ်သည်။ အဆောင်သုံးကို ဆုံးအောင်လျှောက်ပြီး အပေါ်ဘက်လမ်းပေါ်တက်သည်။ အပေါ်လမ်းမှနေ၍ အဆောင် ၁၀ -၁၁ ဘက်သွားသည့်လမ်းအတိုင်း ခေါ်လာသည်။ လူရှင်းရှင်း သစ်ပင်ရိပ်တစ်ခုကျမှ ကိုယ်တော်ချောကရပ်၍

''ကိုယ် ပြဿနာတစ်ခုတက်လာလို့စိုး…အဲဒါ ကိုယ့်ကို တစ်ခု ကူညီစမ်းပါ''

လင်းဆွေစကားကြောင့် စိုးမျက်လုံးလေး ဝိုင်းခနဲဖြစ်သွားသည်။

''စိုးက ကူညီရမယ်ဟုတ်လား''

''ဟုတ်တယ်စိုး…ဒီကိစ္စက စိုးပဲကူညီလို့ရမှာ…ကိုယ့်ကို ခင်ရင် အဲဒီကိစ္စ မငြင်းပဲ လုပ်ပေးစမ်းပါ…စိုး''

''ပြောလေ…စိုး ကူညီနိုင်တာဆို မငြင်းပါဘူးကိုလတ် ဘာဖြစ်လို့လဲ''

လင်းဆွေ ဘာမှပြန်မပြောသေးဘဲ ဟင်းခနဲ သက်ပြင်းတစ်ချက် အရင်ချသည်။ သက်ပြင်းလား၊ သက်မလေးတော့ သိပ်မကွဲပြား။ ပြီးမှ

''သီရိက ကိုယ်နဲ့စိုးကို အထင်လွဲနေတယ်''

''အဲတော့ ဒုက္ခပါပဲ…သူက ဘာကိစ္စအထင်လွဲရတာလဲ''

''မပြောတတ်ပါဘူးစိုးရာ…ကျောင်းမှာ စိုးနဲ့ကိုယ် တွဲနေတယ်လို့ သူ့ဘယ်သူက သွားထောင်ပေးလိုက်လဲ မသိပါဘူး။ အဲဒါ ဘယ်လိုမှ မဟုတ်ပါဘူးလို့ ရှင်းပြလို့ကိုမရဘူး''

''မဟုတ်ဘူးလေ…ကိုလတ်ရယ်…ဟုတ်မှမဟုတ်တဲ့ကိစ္စ၊ သူ နားလည်အောင် သေချာပြောပြလိုက်ပေါ့။ သူငယ်ချင်းလို ခင်တာပါ၊ အထင်မလွဲပါနဲ့ ဘာညာပြောရင် ရမှာပေါ့''





''မရဘူးဗျာ…အဲဒီကိစ္စမရှင်းနိုင်ရင် ကိုယ့်ကို လက်မခံဘူး၊ ငြင်းတော့မယ်ဆိုလို့ နေပါအုံး၊ အဲဒီကိစ္စကို ရှင်းရှင်းလင်းလင်းဖြစ်အောင် သက်သေပြပါ့မယ်၊ အဖြေမပေးပါနဲ့အုံးလို့ မနည်းပြောလာခဲ့ရတာ''

''ဒုက္ခပါပဲ၊ သေလိုက်ပါတော့နော်…နေပါအုံး…အဲဒါ ဘယ်သူ သွားပြောလို့လဲ''

''မသိပါဘူးဆို…စိုးကလဲ အဲဒါကလဲ ဘယ်သူပြောပြော မရေးမကြီးပါဘူး။ အရေးကြီးတာက သူ့အထင်မလွဲဖို့ပဲဟာ''

''ဟုတ်ပြီလေ…ဒါပေမယ့် စိုးမေးတာက ဒီလို…ကိုလတ်နဲ့ စိုးအကြောင်း သေသေချာချာသိတဲ့လူက သွားပြောထားလို့ သူက အကုန်အစင်သိနေရင် ဒီတိုင်းကြီး ဖြောင်သွားငြင်းလို့ရမလား''

''ဘယ်လို…စိုး၊ ဘယ်လိုအကုန်အစင်သိရင်လဲ''

''ဩော်…ကိုလတ်နဲ့စိုးက သူငယ်ချင်းလို ခင်ရုံခင်ကြတာမဟုတ်ဘူးလေ…ကိုလတ်ကို စိုး ပြောပြထားတာတွေ ရှိသေးတာပဲ''

''ဟာ…မဆိုင်ပါဘူးစိုးရာ…နှင်နဲ့ငါနဲ့က ရိုးရိုးသူငယ်ချင်းလို နေကြတာပဲဟာ''

''နို့ ဘာဖြစ်လို့ သူက အထင်လွဲလဲ''

''စိုးနဲ့ကိုယ်နဲ့ နေတာထိုင်တာကို တချို့က အထင်လွဲတယ်တဲ့၊ အဲဒီစကား သူကြားတယ်တဲ့…ကျောင်းမှာ ကိုယ်က စိုးနဲ့တွဲနေလို့…တဲ့''

''ဒါဖြင့်လဲ ဒီလိုပြောလိုက်ပေါ့ကိုလတ်ရယ်…ငါက ဘာမှ ဖြစ်တာမဟုတ်ဘူး။ စိုးဆိုတဲ့ကောင်မလေးက ငါ့ကို ကြိုက်နေလို့ သနားတာနဲ့ တမင် လိုက်လိုက်လျှောလျှောနေတာလို့၊ ငါက တစ်စက်မှ ကြိုက်တာမဟုတ်ဘူးလို့''

''နှင်ကလဲ…ငေါ့နေပြန်ပြီစိုးရာ…ငါ အကောင်းပြောနေတာ''

''အော်…ခက်ပြီ စိုးငေါ့တာမဟုတ်ဘူးကိုလတ်…တကယ်ပြော



www.burmeseclassic.com

www.burmeseclassic.com



တာ။ ဒီအတိုင်းပြောပြ''

''အဲလိုပြောတာတောင် သူက ယုံဦးမှကိုး...မယုံတဲ့အပြင် ဇာတ်လမ်းက ပိုရှုပ်လာမှာတောင် စိုးရသေးတယ်''

''ဟင်...ဒုက္ခပဲ...ကဲ ဒါဖြင့်ပြော...ဘယ်လိုလုပ်မှ သူက ယုံမှာတဲ့လဲ၊ ကိုလတ်နဲ့စိုး မခေါ်ဘဲနေရမလား''

''အဲလိုလဲ ရမှာမဟုတ်ဘူး''

''အဲဒီတော့''

''အဲဒီတော့ ဒီလိုလုပ်ဟာ...စိုး သူနဲ့တွေ့ပြီး ရှင်းပြပေးလို့ ရမလား''

''ဘာရှင်းပြပေးရမှာလဲ''

''ဟိုဒင်းဟာ...ကြိုက်တာတွေ ဘာတွေမပါနဲ့၊ နင်နဲ့ငါနဲ့ ဘာမှမဟုတ်ဘူး၊ တစ်တန်းတည်းသားတွေမို့ ရိုးရိုးသားသားခင်နေကြတာ။ သူများတွေ အထင်လွဲတယ်ဆိုတာ အခြေအမြစ်မရှိဘူး...ဘာညာ...ဒါပဲပြော''

စိုး တစ်ချက်ငိုင်၍ စဉ်းစားသည်။ ပြီးမှ ခေါင်းညိတ်၍...

''ရတယ်လေ...စိုး ပြောပေးပါ့မယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ စိုးပြောတော့ကော သူ ယုံမလား''

''ဟ...နင် ပြောမှတော့ ယုံရတော့မှာပေါ့။ နင်ပြောရဲ့သားနဲ့ ဘာကိစ္စ သူက မယုံရမှာလဲ''

''ပြောတတ်ဘူးလေ...ကိုလတ်အမျိုးသမီးက ကိုလတ်ပြောတာတောင် မယုံဘူးဆိုတော့ စိုးလဲ မေးကြည့်တာပေါ့''

''နင်ပြောလို့မှ မယုံရင်တော့ ငါလဲ မတတ်နိုင်တော့ဘူးဟာ...နင်နဲ့ပူးပေါင်းပြီး သူ့ကို ဝိုင်းညာတယ်ထင်လောက်အောင် သူ ကြောင်ရင်တော့လဲ ငါလဲ မတတ်နိုင်တော့ဘူး''





''အင်း...အင်း ဒါဖြင့်လဲပြီးရော...ဘယ်တော့ ပြောရမှာလဲ။ ခုလား ဒါဖြင့်သွားမယ်လေ...လာ''

''ဟာ...ခုတော့ မဟုတ်သေးပါဘူး။ ကိုယ် သန်းဝင်းတို့နဲ့လဲ တိုင်ပင်ကြည့်ပါဦးမယ်။ ခုဟာက ဒီလိုစိတ်ချလို့ မရမရှိရယ်၊ စိုးသဘော သိချင်တာနဲ့ အရင်မေးကြည့်တာ''

စိုးက မဲ့မဲ့လေးပြုံးသည်။

''ရပါတယ်ကိုလတ်ရယ်...ကိုလတ်စိတ်ချမ်းသာဖို့က ပိုအရေးကြီးပါတယ်''

သည်တစ်ချက်ကတော့ ထိသည်။

စိုးစကားအဆုံး လင်းဆွေ ဘာမှမပြောနိုင်ဘဲ ငိုင်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၃)

"မင်းလုပ်ပုံက နည်းနည်းတော့ ရက်စက်တယ်လင်းဆွေ၊ စိုးနေရာမှာ စိုးမို့သာပဲ။ နို့မို့ မင်းမလွယ်ဘူး"

သန်းဝင်းက လင်းဆွေအကျိုးအကြောင်း ပြောပြသည့်စကားအဆုံး ခေါင်းတစ်ခါခါနှင့် မှတ်ချက်ချသည်။ လင်းဆွေကပါ ခေါင်းညိတ်ရင်း

"ဟုတ်တယ်သန်းဝင်း၊ ငါလဲ စိုးကို ပြောပြီးမှ မှားများမှားသွားပြီလားလို့တောင် စဉ်းစားနေတာ။ ခက်တာက လုပ်စရာကလဲ ဒီတစ်နည်းပဲ ရှိတော့တယ်။ တခြားနည်းနဲ့ လုည့်ရှင်းလို့ရရင်တော့ ပိုကောင်းတာပေါ့"

သန်းဝင်း သက်ပျင်းချသည်။

"မင်းကောင်မလေး ကတ်သီးကတ်သတ်လုပ်နေပုံမျိုးနဲ့ တခြားနည်းနဲ့ ရှင်းလို့လဲ ရမယ်မထင်ပါဘူးကွာ။ မင်းတောင်မှ ရှင်းရင်းရှင်းရင်းနဲ့ ရှုပ်လာခဲ့သေးတဲ့ဥစ္စာ"

"အေး…မင်းပြောမှ ငါလဲ စောစောက စဉ်းစားလို့မရတဲ့ စကားလုံး သတိရတယ်။ ခုကိစ္စ သူကတ်သီးကတ်သတ်လုပ်တာပဲသန်းဝင်း"

"တစ်ခုတော့ရှိတာပေါ့ကွာ၊ သူက ယောကျ်ားဆို သိပ်ကြောက်ပြီး သူ့ဘက်က သိပ်စိတ်ချရအောင် စေ့စေ့စပ်စပ်လုပ်နေတာလဲ ဖြစ်မှာပေါ့။ ပြီးတော့ သူလိုချင်တာက စင်းလုံးချော၊ အပြစ်အနာအဆာမရှိတဲ့ အချစ်



မဟုတ်လား"

"အေးပေါ့…အဲလောက် ကတ်သီးကတ်သတ်စေ့စပ်လွန်းလို့ ခက်သွားတာပေါ့။ ခုအတိုင်းက ငါ သူ့ကို တချို့ကိစ္စတွေ ပွင့်ပွင့်လင်းလင်း ဝန်ခံပြီး စိုးနဲ့ငါနဲ့ ဘာမှမဖြစ်ကြောင်း ရှင်းပြဖို့တောင် ခက်သွားပြီ။ တချို့ကိစ္စတွေဖုံးပြီး စင်းလုံးချောဖြစ်အောင် ရှင်းရမလိုဖြစ်နေတာ"

"ဟုတ်တယ်…မင်းပြောတဲ့အတိုင်းဆို စိုးကို မင်းလိုက်လိုက်လျောလျောဆက်ဆံတာကအစ အပြစ်ကြီးတစ်ခု ဖြစ်ချင်ဖြစ်လာမှာ"

"ဖြစ်ချင်ဖြစ်လာမှမဟုတ်ဘူး၊ ဖြစ်ကိုဖြစ်မှာသန်းဝင်း…အဲဒါကို လုံးဝသံသယမရှိနဲ့။ ခု သူက ကျောင်းထဲ ဟိုတွဲဒီတွဲ တွဲရုံလောက်ကိုတောင် အပြစ်ကြီးတစ်ခုလို သဘောထားနေတာဆိုတော့ ခက်တယ်။ စိုးနဲ့ ငါက အဲဒါလောက်မှ မကတာ"

"အေးလေ…မင်းကိစ္စ မင်းပဲ စဉ်းစားပေါ့ လင်းဆွေရာ…ငါတော့ ဘာမှဝင်မပြောချင်တော့ဘူး။ တစ်ခုပဲရှိတယ်…ဒီလိုပုံစံမျိုးနဲ့ တစ်သက်လုံး သွားဖို့ ဖြစ်ပါ့မလားလင်းဆွေ…မင်းစဉ်းစားဦး။ ကိစ္စတိုင်းမှာ မင်းခုလို ရှင်းသလို လိုက်ရှင်းနေလို့ ရမှာမဟုတ်ဘူး။ လောကမှာ ဟုတ်ကိုမဟုတ်ဘဲနဲ့ မဟုတ်ဘူးလို့ လိုက်ရှင်းလို့မရတာတွေ အများကြီးရှိတယ်"

သန်းဝင်းစကားကြောင့် လင်းဆွေငိုင်သွားသည်။

စိတ်သည် ပို၍နောက်ကျိရှုပ်ထွေးလာ၏။

✡ ✡ ✡

ဆန္ဒနှင့်ဆင်ခြင်တုံတရား၏ ဟိုဘက်ကမ်းသည်ဘက်ကမ်းသို့ စိုးကူးတို့လှေကလေးသည် လျှင်မြန်စွာဖြင့် ခေါက်တုံ့ခေါက်ပြန်ကူးခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒဘက်က တစာစာပြောနေသော စကားများရှိသည်။

"ဘာထူးမလဲ။ စိုးကိုလဲ ပြောပြီးပြီ…စိုးကလဲ လိုက်ရှင်းပေးမယ်လို့ဆိုမှတော့ ရှင်းလိုက်ပြီးတာပေါ့ကွာ…စိုးနဲ့ရှင်းလိုက်ရင် ဒီကိစ္စလွယ်လွယ်လေးပြီးသွားမယ့်ဟာပဲ"

"ကိုယ့်ဘက်က မဟုတ်တာလုပ်တာမှ မဟုတ်တာ။ တကယ်လဲ စိုးနဲ့မင်းနဲ့က ဘာဖြစ်သေးတာလိုက်လို့၊ အစောကြီးကတည်းက သီရိကိုပဲ လိုက်မယ်လို့ အတိအလင်း ကြေငြာပြီးသားပဲကွာ ဘာမှမဟုတ်တဲ့ကိစ္စနဲ့ အထင်လွဲခံရတာ အဓိပ္ပာယ်မှမရှိဘဲ"

"သီရိဘက်က တွေးကြည့်တော့လဲ ဟုတ်တာပဲ။ သူလဲ သူ့ဘက်ကိစ္စ အစစရှင်းရှင်းလင်းလင်းနဲ့ တိတိကျကျသိချင်မှာပေါ့"

ဆန္ဒဘက်က ဤသို့ပြောနေသလို ဆင်ခြင်တုံတရားဘက်ကလည်း လှမ်းတော့မည်ခြေလှမ်းများ တုံ့ခနဲတုံ့ခနဲဖြစ်သွားအောင် အောက်ပါစကားများဖြင့် လှမ်းလှမ်းတားသည်။

"ဒါတော့ကွာ…သူ့ဘက်က လုပ်သင့်လို့ လုပ်တယ်ပဲထား။ ကိုယ့်ဘက်က လုပ်သင့်မလုပ်သင့် ဆင်ခြင်ရဦးမှာပေါ့။ သီရိနဲ့မင်းနဲ့ကိစ္စကို မင်းဟာမင်းရှင်းချင်သလိုရှင်းပေါ့။ ဘာကိစ္စ စိုးကို ဆွဲထည့်ရတာလဲ။ ဒီကိစ္စ စိုးနဲ့ဘာဆိုင်လို့လဲ"

"စိုးဘက်ကလဲ ပြောမှာပေါ့။ ဘာမှမဟုတ်တဲ့ကိစ္စကို ဘာမှမဆိုင်ဘဲ သူက ဘာကိစ္စဝင်ရှင်းပေးရမှာလဲ….လို့။ မပြောလဲ အမှန်က မင်းနားလည်မှုရှိရမယ်။ မင်း အခုလုပ်တဲ့ပုံစံက မင်းအတွက် အစစအနာခံနိုင်မှန်းသိလို့ မတရားအနိုင်ယူလိုက်သလိုဖြစ်မနေဘူးလား"

ဟိုဘက်သည်ဘက် အပြန်အလှန်စဉ်းစားရလွန်းသဖြင့် လင်းဆွေခေါင်းတစ်ခုလုံး ထူပူနေပြီ။

ခက်သည်က ခုကိစ္စတွင် အပြစ်က ဘယ်သူ့ဘက်မှာရှိနေသနည်းဆိုသည်ကို စဉ်းစားမရဖြစ်နေခြင်းပင်။ သီရိဘက်ကို စဉ်းစားတော့လည်း အပြစ်ဟုပြောရမလို သူ ချစ်ရမည့်သူကို သူကြိုက်သလိုစုံစမ်း စစ်ဆေးနိုင်ခွင့်ရှိသည်။

စိုးနှင့်သူ့မှာတော့ ဘာအပြစ်ရှိသနည်း။ အရင်တွေ့၍ အရင်ခင်သည်။ စိုးက မျှော်လင့်သည်။ စိုးမျှော်လင့်ချက်ကိုသိသဖြင့် စိုးကို ညှာတာပြီး သူလေးစားခင်မင်စွာ ဆက်ဆံသည်။ သီရိနှင့်တွေ့သောအခါ သီရိကို ရွေးချယ်မိသဖြင့် သီရိနောက်ကို အရိပ်ကဲ့သို့ လိုက်နေသည်။ သည်အဖြစ်အပျက်မှာ သူ့ဘက်က မှားသည်ဟု ပြောစရာအပြစ်လည်း တစ်ခုမှ မလုပ်မိ။ စိုးမှာ အပြစ်ရှိဖို့ကတော့ ကမ္ဘာနှင့်ချီပြီးဝေးသည်။

သို့ဖြင့် ဒီအဖြစ်အပျက်တွင် ဘယ်သူက တရားခံမို့ သည်အမှုကို လိုက်ရှင်းဖို့ ကြိုးစားနေရပါသနည်း။

အဲ…သည်နေရာမှာ တစ်ခုတော့ရှိသည်။ အပြစ်တော့မဟုတ်။ သူ့အကြောင်းနှင့်သူ သည်ကိစ္စ အမှန်အတိုင်းထုတ်ဖော်ရှင်းလို့ မရခြင်းတစ်ခုက ပြဿနာ၏အဓိကသော့ချက်လိုဖြစ်နေသည်။

သီရိပြောသလို စိုးနှင့်သူ နေခဲ့ထိုင်ခဲ့ပုံက ဘေးကကြည့်လျှင်တော့ ရှုတ်တရက်အဓိပ္ပာယ်တစ်မျိုး ပေါက်သွားနိုင်သည်။ တွဲတွဲသွားသွားကိစ္စများကြောင့် စိုးနှင့် ဘာလိုလိုဖြစ်ပြီးမှ သီရိကို လိုက်သလိုလည်းဖြစ်နေသည်။ ခုလည်း စိုးနှင့် နှစ်ယောက်တည်း သိပ်အသွားအလာမရှိတော့သည့်တိုင် အခင်မင်မပျက်၊ ပုံမပျက် ပန်းမပျက်တော့ ဆက်ဆံနေသည်။

ကောင်းပြီ၊ ဒါကို ဒါအတိုင်းရှင်းလို့ရမလား။ သည်အဖြစ်အပျက်အမှန်ကို သီရိက လက်ခံပါမည်လား။

မရ။ သီရိအနေအထားက သည်အဖြစ်အပျက်ကို ကိုယ်ပြောသည့်အဓိပ္ပာယ်ဖြင့် နားလည်လက်ခံမည်မဟုတ်။ ဘာဖြစ်လို့ တွဲသလဲ၊ ဘာဖြစ်လို့ အတူတူလျှောက်သွားလဲ၊ ဘာမှမဟုတ်ရင် ဘာဖြစ်လို့ ဒီလောက်ရောရော







www.burmeseclassic.com

www.burmeseclassic.com



နေ့ာနေ့ာနေလဲ၊ ဒီလိုဖြစ်ပြီးမှ ခုလိုနေတာကို ဘာမှမဟုတ်ပါဘူးလို့ ဘယ်လို လုပ်လက်ခံရမလဲ စသဖြင့် မေးခွန်းပေါင်းများစွာ 'ကတ်သီးကတ်သတ်' ဝင်လာပြီးသည်နှင့် ဝမ်းနည်းပါတယ်ကိုလင်းဆွေ၊ ဒီဘဝ ဒီမျှနှင့်ပဲ ကျေနပ် ပါတော့ဆိုပြီး ချက်ချင်း ပတ်စာခွာဖျာသိမ်းတော့မှာ သေချာသည်။

"မဟုတ်ဘူးသီရိ…ခုချိန်မှာ သီရိကလွဲပြီး ကျွန်တော် ဘယ်သူ့ကိုမှ စိတ်မဝင်စားပါဘူး။ ပြီးသွားတဲ့ကိစ္စက ပြီးသွားပါပြီ။ အဲဒီအတွက် သီရိကို ချစ်တဲ့အချစ်မှာ တစ်ပြားဖိုးလောက်တော့ အလျှော့အပေါ်မရှိပါဘူး" ဆိုသော ထပ်မံရှင်းပြမည့်စကားကို ခွင့်လွှတ်ခြင်းတစ်ခုဖြင့် သူ ဘယ်လိုမှ လက်ခံ မည်မဟုတ်။

ခက်သည်က ကိုယ့်ဘက်ကလည်း ဘဝမှာ ဖြတ်သန်းလာခဲ့ပြီးသော အဖြစ်အပျက်တစ်ခုကို ဘယ်လို ဖြန့်၍ရုပ်သိမ်းနိုင်မည်နည်း။ ဘဝမှာ ဖြစ်ပြီးသောအဖြစ်ဆိုသည်က ခဲဖျက်ဖြင့် လွယ်လွယ်ကူကူ ဖျက်ပစ်လို့ ရသော ပုံဆွဲစက္ကူပေါ်မှ ခဲရာမဟုတ်။

ပြီးတော့ ဒီအဖြစ်အပျက်ကလည်း ရုပ်ဆိုးစွာမှားခဲ့သော ဘာအမှားတစ်ခုလည်းမဟုတ်ပြန်။ သူ လက်မခံနိုင်တာကလွဲ၍ ဘာအပြစ်မှ လည်းမဟုတ်။ ဘာအနာအဆာမှလည်း မဖြစ်။

တွေးရင်းတွေးရင်းနှင့် ပြဿနာ၏အကျဉ်းအကြပ်ကို လင်းဆွေ တဖြည်းဖြည်းမြင်လာ၏။

လောကမှာ ခက်သည်ဟု ထင်သောပြဿနာက ခက်ချင်မှခက် တတ်သော်လည်း လွယ်သည်ဟုထင်သောပြဿနာက ကိုယ်မမျှော်လင့် သော ရှုထောင့်မှနေ၍ ရှင်းမရအောင် ခက်တတ်ကြောင်း လင်းဆွေ အလန့်တကြား သတိပြုမိလိုက်သည်။

✡ ✡ ✡





"လင်းဆွေရှိလားအန်တီ"

"အော်…မောင်စိုးနိုင်လား၊ လာဟေ့ ရှိတယ်။ မင်းသူငယ်ချင်း တော့ ကျောင်းကပြန်လာကတည်းက အခန်းထဲ ကုပ်နေတာပဲ။ စာပဲ ကျက်တာလား၊ အိပ်ပဲ နေတာလားတော့ မပြောတတ်ဘူး။ အခန်းထဲသာ ဝင်ကြည့်ပေတော့"

"ဟုတ်ကဲ့"

ပတေး၏ရယ်သံအဆုံးတွင် အခန်းဘက် လျှောက်လာသံ။ ခဏကြာ တော့ ပတေးအသံကြားရ၏။

"လင်းဆွေ"

လင်းဆွေ အိပ်ယာပေါ်မှ လူးလဲထ၍

"လာပြီပတေး"

တံခါးဂျက်ဖွင့်ပေးလိုက်သည်တွင် ပတေးက စပ်ဖြဲဖြဲ၊ ရယ်ကျဲ ကျဲမျက်နှာဖြင့် အခန်းထဲဝင်လာသည်။ လင်းဆွေက တံခါးပြန်ပိတ်သည်။ ပတေးက လင်းဆွေ၏စာကြည့်စားပွဲ ကုလားထိုင်တွင် ဝင်ထိုက်လိုက် ပြီး

"ပြဿနာတက်နေပြီဆိုလင်းဆွေ…သန်းဝင်း ငါ့ကို ပြောတယ်။ ဝမ်းသာလိုက်တာကွာ…လုပ်စမ်းပါဦး…ဘယ်လိုဖြစ်တယ်ဆိုတာ သေချာ ပြောပြပါဦး"

ပတေးစကားကြောင့် လင်းဆွေ ထောင်းကနဲ ဒေါသဖြစ်သွားသည်။

"မင်းအမေ…ဝမ်းသာပါလား၊ ငါ ပေါက်တတ်ကရတွေ လာ မပြောနဲ့ပတေး…ငါ သိပ်စိတ်တိုနေတယ်"

ဆဲနည်းစုံဖြင့် ဖြည့်စွက်ပါလာသော လင်းဆွေစကားကို ရှေ့နောက်မှ ဖြန်းသလောက်တောင် နာပုံမရဘဲ ပတေးက ဝမ်းသာအားရပြော၍…

"ဟ…မင်းဟာမင်း စိတ်တိုတာ ငါနဲ့ဘာဆိုင်လို့လဲလင်းဆွေရ…



www.burmeseclassic.com

www.burmeseclassic.com



မင်းက စိတ်တိုရမယ့်လူဆိုတော့ တိုပေါ့၊ ငါက ဝမ်းသာရမယ့်လူဆိုတော့ ဝမ်းသာမှာပေါ့။ အဟုတ်ပြောတာ…အရမ်းပျော်နေတယ်။ ရခိုင်ပုဆိုးတစ်ထည်နဲ့ တိုက်ပုံတစ်စ ငါကတော့ သေချာနေပြီ။ ကံကောင်းရင် ရှပ်အင်္ကျီနဲ့ ကတ္တီပါဖိနပ်တောင် ရဦးမယ်"

"တော်တော့ကွာပတေး…မင်း ငါ့ကို လာရိမနေနဲ့…ငါ့ချီး… ဒီမှာ ပြဿနာဘယ်လိုရှင်းရမယ်မှန်းမသိလို့ စိတ်ညစ်နေရတဲ့ကြားထဲ"

"ဟ…ပြဿနာက ရှင်းဖို့ လုပ်ပြီးပြီဆို…မင်းပဲ စိုးကို သွားရှင်းပေးနိုင်းတယ်ဆို…ရှင်းပြီး…ပြီးသွားမှာပေါ့ကွာ။ ဘယ်တော့ရှင်းနိုင်းမှာလဲ…မနက်ဖန်လား"

"မပြောတတ်ဘူး။ ခုပဲ ဒီကိစ္စကို လုပ်သင့် မလုပ်သင့် ချိန်ဆနေတာ"

"လုပ်သင့်ပါတယ်။ ဘာဖြစ်လဲ အဲဒါ မလုပ်တော့ကော မင်း ဘာသွားလုပ်စရာရှိလဲ"

လင်းဆွေက ပတေးမျက်နှာကို သေချာကြည့်သည်။ ပတေးကို မယုံ။ ဒုက္ခဖြစ်နိုင်သည့် ဂျောက်ပေါက်မို့ တွန်းနေတာလား၊ သံသယဖြစ်သွား၏။

"ဘာလဲပတေး…ဒီလိုလုပ်ရင် ငါ ပိုဆိုးသွားနိုင်တယ်ဆိုတာ မင်းကြိုမြင်နေပြန်ပြီလား"

ပတေး ရယ်သည်။ ပတေးကတော့ အမြင်ကတ်စရာကောင်းလောက်အောင် အူမြူးနေ၏။ ရယ်ရင်းနှင့်…

"မင်း…လူတစ်ဖက်သားကို တယ်စော်ကားမော်ကားပြောတဲ့ကောင်ပါလားလင်းဆွေ…မင်းကို ငါ ကတိပေးပြီးပြီပဲ။ မင်းအကျိုးကို ဖျက်လိုဖျက်ဆီးမလုပ်တော့ပါဘူးလို့။ ခုကိစ္စက မင်းကောင်းဖို့ပါ"

"ဒါဖြင့် စိုးသွားတောင်းပန်မဲ့ကိစ္စ မင်းသဘောတူတယ်ပေါ့"





"သိပ်တူတာပေါ့။ တစ်ခုတော့ ရှိတယ်နော်။ အဲလိုပြောလို့ သန်းဝင်းလို ငါ ဘက်ပြောင်းသွားတာတော့မဟုတ်ဘူး။ ငါကတော့ ထာဝရစိုးဘက်ကပဲ။ ရှေ့နေကြီး ပယ်ရီမေဆင်စကားနဲ့ပြောရရင် ငါ့အမှုသည်အပေါ် ငါဘယ်တော့မှ သစ္စာမဖောက်ဘူး။ ကိုယ့်အမှုသည်အပေါ် ယုံကြည်မှုအမြဲရှိတယ်"

"ဒီလိုဆို ဒီကိစ္စ မအောင်မြင်နိုင်ဘူးလို့ မင်းတွက်ထားလို့လား"

"ဘာလဲ သီရိနဲ့အဆင်ပြေဖို့လား"

"အင်း"

"အဲဒီကိစ္စကတော့ စိတ်ချ၊ မင်း ဘယ်တော့မှ မအောင်မြင်စေရဘူးလင်းဆွေ…သီရိနဲ့ကိစ္စကို မင်း စိတ်လျှော့ချင်ရင် လျှော့လိုက်တော့"

"မဆိုင်ဘူးပတေး…မင်း ဘာပြောပြော ငါကတော့ စိတ်မလျှော့နိုင်ဘူး။ မဖြစ်ဖြစ်အောင်တော့ ငါကြံမှာပဲ"

"ရပါတယ်၊ ငါက လျှော့ချင်လျှော့လို့ပြောတာပဲ။ မလျှော့ချင်လဲနေပေါ့။ မင်းစိတ်ထဲမျှော်လင့်ချက်မကုန်မချင်းဆက်ကြိုးစားလို့ရပါတယ်"

"မင်းမပြောလဲ ကြိုးစားမှာပဲပတေး…ဒီအတွက် တစ်စက်ကလေးမှ မပူနဲ့"

ကလေးဆန်ဆန်ပြန်ပြောနေသော လင်းဆွေစကားကြောင့် ပတေးရယ်သည်။ ရယ်ရင်းနှင့်…

"မင်းကိစ္စကို ငါနောက်ထပ် ထပ်ပြီး စဉ်းစားကြည့်ပြီးပါပြီ လင်းဆွေရာ…မင်းတို့ကိစ္စ လုံးလုံးမဖြစ်နိုင်ဘူးဆိုတာတော့ မဟုတ်ပါဘူး။ ဖြစ်နိုင်တဲ့လမ်းစလေးတစ်ခုတော့ ငါရှာလို့တွေ့ထားပါတယ်"

"ဒါပေမယ့်…အဲဒီလမ်းစဘာလဲဆိုတာ မင်းပြောမှာမဟုတ်ပါဘူးမို့လား…ဒါဆိုလဲ ဘာမှ ပြောမနေနဲ့သူငယ်ချင်း၊ အဲဒီလမ်းစငါ ဘာသာငါပဲ ရှာယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လင်းဆွေ…ငါကတော့ အဲဒီလမ်းစ ဘာလဲဆိုတာ လုံးလုံးပြောဖို့ မသင့်ဘူး။ ငါ့အမှုသည်ကွယ်ရာမှာ ကိုယ့်အမှုသည်ကိုယ် သစ္စာဖေါက်သလို ဖြစ်နေမယ်။ ဒါပေမယ့်…မင်းလဲ ငါ့သူငယ်ချင်းမို့ မင်းကို သနားသောအားဖြင့် သဲလွန်စတစ်ခုတော့ ငါပေးလိုက်ပါမယ်"

"ဘာလဲ"

"မင်း…ဗိုလ်ချုပ်ဈေးက ကျောက်ကျောဆိုင်နားကို တစ်ခေါက်လောက်တော့ စေ့စေ့စပ်စပ်သွားလေ့လာသင့်တယ်။ အဲဒီမှာ မင်းတွေ့တဲ့ကိစ္စကို သီရိကိုပြောပြ၊ ပြောပြလို့ သူလက်ခံရင် မင်းတို့နှစ်ယောက်ဖြစ်ပြီ"

"အဲဒီမှာ ဘာရှိလို့လဲ"

"သွားကြည့်ပေါ့ကွာ။ ငါ တိုက်ရိုက်မပြောချင်လို့ မင်းကို လမ်းညွှန်တာပေါ့"

ပတေးစကားကြောင့် လင်းဆွေ အနည်းငယ်တွေဝေသွားသည်။ ထိုကိစ္စနှင့်သူ့ကိစ္စကို ဘယ်လိုမှတော့ ဆက်စပ်၍မရ။

ထို့ကြောင့် ပတေးအား

"မင်း ဒါပြောမလို့ ငါ့ဆီလာတာလားပတေး"

"အေး…အဲဒါလဲ ပြောမလို့၊ နောက်တစ်ခုက စာလဲကျက်ဦးလို့ သတိပေးမလို့၊ ဒါမှမဟုတ်လဲ ရှင်းစရာရှိ မြန်မြန်ရှင်းပြီး စာကျက်၊ ဒါမှမဟုတ် စာမေးပွဲပြီးမှ ဒီကိစ္စ ဆက်လုပ်"

"မနက်ဖြန်ကျရင် ငါ ရှင်းလိုက်တော့မှာပေါ့"

"အေး အဲဒါကောင်းတယ်၊ ငါ့အမှုသည်အတွက်လဲကောင်းတယ်"

စကားတစ်ဝိုင်းတည်း အကြိမ်များစွာသုံးလာသော ငါ့အမှုသည်ဆိုသောစကားကြောင့် လင်းဆွေ ပတေးကိုမကျေမနပ်နှင့် လှမ်းကြည့်သည်။

ပတေး စပ်ဖြဲဖြဲလုပ်နေ၏။





အခန်း (၃၄)

ပတေးနှင့် လင်းဆွေ ကျောင်းကိုရောက်သွားတော့ ဆယ့်တစ်နာရီ လောက်ရှိပြီ။

စိုးကို မနေ့က ကြိုပြောထားသဖြင့် ဖယ်ရီနှင့်မလိုက်ဘဲ လေးဘီးငှား၍ စောစောလာခဲ့မည်ဟု ပြောသော်လည်း ခုထိ မရောက်သေး။ ပတေးက ကားထဲသာထိုင်နေပြီး လင်းဆွေက ကားပြင်ထွက်၍ စိုး လာနိုင်သည့်လမ်းဘက် မျှော်ကြည့်သည်။

လှမ်းကြည့်နေရင်းနှင့် ကားထဲထိုင်နေသောပတေးကို သတိရသည်။ ဆက်၍ မနေ့ညက ပတေးနှင့်သူ နောက်ဆုံးပြောခဲ့သည့်စကားများ အမှတ်ရသည်။

"မင်းကို ငါ တစ်ခုတော့ ခွင့်တောင်းချင်တယ်လင်းဆွေ…မနက်ဖြန် မင်းနဲ့စိုး သီရိဆီမသွားခင် မင်းတို့နှစ်ယောက်စလုံး ငါနဲ့ တွေ့ချင်တယ်။ စိုးရှေ့မှာပဲ ငါ မင်းကို စကားတစ်ခွန်းပြောမယ်။ မင်းရှေ့မှာပဲ စိုးကိုလဲ ငါ စကားတစ်ခွန်းပြောမယ်။ အဲဒီအတွက် မနက်ဖြန်ကျရင် ကျောင်းကို မင်းနဲ့တူတူ လိုက်ခဲ့ချင်တယ်"

"မင်း ဘာပြောမလို့လဲပတေး"

"ဘာပြောမယ်ဆိုတာကိုတော့ မနက်ဖြန်ကျမှ နားထောင်ပါကွာ။ ဒါပေမယ့် ငါ့ကိုယုံပါ။ ငါ မင်းအကျိုးပျက်စီးရာ ပျက်စီးကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မလုပ်ပါဘူး။ နောက်တစ်ခုကလဲ သီရိနဲ့မင်းကို ငါဖျက်နေတာလဲ မတရားတဲ့နည်း၊ ကောက်ကျစ်တဲ့နည်း၊ တစ်ဘက်လှည့်နဲ့ ချောက်တွန်းတဲ့နည်းတွေ ငါမသုံးပါဘူး။ တရားနည်းလမ်းကျကျ ကျိုးကြောင်းပြပြီး မင်းနားလည်အောင် လုပ်ယူတဲ့နည်းကိုပဲ သုံးမှာပါ''

''စိုးကို ငါရှေ့မှာပဲ မင်းမေးမှာလား''

''ဒါပေါ့ မင်းမသိဘဲ ဘာတစ်ခုမှ စိုးကို ငါမပြောပါဘူး''

''အေးလေ…ဒါဖြင့်လဲ ပြီးရောပေါ့။ မနက်ဖြန် မင်းအိမ်ကစောင့်နေ…ငါဝင်ခေါ်မယ်''

ဤနည်းဖြင့် ပတေးပါလာခြင်းဖြစ်သည်။ ခုထိတော့ ပတေး ဘာတစ်ခွန်းမှ မပြောသေး။

လင်းဆွေ စိတ်ထဲ တစ်ခုတော့ ကျေနပ်နေသည်။

သည်နေ့မနက် အိပ်ရာမှ ထထချင်း မိသက်က ဘာစိတ်ကူးရသည်မသိ။ သူ့ကို စကားတစ်ခွန်းမေးသည်။

''ကိုကိုက သိပ်လျှို့တယ်ကွာ…မသီရိကို အိုကေနေပြီဆိုတာတောင် မိသက်ကို မပြောဘူး''

''ဟ…ငါနဲ့အိုကေနေပြီလို့ နင့် ဘယ်သူကပြောလဲ''

''ရတနာကပြောတာပဲ။ နင့်အစ်ကိုနဲ့ ငါ့အစ်မဖြစ်နေကြပြီထင်တယ်တဲ့။ ကျောင်းမှာ နေ့တိုင်းလိုလိုတွဲနေပြီလို့ပြောတယ် ဟုတ်လား''

ပထမတော့ လင်းဆွေ အမှန်အတိုင်းပြောလိုက်ဖို့ စိတ်ကူးသေးသည်။ သို့သော် သည်နေ့လုပ်ရမည့်ကိစ္စနှင့်စပ်လျဉ်း၍ စောစောစီးစီးရလာသော မင်္ဂလာစကားလာဘ်ဦးကို မပယ်ချင်သဖြင့်

''သူ့ညီမစကားပဲဟာ…ဟုတ်လို့ပြောတာနေမှာပေါ့''

''အံမယ်…အဲဒါဆို ဘာဖြစ်လို့ မိသက်တို့ကို မုန့်မကျွေးသေးတာလဲ။ ခုလိုက်ကျွေး''





''အေးပါဟာ…ကျွေးမှာပေါ့။ ဒီနေ့တော့ မလုပ်နဲ့အုံး။ ဒီနေ့ ကိစ္စလေးတစ်ခုရှိသေးတယ်။ နောက်နေ့ကျမှပေါ့ ဟုတ်လား''

နိမိတ်ကောင်းစွာဖြင့် နိုးထခဲ့ရသောနေ့မို့ အဆင်ပြေမည်ဟုလည်း ယုံကြည်နေမိသည်။

သို့အတွက် သူလှမ်းမျှော်ကြည့်နေသည့်လမ်းအတိုင်း လေးဘီးတစ်စီး ဝင်လာသောအခါ ဝမ်းသာစိတ်နှင့် ရင်ထဲဒိန်းခနဲ ခုန်သွား၏။

✡ ✡ ✡

စိုးက လေးဘီးကားပေါ်မှဆင်းပြီး လင်းဆွေဆီ တန်းလျှောက်လာသည်။ ဖြတ်ခနဲ လင်းဆွေ ရင်ထဲခုန်သွား၏။

သည်လို မြင်ကွင်းမျိုးကို သူ တစ်ခါက မြင်ခဲ့ဖူးသည်။ သည်လို အချိန်တော့မဟုတ်။ မနက်စောစောကြီး။ မနှစ် နှစ်ဦးက စိုးနှင့်စသိပြီး မကြာမီ စိုး၏မွေးနေ့သွားရန် ကျောင်း၌ချိန်းခဲ့စဉ်က မြင်ကွင်း။ ဟိုတုန်းကလို ထရှိုင်ဇာအနွေးထည်ဆီးရောင်လေး မပါတာလွဲ၍ အဝတ်အစားက အစ ဟိုတုန်းက စည်းသလို စည်းလာသည်ပဲထင်သည်။ သေတော့မသေချာ။ သို့သော် စိုးကိုကြည့်၍ ဟိုတုန်းကအချိန်လေးကို သွားသတိရလိုက်တာတော့အမှန်။

စိုး ပညာပြနေပြီထင်သည်ဟုလည်း တွေးလိုက်မိ၏။

စိုးက သူ့ကို ပြုံးပြီးလျှောက်လာရာက ကားပေါ်မှ ဆင်းလိုက်သော ပတေးကို လှမ်းမြင်လိုက်သဖြင့် မျက်လုံးပြူးသွားသည်။

''ဟင်…ကိုကြီးပါ ပါလာတယ်ဟုတ်လား''

လင်းဆွေက ခေါင်းညိတ်သည်။

''ဟုတ်တယ်…သူပြောစရာရှိလို့တဲ့''



www.burmeseclassic.com

www.burmeseclassic.com



စိုးက လင်းဆွေမျက်နှာကို မယုံသလို လှမ်းကြည့်သည်။ ပြီး ခပ်တိုးတိုးလေသံဖြင့် …

"သူက ဘာပြောမလို့တဲ့လဲ"

"မပြောတတ်ဘူးစိုး…ကိုယ်လဲ ခုမှ နားထောင်ရမှာ"

ပတေးက ကားကို ခေါင်းဘက်မှပတ်ပြီး သူတို့ဆီ လျှောက်လာသည်။ ပြီးတော့ ပြုံးသည်။ ခါတိုင်းလို စပ်ဖြဲဖြဲအပြုံးမဟုတ်။ ပတေး အမူအရာက အေးဆေးတည်ငြိမ်နေ၏။

✡ ✡ ✡

"မင်းတို့ တစ်ခါတည်း တန်းသွားကြတော့မှာလား"

"အေးပေါ့…ဘာဖြစ်လို့လဲ"

"ဩော်…မဟုတ်ပါဘူး။ ကင်တင်းမှ တစ်ခုခုစားသောက်ကြဦးမှာလားလို့ မေးတာပါ"

"မစားတော့ပါဘူး။ ဟိုကျမှ စားသောက်တာပေါ့။ ဘာလဲ မင်းပြောမယ့်စကားက ရှည်လို့လား"

"ဟင့်အင်း…မရှည်ပါဘူး။ အတိုတကာ့အတိုဆုံးဖြစ်အောင် အထပ်ထပ်စဉ်းစားပြီး ချုံ့ထားပါတယ်"

"ကဲ…ဒါဖြင့်ပြော"

"အင်း…ပထမဆုံး စိုးကိုပြောမယ်။ စိုး ဒီကိစ္စနဲ့ပတ်သက်ရင် ငါ့ညီမစိတ်ထဲ ဘယ်လိုမှမခံစားနဲ့။ ဝမ်းလဲ မနည်းနဲ့၊ သူတို့မဖြစ်ပါစေနဲ့ ကွဲပါစေဆိုတဲ့ စိတ်မျိုးနဲ့လဲ မပြောနဲ့။ လုပ်သင့်လုပ်ထိုက်တာတစ်ခု လုပ်တာပဲလို့ သဘောထားပါ။ စိတ် သန့်သန့်ရှင်းရှင်းနဲ့ သူမေးတာ ဖြေ…ဟုတ်လား"





စိုးက ခေါင်းညိတ်သည်။ ပတေးက လင်းဆွေဘက်လှည့်၍…

"လင်းဆွေ မင်းကိုတော့ ငါ တိုတိုပဲပြောပါမယ်။ မင်း အမှန်တရားကို ရဲရဲရင်ဆိုင်သူငယ်ချင်း…ခုထိ မင်းဘက်က အကုန်မှန်နေတယ်။ သဘောပေါက်လား"

ဘယ်လိုသဘောနှင့်ပြော၍ ဘယ်လိုသဘောနှင့် သဘောပေါက်သည်တော့မသိ။ လင်းဆွေ ယောင်တောင်ပေါင်တောင်နှင့် ခေါင်းညိတ်သည်။

"ကဲ…ဒါဆို သွားတော့၊ ငါ ကျောင်းကပဲ စောင့်နေမယ်။ ပြန်လာမှ အကျိုးအကြောင်းပြောပြတော့…ဟုတ်လား"

ပတေးက ပြုံးပြီးနှုတ်ဆက်သည်။

လင်းဆွေနှင့်စိုး ပြိုင်တူခေါင်းညိတ်ပြီး ကားပေါ်တက်သည်။

လင်းဆွေ ရင်ထဲ နည်းနည်းထိတ်နေ၏။

❀ ● ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၅)

ဆေးတက္ကသိုလ်ဝင်းထဲ ရောက်၍ ကားရပ်ပြီးသည်နှင့် လင်းဆွေက စိုးဘက်လှည့်ပြီး…

"စိုး ဒီကပဲ ခဏစောင့်အုံးနော်၊ ကိုယ် သီရိကို သွားရှာလိုက်အုံးမယ်"

စိုး ခေါင်းညိတ်သည်။ စိုး မျက်နှာ မသိမသာငယ်နေသည်။ လင်းဆွေက သက်ပြင်းတစ်ချက်ချလိုက်ပြီး ကားတံခါးကို ခပ်ဖြည်းဖြည်း ပြန်ပိတ်၍ ကျောင်းအဆောက်အအုံများဘက် လျှောက်လာခဲ့၏။

သီရိ၏နေ့စဉ်အချိန်ဇယားကို အလွတ်နီးပါးရနေသူမို့ သိပ်ရှည်ရှည်ဝေးဝေးရှာနေဖို့တော့မလို။ ကျောင်းမတက်မှာနှင့် အပြင်တစ်နေရာရာသွားနေမှာတစ်ခုပဲ စိုးရိမ်ရသည်။

ခပ်မှန်မှန်ခြေလှမ်းများနှင့် လျှောက်လာရင်း ကားပေါ်တုန်းက စိုးနှင့်ပြောခဲ့သည့်စကားလေးများကို သတိရသည်။

"ဒီလိုလုပ်ရတာ စိုးကို ကိုယ် သိပ်အားနာတာတော့ အမှန်ပဲစိုး၊ တစ်ခုရှိတယ်။ ဒီကိစ္စအတွက် စိုး သိပ်ဝန်လေးနေရင် ကိုယ့်ကို မလုပ်နိုင်ဘူးလို့ ငြင်းနော်။ ကိုယ့်ကို လုံးဝအားမနာနဲ့။ စိုးငြင်းရင်လဲ ကိုယ် စိုးကို ဘယ်လိုမှသဘောမထားဘူး။ ကိုယ့်ဘက်က အခွင့်အရေးယူတာ သိပ်များနေမှန်း ကိုယ်သိတယ်"



စိုးက အပြုံးညိုးညိုးလေးတစ်ခုဖြင့် ခေါင်းခါသည်။

"စိုး ဝန်မလေးပါဘူးကိုလတ်၊ ငြင်းစရာလဲ အကြောင်းမရှိပါဘူး။ စိုး စိုးရိမ်နေတာတစ်ခုပဲရှိတယ်။ စိုးပြောတဲ့စကားတစ်ခု မှားသွားလို့ စိုးကြောင့် ဆေးအတွက် ပိုလေးသွားမှာကိုပဲ။ စိုး ဘာစကားတွေ ပြောပြီး ဘယ်လိုရှင်းပြရမယ်ဆိုတာ သဘောမပေါက်သေးဘူး"

"ကိစ္စမရှိဘူးစိုး…ကိုယ်တို့နှစ်ယောက်က သီရိဆီသွားပြီး ပူးပေါင်းလိမ်လည်ဖို့ ကြိုးစားနေတာမှမဟုတ်တာ။ သူ အထင်လွဲနေတာ မဟုတ်ကြောင်း အမှန်အတိုင်းသွားပြောဖို့ သွားတာပဲ။ ဇာတ်တိုက်သလို စကားလုံးတွေ စည်းဝါးရိုက်ပြီး သွားစရာမလိုပါဘူး"

"အင်းလေ…အဖြစ်နိုင်ဆုံးတော့ ပြေလည်နိုင်သမျှ ပြေလည်အောင် စိုးကြိုးစားပြီး ပြောပေးပါ့မယ်။ ဒါပေမယ့် စိုးဘက်က ဒီလောက်စေတနာနဲ့ ကြိုးစားပေးတဲ့ကြားက သူက ကတ်သီးကတ်ဖဲ့လုပ်နေရင်တော့ ဒီလောက်ဖြစ်နေရင်လဲ နေပစေတော့၊ မပြေလည်လဲနေလို့ သဘောထားမှာနော်၊ အဲဒါ ကိုလတ်ကို ကြိုပြောထားမယ်"

လင်းဆွေပြုံးသည်။

"ရပါတယ်စိုး၊ ဒီလောက်တော့ ရှိရမှာပေါ့။ ဒါ စိုး တရားပါတယ်"

"နောက်ပြီးတော့ စိုး ဘာဖြစ်လို့ ဒီလောက် လိုက်လုပ်ပေးနေတယ်ဆိုတာလဲ ကိုလတ်သိတယ်နော်"

လင်းဆွေ ခေါင်းခပ်လေးလေးညိတ်သည်။

"သိပါတယ်စိုး၊ ဒီကိစ္စကို စိုးမပြောပဲနဲ့ ကိုယ်သိပါတယ်"

"ဒါဆို တော်ပြီ၊ ဒီအကြောင်း စိုးကို ထပ်မပြောနဲ့တော့"

အတွေးအဆုံးနှင့် သီရိတို့စာသင်ခန်းအရောက် တစ်ပြိုင်တည်းသွားကျသည်။ သီရိတို့အခန်းမှာ ဆရာမရှိ။ သူ့ကိုမြင်သောအခါ သီရိက



www.burmeseclassic.com

www.burmeseclassic.com



အခန်းပြင်ထွက်လာသည်။

"ကိစ္စရှိလို့လား ကိုလင်းဆွေ"

"ဟုတ်တယ်သီရိ၊ သီရိကို လူတစ်ယောက်နဲ့ တွေ့ပေးမလို့"

"ဘယ်သူနဲ့လဲကိုလင်းဆွေ"

"စိုးနဲ့ပါသီရိ...စိုးနဲ့ပတ်သက်တဲ့ကိစ္စ၊ သီရိအမြင်မှာ ရှင်းသွားအောင် စိုးနဲ့သီရိ ခဏလောက်စကားပြောကြပါ"

"ဟင်"

သီရိမျက်နှာတွင် အံ့အားသင့်သွားမှုလေးတစ်ခု မဖုံးနိုင်မဖိနိုင် တွေ့လိုက်ရသည်။ ခဏနေမှ သီရိက ပြုံး၍

"ရပါတယ်ကိုလင်းဆွေ...ခဏလေးနော်...ဆရာလာရင် အတင်းဒင့်စ်လက်မှတ်ထိုးဖို့ သူငယ်ချင်းတွေကို မှာလိုက်ဦးမယ်"

သီရိပြန်ဝင်သွားမှ လင်းဆွေရင်ထဲကအလုံးတစ်လုံးလျှောကျသည်။

ရင်ထဲမှာလည်း ဘောလုံးပွဲတွင် သရေဖြင့် ပွဲပြီးခါနီး တစ်မိနစ်အလို ကိုယ့်အသင်းဂိုးရှေ့၌ ဝဲနေသောဘောလုံးကို ကြည့်နေရသလို ခံစားနေရသည်။

ဒါမျိုးက တစ်နှစ်တစ်ခါသာ ကြုံရလျှင် သုံးနှစ်နှင့်နှလုံးရောဂါ စွဲကပ်နိုင်၏။

☆ ☆ ☆

သီရိစိတ်ထဲမှာ အံ့ဩသွားတာတော့ အမှန်။

လူတစ်ယောက်နဲ့တွေ့ပေးမလို့ဆိုတုန်းက သည်လောက်မဟုတ်သေး။ ဘာကိစ္စ သူက လူတစ်ယောက်နဲ့ တွေ့ပေးရမှာတုန်းဟုလောက်သာ တွေးမိသေးသည်။ 'ဘယ်သူနဲ့တွေ့ပေးမလို့လဲ' 'စိုးနဲ့' ဆိုမှ သီရိ





မျက်လုံးပြူးသွားသည်။

သည်အတိုင်းဆို စိုးနှင့်ပတ်သက်သော သတင်းက လင်းဆွေပြောသလို ဘာမှမဟုတ်တာ သေချာသလောက်ဖြစ်နိုင်သည်။ သီရိထင်သလို လင်းဆွေတစ်ယောက် လှေနံနှစ်ဘက်နင်း၍ ဟိုတို့တိတို့တိ၊ ဒီတို့တိတို့တိလုပ်နေတာ သိပ်မဖြစ်နိုင်တော့။ ဒီအထိလိုက်၍ စိုးကလည်း ရှင်းပြသည်ဆိုသဖြင့် သူတို့ချင်း ရိုးရိုးခင်တာလောက်ပဲဖြစ်နိုင်သည်။

မဟုတ်မဟုတ် သွားစွပ်စွဲမိသလို ဖြစ်သွားသဖြင့် စိုးဆိုသည့် မိန်းကလေးကို မိန်းမချင်း အားနာသလိုပင်ဖြစ်သွားသည်။

သို့သော် တစ်ခုရှိသည်က စိုးလိုက်လာပုံ လိုက်လာနည်းကို နည်းနည်းတော့ ကြိုမေးထားရဦးမည်။ ပြော၍ရသည်မဟုတ်။ သူတို့ချင်း တကယ်ဘာမှမဟုတ်ဘဲ မဟုတ်တမ်းတရား သွားစွပ်စွဲမိသဖြင့်

"အမယ်လေး...နင့်ကောင်မက ကြီးကျယ်လိုက်တာ၊ ဘာကိစ္စ သူက ဒီလောက်မယုံသင်္ကာဖြစ်နေရတာလဲ။ တွေ့မယ်၊ ငါနဲ့တွေ့မယ်၊ ဘယ်မလဲ နင့်ကောင်မ ငါနဲ့ရှင်းမယ်"

ဘာညာဒေါကန်ပြီး ရန်တွေ့၊ ရန်ဖြစ်ဖို့ လိုက်လာတာလည်းဖြစ်နိုင်သည်။ တော်ကြာ ဟိုက နွှတ်ခမ်းတလန် ပန်းတလန်ဆို အလကားနေရင်း ကျောင်းထဲမှာ အရှက်တကွဲအကျိုးနည်းဖြစ်ဦးမည်။ ထို့ကြောင့် စာသင်ခန်းထဲမှ ပြန်ထွက်ပြီး စကြံအတိုင်း လျှောက်လာသည်နှင့် လင်းဆွေကိုလှမ်း၍...

"စိုးက ဘာဖြစ်လို့ လိုက်လာတာလဲကိုလင်းဆွေ...သူက ဘာပြောမလို့လဲ"

"သီရိအထင်လွဲနေတဲ့ ကိစ္စကို ရှင်းပြမလို့ပေါ့။ ကျွန်တော်သိနောက်ဆုံးကြုံရာမရလို့ ဒီလိုဒီလိုဖြစ်နေတဲ့အကြောင်း စိုးကိုပြောပြလိုက်တယ်။ ဒါနဲ့ စိုးက သူပြေလည်အောင် ရှင်းပေးပါမယ်လို့ ပြောလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာခဲ့တာ''

''ဩော်…သူ စိတ်များဆိုးသွားသေးလားကိုလင်းဆွေ''

''မဆိုးပါဘူးသီရိ၊ ဖြစ်မှဖြစ်ရလေဆိုပြီး စိတ်မကောင်းတာမျိုးတော့ ရှိချင်ရှိမှာပေါ့''

''တော်ကြာ သီရိကို ရန်တွေဘာတွေ တွေ့နေဦးမှာလား''

''ဟာ…မဟုတ်တာ သီရိကလဲ…စိုးက ဒီလိုမဟုတ်ပါဘူး။ ဒါတော့ ဘာမှမပူပါနဲ့''

''ကိုလင်းဆွေက သေချာပြောနိုင်လို့လား''

''ပြောနိုင်ပါတယ်သီရိရာ…စိုးအကြောင်း ကျွန်တော် သိပါတယ်''

''ဩော်…ကိုလင်းဆွေအပေါ် စိုးက တော်တော်စေတနာထားတယ်နော်။ သီရိသာဆိုရင် ဒီလိုလိုက်ရှင်းပေးဖို့ဆိုတာ စိတ်ကူးထဲတောင် မထည့်ရဲဘူး''

''ဟာဗျာ''

သီရိစကားကြောင့် လင်းဆွေမျက်နှာ ကွက်ခနဲပျက်၍ ပါးစပ်ကြီးအဟောင်းသားဖြစ်သွားသည်။

သီရိရင်ထဲ သတိတစ်ခု လှစ်ခနဲဝင်လာ၏။

မူလပြောလိုက်တုန်းက စေတနာရိုးရိုးနှင့် ပြောလိုက်သည့်စကားသို့သော် ထိုစကားကို လင်းဆွေ တုံ့ပြန်ပုံကြောင့် သီရိတစ်မျိုးဖြစ်သွားသည်။ ရင်ထဲက ဆူးအခံလေး ချွန်ထက်စွာ တိုးဝေ့လာရင်း…

''သူတို့ချင်း ဘာဖြစ်လို့ ဒီလောက်တောင် ရင်းနှီးရတာလဲ''

သံသယစိတ်ကလေး ခေါင်းပြူထွက်လာ၏။

✡ ✡ ✡





လင်းဆွေရင်ထဲ အောင့်ခနဲဖြစ်သွားသည်။

ထုံးစံအတိုင်း သီရိ ကတ်သီးကတ်သတ်တွေး၍ အဓိပ္ပာယ်ကောက်လွဲပြန်ပြီလားဟု ရင်ထဲပူသွားသည်။ သည်အတွက် အနည်းငယ်ကြိုပြင်ထားဖို့တော့ လိုသဖြင့် …

''ကျွန်တော် တစ်ခုတော့ တောင်းပန်ပါရစေသီရိ၊ သီရိရင်ထဲမှာဖြစ်နေတဲ့ သံသယတွေကို ခဏလေးဘေးဖယ်ထားလိုက်ပါဦးဗျာ။ ကျွန်တော့်မှာ သီရိအမြင်ရှင်းနိုင်သလောက်ရှင်းအောင် ကြိုးစားပြီးသက်သေထူနေတာပါ။ သီရိကို ကျွန်တော် နည်းမျိုးစုံနဲ့ လှည့်ဖျားပြီးမဟုတ်တာ လိုက်ကြံဖို့ ကြိုးစားနေတာမဟုတ်ပါဘူး''

''သီရိက ဘာပြောလို့လဲကိုလင်းဆွေ''

''ဩော်…မဟုတ်ပါဘူး၊ စိုးအနေအထားနဲ့ ပတ်သက်ပြီး သီရိတစ်မျိုးထပ်ထင်မှာစိုးလို့ပါ။ ကျွန်တော် သီရိကို ဘယ်လောက်ချစ်တယ်ဆိတာ စိုးသိပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့သီရိ ဘာမဟုတ်တဲ့ကိစ္စနဲ့ အဆင်မပြေဖြစ်မှာစိုးလို့ တမင် သူ့ခများ စေတနာနဲ့ အကူအညီပေးဖို့လိုက်လာတာပါ''

သီရိရယ်သည်။ သရော်သံလေး နည်းနည်းပါသည်ဟု လင်းဆွေထင်မိ၏။

''ဟုတ်ပါတယ်ကိုလင်းဆွေ…သီရိကလဲ ဘာပြောလို့လဲ။ စိုးက ဒီလိုစေတနာထားမှန်းသိလို့ စိုးက ကိုလင်းဆွေကို တော်တော်စေတနာထားတာပဲနော်လို့ ပြောတာပဲ''

ပြောကာမှ ပိုဆိုးလာပြန်ပြီ။ လင်းဆွေစိတ်ထဲ ကသိကအောင့်ဖြစ်သွားသည်။

သီရိနှင့်ဆက်ဆံရသည်မှာ တော်တော်လက်ပေါက်ကပ်ကြောင်း ပထမဆုံးအကြိမ်အဖြစ် စိတ်ဓာတ်ကျသွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



✡ ✡ ✡

စိုးက ကျလုလုဖြစ်လာသော မျက်ရည်ကို မရမကထိန်း၍ လက်ကိုင်ပုဝါစွန်းဖြင့်တို့ကာ ကပျာကယာဖျောက်ဖျက်ပစ်ရသည်။

ထို့နောက် မလုံမလဲဖြင့် နောက်တစ်ချက်လှမ်းကြည့်ပြီး ဘယ်သူမှ ရောက်မလာသေးသည်ကိုတွေ့မှ …

"တော်သေးတာပေါ့၊ တော်ကြာ မြင်သွားရင် ဟိုက တစ်မျိုး ထင်ဦးမယ်"ဟုတွေးပြီး သည်တိုင်းထိုင်နေလျှင် ရွှေမျက်ရည်များက မနေနိုင် မထိုင်နိုင် စို့စို့လာဦးမည်တွေး၍ ကားတံခါးဖွင့်ပြီး အောက်ဆင်းလိုက်၏။

စိတ်ထဲက ကြေကွဲမှုများ တတ်နိုင်သလောက် လျော့ပါးစေရန်အတွက် ကျောင်းပရိဝုဏ်၏မြင်ကွင်းများထံ အကြည့်ကို လျှောက်ပို့ပစ်သည်။

အလွန်ကံကောင်းသောမိန်းကလေးတစ်ယောက် နေ့တစ်ရှုဝတက်နေသော ကျောင်းမို့လားမပြောတတ်၊ ကျောင်းအဆောက်အအုံများ၊ ဓိခင်းအကျင်းများက အလွန်တရာလှပခန့်ညားလှသည်။

သူငယ်ချင်းများနောက်သလို "ရန်ကုန်တက္ကသိုလ်ကျောင်းသူတွေက ကံ့ကော်ပွင့်လေးတွေ ခူးပြီးပန်ရတယ်။ စက်မှုတက္ကသိုလ်က ကျောင်းသူတွေက စွယ်တော်ပွင့်လေးတွေ၊ စွယ်တော်ရွက်လေးတွေ ခူးပြီး စာအုပ်ကြားညှပ်တယ်။ တို့လှိုင်နယ်မြေကတော့ အလှအပလုပ်စရာ ဘာတစ်ခုမှမရှိဘူး။ လွန်ရောကျွဲရော ကုက္ကိုပင်ပြီးတွေ ကောက်စားနေလို့ပဲရမယ်"

ဟု ပြောရမည့် ကိုယ့်ကျောင်းထက် အများကြီးလှပသာယာသည်ဟု ခံစားလိုက်ရသည်။

"အင်းလေ…ကိုယ်က ကံဆိုးတဲ့သူပဲ"





တွေးပြီးမှ သတိရသဖြင့်…

"ဟာ…စိတ်ကလဲ ဒီပဲရောက်နေပြန်ပြီ…သွားသွား ငါ့ဆီကို အဲဒီစိတ် လာကိုမလာနဲ့"

ဆွေးစိတ်ကို မောင်းထုတ်ပစ်ပြီး ရင်အေးအောင် ခပ်လှမ်းလှမ်း မျက်နှာစာ ရေကန်ရေပန်းဖွေးဖွေးများဆီ လှမ်းကြည့်လိုက်သည်။

"စိုး"

ရုတ်တရက်နောက်မှ ကြားလိုက်ရသော လင်းဆွေအသံကြောင့် ကိုယ်လေး ဆတ်ကနဲတုန်သွားပြီး ကပျာကသီလှည့်ကြည့်သည်။

"သြော်"

လင်းဆွေဘက်မှ လင်းဆွေအရွယ်အမွှေးဖြစ်လည်းဖြစ်စရာ ကောင်းလှသော အလွန်လှပသည့် ဆရာဝန်လောင်းမိန်းကလေးသီရိကိုပါ မြင်လိုက်ရသဖြင့် အပြုံးတစ်ခု ချက်ချင်းလုပ်ယူပြီး ကြည်လင်ရွှင်ပြသော ဟန်သို့ ကပျာကယာပြောင်းသည်။

"စိုး…ဒါကိုယ်ပြောတဲ့သီရိ၊ သီရိ ဒါကျွန်တော့်သူငယ်ချင်း…စိုး"

"ဟုတ်ကဲ့…တွေ့ရတာဝမ်းသာပါတယ်သီရိ"

"သီရိလဲ ဝမ်းသာပါတယ်စိုး"

အပြုံးကိုယ်စီဖြင့် နှုတ်ခွန်းဆက်စကားကို ဆိုကြသည်။

စိုးရင်ထဲ ဘယ်ကရောက်လာမှန်းမသိသည့် အတွေးစကားလေး တချို့ တိုးဝင်လာ၏။

"ဝမ်းသာရမှာပါသီရိရယ်…ခုချိန်မှာ သီရိမှ ဝမ်းမသာရင် ဘယ်သူက ဝမ်းသာစရာရှိတော့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၆)

''သီရိတို့ကျောင်းကြီးက သီရလိုပဲ အရမ်းလှတာပဲ။ စိုး တစ်ခါမှ သေချာမရောက်ဖူးဘူး။ လမ်းပေါ်ကနေ ဖြတ်သွားဖြတ်လာလောက်နဲ့ ကျောင်းဝင်ခွင့်ပုံစံတင်တုန်းက အုပ်ချုပ်ရေးရုံးပဲ ခဏရောက်ဖူးတာ''

သုံးယောက်သား နီးနီးနားနား သက်သာဆိုင်ရှေ့ ရေတမာပင်အောက်စားပွဲ၌ ထိုင်မိစဉ် စိုးကစ၍ ရယ်ရယ်ပြုံးပြုံးနှင့် စကားဆိုသည်။ သီရိက ရယ်လိုက်ပြီး…

''သီရိလဲ စိုးတို့ကျောင်းကို သေချာမရောက်ဖူးသေးဘူး။ ဒါပေမယ့် ဒီတိုင်းဆိုရင် စိုးတို့ကျောင်းလဲ အရမ်းလှမှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ စိုးကလဲ အရမ်းလှတာကိုး''

''စိုးက မလှပါဘူးသီရိရယ်…ကိုလတ်ကဆို သီရိအရမ်းလှတယ် သိပ်ကျက်သရေရှိတယ်လို့ အမြဲကြွားကြွားနေတာ''

သီရိက လင်းဆွေဘက် လှည့်ကြည့်သည်။

''ကိုလင်းဆွေနာမည်က ကိုလတ်တဲ့လား…ကြည့်စမ်း အဲဒီနာမည်ရှိတာတော့ သီရိကို ဘာဖြစ်လို့မပြောပြတာလဲ''

တကွက်တော့ ထောက်ပြန်ပြီဟု လင်းဆွေ စိတ်ထဲသိလိုက်သည်။ သို့အတွက် အရယ်ဖြင့်စလိုက်ပြီး …

''ဒီနာမည်က စိုးတို့အုပ်စုပဲခေါ်တာပါ။ ကျွန်တော်တို့သူငယ်ချင်းသုံးယောက်ရှိတယ်။ စိုးနိုင်ရယ်၊ ကျွန်တော်ရယ်၊ သန်းဝင်းရယ်…ကျွန်တော်တို့ သုံးယောက်အဖွဲ့က အစ်ကိုရင်းတွေလို သဘောထားလို့ စိုးနိုင်ကို ကိုကြီး၊ သန်းဝင်းကို ကိုလေး၊ ကျွန်တော့်ကို ကိုလတ်လို့ ခေါ်ကြတာ''

''ဟုတ်တယ်သီရိရဲ့…စိုးတို့ဆီမှာက ယောကျ်ားလေး၊ မိန်းကလေး သူငယ်ချင်းတွေအားလုံး မောင်နှမတွေလို ဖြစ်နေကြတာ။ ကျောင်းမှာက ပျော်စရာရွှင်စရာ ဘာမှသိပ်ရှိတာမဟုတ်တော့ ကိုယ့်မောင်နှမတွေအချင်းချင်းပဲ နောက်ပြောင်ပျော်ရွှင်နေရတာ''

စိုးအမူအရာနှင့် ပြောပုံဆိုပုံကိုကြည့်၍ လင်းဆွေ ကျေနပ်သွားမိသည်။ အကင်းပါးစွာပြောတတ်ဆိုတတ်မှန်းလည်း စိတ်ချလက်ချယုံကြည်လိုက်၏။

သီရိက ပြုံးရင်း…

''သြော်…စကားကောင်းတာနဲ့ မေ့တောင်သွားတယ်။ တစ်ခုခု စားရအောင်…ဘာစားကြမလဲ၊ သီရိက ဆီချက်စားပြီး အအေးသောက်မယ်။ ကိုလင်းဆွေနဲ့စိုးလဲ ကြိုက်တာမှာလေ။ ကိုလင်းဆွေပဲ ကြည့်မှာလိုက်ပါ။ ကိုယ့်ညီမဘာကြိုက်တယ်ဆိုတာ အစ်ကိုလတ်က သိမှာပေါ့''

''စိုးလဲ ဆီချက်ပဲစားပါ့မယ်''

လင်းဆွေက မအီမလည်ဖြစ်သွားပြီး အနားရောက်လာသည့် စားပွဲထိုးလေးကို

''ဆီချက်သုံးပွဲနဲ့ သံပုရာသုံးခွက်''ဟု မှာလိုက်သည်။

ပြီးမှ မျက်နှာချင်းဆိုင်ကွင်းတစ်ဘက်မှ ကြည့်နေကျ သတ္တုတူးဖော်ရေးသရုပ်ဖော်ပန်းချီကားကြီးကို လှမ်းကြည့်သည်။

ငါတော့ ကျောက်ရည်ပူတွေ တူးမိနေပြီထင်တယ်ဟု တွေးလိုက်မိ၏။

✡ ✡ ✡







www.burmeseclassic.com

www.burmeseclassic.com



''ကဲ···သီရိ၊ သီရိတို့နှစ်ယောက်လုံးရှေ့မှာပဲ ကျွန်တော်ပွင့်ပွင့်လင်းလင်းပြောမယ်၊ တစ်ယောက်တစ်ယောက် ဘာမှ အားမနာပါနဲ့။ သီရိ ကျွန်တော်နဲ့ပတ်သက်လို့ ဖြစ်နေတဲ့ သံသယကိစ္စကိုလဲ ကျွန်တော် စိုးကို ပြောပြပြီးသားပါ။ ကျွန်တော့်အနေနဲ့လဲ ဘာမှမဟုတ်တဲ့ ကိစ္စတစ်ခုနဲ့ သီရိက အငြင်းပယ်ကို မခံချင်ဘူး။ အဲဒီတော့ သီရိ ကျွန်တော့်အပေါ် သံသယရှင်းသွားတဲ့အထိ ဖြစ်စေချင်ပါတယ်။ သီရိ အထင်လွဲနေတဲ့ ကာယကံရှင်ကိုလဲ ကျွန်တော် သီရိရှေ့အထိ တောင်းပန်ပြီးခေါ်လာခဲ့ပါပြီ။ သီရိ မေးချင်တာရှိရင် မေးပါ။ ဒါမှမဟုတ် သီရိစိတ်ထဲ သံသယရှင်းလောက်ပြီလို့လဲ ကျွန်တော့်စိတ်ထဲ ထင်ပါတယ်''

သည်မိုင်းမှာ ဟိုလိုလိုဒီလိုလို လုပ်ပစ်၍မဖြစ်ဟု လင်းဆွေ တွေးမိသည်။ နောက်မှ ···

''ကိုလင်းဆွေက စိုးကို ခေါ်လာပြီး သီရိနဲ့ မိတ်ဆက်ပေးရုံပေးတာပဲ။ ဒီလောက်လေးနဲ့ သီရိက ဘယ်လိုလုပ် ရှင်းတယ် မရှင်းဘူး ဆုံးဖြတ်လို့ရမှာလဲ''

ဘာလဲနှင့် ဂဂျီဂဂျောင်မဖြစ်ဟု ပြော၍မရ။ အခိုင်အမာဖြစ်တုန်း အခိုင်အမာဖြစ်အောင် လုပ်ထားရမည်ဟု သဘောပေါက်သည်။

သူ့စကားဆုံးသည်နှင့် စိုးကလည်း···

''ဟုတ်ပါတယ် သီရိ···ကိုလတ်ပြောပြလို့ စိုးလဲ အခြေအနေကို သိပြီးသားပါ။ သီရိအထင်လွဲသလို မဟုတ်ပါဘူး။ စိုးနဲ့ကိုလတ်ကြားမှာ သူငယ်ချင်းလို မောင်နှမလို ခင်တာကလွဲပြီး သီရိအထင်လွဲတာမျိုး မရှိပါဘူး။ သီရိ အဲဒါကိုတော့ အကြွင်းမဲ့လက်ခံပါ''

သီရိမျက်နှာလေး မသိမသာတည်သွားသည်။ ဆိချက်ပန်းကန်ထဲ ကြက်သွန်ချဉ်နီနီရဲရဲလေး နည်းနည်းထည့်၍ မွှေရင်း···

''သီရိ တစ်ခုတော့ပြောမယ်နော်···စိုး၊ ဒီကိစ္စက သီရိအထင်လွဲ





တဲ့ကိစ္စမဟုတ်ပါဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် သီရိ စိုးကို နာမည်တောင်မသိပါဘူး။ ကိုလင်းဆွေ သီရိကို စိတ်ဝင်စားနေမှန်းသိလို့ ကိုလင်းဆွေအကြောင်းကို သီရိစုံစမ်းကြည့်တဲ့အခါ ကိုလင်းဆွေကိုသိတဲ့ သူငယ်ချင်းတချို့က ကိုလင်းဆွေ ကျောင်းမှာ မိန်းကလေးတစ်ယောက်နဲ့ တွဲနေတယ်။ နည်းနည်းမေးကြည့်အုံးလို့ပြောတာနဲ့ သီရိမေးကြည့်တာပါ။ သီရိမှာလဲ သီရိအကြောင်းနဲ့ သီရိမို့ အချစ်ကိစ္စမှာ လုံးဝအမှားမခံရဲဘူး။ ဒါကြောင့် မသေချာပေမယ့် သီရိမပေါ့ရဲဘဲ သေချာမေးရတာပါ''

''ဟုတ်ပါတယ်သီရိ···သီရိမေးတာမှန်ပါတယ်။ သီရိတို့ စိုးတို့ မိန်းကလေးတွေမှာ သတိထားနိုင်လွန်းမှ တော်ကာကျပါတယ်။ သီရိ အဲလိုမေးတဲ့အတွက် စိုးစိတ်ထဲလဲ ဘယ်လိုမှမနေပါဘူး''

''အဲဒီလိုအကြောင်းရှိလို့ အဲဒီလိုသာ မေးရတာ။ သူငယ်ချင်းတွေ ပြောတဲ့ ကိုလင်းဆွေနဲ့တွဲနေတဲ့ မိန်းကလေးဆိုတာ စိုးမှန်းလဲမသိပါဘူး။ ကိုလင်းဆွေက အဲဒါဆို စိုးကိုပြောတာဖြစ်မယ်ထင်တယ်လို့ ပြောတာနဲ့ သာ သီရိက စိုးနေရတာ···တကယ်လို့သာ ကိုလင်းဆွေ ဘယ်လိုမှ မပတ်သက်တဲ့ စိုးကိုခေါ်လာ၊ တကယ်ပတ်သက်တဲ့ မိန်းကလေးကို ဖယ်ထားပြီး ခပ်တည်တည်နဲ့ လာရှင်းနေရင်တောင်မှ သီရိ သိမှာမဟုတ်ဘူး''

စိုးက လင်းဆွေကို ဖြတ်ခနဲလှမ်းကြည့်သည်။ လင်းဆွေ မျက်လုံးပြူးသွားပြီး···

''ဟာ···မဟုတ်သေးဘူးသီရိ···အင်းလေ···မဟုတ်သေးဘူးတော့ မဟုတ်ဘူးပေါ့။ သီရိ ကတ်သီးကတ်သတ်တွေးဝံ့မျိုး တွေးရင်တော့လဲ မဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူးပေါ့၊ ဒါပေမယ့်···''

သီရိက လက်ကာသည်။

''ခဏလေးကိုလင်းဆွေ···သီရိ တမင်ကတ်ဖဲ့လုပ်ချင်လို့ ကတ်သတ်ပြောနေတာမဟုတ်ဘူးနော်။ ဖြစ်နိုင်တာ သီရိပြောပြတာ၊ ကိုလင်းဆွေ



www.burmeseclassic.com

www.burmeseclassic.com



ကို သီရိပြောတုန်းက ဘယ်သူဘယ်ဝါနဲ့ ဘယ်လိုလဲလို့ သေချာနာမည် တပ်ပြီး မေးသလား"

"အဲလိုတော့ မမေးဘူးပေါ့သီရိ"

"မမေးဘူးပေါ့…မဟုတ်ဘူးကိုလင်းဆွေ…မေးကို မမေးပါဘူး။ မိန်းကလေးတစ်ယောက်နဲ့ ကျောင်းမှာ တွဲနေတယ်လို့ကြားတယ်လို့ပဲ ပြောတာပါ။ အဲဒီမိန်းကလေးဟာ စိုးကိုပြောတာလို့ ကိုလင်းဆွေက နာမည် တပ်တာ။ သီရိသူငယ်ချင်းတွေပြောတဲ့ မိန်းကလေးဟာ စိုးလို့ သီရိက လက်ခံသေးလို့လား"

"သူတို့ပြောတာ စိုးမဖြစ်နိုင်ဘူးလားသီရိ"

"ဘယ်ပြောတတ်ဦးမလဲကိုလင်းဆွေ…ဒီကိစ္စက နောက်မှ သီရိ ဟာသီရိ စုံစမ်းယူမှာပေါ့"

"သူတို့ပြောတာ စိုးဖြစ်နေရင်ကော"

လင်းဆွေအမေးကြောင့် သီရိက စိုးကို လှမ်းကြည့်သည်။ အားတုံ့ အားနာပြုံးလိုက်ရင်း…

"စိုး…သီရိကို စိတ်မဆိုးနဲ့နော်…သီရိ စိုးကို သိပ်အားနာနေ တယ်။ ကိုလင်းဆွေ အလကားနေရင်း စိုးကို ဒုက္ခပေးလို့ ကိုလင်းဆွေ ကို စိတ်တောင်ဆိုးချင်နေတာ"

"ကိစ္စမရှိပါဘူးသီရိ၊ ပြောစရာရှိတာ ပြောပါ"

"ကဲ…ပြောပါဦးသီရိ…သူတို့ပြောတာ စိုးဖြစ်နေရင်ကော"

"စိုးဆိုတဲ့ နာမည်ဖြစ်နေရင်လဲ ခု သီရိရှေ့မှာရှိနေတဲ့ စိုး ဟုတ် မဟုတ် သိအောင်လုပ်ရဦးမှာပေါ့။ ပြီးတော့မှ စိုးကကော၊ ကိုလင်းဆွေ ကကော ရိုးရိုးခင်ကြတာပါ၊ ဘာမှမဖြစ်ပါဘူးလို့ သီရိကို ပြောတယ်။ ဒါဖြင့် ဘေးက ဘာလို့အထင်လွဲနေတာလဲဆိုတာ သီရိအဖြေရှာယူရဦး မှာပေါ့"





"ဟာ…သီရိကလဲ ပြီးပါဦးတော့မလားသီရိရယ်၊ ဒီလိုသာဆို မိးနိုးမဆုံး စုံစမ်းလို့ကို ပြီးနိုင်ပါတော့မလား"

"မပြီးလဲ မတတ်နိုင်ဘူးကိုလင်းဆွေ၊ လူတွေက အချစ်ရေး၊ နှလုံး သားရေးဆိုပြီး သိပ်လွယ်လွယ်ပြောကြ၊ လွယ်လွယ်ဆုံးဖြတ်ကြတာပဲ။ အဲဒီလို မဆင်မခြင်လုပ်မိလို့ သီရိအစ်မ ဘာဖြစ်သွားလဲ။ ဒါကြောင့် ကိုလင်းဆွေကို သီရိပြောတာပေါ့။ သီရိကို အချိန်ပေးပါ၊ မလောပါနဲ့လို့"

"ဒါပေမယ့်သီရိရယ်…သီရိ ခုလိုစုံစမ်းပုံမျိုးနဲ့ဆို ဒီတစ်သက်နဲ့ တောင် ပြီးဖို့မလွယ်ဘူး"

"ဒီတစ်သက်မပြီးလဲ နောက်တစ်သက်အထိ ဆက်တန်ဆက်ရမယ် ကိုလင်းဆွေ…ဒီကိစ္စမှာ မသေချာရင် ဘာတစ်ခုမှ သီရိ မဆုံးဖြတ်ဘူး"

ဟူးခနဲ လေပူတစ်ချက် လင်းဆွေ မှုတ်ထုတ်လိုက်သည်။

ရင်ထဲလည်း မောသွားသည်။

ဆီလိမ်းထားသောကိုယ်ဖြင့် ဆီသုတ်ထားသော အုန်းသီးကို နှပန်းလုံးပြီး ဖမ်းနေရသလို ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၇)

လင်းဆွေ စိတ်ဓာတ်ကျကျဖြင့် ဒူးယားတစ်လိပ် ထဝယ်ပြီး ဆေးလိပ်ကို ဖိဖွာသည်။ အတန်ကြာစဉ်းစားပြီးမှ

"ဒါဖြင့် စိုးနဲ့လဲ သီရိ ဘာမှပြောစရာမရှိတော့ဘူးပေါ့"

သီရိခေါင်းခါသည်။

"မရှိပါဘူးကိုလင်းဆွေ...စိုးမှမဟုတ်ဘူး၊ တခြား ဘယ်သူ့ကိုမှလဲ ကိုလင်းဆွေ ဒုက္ခမပေးပါနဲ့။ ဒီကိစ္စ သီရိစိတ်ထဲရှင်းပြီး ကိုလင်းဆွေကို ယုံအောင် သီရိနည်းနဲ့သီရိ လေ့လာပါ့မယ်"

"ဒါနဲ့...သီရိ ဟိုနေ့ကတော့ ဒီကိစ္စကို ယုံအောင် သက်သေမပြနိုင်ရင် ငြင်းရမယ်ဆို"

သီရိပြုံးသည်။

"ဟုတ်တယ်လေ...ဥပမာ သီရိစုံစမ်းလို့ သိတဲ့အခါ စိုးပဲဖြစ်နေတယ်ဆိုပါတော့။ အဲဒီအခါကျတော့ သီရိက မေးမှာပေါ့၊ စိုးနဲ့ကိုလင်းဆွေ ရိုးရိုးသားသားမောင်နှမလို ခင်နေတဲ့ကြားက ဘေးလူတွေက အထင်လွဲစရာ ဘာကြောင့်ဖြစ်လာတာလဲ။ ရင်းနှီးတဲ့အတိုင်းအတာ ဘယ်အထိလဲ၊ ဘယ်တွေ သွားလာကြတယ်၊ ဘာစကားတွေ ပြောတယ်၊ မိန်းကလေးပဲ ကိုလင်းဆွေရယ်...အူတိုတတ်တာပေါ့။ အကုန်အသေးစိတ်လျှောက်မေးတော့မှာပေါ့။ အဲဒီတော့မှ ကိုလင်းဆွေဖြေပေါ့။ သိပ်မကြာတော့ပါဘူး။



ကိုလင်းဆွေ အဖြေအမည်းသိရတော့မှာပါ"

သီရိစကားကြောင့် စိုးပါ ပြုံးသည်။ ပြုံးပြီးမှ ...

"ကိုလတ်...သီရိပြောတာ သဘာဝကျပါတယ်။ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေရတယ်ဆိုတဲ့ စကားလဲ ရှိသားပဲ။ အချိန်တန်တော့ သူ့ဟာသူ နွားပိန်ကန်မှာပေါ့။ စိုးတောင်မှ သီရိစကားကိုနားထောင်ပြီး သီရိကို အားကျလာပြီ။ သီရိဘက်က သီရိ ပြင်ဆင်ကာကွယ်ထားတာတွေ မှန်ပါတယ်။ ကဲ...ကိုလတ်ကိစ္စပြီးရင် စိုးတို့ပြန်ကြရအောင်...ဒါမှမဟုတ်လဲ စိုးကို ကျောင်းပြန်ပို့၊ ပြီးမှ ကိုလတ်ဘာသာကိုလတ် တစ်ခေါက်ပြန်လာချင်လာ၊ သီရိ စိုးပြန်မယ်နော်၊ အားရင် ကျောင်းကိုလဲ လာလည်ပါ၊ သီရိသိချင်တာတွေကို စိုးတို့ဆီကလဲ စုံစမ်းပေါ့"

သီရိ ပြုံး၍ခေါင်းညိတ်သည်။

"စိုးလဲ သီရိကို သူငယ်ချင်းလိုပဲ ရင်းရင်းနှီးနှီးဆက်ဆံနော်၊ ကျောင်းကိုလဲ လာလည်ပါဦး၊ ကိုလင်းဆွေမပါလဲ လာခဲ့ပါ။ အိမ်လဲ လာလည်လို့ရပါတယ်။ သီရိလိပ်စာပေးထားမယ်၊ နီးနီးလေးပါ၊ ဒီအင်းလျားလမ်းထဲတင်"

"အင်းလျားလမ်း အိမ်နံပါတ်ဘယ်လောက်လဲသီရိ"

"စာအုပ်တစ်အုပ်ပေးပါလားစိုး၊ အိမ်ဖုန်းနံပါတ်ပါ ရေးပေးလိုက်မယ်လေ"

သူတို့ချင်းပြေလည်နေသည်ကိုကြည့်၍ လင်းဆွေစိတ်ထဲ ကလိကလိဖြစ်နေသည်။ သူတို့ပြောနေသည့်ပုံစံများတွင် ဟန်များပါနေသည်ဟု ထင်မိသည်။

အသည်းယားသည်ဆိုသောစကားကို ခုမှ သေသေချာချာနားလည်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



✡ ✡ ✡

"စိုး…ကားပေါ်က ခဏစောင့်နော်၊ ကိုယ် သီရိနဲ့ စကားနည်းနည်း ပြောမလို့"

ထရပ်ပြီးမှ လင်းဆွေက ပြောသဖြင့် စိုးက တစ်ချက်ကြည့်ပြီး 'အင်း ဒါဖြင့်နေခဲ့လေ'ဟု ဆိုကာ ကားဘက်လျှောက်သွားသည်။ လင်းဆွေက ပြန်ထိုင်လိုက်ပြီး…

"ဘာလိုဖြစ်ပြီး ပြဿနာက တစ်မျိုးပြောင်းသွားတာလဲသီရိ"

သီရိမျက်နှာ စောစောကလို ပြုံးချိုမနေတော့ဘဲ တည်သွားသည်။ လင်းဆွေကို တည်တည်ပင်ကြည့်ပြီး…

"ပြဿနာက တစ်မျိုးပြောင်းတာမဟုတ်ဘူးကိုလင်းဆွေ၊ ပြဿနာက တစ်မျိုးတောင်တိုးလာသေးတယ်"

"ဖြစ်ပြန်ပြီသီရိရာ…ဘယ်လိုတိုးလာပြန်လို့လဲ"

"ကိုလင်းဆွေနဲ့ စိုးနဲ့က ဘာဖြစ်လို့ ဒီလောက်တောင် ခင်နေရတာလဲ"

"ဟာဗျာ…ခင်တာပဲ၊ ဘာဖြစ်လို့ခင်တာလဲလို့ ရှိသေးလို့လား"

"ရှိတာပေါ့ကိုလင်းဆွေ…အများကြီးရှိတာပေါ့။ ခု သီရိကြည့်ရတာ စိုးနဲ့ကိုလင်းဆွေ ခင်ပုံကြီးက တစ်မျိုးပဲ။ သိပ်ရင်းနှီးလွန်းအားကြီးတယ်လို့ထင်တယ်။ ရှင်းရှင်းပြောရရင် ကိုလင်းဆွေတို့နှစ်ယောက်ကို သီရိ သံသယရှိတယ်"

"ဟာဗျာ…ရင်းနှီးတာတော့ ရင်းနှီးတယ်သီရိ၊ ဒါပေမယ့် သံသယရှိလောက်အောင် ရင်းနှီးလွန်းအားကြီးတယ်လို့တော့ မဟုတ်ဘူး။ ကျွန်တော်တို့သူငယ်ချင်းတွေ ဒီလိုပဲနေကြတာပဲ"

သီရိ မဲ့ပြုံး ပြုံးသည်။





"ကိုလင်းဆွေတို့သူငယ်ချင်းတွေ နေတာထိုင်တာကတော့ ဘယ်လို နေနေပေါ့။ ဒါပေမယ့် သီရိအနေနဲ့ကျတော့ သီရိလိုချင်တဲ့ ယောကျ်ား တစ်ယောက်ရဲ့ပုံစံထဲမှာ ဒါမျိုးမပါဘူးကိုလင်းဆွေ"

လင်းဆွေ စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါသည်။

"မဟုတ်ဘူးသီရိရာ၊ သီရိသတ်မှတ်တဲ့ စံကြီးက သိပ်မြင့်လွန်း မနေဘူးလား။ ခုဟာက နီးအောင်လုပ်ရင်းနဲ့ တဖြည်းဖြည်းဝေးဝေးလာနေပြီ။ တချို့ကိစ္စကျတော့လဲ နားလည်မှုနဲ့ ခွင့်လွှတ်ရမှာပေါ့"

"သီရိသတ်မှတ်တဲ့စံကို မြင့်တယ်နိမ့်တယ်မပြောပါနဲ့ကိုလင်းဆွေ။ ဒါ ခုမှ သတ်မှတ်တဲ့စံမဟုတ်ပါဘူး။ အဲဒီစံမဝင်ရင် ဘယ်သူ့မှ သီရိ လက်မခံနိုင်ဘူး။ အဲဒီစံမီ မမီတစ်ခုပဲ စဉ်းစားမှာ…အဲဒီစံထဲ မဝင်ရင် ဘာကိစ္စမှ သီရိ ခွင့်မလွှတ်နိုင်ဘူး"

"ဒီလိုရှိတယ်လေသီရိ…စိုးနဲ့ကျွန်တော် ခင်တာက သီရိနဲ့ မတွေ့ခင်ကတည်းက ခင်ခဲ့တာ၊ သီရိပြောပြတဲ့စံက ခုမှသိတာ၊ ကျွန်တော်မှားတယ်ပဲထားဦး၊ ပြီးပြီးသားကိုတော့ ကျွန်တော် ဘယ်လိုလုပ်ပြန်ပြင်လို့ရမလဲ။ နောက်ကို အဲလောက်ခင်ခင်မင်မင်မနေနဲ့။ ပြီးပြီးသားကိုတော့ ခွင့်လွှတ်တယ်ဆိုရင်တောင် ကျွန်တော် လက်ခံနိုင်သေးတယ်"

"သီရိသဘောထားကို ကိုလင်းဆွေ လက်မခံနိုင်ဘဲ နေလို့ရပါတယ်။ သီရိ သိပ်ကပ်လွန်းအားကြီးတယ်လို့ ထင်ရင်လဲ ကိုလင်းဆွေ သီရိကို မေ့လိုက်ပေါ့။ ကိုလင်းဆွေကို သီရိက ရိုက်ပြီးချစ်ခိုင်းနေတာမှ မဟုတ်ပဲ"

"အဲဒါဆိုရင်တော့ ခက်တယ်သီရိ၊ သီရိလိုချင်တာက စင်းစင်းချော၊ အပြစ်ဆိုလို့ တစ်စက်ကလေးမှ မရှိတဲ့သူ၊ ကျွန်တော့်ဘက်က ရှင်းရှင်းဝန်ခံရရင် ကျွန်တော် အဲလောက် အပြစ်မကင်းဘူးသီရိ၊ ပြီးတော့ မကင်းခဲ့ပြီးတဲ့အပြစ်တွေကို ဖျောက်ပြီးမှ ခုမှ အပြစ်ကင်းချင်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



မရတော့ဘူး''

''ဒါဆို ရှင်းနေပြီပေါ့ကိုလင်းဆွေ…ကိုလင်းဆွေ သီရိကို မေ့လိုက်တော့ပေါ့''

''သီရိဘက်က အဲလောက်ကို သံယောဇဉ်ပြတ်တာပဲလား''

''သီရိဘက်က သံယောဇဉ်ဆိုတာ ခုမှ ထားမလို့ စဉ်းစားနေတာပါကိုလင်းဆွေ၊ မထားခင် ဖြတ်စရာကိုမလိုဘဲ ပြတ်ပြီးသားပါ။ ထူးပြီး ဖြတ်နေဖို့ မလိုပါဘူး''

လင်းဆွေ အံကြိတ်သည်။

''ဒါဖြင့်လဲ ပြီးတာပဲပေါ့သီရိ၊ ကျွန်တော်လဲ ဒီထက်ပိုပြီး ဘာမှ မတတ်နိုင်တော့ဘူး''

ချာခနဲလှည့်ထွက်လာစဉ် ရင်ထဲ၌ မီးတောင်တစ်ခု ပေါက်ကွဲနေ၏။ သီရိမျက်နှာကိုပင် ပြန်လှည့်မကြည့်မိ။

✡ ✡ ✡

အပြန်လမ်းတွင် စိုးက လင်းဆွေ၏ တင်းမာနီရဲနေသောမျက်နှာကို ကြည့်ပြီး မရဲတရဲရယ်သည်။

''ဘယ်လိုလဲကိုလတ်၊ ရေရေလည်လည်ကျွတ်နေပြီလား''

လင်းဆွေ မချိသွားဖြဲရယ်ပြီး…

''ဟုတ်တယ်စိုး၊ ကိုယ် တော်တော်ခံနေရပြီ။ သူနဲ့ စကားပြောရင် ဘယ်လိုမှ ကိုယ်နိုင်အောင် ပြောလို့မရဘူး။ ဒီလိုပဲ ခံခံလာရတာပဲ''

''ဘယ်တတ်နိုင်မလဲကိုလတ်ရယ်၊ ကိုလတ်ကမှ သွားချစ်နေမိတာကိုး၊ သိပ်ချစ်တဲ့သူဆိုတာ ဒီလိုပဲ စိတ်ညစ်ခံပြီး အမြဲအရှုံးပေးရတာပဲပေါ့''





''ဒီအတိုင်းဆိုရင်တော့ မလွယ်တော့ပါဘူးစိုးရာ၊ လက်လျှော့လိုက်ရမလိုတောင် ဖြစ်နေပြီ၊ ခုတောင် ကိုယ်တော့ တော်တော်စိတ်ညစ်နေပြီ''

စိုးက ရယ်သည်။ ရယ်သံသည် အလာတုန်းကထက် များစွာ စိတ်ပေါ့ပါးကြောင်း အတည့်အလင်းပြောပြနေ၏။

''စိတ်တော့မပျက်နဲ့ဦးနော်ကိုလတ်၊ ကိုလတ် စိတ်ပျက်လေ စိုးက ဝမ်းသာလေဖြစ်မှာ…စိုးကတော့ ရှင်းရှင်းပဲ၊ ကောင်းတယ်၊ တစ်ခါ တစ်လေလဲ ဒါမျိုး ထိပေးဦးမှ…နို့မို့ လူတွေက ကိုယ်ချင်းမစာတတ်ဘူး၊ ကိုလတ်ရဲ့…ကိုယ့်ကို အချစ်ခံရတဲ့အခါမှသာ အရိုးများသလေး၊ ချေးခါးသလေးနဲ့ ကြီးကျယ်တတ်တယ်။ ကိုယ်က လိုက်ချစ်ရတဲ့ဒုက္ခကိုကျတော့ ဒီတိုင်းနဲ့စာနာတတ်တာမဟုတ်ဘူး''

လင်းဆွေ ဖြတ်ခနဲလှည့်ကြည့်သည်။

''ဘာလဲ…စိုးက ကိုယ့်ကို ခုမှကလဲ့စားချေနေတာလား''

''ကလဲ့စားချေတာမဟုတ်ပါဘူးကိုလတ်…သင်ခန်းစာပေးနေတာပါ။ ကိုလတ်ဘဝမှာ သခင်ခန်းစာယူစရာတွေ အများကြီးရှိသေးတယ်။ ဘာပဲပြောပြော ကိုလတ် ခုလိုဒုက္ခရောက်လေ စိုး ပျော်လေပဲ။ စိတ်ဆိုးလက်စနဲ့ စိုးကိုပါ စိတ်ဆိုးရင်လဲဆိုး၊ ကိုလတ်ရှေ့တင် စိုး ပွင့်ပွင့်လင်းလင်းပြောတာ၊ စိုးလောက် ကိုလတ်ကို ဘယ်သူနားလည်ခွင့်လွှတ်နိုင်လို့လဲ''

ဟိုမိန်းကလေးနှင့် သည်မိန်းကလေး ဘာမှမဆိုင်ဟု စိတ်ထဲတွေးမိသည်။ လူရွေးများ မှားပြီလား။ လင်းဆွေ နဝေတိမ်တောင်ဖြစ်လာ၏။

''ဒီလိုပေါ့လေ…တချို့က မရတာမှ လိုချင်ကြတာပဲဟာ''

စိုးက ရယ်ရင်းနှင့် သော့အိမ်တွင် တန်းလန်းချိတ်ထားသေး ကားသော့တွဲမှ အရုပ်ကလေးများကို အသာကိုင်ကြည့်သည်။ ပြီးမှ …

''သြော်…ဒီနှစ် ကိုလတ်မွေးနေ့မှာ ဘာပေးရဦးမလဲမသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရဦးမယ်။ ဒီလက်ဆောင်က ခုထိမဟောင်းသေးဘူးနော်"

လင်းဆွေ လှမ်းကြည့်လိုက်သည်။ စိုးလက်ထဲတွင် ကောင်လေးနှင့်ကောင်မလေးက နှုတ်ခမ်းချင်းထိနေ၏။ လင်းဆွေ နှာနှာကျင်ကျင်လေး ရယ်လိုက်ပြီး…

"မထူးပါဘူးစိုးရာ၊ သီရိဆီကိုပြန်သွားပြီး စိုးနဲ့ကိုယ်နဲ့ အရင်က ဖြစ်ခဲ့တဲ့အကြောင်းတွေ ပြောပြလိုက်ရင် ကောင်းမယ်ထင်ပါတယ်။ ဒါမှ တစ်ခါတည်း အေးရောဖြစ်မှာ"

စိုးက ရယ်သည်။ ရယ်သံလွင်လွင်ကလေးကြားမှ…

"တကယ်ပြောတာလား၊ တကယ်ဆိုရင် လွယ်တယ်နော်၊ ဒီထက်ထိရောက်တဲ့နည်းတောင် ရှိသေးတယ်။ ဒီမှာကြည့်…စိုးပြမယ်"

စိုးက ပြောပြောဆိုဆိုနှင့် လွယ်အိတ်ကိုယူသည်။ ထို့နောက် လွယ်အိတ်ထဲမှနေ၍ အဖုံးတွင် လဗ်ဗလီးမိတ်၊ ချစ်ခင်နှစ်သက်စွာသော အဖော်ဆိုသည့် စာတန်းလေးပါရှိသော ပလတ်စတစ်နှစ်ထပ်ကွန်ပါဘူးလေးကို ဖွင့်လိုက်ရင်း ကွန်ပါဗူးထဲထည့်၍ရအောင် ဆေးသားများ တိထားသည့် ရောင်စုံဓာတ်ပုံလေးတစ်ပုံကို ပြသည်။

ဓာတ်ပုံလေးက ရောင်စုံပန်းစည်းလေးများနှင့်ကိုင်၍ ရိုက်ထားသော သူနှင့်စိုး နှစ်ယောက်တွဲပုံ၊ လက်မောင်းသားချင်းထိကပ်နေသည်။ အပြုံးလေးများ ဝေလွင်နေသည်။

စိုးက …

"ကိုလတ် သီရိ ဒါမျိုးတွေမြင်ရင် ခွင့်လွှတ်နိုင်ပါ့မလား။ ဒါ ပေါ့သေးသေးမဟုတ်ဘူးနော်"

လင်းဆွေ စိုးကို တစ်ချက်ငဲ့ကြည့်၏။ ဓာတ်ပုံထဲ အဝတ်အစားသည် စိုး အခုဝတ်ထားသည့် အဝတ်အစားဖြစ်၍ ဆံပင်ကအစ ဓာတ်ပုံထဲကအတိုင်း စိုး ပြင်ဆင်လာသည်။





စီးပွားရေးတက္ကသိုလ်ဝင်ပေါက်ကို ကားလေးဖြတ်ကျော်သည်။

ထိုအခါမှ လင်းဆွေစိတ်ထဲ ဆုံးဖြတ်ချက်တစ်ခု အခိုင်အမာချလိုက်ပြီး ကားကို ဖြတ်ခနဲ ညာဘက်ကွေ့ချသည်။ ကားလေးက အင်းလျားလမ်းပေါ်သို့ ကျွီကနဲ အသံပေးပြီး ခပ်ကြမ်းကြမ်းကွေ့ဝင်သည်။

စိုး အံ့လန့်တကြားအော်လိုက်၏။

"အား…ကိုလတ်…ဘာလုပ်တာလဲ"

❀ ● ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၈)

လင်းဆွေ ဘာမှမပြော။

ကားလေး အင်းလျားလမ်းအတိုင်း တရိပ်ရိပ်ပြေးသည်။ တက္ကသိုလ်ရေ လှေလှော်အသင်း ကျွန်းဆွယ်သို့ ဝင်သော လမ်းအဝရောက်မှ ဗယ်ဘက်ချိုး၍ ကတ္တရာလမ်းအတိုင်း အင်းလျားရေစပ်သို့ ခေါင်းတည်မောင်းဝင်သွားသည်။

ကျွန်းဆွယ်လေး၏ထိပ်ဘုတ်ကလပ်အဝင်တံခါးနားကျမှ ရပ်လိုက်ပြီး

"ကဲ…ခဏဆင်း စိုး"

စိုးက ထိတ်ထိတ်ပျာပျာဖြင့်…

"ဘာလုပ်မလို့လဲကိုလတ်၊ နေရင်းထိုင်ရင်း ကိုလတ် ဘာဖြစ်သွားတာလဲ၊ စိုဖြင့် ကြောက်လိုက်တာ"

"ကြောက်မနေနဲ့စိုး…အောက်ဆင်းခဲ့…လာ"

လင်းဆွေက ခေါင်းဘက်မှပတ်ပြီး စိုးဘက်က တံခါးကို ဖွင့်ရင်းပြောသည်။

"ဒုက္ခပါပဲ…ဘာလုပ်ဦးမလို့လဲ မပြောတတ်ပါဘူး"

စိုးက ညည်းညည်းညူညူပြောရင်း အောက်ဆင်းသည်။ လင်းဆွေက စိုးလက်ဖျားလေးကို လှမ်းကိုင်၍ ဆွဲယူလိုက်ပြီး…

"လာ…စိုး၊ ဟိုနား ခဏသွားရအောင်၊ ပြောစရာရှိလို့"



"ပြောစရာရှိလို့ ဟုတ်လား"

"ဟုတ်တယ်"

လင်းဆွေက ရေစပ်ရှိ တောင်ပိန္နဲပင်ခြေရင်းအထိ ခေါ်လာသည်။ တောင်ပိန္နဲပင်ကြီးခြေရင်းရောက်၍ မြစ်ပျဉ်းကြားတွင်ရပ်သည်။ ထို့နောက် ပြုံး၍ အင်းလျားရေပြင်မှ လေသန့်သန့်များကို တစ်ဝရှူသွင်းလိုက်သည်။

"ဘာပြောမလို့လဲ ကိုလတ်"

စိုး၏ မဝံ့မရဲမေးသံအဆုံးတွင် လင်းဆွေက စိုးမျက်နှာကို ရွှန်းရွှန်းစားစားကြည့်သည်။ စိုး၏ပုခုံးလေးနှစ်ဘက်ကို ဖွဖွဆုပ်ကိုင်လိုက်ပြီးမှ စိုးနားကပ်၍ ခပ်တိုးတိုးပြောသည်။

"စိုးကို ကိုယ်သိပ်ချစ်တယ်။ ဒီလောကမှာ စိုးကလွဲလို့ ကိုယ် ဘယ်သူ့ကိုမှ မချစ်တော့ဘူးစိုး"

"ဟင်…"

"ဟုတ်တယ်စိုး၊ စိုးကို ကိုယ်ချစ်ခွင့်ပန်နေတာပါ။ စိုး ကိုယ့်ကို ပြန်ချစ်ပါ။ ကိုယ့်အချစ်ကို လက်ခံပါ။ တောင်းပန်စရာရှိတဲ့ကိစ္စတွေ နောက်တော့ တဖြည်းဖြည်း ကိုယ်တောင်းပန်သွားပါ့မယ်စိုး"

"အို…"

"ဘာလဲစိုး၊ ကိုယ်ပြောတာ မယုံလို့လား၊ ကိုယ် တကယ်ပြောတာပါ။ တစ်ဘဝလုံးအတွက် ကိုယ် တစ်ခါတည်းဆုံးဖြတ်ပြီးပါပြီ။ ကိုယ်ပြောတာယုံပါစိုး"

စိုးက အရမ်းအံ့သြနေဟန်ဖြင့် လင်းဆွေကို ကြည့်သည်။ စိုးရိမ်မကင်းသောမျက်နှာလေးဖြင့် လင်းဆွေရင်ကို လက်ဖြင့်တားရင်း

"နေဦးလေကိုလတ်၊ သီရိနဲ့ကိစ္စက ရှိသေးတယ်လေ"

"သီရိနဲ့ကိစ္စလဲ မရှိတော့ဘူး။ သီရိလဲ မရှိတော့ဘူးစိုး၊ ကိုယ့်ရင်ထဲမှာ တခြား ဘယ်သူမှမရှိတော့ဘူး။ စိုးတစ်ယောက်ပဲရှိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မှားသွားတယ်စိုး…ဆံထိုးကို ခေါင်းမှာထိုးပြီး ဆံထိုးပျောက်လို့ လိုက်ရှာနေတဲ့လူလိုပဲ၊ တကယ်ချစ်ရမယ့်သူကို အနားတင်ထားပြီး မရောင်ရာဆီလှူးနေမိတယ်။ ကိုယ် အားလုံးနားလည်ပြီစိုး၊ ဒါပေမယ့် သီရိကိုလဲ တောင်းပန်စရာရှိတာတော့ ကိုယ်တောင်းပန်ပါမယ်။ ဖြစ်သမျှ အကြောင်း အားလုံးကို အပြည့်အစုံ စာနဲ့ ဝန်ခံရေးပြီး ခွင့်လွှတ်ဖို့ တောင်းပန်ရဦးမှာပါ။ တကယ်တော့ သူ့ဘဝနဲ့သူ၊ သူ့မှာလဲ အမှားတစ်ခုမှ မရှိပါဘူး။ သူလိုချင်တဲ့ဘဝထဲကို ကိုယ်မရောက်နိုင်တာနဲ့ ကိုယ့်ဘဝကို သူနားမလည်တာတစ်ခုပါပဲ။ သူလဲ ကိုယ့်ကို ခုချိန်မှာ မေ့ရင်မေ့ပစ်လိုက်ပြီးဖြစ်မှာပါ။ ဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက ခု စိုး နားလည်အောင် ရှင်းပြဖို့နဲ့ စိုးကို တောင်းပန်ဖို့ပဲ။ ဒီကိစ္စကိုတော့ ဘယ်လောက်တောင်းပန်ရ…တောင်းပန်ရ၊ ဘယ်လောက်ရှင်းပြရ…ရှင်းပြရ ကိုယ်တောင်းပန်မယ်၊ ရှင်းပြမယ်''

''နေပါဦးကိုလတ်ရယ်၊ စိုးက ကိုလတ်နားကနေ ဘယ်မှ ထွက်ပြေးမယ့်သူမဟုတ်ပါဘူး။ ဒီစကားတွေကို ဖြည်းဖြည်းပြောပြ အေးအေးဆေးဆေးရှင်းပြရင်လဲ ရပါတယ်။ ဘယ်လိုဖြစ်ပြီး ဒီလောက် မောကြီးပန်းကြီးပြောနေရတာလဲ''

လင်းဆွေ ရယ်သည်။

''မောကြီးပန်းကြီး ရှင်းနေရတာက အကြောင်းရှိလို့ပေါ့စိုး၊ စိုးကို ပြောတဲ့စကားတွေဟာ အချိန်လွန်မှ ပြောနေတာမျိုးတောင် ဖြစ်နေတယ်၊ ဒီထက် အချိန်ကြာလို့ စိုးဘက်က ကိုယ့်ကိုမုန်းပြီး၊ နာကျည်းပြီး၊ အထင်လွဲပြီးမှ ပြောတာမျိုးမဖြစ်ချင်ဘူး။ နောက်တစ်ခုက သီရိက ကိုယ့်ကို လက်မခံတော့ဘူးဆိုပြီး ငြင်းလွှတ်လိုက်တော့မှ ဂါးမရလို့ ရေချိုးပြန်တဲ့ အပြောမျိုး၊ မရဒသကချိုင်တဲ့အပြောမျိုး ဖြစ်နေတာကြီးလဲ ကိုယ့်စိတ်ထဲ တစ်မျိုးပဲ''





စိုးက ပြုံးရင်း ….

''သီရိက ငြင်းတောင်ငြင်းလိုက်ပြီလား၊ အင်းလေ…ဒီလိုဆိုရင်တော့ စိုးကို ကိုလတ် ပြောလို့ရပြီပေါ့။ ဒါပေမယ့် စဉ်းစားဦးနော်၊ သီရိကို ကိုလတ် ပြန်တောင်းပန်ပြီး သေချာပြန်လိုက်ရင် ရချင်ရဦးမှာ။ သံယောဇဉ်မပြတ်သေးရင် စိုးကို စကားကုန်မပြောနဲ့ဦး''

''အဲလိုလို့…ကိုယ့်ကိုထင်ရင် စိုး ကိုယ့်ကို လက်မခံဘဲ ငြင်းလိုက်စိုး၊ ခုချိန်မှာတော့ စိုး ကိုယ့်ကို ငြင်းရင်လဲ ကိုယ် ဘာမှ တတ်နိုင်မှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဘက်က အချိန်နောက်ကျမှ ဆုံးဖြတ်ချက်ကို ပြင်သလိုဖြစ်နေတော့ စိုးကြိုက်သလိုဆုံးဖြတ်တာ နာခံရမယ့်အခြေအနေပါ။ စိုး ကြိုက်သလိုဆုံးဖြတ်ပေါ့''

''ဟုတ်တယ်ကိုလတ်ရဲ့၊ စိုးမှာလဲ မေးစရာတွေ ရှိသေးတယ်။ ဒီကြားထဲ ဘယ်သူနဲ့ဘယ်သွားလဲ၊ ဘာပြောလဲ၊ ဘာလုပ်တယ်ဆိုတာတွေ သေချာမေးပြီးမှ လက်ခံနိုင်မယ်။ စိုးကလဲ မိန်းကလေးမဟုတ်လား ကိုလတ်ရယ်…အတိုတာပေါ့''

''တော်ပါတော့စိုးရယ်…စိုးငြင်းမယ်ဆိုရင်လဲ စိုးလေနဲ့စိုး ငြင်းပါ။ သူများလေ ငှားယူပြီး မငြင်းပါနဲ့''

''အို…ကိုလတ်ကို ဘယ်သူ ငြင်းနေသေးလို့လဲ''

''ဒါဖြင့် စိုး မငြင်းဘူးပေါ့။ စိုးနဲ့ကိုယ် ရည်းစားဖြစ်ပြီပေါ့''

''အမယ်…အမယ် အဲလောက်မလွယ်နဲ့ဦးလေဆရာရယ်၊ ဆရာကဟိုတစ်ယောက်ကို အဖြေတောင်းထားတဲ့ကိစ္စက အစအဆုံး မပြတ်သေးဘူးလေ။ တော်ကြာ ခုနေပြန်လာမှ စိတ်ကူးပေါက်ပြီး သီရိက အဖြေပေးနေရင် ဘယ့်နှယ်လုပ်မလဲ''

''ဘယ့်နှယ်မှမလုပ်တော့ဘူးသေ၊ စောစောက စိုးနဲ့ကိုယ် ပြောရိုက်ထားတဲ့ပုံပြပြီး ဝမ်းနည်းပါတယ်သီရိ၊ ကျွန်တော့်ဆုံးဖြတ်ချက်က တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားပါပြီလို့ ပြောလိုက်မှာပေါ့''

''အင်း…ကြည့်စမ်းပါဦး၊ ကိုလတ်တို့ယောကျ်ားတွေ ပလီမျိုးစုံနဲ့ ပလီတတ်လိုက်တာ။ သိရိုမယ့်တာလဲ မမှားဘူး။ သိရိ သိပ်မှန်တယ်။ စိုးကသာ မိုက်လို့ ယုံရမှာ''

''မိုက်လက်စနဲ့ ဆက်ပဲမိုက်လိုက်ပါတော့စိုးရယ်…ကိုယ့်အမှားတွေက ပြန်ပြင်လို့မှ မရတော့တာ၊ ကိုယ့်ကို သေချာနားလည်ပြီး ခွင့်လွှတ်နိုင်တာလဲ စိုးတစ်ယောက်ပဲရှိမယ်ထင်တယ်။ ကိုယ့်ကိုခွင့်လွှတ်နိုင်ရင် ပြောနော်…ကိုယ့်ကို ချစ်တယ်လို့…ပြောနိုင်ရင် ပြောပါစိုးရယ်''

''အို…ဘယ်လိုလေးလဲဟ၊ ဖွတ်ကြီး ပြောခိုင်းနေတာပဲလား၊ ပစ်ထားတုန်းကလဲသူ…ခု ဖွတ်ဖြစ်နေတော့လဲသူ၊ ကိုလတ် မလွန်ဘူးလား''

''မလွန်ဘူးစိုး…ဖွတ်ပဲ၊ ဒီကအပြန်မှာ ကျောင်းကစောင့်နေတဲ့ ပတေးကိုလဲ အကျိုးအကြောင်း ပြောချင်လှပြီ။ သူ့အမှုသည် ဘယ်လိုအောင်မြင်သွားတယ်ဆိုတဲ့အကြောင်း သူလဲ ကြားချင်မှာပေါ့။ ပြီးတော့ ကိုယ်လဲ စိတ်အေးချင်ပြီ''

''ဘာလဲအမှုသည်ဆိုတာ''

''စိုးက သူ့အမှုသည်လေ၊ သူက ရှေ့နေကြီး ပယ်ရီမေဆင်…တဲ့ သူ့အမှုသည်ဘက်က အမှုအပ်ခ၊ တိုက်ပုံအင်္ကျီတစ်စ၊ လုံချည်တစ်ထည်နဲ့ တလျှောက်လုံး ခုခံကာကွယ်လာခဲ့တဲ့ ရှေ့နေကြီး''

''အယ်…ဟုတ်သားပဲ။ သူ့နဲ့ကိုသန်းဝင်းကို အဲဒါတွေ ဝယ်ပေးမယ်လို့ ကတိပေးထားတယ်''

''သန်းဝင်းကို ဝယ်မပေးနဲ့တော့။ အဲဒီကောင်က အစောဘက်ပြောင်းသွားပြီ''

''ဟင့်အင်း…မရဘူး၊ ဝယ်ပေးမှာပဲ…ကိုလတ် စိုးကို အဲလို





မချုပ်ချယ်နဲ့၊ စိုးကို ဘယ်သူမှချုပ်ချယ်လို့ မရဘူး''

လေသံကို လင်မယားရန်ဖြစ်သည့်အခါ ပြောသည့်လေသံမျိုး တမင်ပြောင်း၍ နောက်လိုက်သဖြင့် လင်းဆွေရယ်သည်။ ပြီးမှ…

''ကဲ…ဒါဖြင့် စိုး ကိုယ့်ကို အဖြေပေးတော့''

''ဩ်…ခက်နေပါလား''

''မခက်ပါဘူးစိုးရယ်…ပြောပါ''

စိုးက သက်ပြင်းဖွဖွလေးချ၍…

''အင်းလေ…ပြောကော ပြောစရာလိုသေးလို့လားကိုလတ်ရယ်၊ တကယ်တော့ ကိုလတ်နဲ့စိုးက ပြောမှသိမယ့်လူတွေ မဟုတ်ပါဘူး''

''ဒါပေမယ့် ကြားတော့ ကြားချင်သေးတာပေါ့စိုးရာ…ဒီစကားကြားရတဲ့ ချမ်းသာသုခက နည်းတာမှမဟုတ်တာ၊ ခုချိန် ပိုတောင်ကြားချင်သေးတယ်''

''သိပ်ကြားချင်တယ်ပေါ့''

''အင်းပေါ့''

''ဒါဖြင့် ဒီနားတိုး…စိုး အကျယ်ကြီးမပြောရဲဘူး။ နားနားကပ်ပြောမယ်''

''အင်း…ပြော''

လင်းဆွေက နားလေးထိုးပေးလိုက်သည်။ စိုးက နားနားကပ်ပြီး ခပ်တိုးတိုးလေးပြောလိုက်သည်။

''မောင့်ကို စိုး သိပ်ချစ်တယ်ကွယ်…မောင် ဘာပဲဖြစ်ဖြစ် မောင့်ကို ခွင့်လွှတ်ပြီးချစ်တယ်…ကဲ ကျေနပ်ပလား''

လင်းဆွေကျေနပ်လွန်းသဖြင့် ရင်တစ်ခုလုံးအေးမြငြိမ်းချမ်းသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၉)

ဖြူဖြူပြာပြာ…နီနီဝါဝါ…ဝေဆာမြူးလို့လွှင့်

ဟောတရုံ၊ ဟောတရုံ၊ ပန်းမျိုးစုံတဲ့ပြင်၊ ရွှေမန်းမာလာ

ပန်းဥယျာဉ် ရှုမငြီးအောင်ပင်၊ နှစ်ကူးရေနွေးငွေ့ငန်း မောင်လန်းရှင်။

မနက်ဖြန် သင်္ကြန်အကျနေ့ကစ၍ သူငယ်ချင်းများအားလုံး တစ်စု တစ်ပေါင်းတည်း ရေပက်ခံထွက်ကြမည်ဖြစ်သဖြင့် ဂျစ်ကားတစ်စီး စုငှား လာကြသည်။ အကြိုနေ့ညနေတွင် ကားဆရာက ရွှေညောင်ပင် သွား ကန်တော့မည်ဆိုသောကြောင့် သင်္ကြန်အတွင်း လည်မည့် သူငယ်ချင်း များအားလုံးနှင့်အတူ ရန်ကုန်မြို့ပြင်သို့ ထွက်လာကြသည်။

ခရေပင်လမ်းခွဲလွန်သည်နှင့် ကားလမ်းက ရှင်းသလောက်ဖြစ်သွား သည်။ သည်တော့မှ သတိရ၍ လင်းဆွေက သူ့ရေစိုခံသားရေအိတ်ထဲတွင် အသင့်ယူလာသော ယူနီဆက်ကက်ဆက်လေးထုတ်ပြီး ရွှေမန်းမာလာ သီချင်းဖွင့်သည်။

ဂျစ်ကားနောက်ခံမှ သံပြိုင်လိုက်ဆိုသောအသံများနှင့်အတူ လက်ခုပ် သံများလည်း စည်းချက်မိမိ မြိုင်မြိုင်ဆိုင်ဆိုင်ပေါ်ထွက်လာသည်။

"သင်္ကြန်လေ သုတ်ဖြူးဆော်သွေးအေးအေးညှင်းညှင်း ဂီတတွေ ဆောင်ကျဉ်းလို့ပင်"

မနေ့ညနေက သင်္ကြန်မိုးလေး တစ်ဖြိုက်နှစ်ဖြိုက် ရွာချထားသဖြင့်



သည်နေ့မနက်တွင် ပိတောက်များ ပွင့်သည်။ မနက်က ပိတောက်များကို ရေဆွတ်အဝတ်ဖြင့် မညှိုးအောင်သိမ်းထား၍လားမသိ။ ကားပေါ်တွင် ဝေနေအောင်ထားသော ပိတောက်ပန်းများက လန်းဆန်းပွင့်ကားနေဆဲပဲ ရှိသေးသည်။ စိုးခေါင်းတွင် ဝေနေအောင် ပန်ထားသော ပိတောက်များ ထံမှလည်း ရနံ့သင်းသင်းမွှေးထုံနေသည်။

လင်းဆွေက စိုး၏ပခုံးလေးကို သိမ်းဖက်ထားရင်းမှ နားနားကပ်၍ ခပ်တိုးတိုးလေး မေးသည်။

"ပျော်လား…စိုး"

စိုးက လက်ခုပ်တီးပြီး ပြုံးနေရာကနေ မျက်လွှာချပြီး ခေါင်း တစ်ချက် ညိတ်ပြသည်။

"ဟော့…ဟော့…ရှေ့က တိုးတိုး…တိုးတိုးနဲ့ ဘာကပ်ချွဲနေတာ လဲ၊ မယုံနဲ့နော်စိုး။ ဒီကောင်ပြောရင် ဘာမှမယုံနဲ့။ အထူးသဖြင့် သင်္ကြန် တွင်းဆို ပိုမယုံရသေးတယ်"

ပတောအသံကြောင့် လင်းဆွေရယ်သည်။

"ဟဲဟဲပတော အချင်းချင်းသိရက်သားနဲ့ လျှောက်မထောင်နဲ့နော်"

စိုးက ပေါင်လှမ်းလိမ်ဆွဲ၍…

"ဘာဟဲဟဲလဲ…သိတယ်နော်…သင်္ကြန်တွင်း ဘယ်သူ့ကို သတိရ နေလဲဆိုတာ"

"သတိမရပါဘူးစိုးရာ…ခုသင်္ကြန်က ၁၉၈၄ ခုသင်္ကြန်မဟုတ် တော့ပါဘူး။ ၁၉၈၅ သင်္ကြန်ဖြစ်သွားပါပြီ"

"အေးပါကွာ…ဒါမှ အဟောင်းလေးတွေ ပြန်လွမ်းလို့ ရတာပေါ့"

"အဲဒါတော့ မင်းမှားသွားပြီပတော…အဟောင်းကို လွမ်းဖို့သို့ တော့ဘူး။ အဟောင်းက ငါ့ဘေးထိုင်နေတာ…ဒါမှ မူလလက်ဟောင်း ရေစိုခံ၊ အကြမ်းခံမီးခြစ်ကျောက်ချစ်ချစ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်၊ ဟုတ်တယ်မှားသွားလို့ အသစ်ဘယ်လောက်ကောင်းကောင်း အဟောင်းတလည်လည်ဆိုတဲ့ စကားပုံရှိတာပဲဟာ"

"တော်တော့ကိုကြီး…သူ့ကို အဲဒါတွေ သွားသွားစမပေးနဲ့၊ သူက စိတ်ကုန်သေးတာမဟုတ်ဘူး။ ဟိုက မယုံသေးလို့ ယုံပါတယ်ဆိုရင် ခုချက်ချင်းတောင် ထပြေးရင်ပြေးသွားမှာ"

စိုး၏အငေါ်လေးကြောင့် လင်းဆွေ ပြုံးမိသည်။ ဟိုကောင်တွေနောက်က ထပ်နောက်မည်စိုး၍ ထပ်မချဲ့ရသေးသော်လည်း စိတ်ထဲကတော့ တိုးတိုလေးပြောမိသည်။

"မပြေးပါဘူးစိုးရယ်…ဒီကိစ္စ အမာခံသုံးသပ်ပြီးမှ ဆုံးဖြတ်ထားတာပါ"

စိတ်ထဲမှလည်း ဆေးတက္ကသိုလ်က စိုးနှင့်အတူ ပြန်လာသည့်နေ့က ပတေးနှင့်ပြောခဲ့သောစကားများကို အမှတ်ရ၏။

✡ ✡ ✡

"ကြိုက်တယ်လင်းဆွေ…ငါ သိပ်သဘောကျသွားပြီ။ မင်းက ငါထင်တာထက်တောင် ပိုပြီး ပြောင်းလဲလာတာမြန်ပါသေးလား"

"မင်းက ဘယ်လိုထင်လို့လဲပတေး"

"ငါက ဒီပွဲမှာ မင်း စိတ်ဓာတ်ကျပြန်လာမယ်။ ပြီးတော့ ခေါင်းအေးအေးနဲ့ ပြန်စဉ်းစားပြီး စိုးနဲ့ပဲ မင်းအသင့်တော်ဆုံးလို့ မင်း သဘောပေါက်မယ်။ အဲဒီတော့မှ စိုးဆီ မင်းပြန်သွားမယ်၊ ငါက ဒီလိုဖြစ်မယ်အောက်မေ့တာ"

လင်းဆွေ ရယ်သည်။

"နေပါဦးပတေး…မင်းကို ငါအံ့ဩတာက ငါ သီရိကို စိတ်ပျက်





စားတယ်ဆိုတဲ့အချိန်ကစပြီး တစ်လျှောက်လုံး မင်း အဲဒီကိစ္စကို ဖျက်ခဲ့တယ်။ မင်းက ဘာတွေ ဘယ်လိုကြိုသိနေလို့လဲ"

"ကြိုသိလို့မဟုတ်ဘူးကွာ၊ မူလကတည်းက စိုး မင်းကို တွယ်တာပုံလေးတွေကို ငါသဘောကျတယ်။ လောကမှာ ကိုယ့်အပေါ် နားလည်မှုသိပ်ရှိတဲ့ မိန်းကလေးဆိုတာ ကံကောင်းမှရတာလင်းဆွေ၊ မင်းအပေါ် စိုးက သိပ်နားလည်တွယ်တာနေတာတွေ့လို့ မင်းအတွက် ကျေနပ်နေတုန်းမှာ မင်းက မြန်းဆို ကောက်ဖောက်တော့ ငါတော်တော်ဒေါကန်သွားတာ"

ပတေး စကားပြတ်မည်စိုးသဖြင့် လင်းဆွေ ငြိမ်နားထောင်သည်။ ပတေးက ဆက်၍…

"တစ်ခါ အဲဒီနောက်ပိုင်း သီရိနဲ့မင်း တွေ့ပုံ၊ မင်း ဖွတ်ကြီးကောက်ကြိုက်လိုက်ပုံကြားတော့ ပိုဆိုးတယ်။ မင်း သီရိရဲ့ရုပ်လှတာရယ်၊ ပညာအဆင့်အတန်းမြင့်မားတာရယ်၊ ချမ်းသာတာတွေရယ်ကြည့်ပြီးသာ ပါသွားတာကိုးကွ။ တကယ့်စိတ်ရင်းအခြေခံမှာ မင်းနဲ့ဖြစ်နိုင် မဖြစ်နိုင်ဆိုတာတွေ ဘာတွေ လေ့လာဖို့တောင် စိတ်တောင်မကူးဘူး…

အဲ…နောက်ပိုင်း သူ့အစ်မကိစ္စနဲ့ ပတ်သက်ပြီး သီရိက စင်းလုံးချောအချစ်မှ လက်ခံမယ်လဲဆိုရော မင်းနဲ့သီရိ လုံးဝမဖြစ်နိုင်တော့ဘူးဆိုတာ သိလိုက်ပြီ။ ဒါကြောင့် သီရိနဲ့ကိစ္စ အဆင်ပြေအောင် မကူနိုင်ဘူးလို့ မင်းကို စာရေးပေးတာ၊ မကူညီနိုင်ဘူးဆိုတာ မကူညီဘူးလို့ငြင်းတာမဟုတ်ဘူး။ မကူညီတတ် မတတ်နိုင်လို့ မကူညီနိုင်ဘူးလို့ ပြောတာ၊ ရှင်းလား…"

"နို့ မင်းပြောတာ ရှိပါသေးတယ်။ ဗိုလ်ချုပ်ဈေး ကျောက်ကျောဆိုင်နားသွားဆိုတာ ဘာလဲ"

"သြော်…အဲဒါက မင်းကို သဲလွန်စပေးတာပါ။ ဗိုလ်ချုပ်ဈေး ကျောက်ကျောဆိုင်နားမှာ ကျောက်အရောင်းအဝယ်ပွဲစားတန်းရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ မင်း လေ့လာကြည့်၊ စိန်ကောင်းကျောက်ကောင်းဆိုတာ ဘယ်လောက်ကောင်းကောင်း အဖိုးတန်စင်းလုံးချောဆိုတာ မရှိသလောက်ရှားတယ်။ ကြည့်တဲ့သူ စေ့စပ်ရင် စေ့စပ်သလို တစ်နေရာမဟုတ် တစ်နေရာ အပြစ်အနာတစ်ခု သေးသေးလေးတော့ တွေ့တာပဲ။ လူတိုင်း ဒီလိုပေါ့ကွ၊ စင်းလုံးချောအပြစ်ကင်းတဲ့သူ ရှိမလား။ ပုထုဇဉ်တွေပဲ။ နှိုင်းယှဉ်မှုသဘောနဲ့ အပြစ်အနည်းအများချိန်ပြီး လူကောင်းလူတော် လူဆိုးလူညံ့ခွဲရတာပဲ။ မင်း သိရိက သိပ်စေ့စပ်ပြီး လိုချင်တာက စင်းလုံးချောအချစ်၊ စင်းလုံးချောယောကျ်ားဆိုတော့ မင်းနဲ့လုံးလုံးမဖြစ်နိုင်တော့ဘူး။ ခုဖြစ်သွားလဲ နောက်ပြန်ကွဲမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မင်းက အပြစ်အနာကင်းတဲ့သူမှ မဟုတ်ပဲ''

''ငါ့မှာရှိတဲ့အပြစ်အနာက သေးသေးလေးပါပတေးရာ''

''ဟာ…စိုးနဲ့ ပထမနှစ်တစ်လျှောက်လုံး ဒီလောက်တွဲ၊ ဘုရားသွားကျောင်းသွား၊ လျှောက်လည်၊ ဓာတ်ပုံတွေတွဲရိုက်၊ ရည်းစားတွေတောင် ဒီလောက်မတွဲနိုင်ဘူး။ မင်းက ဒီလောက်တွဲထားပြီးမှ ဒုတိယနှစ်မှ သိရိနောက် ကောက်ခနဲပါသွားတဲ့ဥစ္စာ၊ အဲဒီအပြစ်က သေးသေးလေးဟုတ်မလားလင်းဆွေရာ…သိရိမပြောနဲ့၊ တော်ရုံခွင့်မလွှတ်တတ်တဲ့မိန်းကလေး မျက်စိထဲမှာတောင် အကြီးကြီးဟ၊ မင်းနဲ့စိုးဖြစ်ခဲ့တာက သေးသေးလေးမှ မဟုတ်ဘူး''

လင်းဆွေ ငြင်းစရာမရှိသဖြင့် ဆိတ်ဆိတ်နေပြီး လက်ခံလိုက်သည်။ ခဏကြာမှ

''ဟုတ်တယ်ပတေး…သိရိနဲ့ဆို နောက်ဆုံးဖြစ်ခါမှဖြစ်ရော ဖြစ်လဲ အဲဒီအချစ်ရေးက စိတ်ဆင်းရဲနေရမှာပဲ။ သူက အကောင်းလွန်နေတယ် ငါက မကောင်းတကောင်းလူ၊ သူလိုချင်တဲ့ပုံစံထဲ ငါဘယ်လိုမှ ဝင်မှ မဟုတ်ဘူး။ ငါ့ကို ခွင့်လွှတ်နားလည်တာက စိုး၊ စိုး ငါ့ကို ခွင့်လွှတ်





နားလည်တာကတော့ အထူးပြောစရာမလိုတော့ဘူး။ သိရိဆီ လိုက်လာရှင်းပြနေကတည်းက ငါ သူ့ကို အံ့ဩလောက်အောင် အထင်ကြီးလေးစားနေတာ၊ ခုချက်ချင်း သူ ငါ့ပြန်လက်ခံတာတောင် အံ့ဩနေမိတယ်''

ပတေးက ရယ်သည်။

''အော်…ဒါကြောင့် ငါပြောတာပေါ့။ စိုးနဲ့ပဲ မင်း အသင့်တော်ဆုံးပါလို့''

လင်းဆွေပါ လိုက်ရယ်မိ၏။

✡ ✡ ✡

''ဘာပြုံးတာလဲမောင်…ဘာတွေးမိလို့လဲ''

ဘယ်ခါမဆို သူ့မျက်နှာကို အရိပ်ကြည့်နေတတ်သော စိုးက သူတစ်ခုခုစဉ်းစားနေမှန်းလည်းသိသည်။ သူ-ပြုံးနေမှန်းလည်းသိသည်။ စိုးအမေးကို အပြုံးနှင့်ပင် တုံ့ပြန်ရင်း…

''မဟုတ်ပါဘူးစိုး၊ နောက်ကြောင်းကိစ္စထဲက တချို့ကိစ္စလေးတွေ တွေးပြီး သဘောကျလို့ပါ''

''ဘာလဲ…အမှုလိုက်ခပေးရတဲ့အကြောင်းလား''

''ဒါလဲ ပါတာပေါ့''

စိုးက ဘာမှထပ်မပြောတော့ဘဲ ပြုံးပြီး တစ်ဘက်ပြန်လှည့်သည်။ စိုးပြောသော အမှုလိုက်ခပေးသည့်နေ့ကိစ္စကတော့ သူစဉ်းစားသည့်အထဲတွင် မပါသေး။ သို့သော် မပါပဲနေလို့တော့ မဖြစ်။ ပါအောင်တော့ စဉ်းစားရဦးမည်ဖြစ်သည်။

ထိုနေ့ကိစ္စလေးကလည်း ဘဝမှ မမေ့စရာကောင်း၏။

စာမေးပွဲဖြေ၍ ကျောင်းပိတ်ပြီး သီတင်းကျွတ်ရက်တွင် သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



များအားလုံး မဝေတို့အိမ်မှာ ချိန်း၍ ထမင်းလက်သုပ်လုပ်စားကြသည်။

ထိုနေ့တွင် စိုးက ပတေး၊ သန်းဝင်းနှင့် လင်းဆွေတို့အား ရခိုင်ပုဆိုးတစ်ထည်စီနှင့် တိုက်ပုံတစ်စစီ လက်ဆောင်ပေးသည်။ မဝေနှင့် ခင်လတ်က စု၍ ရှပ်အင်္ကျီပတ်စတစ်စနှင့် ကတ္တီပါဖိနပ်တစ်ရံကို ပတေးအားပေးသည်။ သန်းဝင်းနှင့်လင်းဆွေကို မပေး။

ပတေးက လင်းဆွေနှင့်သန်းဝင်းကို မျက်စပစ်၍…

"တွေ့လားဟောကောင်တွေ…ကိုယ့်အမှုသည်အပေါ် ယုံကြည်မှုအပြည့်ထားပြီး သစ္စာရှိတဲ့လူဆိုတော့ မင်းတို့ထက်သာတယ် တွေ့လား"

လင်းဆွေက ရယ်ပြီး…

"ဟုတ်ပါတယ်ပယ်ရီမေဆင်ရယ်၊ သန်းဝင်းလဲ တစ်လျှောက်လုံး သစ္စာရှိပါတယ်။ ကိစ္စအောင်မြင်ဖို့ ရက်အနည်းငယ်ကျမှ ပြောင်းလဲသွားရှာတာပါ။ ဒီလောက် အပြစ်မကြီးပါဘူး"

"အပြစ်ကြီးရမလားကွ၊ ငါက မင်းသနားလို့ ပြောင်းတဲ့ဟာပဲ။ ဟိုဘက်ကိုလိုက်ချင်လို့ ပြောင်းသွားတာမှ မဟုတ်တာ"

အားလုံးက ဝိုင်းရယ်ကြသည်။ မဝေက ဝင်၍…

"ဘာပဲပြောပြော…တို့ကတော့ တို့သူငယ်ချင်းဘက်က နာသေးတယ်ထင်တာပဲ။ ကိုလတ်က တစ်ခုတော့ ကတိပေးရမယ်"

"ဘာလဲမဝေ"

"ဘာလဲဆိုတော့ စိုးကို ချစ်တဲ့အချစ်ဟာ ရိုးရိုးအချစ်လောက်နဲ့ ချစ်ရင်မတရားဘူး။ အတိုးနဲ့ပေါင်းပြီးမှ ချစ်သင့်တယ်။ မဝေတို့သူငယ်ချင်းက ဒီကြားထဲမှာ ဘယ်လောက်မျက်ရည်ကျ စိတ်ဆင်းရဲခဲ့ရတယ် မှတ်လဲ"

"ဟုတ်တယ်…ခင်လတ်လဲ အဲဒီကိစ္စ တောင်းဆိုတယ်။ စိုးကို ကိုလတ်က အတိုးနဲ့တကွ ဆပ်ပြီး ကျေအောင် ချစ်ပါ့မယ်လို့ ကတိပေး"

"ပေးပါတယ်ဗျာ၊ ရင်ထဲကကို လှိုက်လှိုက်လှဲလှဲပေးပါတယ်။





မဝေတို့ ခင်လတ်တို့ သူငယ်ချင်းစိုးကို ကျွန်တော့်အချစ်ဆုံးအဖြစ်နဲ့ တစ်သက်ပတ်လုံး အတိုးကောအရင်းပါ ပေါင်းပြီး နှစ်ထပ်ကွမ်းချစ်ပါ့မယ်လို့ ကတိပေးပါတယ်"

"ဟေး…ဒါမှ တို့ကိုလတ်ကွ"

အားလုံးဝိုင်း၍ လက်ခုပ်သြဘာပေးသည်။

ဝိုင်လေးက မင်္ဂလာရှိစွာ စည်ကားပျော်ရွှင်နေ၏။

✡ ✡ ✡

မိန်းကလေးအုပ်စု ထမင်းလက်သုပ်ပြင်ရန် နောက်ဖေးမီးဖိုဘက်ဝင်သွားမှ လင်းဆွေက ပတေးကို လက်ကုတ်ခေါ်ပြီး…

"လာဦးပတေး…ငါ တစ်ခုစဉ်းစားမိတာရှိတယ်။ အဲဒါ ငါ့ကို ဟုတ်မဟုတ်ပြောပြစမ်းပါ။ မင်းတို့ကို ရခိုင်လုံချည်နဲ့တိုက်ပုံဝယ်ပေးမယ်လို့ပြောတာ ဟိုး အစောကြီးကတည်းက မဟုတ်လား"

"အင်း…အဲဒါ ဘာဖြစ်လဲ"

"ဒါဖြင့် တစ်လျှောက်လုံး စိုးက ငါနဲ့သီရိတို့ မဖြစ်စေချင်တဲ့ဆန္ဒတော့ရှိမှာပေါ့"

"ဟ…ရှိတာပေါ့ဟ…သူလဲလူပဲ၊ သူချစ်တဲ့လူက သူ့ကိုပဲ ပြန်ချစ်စေချင်တာပေါ့။ တခြားသူ သွားချစ်တာကို အလကားနေရင်း ကြည်ဖြူနေရမလား"

"ဒီလိုဆို…ငါနဲ့သီရိဆီ လိုက်ပြီးရှင်းပြတဲ့ကိစ္စကကော ရိုးသားရဲ့လားကွာ၊ သီရိရှေ့မှာ သူက ငါ့အတွက် ကောင်းကောင်းအရေးဆိုခွင့်လွှတ်ပြပြီး ငါ သူ့ဘက်ပါလာအောင် လုပ်တာကောမဖြစ်နိုင်ဘူးလား"

ပတေးက ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ငါလဲ သေချာမသိဘူးလေ၊ ဒါပေမယ့်…ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့။ ဖြစ်နိုင်တာပဲ၊ ဘာဖြစ်လို့လဲ"

"အဲဒါဆို ငါ အ,အကြီးလို ဖြစ်သွားတာပေါ့ကွာ၊ သူ့ပညာပြခန်းထဲ ငါရောက်သွားသလိုဖြစ်နေတော့ ငါ သူ့ကို စိတ်ဆိုးရမှာပေါ့"

"ဟား…ဟား…မဟုတ်တဲ့စကား မပြောပါနဲ့လင်းဆွေရာ…ဒီမှာ ငါပြောမယ်။ နားထောင်…အချစ်ကိစ္စဆိုတာ ဘာနဲ့တူသလဲဆိုတော့ သကြံန်ရေပက်တာနဲ့သွားတူတယ်။ တချို့က ခပ်ကြမ်းကြမ်းခွက်စောင်းခုတ်ပက်တယ်၊ တချို့က နံ့သာရည်နဲ့ သပြေခက်နဲ့ စည်းကမ်းတကျ ယဉ်ကျေးမှုအပြည့် အလှလေးပက်တယ်။ တချို့က ခိုးကြောင်ခိုးဝှက်ပက်တယ်။ တချို့က မပက်တော့ပါဘူး။ သူ့တော့ ခွင့်လွှတ်လိုက်ပါ့မယ် ဘာညာဆိုပြီးမှ အလစ်ဝင်လောင်းတာ။ ဘယ်လိုပက်ပက်ပေါ့ကွာ၊ ရေပက်တဲ့ရည်ရွယ်ချက်က နောက်ဆုံး စိုဖို့ပဲမဟုတ်လား။ မဟုတ်က ဟုတ်ကရေတွေနဲ့ ညစ်ပတ်စုတ်ပွဲတဲ့ အပြောအဆိုအမူအရာနဲ့ ပက်တာသာ သကြံန်ပက်တာမဟုတ်ဘဲ ရမ်းကားယုတ်မာတာ။ သကြံန်ရေပက်တာ စစ်စစ်ကတော့ ဘယ်လိုပုံစံမျိုးနဲ့ပက်ပက် အစဉ်အလာထုံးစံပဲ။ နွေဦးပူပူမှာ အေးမြပါစေဆိုတဲ့အချစ်စိတ် အခံနဲ့ ပက်တာပဲ။ သကြံန်ဆိုတာ အချစ်ကို နောက်ခံပြုတာမို့ သီကြားမင်းခွေးပရပိုဒ်နဲ့မှတ်မှတ်၊ မမှတ်မှတ် စိတ်ကိုမဆိုးရဘူး။ အချစ်မှာလဲ ဒီလိုပဲ၊ မင်းကို မကောင်းတာဖြစ်ပါစေ၊ ဒုက္ခရောက်ပါစေဆိုတဲ့ဆန္ဒနဲ့ လုပ်တာမှမဟုတ်ဘဲကွာ၊ သူချစ်တဲ့သူကို သူပိုင်ချင်လို့ လုပ်တာပဲ။ ယုတ်မာညစ်စုတ်တဲ့နည်းမဟုတ်ရင် ဘယ်နည်းနဲ့လုပ်လုပ် စိတ်မဆိုးနဲ့။ သကြံန်မှာ အချစ်နဲ့ပက်တဲ့ရေကိုလဲ စိတ်မဆိုးနဲ့၊ အချစ်မှာ အချစ်နဲ့ပက်ရင် စိတ်မဆိုးနဲ့"

လင်းဆွေ ပတေးစကားကို သဘောကျစွာပြုံး၏။





## အခန်း (၄၀)

"မာကြစေ အတာရေသဘင်…သာကြစေ အတာရေသဘင်…ရွှဲလို့စိုအောင် လောင်းပါတော့လေ၊ ငန်းငွေတေးနွဲ့ယဉ်၊ ငေးလို့နေအောင် လှစေနှမရယ်…တောင်းတဲ့ဆုများပင်"

ရွှေညောင်ပင်အရောက် ရွှေမန်းမာလာသီချင်းအဆုံးနှင့်ဆုံပြီး လင်းဆွေက ကက်ဆက်ကိုပိတ်လိုက်သည်။ ကန်တော့ပြီး ပြန်အထွက်တွင် လင်းဆွေ ကမန်းကတန်းစီစဉ်သဖြင့် ရလာသော ရေပုံးတစ်လုံးဖြင့် တကိုယ်လုံးရွှဲအောင် လောင်းသည်။

"အာ…အမယ်လေး…ဘယ်လိုလုပ်လိုက်တာလဲကိုလတ်ရဲ့၊ တစ်ကိုယ်လုံးရွှဲကုန်ပြီ"

"ရွှဲပစေလေ…ရွှဲပလေ့စေ…သကြံန်ရေပက်တာ ကိုယ့်ချစ်သူကိုယ် ဘယ်သူမှမပက်ခင် ဦးဦးဖျားဖျားပက်ဖြစ်အောင် ပက်တာ"

"ဟင်…တစ်လမ်းလုံး လေတိုက်လို့ ချမ်းဦးမှာ"

"ချမ်းပစေ…ချမ်းပါစေ…သူပက်လို့ချမ်းတဲ့ကိစ္စ သူတာဝန်ယူလိမ့်မယ်။ ဟုတ်တယ်မဟုတ်လားလင်းဆွေ…တစ်လမ်းလုံးမချမ်းအောင် ဖက်သာသွားပေတော့"

"အေး…ဟုတ်တယ်…ဟုတ်တယ်"

မဝေ၊ ခင်လတ်၊ သန်းဝင်းတို့အပါအဝင် သူငယ်ချင်းများက

www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်တီးသြဘာပေးရင်း ဝိုင်းအော်သည်။

“တော်ပြီ…အဖက်လဲမခံဘူး၊ ကိုလတ်ကို သိပ်စိတ်ဆိုးတာပဲ”

စိုးက စိတ်ကောက်သလိုလုပ်သည်။ ပတေးက ထတဲ့ပြီး

“ဟောကောင်…လင်းဆွေ တပည့်ကြီး ငြိမ်နေရသလားဟ… ပြောလိုက်လေ…သကြိန်ရေပက်တာ စိတ်မဆိုးရဘူး၊ နောက်ပြီး ရှိသေးတယ်လေကွာ”

လင်းဆွေ ရယ်သည်။ ရယ်ရင်းနှင့် အနားကပ်သွားပြီး…

“ဟုတ်သားပဲ၊ စိုးကလဲ သကြိန်ရေပက်တာ အမုန်းနဲ့ပက်တာ မဟုတ်ဘူး။ အချစ်နဲ့ပက်တာလေ၊ အချစ်နဲ့ပက်ရင် စိတ်မဆိုးနဲ့”

စိုးက မျက်စောင်းဖြင့် ပြုံးသည်။

“တော်ပါ သိပ်စကားတတ်”

ဝင်းခနဲ မီးရောင်တစ်ချက်လက်သည်။ လင်းဆွေယူလာသော ကင်မရာဖြင့် သန်းဝင်းက ဖမ်းရိုက်လိုက်ခြင်းဖြစ်သည်။

“မိတယ်ဟေ့…မျက်စောင်းခဲလေးနဲ့ နွဲ့နေတဲ့ပုံလေး၊ ဒါလားကွာ စိတ်ဆိုးတဲ့မျက်စောင်း…ငါ့ရည်းစားသာ ငါ အရိုးပါကိုက်စားပစ်တယ်”

“သြော်…ကိုယ့်ရည်းစားကိုယ်မှတာပေါ့ ကိုသန်းဝင်းရဲ့…တကယ် စိတ်ဆိုးတာ ဟုတ်ပါ့မလား၊ စိုးရဲ့မောင်က စိုးကို ပြောပြီးသား…အချစ်နဲ့ ပက်ရင် စိတ်မဆိုးနဲ့တဲ့”

ရယ်သံလေးများဖြင့် အပျော်တေးသံများ လွှင့်နေ၏။

နှစ်သစ်သို့ကူးပြီ။

☆ ☆ ☆

သကြိန်အကျနေ့မို့ တစ်လောကလုံး အပျော်သံများဖြင့် မြူးတူးနေကြ





သည်။

ခါတိုင်းနှစ်ကဲ့သို့ပင် ရေပက်မဏ္ဍပ်၊ သူငယ်ချင်းများဖြင့် ရေပက်ကစားနေသော ညီမငယ်ရတနာတို့ကို ကြည့်ပြီး သီရိမျက်ရည်ဝဲလာသည်။ သည်နှစ် ရေကစားချင်စိတ်လည်းမရှိတော့သဖြင့် လူကြီးများ တစ်မျိုး မထင်အောင် သကြိန်တွင်းဝတ်နေကျ အဝါရောင်အထက်အောက် ဆင်တူ ဝတ်ပြီး ဖလားတစ်လုံးကိုင်၍ ဆင်းလာခဲ့သော်လည်း ရေပက်သည့်နေရာသို့ မသွားဖြစ်။ မနှစ်က လင်းဆွေလာစဉ် တွေ့ခဲ့သော အုတ်ခုံလေးပေါ်မှာသာ ထိုင်နေမိသည်။ စိတ်ထဲမှာလည်း…

“မနှစ်က သူနဲ့ဆုံခဲ့တဲ့အချိန်ပဲ”ဟု သတိရရင်း အောက်မေ့နေမိသည်။

မျက်လုံးထဲမှာလည်း စိုးလိုက်လာရှင်းပြပြီး လင်းဆွေ ဒေါသဖြင့် ပြန်သွားသည့်နေ့မှ တစ်ပတ်လောက်အကြာတွင် စာတိုက်မှရောက်လာသော လင်းဆွေ၏စာလေးထဲက စာပိုဒ်တချို့ကို မြင်ယောင်နေမိသည်။

ကျွန်တော့်အနေနဲ့ သီရိကို တကယ်ချစ်ခဲ့တယ်
ဆိုတာ သံသယမရှိဘဲ ယုံပါသီရိ။ စိုးနဲ့ကျွန်တော်
ဟာ ချစ်သူဖြစ်လုအခြေအနေအထိ ခင်မင်ပြီး
မှ သီရိကိုတွေ့ပြီး ကျွန်တော် တကယ်ချစ်ခဲ့တာမို့
နောက်ကြောင်းတချို့မှာ စိုးနဲ့ ကျွန်တော့်ကို
ပတ်ဝန်းကျင်က အထင်လွဲစရာတွေ ဖြစ်ခဲ့တာက
လွဲရင် သီရိအပေါ်မှာ ကျွန်တော် တစ်စက်
ကလေးမှ လိမ်ညာလှည့်ဖျားဖို့ မရည်ရွယ်ပါဘူး။
ဘယ်လိုမှ ရှင်းပြလို့ သီရိလက်မခံနိုင်တဲ့ အခြေ
အနေကျမှသာ ကျွန်တော့်ကို အစစခွင့်လွှတ်
နားလည်ပြီး လက်ခံနိုင်တဲ့စိုးကို ကျွန်တော် အ



www.burmeseclassic.com

www.burmeseclassic.com



ဖော်အဖြစ် ရွေးချယ်လိုက်ရတာပါ။ ဒီအတွက်
ကျွန်တော့်ကို ခွင့်မလွှတ်တောင်မှ အထင်မလွဲဖို့
တောင်းပန်ပါတယ်။ သီရိ ကျွန်တော့်ကို ငြင်းမှ
စိုးကို ကျွန်တော်ဖွင့်ပြောတာပါ။

ခပ်ဝေးဝေးမှ လွင့်ပျံ့လာသော ဥသြငှက်သံနှင့်အတူ သီရိ သက်ပြင်းတစ်ချက် ခပ်လေးလေးချသည်။ ရင်ထဲမှာလဲ...

"သီရိက ကိုလင်းဆွေကို ငြင်းသတဲ့လား ကိုလင်းဆွေရယ်"

သီရိရင်ထဲတွင် သူဟာသူသာ ချိုနေသော ထိုနေ့က အဖြစ်အပျက်များကို ပြန်သတိရနေမိသည်။ ထိုနေ့က စိုးရှင်းပြသော စကားများနှင့် လင်းဆွေရှင်းပြသောစကားများ နားထောင်ပြီး စိုးနဲ့လင်းဆွေတို့ကြားမှာ သူ အထင်လွဲစရာ ဘာမှမရှိတော့သည်ကို နားလည်လိုက်သည်။ သို့သော် စိုးနှင့်လင်းဆွေတို့ သိပ်ခင်မင်ရင်းနှီးနေကြသည်ကို မိန်းမသားပီပီ အူတိုမိသွားရင်း လင်းဆွေတစ်ယောက်တည်း ကျန်သည့်အခါ လင်းဆွေကို မထိတထိ ခနဲ့နေမိသည်။

သည်တွင် လင်းဆွေက ဘာမှနားမလည်ဘဲ ဖွတ်ကြီး သီရိကို အပြစ်ဆိုနေသဖြင့် သီရိလည်း ရှုံ၍ ခပ်တင်းတင်းပြန်ပြောလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် လင်းဆွေ သူ့ကို တကယ်ချစ်နေကြောင်း သိပြီးမို့ အဖြေပေးတာက အေးအေးဆေးဆေးပေးလို့ရသည်။ ခုလောလောဆယ်တော့ ခပ်တည်တည်ပင် စိမ်းပစ်လိုက်ဦးမည်ဟု စိတ်ချလက်ချဖြင့် ခပ်တင်းတင်းပင် ပြောချလိုက်သည်။ လင်းဆွေသည် အပြောင်းအလဲမြန်လိမ့်မည်ဟု သီရိ လုံးဝမထင်မိ။

"အင်းပေါ့လေ...ခုတော့လဲ ဒီလောက်အပြောင်းအလဲမြန်တဲ့သူကို လက်မခံမိတာပဲ ကံကောင်းတယ်လို့ တွေးယူရတော့မှာပေါ့"

သီရိက လွမ်းစရာကို နာစရာဖြင့် ဖြေတွေးသည်။ သို့သော်





တကယ်တမ်း ရင်ထဲပေါ်လာသောစကားများက ...

"ဒါပေမယ်ကိုလင်းဆွေရယ်...သီရိကို တကယ်ချစ်ပါတယ်လို့ တစာစာပြောခဲ့တဲ့ ကိုလင်းဆွေကသာ ခုချိန်မှာ စိုးဆိုတဲ့ အချစ်သစ်နဲ့ ပျော်ရွှင်ချမ်းမြေ့နေတာပါ။ စိမ်းလှချည့်ရဲ့၊ သံယောဇဉ်ပြတ်လှချည်ရဲ့လို့ ကိုလင်းဆွေ အထင်လွဲခဲ့တဲ့ သီရိကတော့ ခုချိန်မှာ ကိုလင်းဆွေကို သတိရပြီး မျက်ရည်ဝဲနေရတာပါ။ ခက်တာက ကိုလင်းဆွေဟာ ပါးစပ်ကပြောင်ဖွင့်ပြောတတ်တဲ့စကားနဲ့ အချစ်လောက်ပဲ နားလည်တတ်တာကိုး။ မိန်းကလေးတွေမှာ ပါးစပ်ကနေ ဖွင့်ပြောချစ်တတ်တဲ့သူနဲ့ ရင်ထဲကပဲ ချစ်တတ်သူ နှစ်မျိုးရှိတာ သိမှမသိဘဲကိုး"

ထိုအခိုက် မဏ္ဍပ်တွင် ရေပက်ခံရင်း မောင်းထွက်သော ကားပေါ်မှ ကောင်လေးတစ်ချို့၏ "သူများပျော်လို့မပျော်နိုင်၊ ရည်းစားပျောက်လို့မှိုင်" ဟု နောက်ပြောင်သွားသံများကို ကြားရသည်။

"ဟုတ်တယ်ကိုလင်းဆွေ၊ သူတို့တွေ နောက်ပြောင်သွားသလိုပဲ ခုချိန်မှာ သီရိဟာ သူများပျော်သလို မပျော်နိုင်တဲ့ဘဝပါ။ အထူးသဖြင့် ခုလိုသင်္ကြန်အချိန်မှာပေါ့။ ဒီသင်္ကြန်ဆိုတဲ့ ရက်ကလေးမှာပဲ ဆင်ခြင်တုံတရားဆိုတဲ့ ခြံစည်းရိုးနဲ့ လုံလုံကာထားတဲ့ သီရိရဲ့အသည်းနှလုံးထဲကို ကိုလင်းဆွေဆိုတဲ့ လူတစ်ယောက် ရောက်အောင်ဝင်လာခဲ့တယ်။ ပြီးတော့ ချစ်ပါတယ်လို့ တစာစာပြောပြီး ဘာမှမဟုတ်တဲ့ကိစ္စလေးနဲ့ သီရိဘဝထဲက ပြန်ထွက်ပြေးသွားခဲ့တယ်။

ကိုလင်းဆွေရယ်...သင်္ကြန်ရေပက်တာမျိုးမှာတောင် ကိုယ့်ကိုရေလာပက်ရင် အပက်ခံချင်တဲ့ကြားက မိန်းကလေးပီပီ...အို မဖက်ပဲနဲ့ ဘာညာပြောပြီး မလွှတ် လွှတ်အောင် ထွက်ပြေးတတ်တာ မိန်းကလေး သဘာဝပါ။ အချစ်ကိစ္စမှ နည်းနည်းတော်င် မူခွင့်၊ တည်ချင်ဆောင်ဆောင် ခွင့် မရှိတော့ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ…ခုတော့လည်း ပြီးသွားပါပြီ။ ကိုလင်းဆွေ သီရိဘဝထဲက ပြန်ထွက်ပြေးသွားတဲ့အချိန်ကစပြီး ကိုလင်းဆွေအပါအဝင် ဘယ်ယောကျ်ားလေးကိုမှ သီရိနှလုံးသားဆီ ဝင်လာလို့မရအောင် နောက်ထပ်ပိုပြီး ခိုင်မာတဲ့သံဆူးကြိုးသုံးထပ်လောက် ကာထားလိုက်ပြီးပါပြီ။ မမနဲ့ပတ်သက်ပြီး ချစ်ရမှာ သိပ်ကြောက်လွန်းလို့ အချစ်ဆိုတာက သီရိကိုမုန်းပြီး ဒီတစ်သက်မှာ အချစ်ဆိုတာလေးနဲ့ဝေးအောင် ကျိန်စာတိုက်ခဲ့တယ်ထင်ပါရဲ့…”

သီရိစိတ်ဖြင့် တီးတိုးပြောရင်း ပတ်ဝန်းကျင်ကို မျက်စိကစားသည်။

သင်္ကြန်ရေပက်သူများ၊ ရေပက်ခံသူများကလည်း အားရပါးရကိုပက်ကြစိုကြရင် ပျော်ရွှင်နေကြသည်။ သည်နေ့ ထပ်ပွင့်သော ပိတောက်ပန်းများကလည်း သူ့ခေါင်း ငါ့ခေါင်းမှာ ဝေဝေဆာနေသည်။ သည်အချိန်သည်တလောကလုံး ပြုံးကြ၊ ပျော်ကြ၊ ကကြ၊ ခုန်ကြနှင့်လူတိုင်း ရွှင်မြူးနေသောအချိန်ဖြစ်သည်။ သူတစ်ယောက်သာ…

ထိန်းထားသည့်ကြားထဲက မျက်ရည်တစ်ပေါက် ပါးပြင်ပေါ်သို့လိမ့်ဆင်းကျလာ၏။

နှစ်ဦးနွေဦးသည် အပျော်များဖြင့်တော့ ဝေဆာနေသည်။

သို့သော် ခပ်လှမ်းလှမ်း၊ သစ်ပင်အုပ်ဆီမှ လေရူးဝေ့သံ၊ သစ်ရွက်ကြွေသံများနှင့်အတူ ဥသြငှက်၏ဆွေးဆွေးလွမ်းလွမ်း အော်ဟစ်သံလေးကလည်း အဆက်မပြတ် ပေါ်ထွက်နေသည်။

သင်္ကြန်ကျချိန်၊ ပိတောက်ပွင့်ချိန်တွင် ဥသြလည်း ပျော်နိုင်ပုံမရ။

ကြိုးစားပါဦးမည်။

နွမ်ဂျာသိုင်း

